www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ/သိပ္ပံ)

ဆိုးပွင့်

BURMESE CLASSIC



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၀၈၆၀၂၀၁၂ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၃၁၇၀၅၁၂ |
| ထုတ်ဝေခြင်း | - | ၂၀၁၂ခုနှစ်၊ ဇွန်လ ဒုတိယအကြိမ် |
| အုပ်ရေ | - | ၁၀၀၀အုပ် |
| တန်ဖိုး | - | ၁၅၀ကျပ် |
| ထုတ်ဝေသူ | - | ဒေါ်ခင်မာချို ပန်းဝေဝေစာပေ၊ အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းနှင့် အဖုံးပုံနှိပ်သူ | - | ဒေါ်ခင်ခင်ဝင်း ကလျာပုံနှိပ်တိုက် ၁၅၂/ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ။ |

၈၉၅. ၈၃

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

ညိုးမွှင့်/ကလျာ(ဝိဇ္ဇာ/သိပ္ပံ)၊ ရန်ကုန်။

ပန်းဝေဝေစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂ခုနှစ်၊

၃၃၈-စာ၊ ၁၅x၁၈ စင်တီ။

(၁) ညိုးမွှင့်

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၏

# ညိုးမွှင့်

ပထမအကြိမ် - ၁၉၈၈ ခု၊ နိုဝင်ဘာလ

ဒုတိယအကြိမ် - ၂၀၁၂ ခု၊ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

သည်နေ့မနက်မှ ငပလီက ပြန်ရောက်ကြသည်။

ပျားရည်ဆမ်းခရီးမှ ပြန်ရောက်စ မိန်းကလေး၏ရင်မှာ ပျော်ရွှင်လှိုက်ခုန်မှုများ မပြယ်သေး. . .

ခမ်းနားကြီးကျယ်သော မင်္ဂလာဧည့်ခံပွဲကို ဤခြံကြီး အတွင်းမှာပင် မနက်ပိုင်းနှင့် ညနေပိုင်း နှစ်သုတ်ခွဲ၍ ကျင်းပသည်။

လွန်ခဲ့သော တနင်္ဂနွေနေ့က ဖြစ်၏။ မင်္ဂလာဧည့်ခံပွဲနှင့် ဘတ်ချလာနိုက် ဆိုသော လူပျိုည ယမကာပွဲများ ပြီးဆုံးတော့ ညဉ့်သန်းခေါင် ကျော်ခဲ့ပြီ။

တနင်္လာနေ့ နံနက်စောစောမှာလည်း လေယာဉ်ကွင်း ဆင်းခဲ့ရ သဖြင့် ချစ်စဦး ဇနီးမောင်နှံနှစ်ယောက်လုံး ပန်းလျခဲ့ကြသည်။

ထိုပင်ပန်းခဲ့မှု စိတ်လှုပ်ရှားခဲ့မှုများ အားလုံးကို ငပလီလှိုင်းလုံးများက သူတို့ထံမှ သယ်ယူ၍ အဆုံးမမြင်သော ပင်လယ်ပြင် ထဲသို့ မျှောပေးခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပေလီ၏ စထရင်းဟိုတယ်မှာ စားလိုက် နားလိုက် ရေကူးလိုက်ဖြင့် ဘဝတစ်လျှောက်လုံး၏ ပျော်ရွှင်ဖွယ်အကောင်းဆုံး နေ့ရက်များကို ဖြတ်သန်းလာခဲ့ကြသော 'ရွှေမောင်ဝင့်နှင့် မြတ်မြတ်သူ'

ချမ်းသာလှသော ယောက္ခမများ၏ 'ဝင့်ထယ်ဂေဟာ' ခြံကြီးအတွင်းရှိ လက်ဝဲဘက်မှ သီးသန့်တစ်ထပ်တိုက်ကလေး တစ်လုံးကို သူတို့နှစ်ဦးအတွက် လက်ဖွဲ့ပေးသည်။

ခန်းဝင်ပစ္စည်းများ အားလုံးကတော့ နိုင်ငံခြားနှင့် စင်္ကာပူ အဖြစ် အမှုထမ်းနေကြသော မြတ်မြတ်သူ၏ မိဘများက နိုင်ငံခြားမှ ပို့ပေးခဲ့သည်။ လက်ဝတ်ရတနာများစွာကိုလည်း လက်ဖွဲ့ခဲ့ကြ၏။

မြတ်မြတ်သူ၏ဘဝတွင် လိုအပ်ခြင်းဆိုသည်ကို မကြုံဖူးခဲ့။ သူကိုယ်တိုင်ကလည်း ဝိဇ္ဇာဘွဲ့ ရရှိပြီးပြီ။ ရွှေမောင်ဝင့်မှာလည်း သူ၏ ငယ်ချစ်ဦး။

ဂုဏ်ဖြိုးချင်း တူညီသော မိဘများကလည်း ကျေနပ်ကြည်ဖြူစွာ လက်ထပ်ပေးခဲ့ကြပြီးပြီ။

မြတ်မြတ်သူ၏ဘဝကို ပျော်ရွှင်ချမ်းမြေ့ခြင်းများဖြင့် တည်ဆောက် ဖွဲ့စည်းထားခဲ့၏။ သူ့ဘဝကို တစ်စိတ်တစ်ပိုင်းစီ ပြန်လည်ခွဲထုတ်ကြည့်လျှင်လည်း ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းစသော အဆစ်အပိုင်းများကိုသာ ရရှိမည်။

မိမိ၏ဘဝသည် အလုံးစုံသော ပြည့်စုံခြင်းများဖြင့် ဖွဲ့စည်းထားသူဟု မြတ်မြတ်သူကိုယ်တိုင်လည်း ခံယူပြီးသား သိရှိပြီးသားပါ။

ရေချိုးအလှပြင် အဝတ်လဲပြီး အခန်းထောင့်ကို လှည့်ကြည့်လိုက်တော့ စက္ကူပန်းပွင့် ရောင်စုံများ ဖဲပြား ဖဲပွင့်များနှင့် သေသပ်



လှပစွာ ထုပ်ပိုးထားသော လက်ဖွဲ့ပုံကြီးက ဟည်းနေ၏။

"ဒါ သမီးမြတ် အားလုံးပိုင်တယ်"

ဟူ၍ ယောက္ခမကြီး 'ဒေါ်လှထယ်' ကိုယ်တိုင်က ကြေညာပြီး သူ၏ အိပ်ခန်းထဲတွင် လာရောက် စုပုံထားပေးခြင်း ဖြစ်သည်။

မြတ်မြတ်သူသည် ပါလစ်ရောင် ဖိတ်ဖိတ်တောက်နေသော ကျွန်းကွတ်လျှာထိုးခင်းပေါ်မှာ တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး အကြီးဆုံး လက်ဖွဲ့ထုပ်ကြီးကို ဖွင့်လိုက်သည်။

ခြောက်ယောက်စာ ဒင်နာဆက် အပြည့်အစုံ၊ ထမင်းစားပြီး ကော်ဖီဖျော်ရန် တီးဆက်ပါ ပူးတွဲလျက်. . .

နောက်ထပ် ခပ်သေးသေး ခပ်အိအိ တစ်ထုပ်ကို ဖောက်လိုက်တော့. . .

မန္တလေး ပိုးစစ်လုံချည်တစ်အုပ်စုံတွဲ ဆင်တူဝတ်နိုင်ရန်. . .

"အင်းပေါ့လေ၊ မေမေတို့က သူဌေးတွေဆိုတော့ လက်ဖွဲ့တဲ့သူတွေကလည်း သူဌေးတွေမို့ အကောင်းစားတွေ အဖိုးတန်တာတွေပဲ ဖွဲ့ကြမှာပဲ"

"ဒါတွေ ငါတစ်ယောက်တည်း ထိုင်ဖောက်နေရင် ညဉ့်နက်သန်းခေါင်ရောက်တာတောင် ပြီးမှာမဟုတ်ဘူး၊ နေနှင့်ဦး၊ မောင်လာမှ ဝိုင်းဖောက်ခိုင်းရမယ်၊ ဒါတွေ သူလည်း တစ်ဝက်ဆိုင်တာပဲ ထုပ်ပစေ"

မြတ်မြတ်သူက တွေး၍ပြုံးလိုက်သည်။ သူ၏မောင်သည် ဝေလီမှာကတည်းက မြတ်မြတ်သူ စားချင်သည်ဆိုသော ဘဲကင်ကို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သွားဝယ်နေ၏။ အိုက်စကရင်ပါ ဝယ်ခဲ့ရန် ရေခဲဘူးပါ ကားပေါ် တင်သွားသည်။

"ကလင်. . . ကလင်"

ကားဟွန်းသံ ကြားရမည့်အစား လူခေါ် လျှပ်စစ်ခေါင်းလောင်းသံ ကြားလိုက်ရ၍ မြတ်မြတ်သူ အံ့ဩသွားပြီးမှ. . .

"ဟိုဘက်တိုက်ကြီးက တစ်ယောက်ယောက်လာတာ ထင်ပါရဲ့၊ မောင်ပြန်လာတာဆိုရင် ကားဟွန်းသံ ပေးမှာပေါ့"

တစ်ယောက်တည်းတွေးရင်း အိပ်ခန်းတွင်းမှ ထွက်၍ကြည့်လိုက်တော့. . .

သံတံခါးရှေ့မှာ ရပ်နေသော အမျိုးသားတစ်ယောက် သူ့လက် မှာ ဖြူဖွေးသော အထုပ်တစ်ခုကို ပွေ့လျက်. . .

"ကို. . . ကိုရွှေမောင်ဝင့် ရှိလားခင်ဗျ"

"ဟင်. . . အပြင်သွားတယ်ရှင့်၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော့်ကို အဲဒါ ပို့ခိုင်းလိုက်လို့ပါ"

သူက သူ့ရင်ခွင်ထဲမှ အထုပ်ကို မြှောက်ဆပြသည်။

မြတ်မြတ်သူက ချိတ်ထားသော သော့တံကို လှမ်းယူပြီး သံတံခါးကို ဖွင့်ပေးလိုက်သည်နှင့်. . .

"ရော့"

ထိုသူကမ်းပေးသော အထုပ်ကို ဘာမှမစဉ်းစားဖြစ်ဘဲ လှမ်း၍ ယူလိုက်မိသည်။

မြတ်မြတ်သူ၏ ရင်ခွင်တွင်း ကျလာသော အရာမှာ နွေးထွေးအိညက်နေ၍ သူက အလန့်တကြားပင် အဝတ်ဖြူစကို လှပ်၍ ကြည့်လိုက်မိ၏။



"အို. . . တလေး. . . ကလေးလေးပါလား"

"ဟုတ်တယ်၊ အဲဒါ ရွှေမောင်ဝင့်ရဲ့ ကလေးပဲ၊ ရော့ ဒီမှာ လက်ထပ်စာချုပ်၊ ကျုပ်သွားမယ်"

ကလေးပေါ် သို့ စာချုပ်တစ်ရွက်ကို တင်ထားခဲ့ပြီး ထိုသူက တသုတ်ကရက် ပြန်လှည့်ထွက်သွားသည်။ ခဏချင်းမှာပင် မြတ်မြတ်သူ၏ မျက်စိအောက်မှ ကွယ်ပျောက်သွားတော့သည်။ ထိုသူ၏ ရုပ်သွင်ကိုလည်း နောက်ထပ် အကြိမ်တစ်ရာ ပြန်တွေ့ရစေတာမှု မြတ်မြတ်သူ မမှတ်မိနိုင်တော့ပါ။

မြတ်မြတ်သူကို အသိဉာဏ်ကင်းစင်စေသော ဆေးနှင့်များ တို့လိုက်လေသလား ထင်ရသည်။

သူသည် ကလေးငယ်ကိုပိုက်ပြီး တောင့်တောင့်ကြီး ရပ်နေဖြစ်၏။ တစ်ကိုယ်လုံးမှ အာရုံကြောများ လှုပ်ရှားမှု ရုတ်တရက် ရပ်ဆိုင်းသွားပြီ ထင်ရသည်။

ထိုစဉ် သူ့ရင်တွင်းမှ ကလေးငယ်မှာ လူးလွန့်လာသည်။ မျက်နှာတစ်ခုလုံး ရှုံ့တွတ်သွားအောင် တအင့်အင့် ညှစ်ပြီးမှ. . .

"အူဝဲ. . . အူဝဲ. . . ဝဲ. . ."

ဆိုသော အသံများ တရစပ် စူးစူးဝါးဝါး ထွက်လာတော့သည်။

မြတ်မြတ်သူ၏ဘဝတွင် ဤသို့သော နီနီထွေးထွေး ကလေးလေးကို တစ်ခါမှ မချီမပိုးဖူးခဲ့။ ခုလို ရုတ်တရက်ကြီး ကလေးက ငိုလိုက်တော့ သူ လန့်ပြီးလွှတ်ချခါနီးအထိ ဖြစ်သွားမိသည်။

ပြီးတော့မှ လူသားတစ်ယောက်၏ အသိဉာဏ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းမှ နှစ်ယောက်ထိုင်ဆိုဖာပေါ်သို့ ကလေးကို ပစ်ချလိုက်ပြီး. . .

ကလေး၏ ရင်ဘတ်ပေါ်မှ လျောကျသွားသော စာချုပ်ကို ကြောက်လန့်စရာ အရာဝတ္ထုကြီးတစ်ခုလို တုန်တုန်ရင်ရင်နှင့် ကောက်ယူဖြန့်ကြည့်လိုက်တော့. . .

"နှစ်ဦးသဘောတူ လက်ထပ်စာချုပ်"

ထိပ်ခေါင်းစည်းကိုဖတ်ပြီး အလယ်စာသားများကို မဖတ်ဖြစ်။ အောက်ဆုံးနေရာကို ကြည့်လိုက်တော့. . .

သတို့သမီး၏လက်မှတ်. . . မပိုးဝါ။

သတို့သား၏လက်မှတ်. . . ရွှေမောင်ဝင်း။

"အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး"

"အမယ်လေး"

လက်ထပ်စာချုပ်ကို ပေါက်ကွဲမည့် အရာဝတ္ထုကြီးတစ်ခုလို အလန့်တကြား လွှင့်ပစ်ရင်း မြတ်မြတ်သူ ကြုံးအော်လိုက်သည်။

'ဝင့်ထယ်ဂေဟာ' ကြီးတစ်ခုလုံး ကြားသာစေသော မြတ်မြတ်သူ၏ အော်သံနှင့် ကလေးငယ်၏ ငိုသံတို့က ဆူဆူညံသွားတော့သည်။

"ဟဲ့. . . ဟဲ့. . . သမီး. . . မြတ်"

"အို. . . ဘယ်လိုဖြစ်တာလဲကွယ်"

ရူးသွပ်သွားသူတစ်ယောက်လို ခြံတွင်းသို့ ဆင်းပြေးသွားသော မြတ်မြတ်သူနှင့်. . .

ဟိုဘက်တိုက်ကြီးဆီမှ အသံကြား၍ ပြေးဆင်းလာသော



ဒေါ်လှထယ်တို့ မြက်ခင်းပြင်ပေါ်မှာ ဆုံကြသည်။

"ဘာဖြစ်လို့လဲ သမီး၊ ဟင်. . . ဘာဖြစ်တာလဲ၊ ပြောစမ်း မေမေ့ကို. . ."

တစ်ကိုယ်လုံး အေးစက်ပြီး တုန်တုန်ရင်ရင် ဆွံ့ဆွံ့အအ ဖြစ်နေသော ချွေးမအသစ်စက်စက်ကလေးကို ဒေါ်လှထယ်က အံ့သြလွန်းစွာ ကြည့်နေဆဲ. . .

"ဟို. . . ဟို. . . ဟိုမှာ. . ."

အိမ်ထဲသို့သာ လက်ညှိုးထိုးပြသည်။ မြတ်မြတ်သူ ဘာမှ မပြောနိုင်ရှာ။

"လာ. . . သမီး၊ လာ လာ"

ချွေးမလေး၏လက်ကို ဆွဲပြီး တိုက်ပေါ်သို့ လှမ်းတက်မိသည်နှင့်. . .

"ဟဲ့. . . သောက်ကျိုးနဲ၊ ဘယ်က ကလေးလေးတုံး"

ဒေါ်လှထယ်က ကလေးနား ကပ်သွားချိန်မှာ မြတ်မြတ်သူသည် ကြမ်းပြင်ပေါ်မှ စာရွက်ကိုကိုင်၍ ကောက်ယူလိုက်သည်။ ပြီးတော့ ပြန်ထနိုင်စွမ်း မရှိတော့ဘဲ. . .

"ဒီ. . . ဒီမှာ မေမေရဲ့"

"ဟင်. . . ဘာလဲ. . . ဒါက"

"မောင်. . မောင် သိပ်ရက်စက်တယ်၊ မြတ် သေမယ်၊ မြတ်. . . မြတ်ကိုယ်မြတ် သတ်သေတော့မယ်၊ သူ့ကိုလည်း သတ်မယ်"

မြတ်မြတ်သူ၏ စကားသံနှင့် ငိုရှိုက်သံတို့က ရှုပ်ထွေးမတတ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ အဖြစ်မှန်ကို ဆင်ခြင်သုံးသပ်လာနိုင်သော မြတ်မြတ်သူက ဖော်ပြောရင်း အလောင်းစင်ဘေးမှ ကျန်ရစ်သူတစ်ယောက်လို တအားကြုံး၍ ငိုပါလေတော့သည်။

ဒေါ်လှထယ်၏ လက်ထဲမှ လက်ထပ်စာချုပ်သည် တကယ့်တရားဝင်စာချုပ်။

မှော်ဘီမြို့နယ် တရားရုံးတွင် လွန်ခဲ့သောနှစ်က ချုပ်ဆိုထားခဲ့သော စာချုပ်။

ခြံအမှတ်(  )ဝင့်ထယ်ဂေဟာ ဝင်ဒါမီယာနေ အဘဦးအောင်ဝင့်၏သား မောင်ရွှေမောင်ဝင့် အမျိုးသားမှတ်ပုံတင်အမှတ်. . .

အားလုံးအမှန်အကန် အတိအကျ။

ဒေါ်လှထယ်သည် စာချုပ်စာရွက်ကို ကျစ်ကျစ်ပါအောင်ကိုင်ပြီး အသည်းအသန် ငိုနေကြသော မြတ်မြတ်သူနှင့် ကလေးငယ်ကို တစ်လှည့်စီကြည့်ပြီး လှုပြည်မှာ ဆက်လက်နေချင်စိတ်ပင် ကုန်ခန်းသွားတော့သည်။

ဒေါ်လှထယ်မှာ ဘာလုပ်ရမှန်း မဆုံးဖြတ်နိုင်တော့ဘဲ တိုက်ပြတင်းဝမှနေ၍ ခြံအလုပ်သမားကို လှမ်းခေါ်ပြီး. . .

“မင်းတို့ ဘဘကြီးကို သွားခေါ်စမ်း မောင်ညို၊ ကြီးကြီးခေါ်နေတယ် မြန်မြန်လာပါလို့၊ ကြားလား”

ဒေါ်လှထယ်၏ စကားဆုံးသည်နှင့် မောင်ညိုက တိုက်ကြီးဆီသို့ ပြေးသွားသည်။ မိနစ်ပိုင်းအတွင်းမှာပင် သူဌေးကြီး ဦးအောင်ဝင့်လည်း သုတ်သီးသုတ်ပြာ ရောက်လာရှာတော့သည်။



“ဘာလဲ. . . ဘာဖြစ်ကြတာလဲ”

“အဲဒီစာသာ ဖတ်ကြည့်တော့ ကိုအောင်ဝင့်၊ ရှင့်သားလုပ်ပုံကျုပ်တို့မျက်နှာ ဓားနဲ့သာ လှီးပစ်ဖို့ ရှိတော့တယ်”

“ဟင်”

“အဲဒီစာချုပ်နဲ့ ပေါဟိုကလေးကို ခုပဲ လူတစ်ယောက်က လာပို့သွားသတဲ့”

ဒေါ်လှထယ်၏ဘဝမှာလည်း ဤမျှရှုပ်ထွေးပွေလီသော မိသားစု အရေးအခင်းမျိုး မဖြစ်ဖူးခဲ့၍ စိတ်လှုပ်ရှားနေရှာသည်။

သူကိုယ်တိုင် သဘောတူ၍ ပေးစားထားသော သား၏ချစ်သူ ဆိုသည့် မိန်းကလေးကို စာနာစွာ ဖေးမလျက်. . .

“လာ သမီးလာ၊ အိပ်ရာထဲ သွားလှဲနေရအောင်”

ချွေးမလေးကို ချော့ခေါ်ပြီး အိပ်ခန်းတွင်းမှာ နားနေစေသည်။

ဒေါ်လှထယ် ပြန်ထွက်လာတော့ ဦးအောင်ဝင့်မှာ စာချုပ်ကို ကိုင်ပြီး နက်နဲစူးရှစွာ တွေးနေပုံရသည်။

“ဒါ မဖြစ်နိုင်ဘူးကွ”

“ဟင်. . . ဘာပြောတယ်၊ ဒီလောက်ခိုင်လုံတဲ့ စာချုပ်ပါရက်နဲ့ ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ရှင့်သား တိတ်တိတ်ပုန်း. . .”

“ဆက်မပြောနဲ့တော့ကွယ်၊ ငါ့သား ရွှေမောင်ဝင့်ကို ငါ ယုံတယ်၊ သားဟာ ဒီလိုသိက္ခာပျက် သစ္စာမဲ့တဲ့ အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး”

“တော့်နှယ်တော်၊ အကောင်လိုက်ကြီး ဘူးပေါ်သလိုပေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ရောက်လာတာတောင် တော့်သားတော် အထင်ကြီးတုန်းလားတင်”

ဦးအောင်ဝင့်သည် သူ့ယုံကြည်ချက်ကိုပဲ စွဲကိုင်ထားရမလား၊ ဇနီးသည်၏ စကားကိုပဲ လက်ခံရတော့မလား၊ ဝေခွဲရခက်ခဲနေစဉ်မှာ ကလေးငယ်၏ ရှူးရှူးဝါးဝါး ငိုသံက တစ်တိုက်လုံး ဟိန်းနေသည်။

“မကြားချင်ဘူး. . . မကြားချင်ဘူး”

“ဒီကလေးငိုသံ ဆက်ကြားနေရရင် မြတ်ရှူးလိမ့်မယ် မေမေတို့ရဲ့”

အခန်းတွင်းမှ ချွေးမလေး၏ အော်သံဆုံးသည်နှင့်. . .

“ဟေး မောင်ညို လာစမ်း၊ လာစမ်း၊ ဒီဟာလေးကို မင်းချီသွားစမ်း၊ မစိန်မြကို ပေးလိုက်၊ ခဏချော့ထားလို့ တိုက်ပေါ်မတက်နဲ့၊ နောက်ဖေးတန်းလျားမှာပဲထားလို့ ကြားလား”

“ဟုတ်ကဲ့ အကြီး”

“ကိုယ့်မြေး ဆိုပေမယ့် ဘယ်က မိ,မစစ် ဖ,မစစ်ဟာမန့်ရ,ထားတဲ့ ကလေးလဲ မသိဘူး”

“ဒီမှာ မလှထယ်၊ အဲဒါတွေ ဘာမှမဝေဖန်နဲ့ဦး၊ မြတ်မြတ်သူကို မင်း ဖျောင်းဖျထား ကြားလား”

ဦးအောင်ဝင့်က စာချုပ်တို့ ကိုင်လျက် တိုက်ပေါ်မှ ပြန်ဆင်းရင်း. . .

“လမ်းထဲကို သားရဲ့တား ဝင်လာပြီ၊ သားကို ငါ ခေါ်သွားမယ်၊ သူတို့နှစ်ယောက် ခုနေဆုံလိုက်ရင် ပေါက်ကွဲသွားနိုင်တယ်”



ဦးအောင်ဝင့် ခြံဝထွက်သွားတော့ ဒေါ်လှထယ်လည်း ချွေးမလေးတို့ နှစ်သိမ့်ရန် အိပ်ခန်းတွင်းသို့ ပြန်ဝင်လာရတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"အေး. . . သားဆီက ဒီလိုစကားမျိုး ကြားရလိမ့်မယ်လို့ ဖေဖေ မျှော်လင့်ထားပြီးသားပါ"

"တကယ်ပါ ဖေဖေရယ်၊ တျမ်းအမျိုးမျိုးကျိန်ပြီး သားပြောရဲပါတယ်၊ မပိုးဝါ ဆိုတဲ့ မိန်းမရဲ့အမည်ကို တစ်ခါမှ မကြားဖူးဘူး ဒီထဲမှာပါတဲ့ ထောက်ကြန့်ရွာက ခြံတစ်ခြံရဲ့ လိပ်စာကိုလည်း သား မသိဘူး၊ ရောက်လည်း မရောက်ဖူးဘူး"

"အင်း"

"ဒါဟာ သားနဲ့ မြတ်တို့ရဲ့ အိမ်ထောင်ရေးကို ဒုက္ခပေးချင်လို့ သက်သက်လုပ်တာပဲ ဖေဖေ"

"အင်း. . . သားပြောသလိုသာ သားနဲ့ လုံးဝမပတ်သက်ဘူး ဆိုခဲ့ရင် ဒီကိစ္စဟာ အင်မတန် လေးနက်နေပြီ"

"ဗျာ. . ."

"သားနဲ့ မြတ်မြတ်သူတို့ကို အင်မတန် ရန်ငြိုးကြီးတစ်ယောက်က တမင်သက်သက် လုပ်ကြံလိုက်တာ ဖြစ်ရမယ်"



ရွှေမောင်ဝင့်သည် ဒေါသနှင့်အတူ ပြင်းပြသော ခံစားမှုအရှိန်ကြောင့် မျက်နှာတစ်ခုလုံး နီမြန်းပြီး တစ်ကိုယ်လုံးမှာလည်း ချွေးများနစ်နေ၏။

"ဒီလိုလုပ်ရအောင်၊ သားတို့ကို ဒီလောက်တောင်ပဲ ရန်ငြိုးကြီးတဲ့လူ ရှိနိုင်ပါ့မလား ဖေဖေ"

ဦးအောင်ဝင့် စူးရှနက်နဲစွာ တွေးနေသည်ကို ကြည့်ပြီး စိတ်မရှည်နိုင်ဟန်ဖြင့် ရွှေမောင်ဝင့်က ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

"သား ဟိုဘက်တိုက် ပြန်တော့မယ်၊ မြတ် သိပ်ငိုနေရှာမှာပဲ"

"ဖေဖေပါ လိုက်ခဲ့မှာပေါ့"

ပန်းချီ ခြံစည်းရိုးများကို ကျော်ဖြတ်လာပြီးချိန်မှာ. . .

"ဒီလိုလုပ်မယ် ဖေဖေ"

ဦးအောင်ဝင့်က သားကို လှည့်ကြည့်သည်။

"ဒီစာချုပ်ရော၊ ကလေးရော မြတ်ကိုပါခေါ်ပြီး ဒီထဲမှာပါတဲ့ လိပ်စာအတိုင်း လိုက်သွားမယ်၊ မျက်နှာစုံညီ ဖြေရှင်းမယ်၊ ပြီးတော့ ဒီကလေးကို ထားခဲ့ရုံပဲ"

ဦးအောင်ဝင့်သည် သား၏ အစီအစဉ်ကို ဝင်၍မကန့်ကွက်သော်လည်း သူ့သား ထင်မြင်မျှော်လင့်နေသလို ဤကိစ္စသည် အလွယ်တကူ ပြီးပြေသွားနိုင်လိမ့်မည် မဟုတ်ဟု ထင်မိသည်။

ရွှေမောင်ဝင့်သည် ချစ်ဇနီးမြတ်၏အခန်းသို့ ပြေးဝင်သွားချိန်မှာ မြတ်မြတ်သူသည် ဒဏ်ရာရနေသော ကျားသစ်မလေး တစ်ကောင်လို ရှင်ဆိုင်သလို အိပ်ရာထက်မှ ပြေးထလာပြီး ခင်ပွန်းသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ထုန္နက်ရိုက်ပုတ် ဆွဲကုတ်ရင်း. . .

"ဟင်. . . ဒီလောက်တောင်ပဲ ယုတ်မာရသလားဟင်"

"ဒီလောက်တောင်ပဲ ရက်စက်ရသလား"

"မောင့်ကို သတ်မယ်၊ မြတ်ကိုယ်တိုင် သတ်မယ်၊ ကဲ. . . ကဲ. . . လုပ်ရက်ဦး၊ လုပ်ရက်ဦး၊ ပြီးတော့. . . ပြီးတော့ မြတ်ကိုယ် မြတ်လည်း သတ်သေ. . ."

"ဟဲ့. . . ဟဲ့၊ အို. . . မြတ် သမီး၊ ဒေါသသိပ်မကြီးနဲ့လေ"

မြတ်မြတ်သူမှာ မေ့မြောတက်ချက်သွားတော့မလို တောင့်တောင့်ကြီးဖြစ်ပြီး ရွှေမောင်ဝင့်၏ ရင်ဘတ်မှ အင်္ကျီစကို ဆုပ်ဆွဲထားသည်မှာ ဘယ်သူမှ ဖြည်၍မရ။

"မောင် ရှင်းမယ်၊ ဒီကိစ္စကို ခုပဲရှင်းပါ့မယ် မြတ်ရယ်"

ဓနီးသည်ကို ဒေါသကင်းစွာ ချော့နေရှာသည်။

ဒေါ်လှထယ်သည် မြတ်မြတ်သူ၏ ရင်ကွဲမှုကို စာနာစွာ ကြည့်နေမိသည်။ ကိုယ့်သားကို ဒီလောက်တောင် ရိုက်ပုတ်ပြောဆိုနေရသလားဟုပင် ယောက္ခမနေရာမှနေ၍ မမြင်ရက်နိုင်။

ရွှေမောင်ဝင့်က အခိုင်အမာ ငြင်းဆိုနေသော်လည်း ဒေါ်လှထယ်ကတော့ မယုံကြည်။

လက်ထပ်စာချုပ်ကလည်း အခိုင်အမာ။ ကလေးတစ်ကောင်လုံးလည်း အိမ်ပေါ်ရောက်နေပြီမို့ သား ရွှေမောင်ဝင့်၏ ဇာတ်ရှုပ်မှုပင် လက်ခံယုံကြည်လိုက်သည်။

"ကဲ. . . သွားကြမယ်၊ လာ မြတ်"

ရွှေမောင်ဝင့်က လက်ဆွဲခေါ်တော့ ဆောင့်ရုန်းပစ်သည်။



"ဪ. . . မြတ် ဆာနေမလား၊ ထမင်းစားပြီးမှ သွားမလားဟင်"

"ဘာမှ လာမေးမနေနဲ့၊ ထမင်းလည်း မစားချင်ဘူး၊ မောင့်မိန်းမဆီလည်း မလိုက်ဘူး၊ သွား. . . သွား. . . ဟား"

မြတ်မြတ်သူ အသံကုန်အော်ပြီး ငိုချလိုက်ပြန်သည်။

"ဒီမှာ သား"

ဦးအောင်ဝင့်က ချိန်ချိန်ဆဆဟန်ဖြင့်. . .

"သားတို့ သိပ်စိတ်လှုပ်ရှားနေကြတယ်၊ ခဏနားကြပါဦးလားကွယ်၊ ပြီးတော့မှပဲ ထောက်ကြန့်သွားမယ်ဆိုတဲ့ ကိစ္စကို. . ."

"အို. . . မဖြစ်ဘူး ဖေဖေ၊ ကိုယ့်အိမ်ပေါ် အထိ ဒီလိုတက်ပြီး စော်ကားတာ ဘယ်လိုလုပ် ငုံ့ခံနေရမလဲ"

"ဟင်. . ."

"သား အသက်ကြေး လောင်းရဲတယ်၊ ဘုရားရှေ့မှာ သစ္စာဆိုပြီး ပြောရဲတယ်၊ သား ဘယ်မိန်းမနဲ့မှ မရှုပ်ဘူး"

"ကဲလေ. . . ဒါဆိုလည်း အပြတ်ရှင်းလိုက်ကြတာပဲ ကောင်းပါတယ်၊ လာ. . . သွားကြမယ်သား၊ မြတ်တော့ နေရစ်ခဲ့ပါစေ"

ဦးအောင်ဝင့်၏ အစီအစဉ်ဖြင့် ခဏအတွင်းမှာပင် ဝင့်ထယ်ဂေဟာကြီးထဲမှ မာစီဒီးကားနက်ကြီး ထွက်သွားသည်။ ရွှေမောင်ဝင့်ကိုယ်တိုင် မောင်း၍ ဘေးမှ ဦးအောင်ဝင့် ပါရှိသည်။ နောက်ခန်းမှာတော့ အိပ်ပျော်နေသော ကလေးကို မစိန်မြဆိုသော အိမ်ဖော်မိန်းကလေးက ပွေ့ချီလျက် ပြည်လမ်းမကြီးအတိုင်း အမြန်နှုန်းနှင့် မောင်းနှင်သွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြန့်လမ်းခွဲအရောက်တွင် ကြိမ်ဖန်များစွာ မေးပြီးမှ မော်ဘီဘက်သွားသော လမ်းအတိုင်း ဆက်လာပြီး ခဏအကြာမှာ လက်ဝဲဘက်လမ်းသွယ်ထဲသို့ ချိုးကွေ့ရ၏။

မြုံများက နံပါတ်မရှိ။ ရှေးယခင်က ဦးလွန်းမောင် ဆိုသော အဘိုးကြီး ပိုင်ခဲ့ဖူး၍ ဦးလွန်းမောင်ခြံဟုသာ ခေါ်နေကြသည်။ ဦးလွန်းမောင်လည်း ကွယ်လွန်ပြီ။ သူ့မိသားစုများကလည်း ခြံကို ခွဲ၍ စိပ်၍ ရောင်းပြီး ပြောင်းရွှေ့ကုန်ကြပြီ။

ထောက်ကြန့်ရွာ ဦးလွန်းမောင်ခြံနေ အဖ ဦးဘကြွယ်၏ သမီး မပိုးဝါဆိုသော စာချုပ်ထဲက လိပ်စာအတိုင်း မေးမြန်းစုံစမ်းတော့. . .

"ဟင့်အင်း၊ ဦးဘကြွယ်ဆိုတာ မသိပါဘူး"

"မပိုးဝါဆိုတာ မကြားဖူးဘူး"

"ကျွန်တော်တို့က လူသစ်တွေ"

စိတ်မာတက်ကျစရာ အဖြေများကြောင့် ရွှေမောင်ဝင့် တုန်လှုပ်စပြုလာပြီ။

ဤပြဿနာကြီးကို ခုချက်ချင်းပင် အပြတ်ရှင်းပစ်လိုက်ချင်သည်။ သားအဖနှစ်ယောက်လည်း စကားမပြောဖြစ်ကြ။ အိပ်နေသော ကလေးကို ပွေ့ထားရသေ မစိန်မြကလည်း အသက်ပြင်းပြင်းပင် မရှူရဲ။

ရွှေမောင်ဝင့်သည် ထိုစဉ်ကပင် တစ်သိန်းကျော်တန်သော ကားကြီး၏တန်ဖိုးကို မေ့လျော့စွာဖြင့် မြေလမ်းသွယ်လေးများကို မြင်တိုင်း ကြမ်းတမ်းစွာ ချိုးကွေ့မောင်းနှင်၍ မေးမြန်းနေတော့သည်။



"ဦးဘကြွယ် ဟုတ်လား၊ အင်း သူတို့သားအဖအကြောင်းတော့ ကြားဖူးလိုက်တယ်၊ သေသေချာချာ သိချင်ရင်တော့ ဒီလမ်းအတိုင်းသွားပြီး ဟောဟို ရာဘာတောအုပ်နောက်မှာ ကြက်ခြံကြီးရှိတယ်၊ အဲဒီခြံအလွန်မှာ သွားမေးကြည့်ပါ"

အမျိုးသမီးကြီးတစ်ယောက်၏ ညွှန်ပြချက်အတိုင်း လမ်းကြမ်းများကို ဖြတ်ကျော်ရသည်။

မော်ဘီမရောက်မီ ပြည်လမ်း၏ လက်ဝဲဘက်အခြမ်းနောက်ဘက်တွင် မြေဧကပေါင်း မြောက်မြားစွာဖြင့် စိုက်ပျိုးကြ၊ မွေးမြူကြ၊ နေထိုင်ကြသူပေါင်း များစွာရှိကြပါလား။

"ဦးဘကြွယ် ဟုတ်လား၊ အင်း အလျင်က နေသွားဖူးတယ် ဆဲ့ ကျွန်မတို့ မရောက်ခင်က၊ ဟိုအဘတော့ သိလိမ့်မယ်၊ အဘရေ အဘ. . . ဟောဒီမှာ ဧည့်သည်တွေ"

ကလေး ခါးထစ်ခွင်၍ ချီထားသော အမျိုးသမီးက ခြံတွင်း၌ မြူဩဇာချနေသော အဘိုးကြီးတစ်ဦးကို လှမ်းအော်လိုက်၍ ဦးအောင်ဝင့်တို့ သားအဖလည်း ကားပေါ်မှ ဆင်းလိုက်ကြပြီး. . .

အဘိုးကြီး သူတို့နားသို့ ရောက်လာအောင် မစောင့်နိုင်။ သူတို့ကလည်းသွား၊ ဟိုကလည်းလာနေ၍ ခြံလယ်မှာ ဆုံမိကြသည်။

အလုပ်ကြမ်းသမားမို့ ရင့်အိုဟန် ပေါက်နေသော်လည်း အရွယ်ရောက်လာတော့ ဦးအောင်ဝင့်တို့ထက်ပင် များစွာငယ်ရွယ်ပါလိမ့်မည်။ သူ့ကို ဦးဘကြွယ်နှင့်သမီး မပိုးဝါတို့ကို သိသလားဟုမေးလိုက်ချိန်း ဆုံးသွားသည်နှင့် သူ့မျက်နှာ ချက်ချင်းပြောင်းလဲသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘကြွယ် ဒီနေ့မနက်ကပဲ အညာကို အပြီးပြန်သွားပြီ ခင်ဗျ၊ သူ့သမီး မပိုးဝါ ဆုံးတဲ့လပြည့်ဆွမ်းသွတ်ပြီးတာနဲ့ တန်းပြန်တာပဲ"

သားအဖနှစ်ယောက် ပြိုင်တူအကြည့်ချင်း ဆုံဖြစ်ကြသည်။

ရွှေအောင်ဝင့်က ဘာစကားမှ မပြောနိုင်အောင် ခံစားမှုများဖြင့် ပိတ်ဆို့နေသော်လည်း ဦးအောင်ဝင့်က ထိုခြံလုပ်သားကို စေ့စေ့စုံစုံ မေးမြန်းရာမှ ရရှိလာသော အဖြေများက. . .

"ကျွန်တော်တို့ မိသားစု ဒီခြံကိုဝယ်ပြီး ပြောင်းလာတော့ မပိုးဝါ ဆိုတာက သေဆုံးနှင့်ပြီ၊ အဘကြွယ်နဲ့ သူ့မြေးမလေးပဲ ကျန်ရစ်တယ်၊ မပိုးဝါက ကလေးမွေးပြီး သွေးတက်ပြီး ဆုံးတာလို့ ပြောတယ်၊ အဘိုးကြီးခမျာ သနားစရာဗျာ၊ သူ့သမီးလေးအကြောင်း ပြော,ပြောပြီး ငိုလိုက်တာ၊ သူ့သမီးအကြောင်းတော့ မပြောတတ်ဘူးဗျ၊ ပစ်သွားတာလား၊ ကန်တော့ဗျာ၊ လင်ကောင်မပေါ်ဘဲ မွေးတာလားတော့ မသိဘူး၊ အဘိုးကြီးမှာ ဒီကလေး နို့တာရဲလေးနဲ့ ဘာလုပ်ရမှန်း မသိတဲ့အချိန်မှာ လူရည်ခပ်လည်လည်တစ်ယောက် ရောက်လာပြီး သူကူညီမယ်၊ ဒီလိုမတရားလုပ်လို့ ဘာရမလဲဆိုပြီး ကလေးကို လာခေါ်သွားတာပဲ ခင်ဗျ"

"အဘကြွယ်လည်း ဒီမနက် အရုဏ်ဆွမ်းသွတ်ပြီး အပြီးပြန်သွားပြီလေ၊ ဒီနားတစ်ဝိုက်မှာ အမျိုးအဆွေလည်း မကျန်ခဲ့ဘူးဗျ ကလေးကို ခေါ်သွားတဲ့လူကို ကျွန်တော်လည်း မသိဘူး၊ ဒီရွာ၊ ဒီခြံကတော့ မဟုတ်ဘူးထင်တယ်၊ ဒီမှာကလည်း မြေအကျယ်ကြီးနဲ့ ကိုယ့်ခြံကိုယ် လုပ်နေကြတော့ တစ်ယောက်ကိစ္စ တစ်ယောက်လည်း မသိကြပါဘူးဗျာ"



"ဒါဖြင့် ဒီကလေးကို ခင်ဗျား ယူမွေးစားမလား"

"ခင်ဗျာ. . . ဟာ ဘယ်လိုမေးလိုက်တာလဲ ဆရာလေးရယ်၊ နောက်ဆုံး အမြွှာမွေးထားလို့ စိတ်ညစ်ရတဲ့အထဲ နောက်ထပ်ကလေးတစ်ယောက် မွေးစားဖို့တော့ စိတ်ကူးထဲတောင် မထည့်ဝံ့ပါဘူးဗျာ"

"ဒါဖြင့် အဲဒီအဘကြွယ်ဆိုတဲ့ အဘိုးကြီး ဘယ်ရွာကို ပြန်သွားတာလဲ"

"ဟင့်အင်း၊ အဘကြွယ်ရဲ့ နေရပ်လည်း မသိဘူး၊ ဒီခြံဝယ်မှ တွေ့ဖူးကြတာ၊ ဒါနဲ့ ဆရာတို့က ဘာကိစ္စနဲ့ ရောက်လာကြတာလဲ ခင်ဗျာ"

ထိုခြံလုပ်သား၏ အမေးကိုပင် မဖြေဖြစ်ကြတော့ဘဲ သားအဖနှစ်ယောက် ကားဆီသို့ ပြန်လာခဲ့ကြပြီး မောင်းထွက်ခဲ့ကြတော့သည်။

"ဖေဖေ"

"ဟင်"

"ဒီဟာလေးကို လမ်းပေါ်မှာပဲ ချပစ်ခဲ့ကြရအောင်"

"နေပါဦး သားရယ်၊ တခြားနည်းလမ်း စဉ်းစားကြသေးတာပေါ့"

"ဘာပဲဖြစ်ဖြစ် ဒီကလေးကို အိမ်ပြန်ခေါ်သွားလို့တော့ မဖြစ်ဘူး ဖေဖေ၊ ဒါလေး ပြန်ပါလာရင် မြတ်ကို ဘယ်လိုရှင်းမလဲ"

"လူမှုဝန်ထမ်းဌာနဖြစ်ဖြစ်၊ မွေးမယ့်လူတစ်ယောက်ဖြစ်ဖြစ် ရှာရမှာပေါ့ကွယ်၊ အသက်တစ်ချောင်းပဲ၊ လမ်းမှာ လက်လွှတ်ပစ်ထားခဲ့လို့တော့ မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဝင့်က လူသားဆန်စွာ တွေးနိုင်သော်လည်း ရွှေမောင်ဝင့်သည်မူ သူချစ်သူ၏ မျက်ရည်စက်များ၊ သူ၏ သိက္ခာတရားများကို ထိပါးလာသဖြင့် ဘယ်လိုအကြောင်းနာစိတ်မှ မထားနိုင်။ သူ့ကားနောက်မှာ ပါလာသော ကလေးငယ်ကို မီးပုံတွင်းသို့ ပစ်ချမှ ဖြစ်မည်ဆိုလျှင်လည်း ပစ်ချနိုင်လောက်အောင် သူ့ရင်မှာ ရက်စက်ကြမ်းကြုတ်သော ဒေါသများ လှိုက်လှိုက်ဆူနေ၏။

"ဟယ်. . . ဟိုသူဌေးသား ပြန်လာတယ်တော့၊ ကြည့်စမ်း"

ခြံတွင်းမှ အမျိုးသမီးတစ်ဦး၏ အသံ၊ ဦးအောင်ဝင့် လှည့်ကြည့်လိုက်တော့ တအံ့တဩ ရပ်ကြည့်နေသော အမျိုးသမီးနှစ်ဦး၏ ထူးခြားသော မျက်နှာများကို မြင်လိုက်ရသည်။

ကားမောင်းနေသော ရွှေမောင်ဝင့်ကတော့ ဘာမှမကြားလိုက်၊ မမြင်လိုက်၊ သူ့ကို ညွှန်ပြနေမှန်းလည်း သူမသိလိုက်။

ချိုင့်ခွက်များစွာဖြင့် ကြမ်းတမ်းသော မြေလမ်းကို လွန်ပြီး ပြည်လမ်းမပေါ်သို့ ကားဘီး ချပြီးသည်နှင့်. . .

"အိမ်ကိုပဲ ပြန်မောင်း သား"

ရွှေမောင်ဝင့်သည် ကားကို ဒတ်စတော့(ပ်)ဆိုသော ရုတ်တရက် ဘရိတ်အုပ်ပြီး ရပ်လိုက်သဖြင့် အားလုံးရှေ့ငိုက်ကျသွားကြသည်။

"အူဝဲ. . . အူဝဲ"

ဆိုသော ကလေးငယ်၏ လန့်အော်သံကလည်း ကားအတွင်းမှာ စူးစူးဝါးဝါး။

"ဟာ. . . ဒီဂြိုဟ်ဆိုးလေး အသံကလည်း ကျက်သရေမင်္ဂလာ လိုက်တာ၊ တောက်. . ."



"ကားကို ဆက်မောင်းပါ သား"

"ဖေဖေ မောင်းခိုင်းတာ အိမ်ကိုလား"

"ဟုတ်တယ်"

"ဒီဟာလေးကရော"

"ဖေဖေတို့တိုက်ကြီးဘက်ကိုပဲ ပြန်မောင်းပါ၊ လက်ယာဘက်က တိုက်ကလေးထဲမှာ မြတ်မြတ်သူ မသိအောင် ဒီကလေးကို ဝှက်ထားပေးပါ့မယ်၊ ဖေဖေ့ကို ဘာမှထပ်မမေးနဲ့၊ အိမ်ရောက်အောင် ပြန်မောင်းစမ်း ရွှေမောင်ဝင့်"

◆

ဝင့်ထယ်ဂေဟာ၏ နှစ်ထပ်တိုက် အကြီးကြီး၏ ဘေးနှစ်ဘက်မှာ တစ်ထပ်တိုက်ကလေးနှစ်လုံး ဆင်တူရှိသည်။ လက်ဝဲဘက်မှာ ရွှေမောင်ဝင့်နှင့် မြတ်မြတ်သူတို့အတွက် လက်ဖွဲ့ထားပြီးဖြစ်သော်လည်း လက်ယာဘက်မှ တစ်ထပ်တိုက်ကလေးမှာ ဘယ်သူမှ မနေဘဲ တံခါးပိတ်ထားရသည်မှာ ကြာခဲ့ပြီ။

ယခုတော့ ဤတိုက်ငယ်ကို ရှင်းလင်းပြီး အိပ်ခန်းတွင်းမှာ ဦးအောင်ဝင့်နှင့် ဒေါ်လှထယ်တို့ ရှိနေကြသည်။

"မင်းလက်ထဲက ကလေးကို သေသေချာချာ ကြည့်စမ်းမလှထယ်၊ ဘယ်သူနဲ့ တူသလဲဟင်"

ဒေါ်လှထယ်မှာ သူ့ရင်ခွင်တွင်းမှ နီနီထွေးထွေး ကလေး၏ မျက်နှာကို ငုံ့ကြည့်နေသည်။ ပါးစုံအစ်အစ် ဆံပင်နက်နက်၊ အပေါ်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမှာ ကကြီးပုံ အရစ်မပါသော နှုတ်ခမ်းဝိုင်းဝိုင်းကွေးကွေး လေး။

"ဒီအရွယ်လေး ဘယ်သူနဲ့ တူသလဲလို့ ဘယ်လိုလုပ် မှန်းလို့ ရမှာလဲ၊ ဘာဖြစ်လို့ ဒီစကားကို မေးရတာလဲဟင် ကိုအောင်ဝင့်"

"လူကြီးတစ်ယောက်ယောက်နဲ့ တူတာကို ပြောတာမဟုတ် ဘူးကွ၊ အဲဒီကလေးရဲ့ ပုံစံအတိုင်း ကလေးတစ်ယောက်ကို မင်းမြင် ဖူးခဲ့ပါတယ်ကွာ၊ လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်က. . ."

"ရှင်"

"အေး. . . လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်က အဲဒီကလေး ရဲ့ ပုံစံအတိုင်း ကလေးတစ်ယောက်ကို မင်းကိုယ်တိုင် မွေးဖွားခဲ့တယ် လေ"

"ဟင်. . . ဘာ. . . ဘာပြောတယ် ကိုအောင်ဝင့်"

"အခု မင်းလက်ထဲက ကလေးဟာ မင်းရဲ့ မြေးအစစ်ပဲ မလှထယ်"

"ရှင်. . . ဒါ. . . ဒါဖြင့် ရွှေမောင်ဝင့်က ညာတာပေါ့ ဟုတ် လား၊ ဒါ သူ့ကလေးပေါ့၊ ဟုတ်လားဟင် ကိုအောင်ဝင့်"

ဒေါ်လှထယ်က အံ့ဩခြင်းကြီးစွာ တုန်လှုပ်ခြင်းများစွာဖြင့် မေးနေသော်လည်း ဦးအောင်ဝင့်က အေးဆေးတည်ငြိမ်စွာဖြင့်. . .

"ဒီမြေးမလေးဟာ တို့ရဲ့သားငယ် ရွှေမောင်ဝင့်ရဲ့ ကလေး မဟုတ်ပါဘူး၊ သားကြီး စိန်အောင်ဝင့်ရဲ့ ရင်သွေး၊ သူ့ရဲ့သမီးလေးပါ ပဲကွယ်"

◆ ◆ ◆

## အခန်း(၃)

ပေါင်ချိန်စက်ပေါ်မှ ဆင်းသက်လာသော ချစ်ဇနီး၏ လက် တလေးကို လှမ်းတွဲလိုက်သည်။ သူနာပြုဆရာမက ဆေးစာအုပ်မှာ ရေးမှတ်ရင်း. . .

"မမြတ်မြတ်သူရဲ့ ပေါင်ချိန် ဒီတစ်ပတ် ပိုလျော့သွားတယ် နော်၊ အားဆေး မှန်မှန်စားရဲ့လား"

"စားပါတယ် ဆရာမ"

"ဆရာဝန်ကို ပြောပြပါနော်၊ အခန်းထဲ ဝင်သွားပါ"

ကိုယ်ဝန်ဆောင် စမ်းသပ်ခန်းမှ ရွှေမောင်ဝင့် လိုက်၍ ဝင်ခွင့်မရှိ။

ချစ်ဇနီး၏ လျော့နည်းလာသော ကျန်းမာရေး အခြေအနေ အတွက် စိုးရိမ်မိသည်။

ယခု ကိုယ်ဝန် ခုနစ်လ ရှိခဲ့ပြီ။

ချစ်သူဘဝက အပြုံးမျိုး၊ လက်ထပ်ပြီး တစ်ပတ်လုံး ကြည် နူးမှုသော အပျော်မျိုးကို နောက်ထပ်ပြန်လည်၍ တွေ့ခွင့်မရ တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မှိုင်းဝေသော မျက်ဝန်းများ ရှမ်းလျလွန်းသော မျက်နှာနှင့် ကိုယ်ခန္ဓာကိုသာ အမြဲမြင်တွေ့နေရသည်။

သွက်လက်စွာပင် စကားမပြောတော့။ အပြစ်ဖွဲ့ခြင်း၊ ရန်လိုခြင်း၊ စကားနာထိုးခြင်း စသော လင်နှင့်မယားတို့၏ သဘောတရားကို ကျော်လွန်ကာ. . .

မြတ်မြတ်သူ၏ နှလုံးအိမ်အတွင်းမှာ နာကြည်းလွန်းရခြင်းကြောင့် ကြေကွဲနေရသော ခံစားမှုများသာ ပြည့်လျှံနေသည်။

အဆုံးစွန်သော စိတ်နာခြင်းကြောင့် ချစ်သူကို ရင်ဆိုင်ပြောဆိုချင်စိတ်ကိုပင် မရှိတော့ပါ။

နှလုံးသား နာကျင်ရသော စိတ်ဝေဒနာ ခံစားနေရချိန်မှာ ကိုယ်ဝန်က ရှိလာသဖြင့် ကိုယ်ခန္ဓာ ဝေဒနာကပါ ယှဉ်တွဲခံစားနေရရှာသော ရွှေမောင်ဝင့်၏ ချစ်ဇနီးလေး မြတ်မြတ်သူ။

“အင်း. . . မြတ် ဒီလိုဖြစ်ရတာ ဖေဖေတို့ကြောင့်”

“ဖေဖေနဲ့ မေမေသာ မြတ်ကို ငဲ့ရင်၊ ငါ့ကို သနားရင် ဒီဖြိုဟ်ဆိုးမလေးကို ဘာမှမွေးထားစရာ အကြောင်းမရှိဘူး၊ ခုတော့. . .”

ရွှေမောင်ဝင့် ဆက်မတွေးဖြစ်တော့ပါ။ ဆေးခန်းတံခါးပွင့်လာသဖြင့် ချစ်ဇနီးကို ထကြိုတွဲခေါ်ရသည်။

သူသည် ယောကျ်ားမာန်ဖြင့်သာ အားတင်းနေရပါသော်လည်း၊ သူ့ရင်ထဲမှာ သူ့ချစ်သူနှင့် ထပ်တူခံစားနေရပါကြောင်း ရွှေမောင်ဝင့်ကိုယ်တိုင်သာ အသိဆုံးပါ။

“ဆရာဝန်က ဘာတဲ့လဲဟင်”

“ဆေးရုံကို လာခဲ့ပါတဲ့၊ ဆေးစာတွေလည်း ရေးပေးလိုက်တယ်”



“အင်း. . . အင်း၊ မောင် မြတ်ကို ပြန်ပို့ပြီးမှ ဆေးထွက်ဝယ်မယ်နော်”

“လမ်းမလျှောက်ချင်ဘူးကွယ်”

“ဒါဖြင့် ဒီမှာခဏရပ်နေနော်၊ မောင် ကားသွားခေါ်လိုက်မယ်”

“မခေါ်နဲ့၊ ဆိုက်ကားနဲ့ပဲ ပြန်ကြရအောင်”

“ဖြစ်ပါ့မလား မြတ်ရယ်၊ ဆိုက်ကားက ဆောင့်က ဆောင့်နဲ့”

“ရပါတယ်၊ ဆိုက်ကားစီးရတာ လေရတော့ ခေါင်းနောက်တာ ပြေတယ်”

ရွှေမောင်ဝင့် ဆိုက်ကားပြေးခေါ်ပြီး. . .

“မြတ် ရှေ့ကပဲထိုင်နော်၊ မောင် နောက်က ထိုင်မယ် သိလား”

ကိုယ်ဝန်ဆောင်သည် ဇနီးသည်ကို ရှေ့ခန်းမှတင်ပြီး ရွှေမောင်ဝင့်က နောက်မှတက်စီးသည်။

ဆိုက်ကားက ထင်သလောက် မဆောင့်ပါ။ မြို့လယ်လမ်းများမို့လည်း ချိုင့်ခွက်မရှိ။ ခရီးကလည်း မဝေးလှ။ ရွှေဘုံသာလမ်းမှ မြို့လယ် ၂၅ လမ်းအထိသာ။

သူတို့နေထိုင်ရာ တိုက်ရှေ့ရောက်တော့ ဆိုက်ကားခ ရှင်းပြီး သုံးထပ်သို့တိုင် ချစ်ဇနီးကိုတွဲ၍ တင်ခဲ့သည်။

သော့ဖွင့်ပြီး ဝင်ခဲ့ကြ၏။

အခန်းက အထပ်မိုးပါသော်လည်း ပေအဝက် ပေလေးဆယ် ရှိသည်၊ အိမ်ထောင်ပရိဘောဂများကလည်း အလယ်အလတ်တန်းစား

www.burmeseclassic.com

www.burmeseclassic.com



လောက်သာ၊ ဖြစ်သည်ဆိုရုံကလေး။

နိုင်ငံခြားရောက် စစ်သံမှူးကြီး၏သမီး၊ ထိတ်ထိတ်ကြွ သူဌေးကြီး၏ ချွေးမသည် ကိုယ်ဝန်ဆောင်စဉ်ကာလ၌ ဆိုက်ကားစီး၍ ပြန်ရသည်။ သုံးထပ်တိုက်ပေါ် တက်ရသည်။ အခန်းကျဉ်းလေးနှင့် နေရရှာသည်။

"အိပ်ရာထဲ တစ်ခါတည်း လှဲနေလိုက်ပါလားဟင်၊ အမော ပြေသွားအောင် မောင် စပါကလင်တစ်ပုလင်း ဖောက်လိုက်ဦးမယ် နော် မြတ်"

အိမ်မှာ ရေခဲသေတ္တာမရှိ။ ရေခဲဘူးထဲမှ ရေခဲတုံးများကို နှိုက်ယူပြီး ဖန်ခွက်ထဲ ထည့်ရသည်။ စပါကလင်ကိုဖောက်၍ တစ်ဝက်ထည့်ပြီး တိုက်တော့ မြတ်မြတ်သူက ယူသောက်ရင်း ငေးနေသည်။

"ဆေးရုံ ဘယ်တော့သွားရမလဲဟင် မြတ်"

"သန်ဘက်ခါ"

"ဘာဆေးတွေ ဝယ်ရမတဲ့လဲ၊ ဆေးစာရော"

မြတ်မြတ်သူက ဘာမှမပြော။ ပိုက်ဆံအိတ်ကို ကမ်းပေးသည်။

ရွှေမောင်ဝင့်က ပိုက်ဆံအိတ်ကို ဖွင့်နေဆဲ ဖန်ခွက်ထဲမှာ စပါကလင် ကုန်နေ၍ တာဝန်လစ်ဟင်းသွားသူတစ်ယောက်လို တမင်ကတန်း ဖြည့်သွန်ပေးရှာသည်။

ဆေးစာနှစ်ရွက်အနက် တစ်ရွက်ကသာ အားဆေးအညွှန်းစာ၊ ကျန်တစ်ရွက်က ရောဂါအတွက် ဖြစ်မည်ထင်သည်။ သူ မကြားဖူးသောဆေး။



"မြတ်မှာ ဘာရောဂါတွေ ဖြစ်နေပါလိမ့်"

မြတ်၏ကိုယ်ခန္ဓာမှရောဂါကို မီးယပ်နှင့် သားဖွားရောဂါကု ပါရဂူများသာ ကုသနိုင်စွမ်း ရှိကြပါလိမ့်မည်။

မြတ်၏ရင်တွင်းမှ ခံစားမှုဝေဒနာဆိုးကိုမူ သူကိုယ်တိုင် ကုသမှသာ ပျောက်ကင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ရွှေမောင်ဝင့် သိပါသည်။ သိသည့်အတိုင်းလည်း တတ်စွမ်းနိုင်သမျှထက် ပိုကဲ၍ ပြုစုယုယလျက်ပါ။

အကြင်နာရေအလျဉ်များ စဉ်ဆက်မပြတ် စီးဆင်းသွန်းလောင်းနေပါလျက် ချစ်သူ၏မျက်နှာသည် တစ်ကြိမ်တစ်ခါသော်မျှ ကြည်လင်လန်းဆန်းလာခြင်း မရှိတော့ပါပေ။

"မြတ် ထမင်းဆာပြီလားဟင်၊ မောင် ဟင်းတွေ နွှေးလိုက်တော့မယ်လေ"

မြတ်မြတ်သူက ခေါင်းရမ်းပြသည်။ ဘာစကားမှ မပြောဘဲ ဆိုင်ရာမှထပြီး ဗိုက်ဖုံးအင်္ကျီအသစ်ကို အပေါင်းနှင့် လဲသည်။ အိမ်သာဝင်၍ အပေါ့သွားတော့ ရွှေမောင်ဝင့်က အဝမှစောင့်ပြီး တွဲခေါ်လာခဲ့သည်။

မြတ်မြတ်သူက နွမ်းလျစွာ အိပ်ရာထဲတွင် ခွေလှဲချလိုက်၏။ ခြေဖျားလေးများ စမ်းကြည့်တော့ အေးစက်နေသဖြင့် စောင်ပါးတစ်ထည် ခြုံပေးလိုက်သည်။ ချစ်သူ၏လက်လေးကို ဆုပ်ကိုင်ရင်း မျက်နှာကို ငုံ့ကြည့်နေမှန်းသိတော့ မျက်ဝန်းချင်း မဆုံဖြစ်အောင် မြတ်မြတ်သူ မျက်စိမှိတ်ထား၏။

မျက်ခမ်းနှစ်လွှာသည် မြတ်မြတ်သူ၏ မျက်ရည်လမ်းကို

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံအောင် ပိတ်ဆည်းထားနိုင်ခြင်း မရှိ။

"မြတ်. . . မြတ်ရယ်၊ မငိုပါနဲ့ အချစ်ရယ်"

ရွှေမောင်ဝင့်၏ အသံလှိုင်း၌ ငိုသံတို့ ပေါင်းဆုံနေ၏။

"မောင် ဘာလုပ်ပေးရမလဲဟင်"

"မောင့်ကို စကားပြောပါဦး မြတ်ရဲ့"

မျက်ရည်တို့ စိမ်နစ်ပြည့်အိုင်နေသော မျက်ဝန်းအစုံ ပွင့်လာသည်။

"ဘာ. . . ဘာမှလုပ်မပေးပါနဲ့"

"မြတ်ရယ်"

"မောင် အဲဒီလို မြတ်ကို ယုယချင်ဟန်ဆောင်လေ မြတ်အသည်းကွဲလေပဲ"

"အို ဘယ့်နှယ် ယုယချင်ဟန်ဆောင်ရမှာလဲ၊ မောင့်ရင်ထဲ အသည်းထဲ နှလုံးသားထဲက အကြင်နာတွေပါ ဆိုတာ. . ."

"အဲဒီစကားအတိုင်း မပိုးဝါ ဆိုတဲ့ မောင့်ရဲ့ မယားကြီးကိုလည်း ပြောခဲ့ပြီးပြီ မဟုတ်လား"

"အာ. . . မြတ်ကလည်းကွာ၊ မောင် အမျိုးမျိုး ကျိန်ပြပြီးပါပြီ၊ အဲဒီကိစ္စကို ချေဖျက်လို့ရမယ်ဆိုရင် မောင် အသက်နဲ့လဲရဲတယ် သိလား၊ ဒီလို အထင်ခံနေရမယ့်အစား မောင် သေသွားတာတောင် ကောင်းပါသေးတယ်ကွာ"

"မောင်က အပြောပါ၊ မြတ်ကမှ တကယ်သေချင်တာ သိလား"

"တော်ပါတော့ မြတ်ရယ်၊ မြတ်နဲ့ မောင်နဲ့ရဲ့ ရင်သွေးလေး



လည်း ရှိနေပြီလေ၊ မြတ်နဲ့ မောင်တို့ရဲ့ မျိုးဆက်သွေးလေးအတွက် မောင်တို့ဆက်ပြီး အသက်ရှင်နေကြဦးမှာပါနော်"

"မောင်တို့ရဲ့ ဝင့်ထယ်ဂေဟာကြီးပေါ်က မောင့်သမီးလောက် မောင် ချစ်. . . ချစ်. . ."

"အို. . . မြတ်. . . မြတ်ရယ်"

စကားကိုပင် ဆက်ပြောနိုင်စွမ်း မရှိရှာတော့ပါ။ နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်ပြီး ငိုရှုံ့မဲ့က ရှိုက်၍ ရှိုက်၍ နေရှာသော ချစ်ဇနီးသို့. . .

"အဲဒီကလေးကို မောင် လက်နဲ့ ညှစ်သတ်ပစ်လိုက်ချင်ပါတယ်ကွာ တကယ်ပါပဲ၊ အမျိုးမျိုးလည်း မောင် ရှင်းပြပြီးပါပြီ၊ မောင်နဲ့ ဘုံးဝမပတ်သက်ပါဘူး၊ မောင့်အစ်ကိုရဲ့ ဇာတ်ရှုပ်ပါလို့"

"ရန်ကုန်မြေမှာ ရှိမနေတဲ့ မောင့်အစ်ကို ဆိုတာကို လွှဲမချမ်းနဲ့"

"ဒေါသမဖြစ်လိုက်ပါနဲ့ မြတ်ရယ်၊ တော်ပါတော့နော်"

"ဒါကြောင့် စကားမပြောဘဲ နေတော့လည်း ဘာလို့အတင်းလိုက်ပြောတာလဲ၊ ဒီမှာ မောင်"

"ဟင်"

"ဒီကလေးလေး ရောက်လာတဲ့အချိန်ကစပြီး မြတ်ရင်ကွဲရ၊ နာကျင်ကြေရတာကို သိလျက်နဲ့ မောင့်အဖေနဲ့ အမေက ဒီဖြူဟ်ဆိုးမလေးတို့ တမင်မွေးထားကြတာ မဟုတ်လား၊ အဲဒါ မောင့်ရွှေ့နှ. . . မောင့်ကလေးမို့. . ."

"မဟုတ်ရပါဘူး မြတ်ရယ်၊ မဟုတ်ရပါဘူး ဆိုမှကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မြတ်ကို သက်သက်ဒုက္ခပေးချင်တာနဲ့ ဒီကလေးကို တမင်မွေးထားကြတာ မဟုတ်လားဟင်၊ မြတ် အသည်းနာလွန်းလို့ပါ မောင်ရဲ့"

"ဒီကိစ္စနဲ့ ပတ်သက်လို့ မောင်ကိုယ်တိုင်လည်း ဖေဖေနဲ့ မေမေတို့ကို စိတ်နာပြီး သူတို့တိုက်ပေါ်က ဆင်းလာခဲ့တာ မြတ် အသိပါ"

အသည်းမကြွေရုံ ငိုနေရရှာသော ချစ်ဇနီးကိုကြည့်ပြီး မိဘကို ပို၍စိတ်နာလာမိသည်။

ဒီကလေး ရှိနေသမျှ ဒီလင်ဒီမယား ပြဿနာ ဖြစ်နေရရှာမည် ဆိုသည်ကို သိပါလျက် သူတို့မှ ဒီကလေးကို ခေါ်ယူထားရက်ကြလေတယ်ကွယ်။ မိဘဆိုတော့လည်း မပြောကောင်း မကြံကောင်းလို့သာ၊ ဖြစ်နိုင်မယ်ဆိုရင်တော့ ခုလို သူတို့လင်မယားနှစ်ယောက် သောကမီး တောက်နေရအောင် လုပ်ခဲ့သည့် တရားခံတိုင်းကို ရှင်းပစ်ချင်စိတ်တို့သည် ရင်မှာ ပွင့်ကွဲထွက်တော့မတတ်။

"ဒီမှာ မောင်"

"ပြောပါ မြတ်ရယ်"

"မောင် မြတ်ကို ချစ်ခဲ့တာလည်း သိပါတယ်၊ ခုလို တယုတယ လုပ်ပေးနေတာတွေကိုလည်း နားလည်ပေးပါတယ်၊ ဒါပေမဲ့ မောင့်မှာ မြတ်ထက်အရင် တရားဝင်လက်ထပ်ထားတဲ့ မယားတစ်ယောက် ရှိနေတာရယ်၊ ကလေးတစ်ယောက် ရနေတာရယ်ထိုတော့လေ"

"မဟုတ်ဘူး. . . မဟုတ်ဘူး"



"ဟုတ်တယ်. . . ဟုတ်တယ်၊ မောင် ဘာမှမပြောနဲ့၊ ဒီမှာ အဲဒီကိစ္စကိုလေ ဒီဘဝမကဘူး၊ နောင်ဆယ်ဘဝတိုင်အောင် မကြေနိုင်ဘူး သိလား၊ နားလည်ရဲ့လား ကိုရွှေမောင်ဝင့်ကြီးရဲ့"

"ခက်တော့တာပဲ၊ ငါသေသွားရင် ကောင်းတယ်၊ သေစမ်းပါစေဗျာ"

"ဒီမှာ မောင်၊ ဘာတွေပဲ ဆင်ခြေပေးနေပေးနေ မောင့်မိဘတွေကတော့ သူတို့မြေးဦးလေးနဲ့ မြူးနေကြတယ် မဟုတ်လားဟင်"

ရွှေမောင်ဝင့် မျက်ရည်တွေ စီးကျလာသည်။ ဘာမှပြန်မပြောဖြစ်။

"မောင်တို့ သွားပို့မယ်ဆိုတဲ့နေ့က အဲဒါလေးထားခဲ့ရင် မြတ်လည်း ခုလောက်ရှိ မေ့သွားလောက်ပါပြီ၊ ခုတော့ ဟန်နဲ့ပန်နဲ့ မြတ်ကို ညာထွက်သွားပြီး ဟိုဘက်တိုက်ကလေးမှာ ဖွက်ပြီး မွေးခဲ့ကြတာ နှစ်လကျော်မှ ဒီကောင်မ သိခွင့်ရတယ်"

"မောင်ကိုယ်တိုင်လည်း မသိခဲ့ရပါဘူး"

"တော်. . . တော်၊ ဘာစကားမှ မပြောနဲ့၊ ရန်ကုန်မှာ မရှိတာ ကြာလှတဲ့ မောင့်အစ်ကို 'စိန်မောင်ဝင့်' ကို လက်ညှိုးထိုးပြီး မောင်တို့အားလုံး မြတ်ကိုဝိုင်းပြီး လိမ်ခဲ့ ညာခဲ့ကြတယ်၊ သွား. . . သွား၊ မောင်လည်း မြတ်နားမှာ မနေနဲ့"

"အို. . . အို. . . မြတ်၊ မလုပ်နဲ့လေ"

အိပ်ရာထဲမှ ရှိသမျှခေါင်းအုံး၊ ခြေတင်အုံး၊ စောင်များနှင့် ဆွဲ၍ပစ်ပေါက်နေသဖြင့် ရွှေမောင်ဝင့် အနားသို့ မကပ်ရဲတော့။ မြတ်မြတ်သူမှာ အိပ်ရာပေါ်မှာ အားပါးတရ ငိုရှိုက်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေစာလည်း မစားဖြစ်ကြတော့ပါ။

ည ဆယ်နာရီကျော်သွားပြီ။

ကိုယ်လေးလက်ဝန်ကြီးနှင့် အိပ်ပျော်သွားရှာသော ချစ်ဇနီး၏ မျက်နှာနွမ်းနွမ်း ဖျော့ဖျော့လေးကို ငေးကြည့်နေမိသည်။ မျက်နှာပြင်မှာ မျက်ရည်တို့ မခြောက်ခန်းသေး။

ခြင်ထောင်ချပေးပြီး ညောင်စောင်း ကြမ်းကုလားထိုင်ပေါ်မှာ ရွှေမောင်ဝင့်တစ်ယောက်တည်း ကြာမြင့်စွာ ထိုင်နေမိသည်။

ဆာလောင်မွတ်သိပ်မှုကို ပြင်းပြစွာ ခံစားနေရပါသော်လည်း သူ မစားရက်။

သူ့ရင်သွေးကို လွယ်ထားရရှာသော သူ့ချစ်ဇနီးလေးပင် ညစာ မစားဘဲ အိပ်ပျော်သွားရှာသည်။ သူလိုယောကျ်ားရင့်မကြီး တစ်ယောက်အနေနှင့် ထမင်းတစ်နပ် ငတ်ရလို့ရော အကြောင်းလား။

သူရော မြတ်မြတ်သူပါ ဤသို့ ကျဉ်းမြောင်းသော အခန်းလေးမျိုးမှာ မနေဖူးကြ။ ခြင်ထောင်နှင့် အိပ်ရသည်ကိုပင် မွန်းကြပ်သလို ခံစားရသည်။ သူတို့ နေခဲ့ရသည်က ခြင်လုံသံဇကာတပ် ပြတင်းပေါက်နှင့်၊ လေအေးစက်တပ် အိမ်ခန်းနှင့် ဖြစ်ကြသည်။

ယခုခေတ်မှာတော့ သိပ်ဆင်းရဲသူများနှင့် သိပ်ချမ်းသာသူများ ခြင်ထောင်နှင့် မအိပ်ကြတော့ပါ။

ရွှေမောင်ဝင့်သည် ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့၏ ဒဏ်များကို အပြည့်အဝ ခံနိုင်စွမ်းရှိပါသည်။ သူ့ချစ်သူသည်လည်း သူ့ကဲ့သို့ပင် သတ္တိရှင်မလေးဖြစ်ကြောင်း ရွှေမောင်ဝင့် သိသည်။



ဤပြဿနာကြီးမျိုး မဟုတ်ဘဲ တခြားသော အကြောင်းကြောင့်သာ ယခုလို အနေဆင်းရဲရပါလျှင် နှစ်ယောက်လုံး အတွေ့ကြုံသစ်၌ ပို၍ပင် ပျော်မွေ့ဖြစ်ကြလေမလား မသိပါ။

ယခုတော့ . . .

ချစ်သူ့ရင်တွင်းမှ နာကြည်းမှု အစိုင်အခဲကို ဘယ်လိုနည်းနှင့်မှ ချေဖျက်၍ မရနိုင်တော့ကြောင်း ရွှေမောင်ဝင့် သိပါပြီ။

မြတ်မြတ်သူ၏ ရင်ထဲမှာ သံသယမဟုတ်။ ယုံကြည်ချက် ဖြစ်နေလေပြီ။

ဘယ်လိုရှင်းပြ၍မှ သူမယုံတော့။ လက်မခံတော့ပါ။

ရွှေမောင်ဝင့်အနေနှင့် ထပ်မံရှင်းပြစရာ နည်းလမ်းလည်း မရှိတော့ပါ။ သူ့အစ်ကို စိန်မောင်ဝင့်သည်လည်း မြန်မာပြည်၏ မည်သည့်နေရာ ရောက်နေသည် မသိ။ စုံစမ်း၍ပင် မရ။

ပြဿနာများကို ဖြေရှင်းမရလေ ဤကလေးလေးကို မုန်းတီးမိရှာလေပင်။

ဝင့်ထယ်ဂေဟာကြီးပေါ်သို့ အမြန်နှင်သား ရောက်ရှိနေသော ဤကလေးမလေးအပေါ် ရွှေမောင်ဝင့်၏ ရန်ငြိုးသည် နှိုင်းတုပြစရာ မောဂ မရှိလောက်အောင်ပင် ကြီးမားလေသတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ငါးနှစ်ကျော်ကြာမှ ပြန်လည်ရောက်ရှိလာခဲ့သော်လည်း ရန်ကုန်မြို့ကြီးသည် ဘာမှပြောင်းလဲခြင်း မရှိသေး။

'စိန်မောင်ဝင့်' သည် ဘူတာစကြီအတိုင်း လျှောက်လာပြီး အငှားကား ခေါ်ခါနီးမှာ. . .

"ဒါနဲ့ ဘူတာရောက်မှ တယ်လီဖုန်း ဆက်မယ်ဆို"

"အေး. . . ဟုတ်သားပဲဟ၊ မဆက်လဲ ဖြစ်ပါတယ်၊ လာပါ"

"အို. . . မဟုတ်သေးပါဘူး၊ ဒီတိုင်းတော့ နွဲ့ မလိုက်ရဲဘူး သားကလည်း ပါသေးတာ"

"သားပါရော ဘာဖြစ်လဲ၊ နွဲ့သားက ကိုယ့်သားပဲပေါ့"

"ကို နွဲ့ဆီရောက်တာက ငါးနှစ်လောက်ပဲ ရှိသေးတာ၊ သား က ရှစ်နှစ်ရှိနေပြီလေ"

"ဒါတွေ ဘယ်သူသိမှာလဲ၊ အသာထားလိုက်စမ်းပါ၊ သား ငါးနှစ်လို့ ပြောပေါ့"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ ကျောင်းထွက်စာမှာ မွေး သက္ကရာဇ် ပါတာပဲ"



"ဒါဆိုလည်း ဟိုအရင်ကတည်းက ရထားတာပေါ့ကွာ"

"ကိုကတော့ ဘာမဆို လွယ်လွယ်လေးပဲ"

နွဲ့နွဲ့စိုးက ညည်းညူလိုက်သော်လည်း စိန်မောင်ဝင့် ပြောသလိုပင် နွဲ့သားသည် သူ့သားပင် ဖြစ်ရချေမည်။ ကျောင်းထွက်လက်မှတ်မှ အဖအမည်က ဦးစိန်မောင်ဝင့်လေ။

ရောက်လေရာ အိမ်ထောင်ကျတတ်သော စိန်မောင်ဝင့်၏ ဓလေ့ပျက်ဆိုးသွမ်းသော မလေ့အတိုင်း ယခု မိန်းမကို သူ ကျိုင်းတုံမြို့မှ ရလာခဲ့ခြင်း ဖြစ်သည်။

အိမ်ထောင်ပျက် ကလေးတစ်ယောက်အမေဖြစ်သော နွဲ့နွဲ့စိုးမှာ သူ့ထက်လည်သဖြင့် စိန်မောင်ဝင့်တို့ ငြိမ်သွားခဲ့ရပြီ။ နွဲ့ဆန္ဒအတိုင်း တယ်လီဖုန်းလည်း ဆက်ဖြစ်ပါ၏။

"မေမေလား"

အများသုံး တယ်လီဖုန်းမှဆက်၍ အသံက အော်ပြောရသည်။

"ကျွန်တော်လေ စိန်မောင်ဝင့်၊ ဖေဖေရော"

". . . . . . . . . . ."

"မလန့်ပါနဲ့ မေမေရဲ့၊ ကျွန်တော်တို့ ရန်ကုန်ပြောင်းလာကြပြီ၊ အခု ဘူတာက ဆက်နေတာ"

"ကျွန်တော်တို့ ဆိုတာက ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သား"

". . . . . . . . . ."

"ဒါတွေ လာမှပြောတော့မယ်လေ၊ ကိုယ့်အိမ်ကိုပြန်တာ ဆောတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“. . . . . . . . . . . .”

“ဒါပဲ မေမေ၊ အခု လာခဲ့တော့မယ်နော်”

စိန်မောင်ဝင့်က တယ်လီဖုန်းချပြီး သူ့ဇနီးကို မျက်စိတစ်ဘက် မှိတ်ပြလိုက်သည်။

“ဘာတဲ့လဲဟင် ကို”

“ကိုယ့်အသံလည်းကြားရော မေမေ လန့်အော်တော့တာပဲ၊ ကဲ. . . လာ”

“ဒီမှာ ကို”

“ဟေ”

သားကိုယ်တိုင်ကတောင် ကို့ကို သူ့အဖေအရင်းပဲ ထင်နေတာ၊ ကိုတို့အသိုင်းအဝိုင်း အားလုံးမှာလည်း ကို့ရဲ့သားအရင်းပဲလို့ ကြေညာပေးပါနော်”

“စိတ်ချပါ၊ ဒါတွေက မိုင်နာပါ”

ပြောရင်း အငှားတားရှိရာသို့ လျှောက်သွားပြီး ပြောသမျှ ဈေးနှင့် တက်စီးလိုက်တော့သည်။

စိန်မောင်ဝင့် ဆိုသော သူဌေးသားကြီးသည် လှပလည်ပတ်သော နွဲ့နွဲ့စိုး ဆိုသည့် ဇနီးသည်ကို ခေါ်လာရုံမက သူ့သွေးတစ်စက်မှ မစပ်သော ကလေးငယ်ကိုပါ သူ့သားရင်းအဖြစ်နှင့် ဝင့်ထယ်ဂေဟာကြီးဆီသို့ ခေါင်ကြည်းခေါ်ယူလာခဲ့ပေပြီ။

◆



စိန်မောင်ဝင့်ကို ပြန်လည် မြင်တွေ့ရတော့ ဒေါ်လှထယ် ငိုပါလေတော့သည်။

ဦးအောင်ဝင့်ကတော့ ဒေါသမျက်နှာနှင့် စောင့်ကြို၏။

“မေမေ ဒါ ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သား၊ ကျွန်တော့်အတွက် ဆောက်ပေးထားတဲ့ ဟိုဘက်က တိုက်ကလေးပေါ်မှာပဲ ကျွန်တော်တို့မိသားစု နေကြမယ်နော်၊ ထမင်းကျတော့ ဒီမှာ လာစားမယ်နော်၊ အဟား. . . ဟား”

အချိန်ကာလတို့သည်သာ ရွေ့ပြောင်းသွားကြသည်၊ စိန်မောင်ဝင့်၏ အမူအကျင့်ကဖြင့် မပြောင်းလဲသေးပါလား။

လောကကြီးကို ပေါ့ပေါ့တန်တန် သုံးသပ်တတ်လေသော စိန်မောင်ဝင့်ကို ဦးအောင်ဝင့်က မျက်နှာတည်တည်နှင့် ကြည့်လိုက်ပြီး. . .

“ဒီမိန်းမကို မင်း ဘယ်တုန်းက ယူလိုက်တာလဲ၊ တို့လိုမိဘမပါဘဲနဲ့လည်း သူ့မိဘက ပေးစားသလား”

ယောက်ျား ရှင်နေသဖြင့် မိန်းမကပါ ခပ်တြွတြွ ဖြစ်နေသော နွဲ့နွဲ့စိုးမှာ ဦးအောင်ဝင့်၏ အမေးကြောင့် ကုပ်သွားရ၏။

“သားတို့ လက်ထပ်တာ ကျိုင်းတုံမှာ၊ ဖေဖေတို့ ဘယ်လိုလုပ် လာနိုင်မှာလဲ”

“ဘာပဲဖြစ်ဖြစ် အကြောင်းကြားဖို့ မင်းမှာ တာဝန်ရှိတယ်”

“သားရဲ့အပြစ်ပါ ဖေဖေရာ၊ ကဲပါ ထားလိုက်ပါတော့”

စိန်မောင်ဝင့်က ပေါ့ပေါ့တန်တန် ပြောနေသော်လည်း ဦးအောင်ဝင့်သည် လေးနက်သော မျက်နှာထားဖြင့် ခပ်ရှုံ့ရှုံ့ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ကလေးငယ်ကို ကြည့်လိုက်ပြီး. . .

"မင်းသား အသက် ဘယ်လောက်ရှိပြီလဲ"

"ရှစ်နှစ်"

"ဘာ"

"အဟဲ. . . ဒီလို ဖေဖေ၊ သူ့ကို မန္တလေးမှာယူပြီး သားက ပစ်ထားသေးတာ၊ ကျိုင်းတုံမှာ ပြန်တွေ့တော့မှ သားကိုလည်း သနားတာနဲ့ ကျွန်တော်တို့ ပြန်ယူကြတာ"

နွဲ့နွဲ့စိုး အထိတ်တလန့် ဖြစ်နေသော်လည်း ဤကိစ္စသည် လွယ်လွယ်လေးနှင့် ပြီးပျောက်သွားပါ၏။

✱ စိန်မောင်ဝင့်၏ ရုတ်တရက် အကြံဉာဏ်ထွက်လာသော လိမ်ညာမှုကို မိဘနှစ်ပါးလုံးက အကြွင်းမဲ့ ယုံကြည်ခဲ့ကြပါ၏။ သူတို့သား၏ စရိုက်ဆိုးကို သူတို့သာ အသိဆုံးမို့ ယခုလို ဇာတ်ရှုပ်မှုကို လက်မခံနိုင်စရာ မရှိ။

"ဟိုကလေးက ညီညီ့ကလေးလေးလားဟင်၊ သူလက်ထပ်တာ သတင်းစာထဲမှာ ကျွန်တော် တွေ့တယ်"

"စိန်မောင်ဝင့် ညွှန်ပြရာသို့ ကြည့်လိုက်ကြတော့ ဂါဝန်ဝါဝါလေး ဝတ်လျက် အခန်းဝမှာ ရပ်ကြည့်နေသော ငါးနှစ်သမီးလေး ပိုး။

ဦးအောင်ဝင့်နှင့် ဒေါ်လှုထယ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး တင်းကြပ်လွန်းသော ရင်ဖြင့်ပင်. . .

"ရွှေမောင်ဝင့်ရဲ့ ကလေးမဟုတ်ဘူး၊ မေမေ ဖေဖေတို့ မွေးစားထားတဲ့ကလေး"



ဒေါ်လှုထယ်က ဖြေကြားပြီး ပိုးနှင့် စိန်မောင်ဝင့်ကို တစ်လှည့်စီကြည့်ရင်း မျက်ရည်များ ပေါက်ပေါက်ကျလာတော့သည်။

ဦးအောင်ဝင့်ကလည်း သက်ပြင်းကြီးသာ ချသည်။ ဘာမှ ဝင်၍ မပြောတော့ပါ။

"ဒါနဲ့ ညီညီရော မေမေ၊ ဟိုဘက်တိုက်မှာ သူတို့ နေကြသလား".

ပေနှစ်ရာပတ်လည် ကျယ်သော ခြံကြီးကို ပိုင်ဆိုင်ထားရုံမက ငွေကြေးကလည်း ပေါများလှသဖြင့် သားနှစ်ယောက် မိန်းမရလျှင် သီးခြားနေရန်ဟူသော ရည်ရွယ်ချက်ဖြင့် တစ်ထပ်တိုက်နှစ်လုံးတို ကြိုတင်ဆောက်ပေးထားခဲ့သဖြင့် စိန်မောင်ဝင့်က မေးလိုက်ခြင်း ဖြစ်၏။

"သားရဲ့ညီလေး ရွှေမောင်ဝင့်ရဲ့ အဖြစ်ကိုတော့ နောက်မှပဲ အစအဆုံး ပြောပါရစေတော့ကွယ်"

"သူတို့ ဒီမှာ မနေကြဘူးလား"

"လာနေလိုက် ပြန်သွားလိုက်နဲ့ပါပဲလေ၊ တစ်ယောက်တည်း ဆိုတော့လည်း စိတ်က လေတာပေါ့"

"ဟင်. . . သူ့မိန်းမကရော"

"မြတ်မြတ်သူလား၊ ကလေးမွေးပြီး မကြာခင်မှာပဲ ဆုံးသွားရှာတယ်ကွယ်"

"ဟာ. . . ဒါဆို ဒီကောင့်ကို နောက်မိန်းမ ပေးစားလိုက်လေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် စိန်မောင်ဝင့်"

"ဗျာ. . . ဖေဖေ"

"လူတိုင်းကို မင်းလို လွယ်လွယ်အိမ်ထောင်ပြုကြမယ်လို့ မထင်နဲ့ကွ၊ ရွှေမောင်ဝင့်ကို ဘယ်တော့မှ မိန်းမပေးစားလို့ရမှာ မဟုတ်ဘူး နားလည်လား"

ဘာအကြောင်းမှန်း မသိသော်လည်း ဖခင်ကြီး ဒေါသထွက်နေမှန်း သိသဖြင့် စိန်မောင်ဝင့် ငြိမ်နေရ၏။

"သူ့ဇနီးဆုံးရတာ တို့ရဲ့ ပယောဂပါတယ်ဆိုပြီး ငါ့သားလေးဟာ တို့ပေါ်မှာ တစ်သက်လုံး အခဲမကြေဖြစ်နေတယ် နားလည်လား"

အားလုံးတိတ်ဆိတ်သွားကြသည်။

ပိုး. . . ဆိုသော ငါးနှစ်သမီးကလေးသည် ဘောင်းဘီတိုနှင့် စပို့ရှပ်ကလေး ဝတ်ထားသော ညှေ့သည်ကိုကို့ကို စိတ်ဝင်စားစွာ ငေးကြည့်နေသည်။

စိန်မောင်ဝင့်၏ သားဟု အမည်ခံပြီး ဤဝင့်ထယ်ဂေဟာ၏ မျိုးဆက်သွေးအဖြစ်နှင့် ရောက်ရှိလာခဲ့သော 'မောင်ပြည့်ဝန်း' ဆိုသည့် ကောင်လေးသည်လည်း ဖြူဖြူဖွေးဖွေး ဝဝတစ်တစ်နှင့် ချစ်စရာကောင်းလှသော ညီမလေးအား စိတ်ဝင်စားစွာ လှမ်းကြည့်နေသည်။

ဤကလေးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားစွာ ကြည့်နေကြကြောင်းကို ဘယ်လူကြီးတမှ ဂရုမထားမိကြ။

"သားလေးဟာ မိန်းမသေပြီးတဲ့နောက်မှာလည်း သူ့စိတ်ထင်တိုင်း မသွားနိုင်ရှာဘူး"



"ဘာ. . . ဘာဖြစ်လို့လဲ ဖေဖေ"

"သူ့ဇနီး မြတ်မြတ်သူရဲ့ ကိုယ်ပွားကလေး ကျန်ရစ်ခဲ့တယ်လေ"

"ဟုတ်လား၊ ဘာလေးလဲ. . . ဘယ်မှာလဲ ဖေဖေ"

"ဟိုဘက်တိုက်မှာပဲ အထိန်းနဲ့ ထားတယ်၊ ယောက်ျားလေး"

ရင်ထဲမှာ လှုပ်ရှားမှုကိုယ်စီ ရှိနေကြသော်လည်း ပြောစရာစကားများ ကုန်ဆုံးသွားကြသလို အားလုံးငြိမ်သက်နေကြသည်။

မိန်းမရော သားပါ အပိုင်ခေါ်လာသော သားကြီးနှင့် သူ၏ဆုပ်ရပ်များကို ဦးအောင်ဝင့်က မကျေမနပ် ဖြစ်နေသည်။

ဒေါ်လှထယ်ကတော့ သူ၏ချစ်လှစွာသော သားလေးနှယောက်၏ အဖြစ်ကြောင့် မျက်ရည်များ အသွယ်သွယ် ကျနေဆဲဖြစ်သဖြင့် မျက်ရည်ကို သုတ်ပစ်လိုက်သည်။ ဒီအချိန်မှာပင် ခန်းဆီးခန့်လန့်ကာစကို ဆုပ်ကိုင်ကာ မလှံ့တလှံ့ ကွယ်၍ရပ်နေရှာသော မြေးလေးပိုးကို တွေ့လိုက်ရသည်နှင့်. . .

"ပိုး. . . လာ. . . လာစမ်း၊ မေမေကြီးဆီကို"

ကလေးက ပြေးလာပြီး ညှေ့သည်များကို ကြောက်ရွံ့စိတ်ဖြင့် ဒေါ်လှထယ်ကို ကပ်ကွယ်ထားရှာသည်။

"သားကြီး စိန်မောင်ဝင့်"

"ဗျာ. . . မေမေ"

"ရော့. . . ရော့၊ ဒီကလေးကို ချီစမ်း၊ အမေ မွေးထားတဲ့ ဒီကလေးကို မင်းချီစမ်း"

www.burmeseclassic.com

www.burmeseclassic.com



စိန်မောင်ဝင့်က နားမလည်နိုင်သလို ကြည့်ပြီးမှ ထိုင်ရာက ထ၍ လက်ကမ်းသည်။ ကလေးက ဒေါ်လှထယ်ကို တွယ်ကပ်ထား၍. . .

"သွားလေ သမီး. . . လိုက်သွား"

ဒေါ်လှထယ် တွန်းပို့၍ လိုက်သွားရသော်လည်း ကလေးက ကြောက်ကြောက်ရွံ့ရွံ့။

စိန်မောင်ဝင့်သည် ဇွေ့ခနဲ ကလေးကို မ,ချီပြီး သူ့ရင်မှာ ကပ်ထားစဉ်ကာလ၌ ထူးထူးခြားခြား ခံစားမှုတစ်မျိုးကို ခံစားလိုက်ရသည်။

ဝမ်းနည်းချင်သလိုလို၊ ရင်ခုန်ချင်သလိုလို. . .

သူ့ဘဝ သူ့တစ်သက်တာ၌ ဤသို့သော အားငယ်သလို ခံစားမှု အဆန်းမျိုးကို တစ်ခါမှ မခံစားမိသေး။

ချစ်စရာ ပြည့်ပြည့်ဝဝ၊ ကျန်းကျန်းမာမာ ကလေးလေးကို သနားသွားမိခြင်းက သူ့ရင်မှာ အတိုင်းမသိ။

"မေမေတို့က အသက်ကြီးမှ ဘာလို့ ကလေးမွေးစားရတာလဲဟင်၊ သူက ဘယ်ကလဲ"

"ဆင်းရဲလို့ပါကွယ်၊ သနားလို့ မွေးစားထားတာ"

စိန်မောင်ဝင့်သည် မျက်နှာလေး ခပ်မဲ့မဲ့ဖြစ်နေသော ကလေးကို အကြင်နာစိတ်ကြီးစွာဖြင့် စိတ်ဝင်စားစွာ ကြည့်ပြီး. . .

"သူ့နာမည်က ဘယ်သူတဲ့လဲ မေမေ"

"ပိုး. . . တဲ့"

"ပိုး"



"အေး ဟုတ်တယ်၊ ဘာမှည့်ရမှန်းလဲ မသိလို့ သူ့အမေ နာမည်ထဲတပဲ လွယ်လွယ်ခေါ်လိုက်ရတာ၊ သူ့အမေနာမည်က မပိုးဝါတဲ့ သားရဲ့၊ မပိုးဝါတဲ့ဟဲ့"

"မပိုးဝါ"

စိန်မောင်ဝင့်က ခပ်တိုးတိုးလေး ခေါ်လိုက်ပြီး ဒေါ်လှထယ်ကို နားလည်ချင်စွာ လှည့်ကြည့်လာသည်။

ဒေါ်လှထယ်က ဖျတ်ခနဲထလိုက်ပြီး အကဲခတ်နေပုံရသော နွဲ့နွဲ့စိုးရှေ့မှာရပ်၍. . .

"ကဲ. . . အထုပ်ပိုးတွေယူ၊ ဟိုဘက်တိုက်ပေါ်ပဲ တစ်ခါတည်းတက်ကြ၊ ဘာမှတော့ မလှည်းမကျင်းရသေးဘူး"

"ရပါတယ် မေမေ၊ သမီးပဲ လှည်းကျင်းရှင်းလင်းမှာပေါ့"

သူ့ခင်ပွန်းသည်၌ ဤမျှရှုပ်ထွေးနက်ရှိုင်းသော ဇာတ်လမ်း တစ်ပုဒ် ရှိခဲ့လိမ့်မည်ဟုလည်း နွဲ့နွဲ့စိုး ထင်ပုံမရ။

ဒေါ်လှထယ်တို့ကလည်း နောက်ကြောင်းမရှင်းသော ဤ ချွေးမလေးအပေါ်၌ သံသယမဝင်ကြ။

သူတို့သားကြီး၏ဇနီးနှင့် သားအရင်းဟုပင် ထင်မှတ်ယုံကြည်ကာ ဝင့်ထယ်ဂေဟာကြီး၏ မိသားစုဝင်အဖြစ် လက်ခံလိုက်ကြလေပြီ။

မောင်ပြည့်ဝန်းသည် အထုပ်ပိုးဆွဲ၍ တိုက်ကြီးပေါ်မှ ဆင်းသွားသော သူ့မိခင်နောက်သို့ လိုက်မသွားဖြစ်သေးဘဲ သူ့ဖခင်ဟု ထင်နေသော စိန်မောင်ဝင့်၏ ရင်ခွင်ထဲမှ ချစ်စရာ ညီမလေးကို ကြည့်၍သာ ကျန်ရစ်ခဲ့ရှာသည်။

◆ ◆ ◆

www.burmeseclassic.com

## အခန်း(၅)

သားလေးကို သူ့ရင်မှာပွေ့၍ သိပ်နေကျ။

ယခုတော့ ကြာရှည်မပွေ့နိုင်သဖြင့် ပခုံးပေါ်မှာ ထမ်း၍ လျှောက်သည်။ သား အိပ်ပျော်သွားပြီးသည့်တိုင်အောင် အိပ်ရာပေါ်သို့ ချ၍မသိပ်ရက်သေး။ နိုးနေစဉ်ကထက် ပို၍လေးလံသွားသော အိပ်မောကျ ခန္ဓာကိုယ်ကို ကြာမြင့်စွာထမ်း၍ လမ်းလျှောက်နေဝါ သေးသည်။

အတော်ကြီးကြာမှ အိပ်ရာပေါ်သို့ ချသိပ်ဖြစ်သည်။ အလင်း အားပြည့်သော မီးရောင်အောက်မှာ သား၏မျက်နှာက ပြည့်ဝင်းနေ၏။

အားလုံးကိုပဲ ခြုံ၍ကြည့်ကြည့် မျက်ခုံးမျက်လုံး နှာတံတစ်ခု စီပဲခွဲ၍ကြည့်ကြည့် သားလေးသည် သူ့မိခင် မြတ်မြတ်သူ့နှင့် ထပ်တူ။

တမလွန်ရောက် ချစ်သောမြတ်သည် သူ၏ကိုယ်စား သူ့ကိုယ်ပွားလေးကို ထားရစ်ခဲ့သည်ဟူသော အသိဖြင့်လည်း ချစ်၏ ကိုယ်စား ချစ်မြတ်နိုးသည်။



"အမိမဲ့သားလေး"

ဟူသော အသိဖြင့်လည်း အသည်းခိုက်အောင် ကြင်နာ သနားစိတ်များ ရွှေမောင်ဝင့်၏ရင်၌ ထာဝရ ဖြစ်ထွန်းလျက်ပါ။

မိခင်ပျောက်ဆုံးနေသော သားလေးသည်လည်း ဖခင်ကို အားကိုးတကြီး ချစ်ရှာသည်။

သားအဖနှစ်ယောက် ဆုံခွင့်ရချိန်တိုင်းမှာ တစ်ယောက်နှင့် တစ်ယောက် မခွဲမခွာကြတော့ပါ။

ယခုနှစ်၌ သားကို မူကြိုကျောင်းစ၍ ထားရပြီ။

သားလေးမွေးပြီးစမှစ၍ ငှားထားခဲ့သော နော်ဟယ်လင်ဆို သည့် ကရင်မကြီးကို တစ်နှစ်ထက်တစ်နှစ် လခတိုး၍ ပေးထားခဲ့ သည်။ ယခု ကျောင်းကိုပါလိုက်၍ စောင့်ရသဖြင့် တစ်လ သုံးရာ [illegible]ယ်အထိ ပေးထားပါ၏။

နော်ဟယ်လင်မှာ သံရုံးမိသားစု၏ ကလေးထိန်းလုပ်ခဲ့ဖူး သဖြင့် ကလေးကို စနစ်တကျ ထိန်းတတ်သည်။ လိုအပ်သော အာဟာရများကိုလည်း စနစ်တကျ ကျွေးမွေးသဖြင့် ကလေးမှာ အမြဲ [illegible] သန်းဆန်းကျန်းမာနေတတ်သည်။

နော်ဟယ်လင်မှာ အသက်လေးဆယ်ကျော်အရွယ် မုဆိုးမ ကြီး ဖြစ်နေသဖြင့် ရွှေအောင်ဝင့်တို့အိမ်မှာ ထာဝရနေ၍လည်း သင့် တော်ပါ၏။ နော်ဟယ်လင်လို အသက်ကြီးကြီး ဝဝဖိုင့်ဖိုင့် ကိုယ်ပြား ကြီး မျက်နှာပြားပြားနှင့် အရုပ်ဆိုးဆိုး အမျိုးသမီးကြီးမျိုးကို မချို [illegible]နှင့်။

တမ္တာအလုပ်ချိန်ရှင်မလေးများ သူ့အိမ်တွင် ရှောက်နေစေ

www.burmeseclassic.com

www.burmeseclassic.com



ဦးတော့ သူမှာ ဖောက်ပြန်ယိမ်းယိုင်စိတ် ဘယ်သောအခါမှ မဖြစ်စေရပါဟု သူ့စိတ်ကို သူကိုယ်တိုင် စိတ်ချပြီးသား။ နော်ဟယ်လင်ကလည်း အလွန်ရိုးသား သစ္စာရှိပြီး သိက္ခာကြီးမားသောသူ။

ချစ်လှစွာသော သူ၏ဇနီးမြတ်သည် သူတို့မိသားစု၏ ဒုက္ခကို ခါးသီးစွာ ခါးစည်း၍ ခံစားသွားရရှာသည်။

စိန်မောင်ဝင့်တလည်း လုံးဝပြန်မလာ၊ ဒါ သူ့သမီးပါဟုလည်း ဝန်ခံမည့်သူ မရှိ။ ယောက္ခမကြီးများကလည်း သူတို့၏ မြေးပါဆိုကာ တိုက်ကြီးပေါ်တင်ပြီး တယုတယ မွေးထားကြသည်။ လက်ထပ်စာချုပ်မှာကလည်း ရွှေမောင်ဝင့်ဆိုသော အမည်က အတိအလင်း။

"ငါ့မိန်းမဟာ အဲဒီဂြိုဟ်ဆိုးမလေး ရောက်လာတဲ့နေ့ကစပြီး သူ့ရဲ့နောက်ဆုံးအချိန်အထိ ငါ့ပေါ်မှာ အနိုင်အမာ စွဲချက်တင်ပြီး သူကိုယ်တိုင်လည်း အသည်းကြွေမတတ် ခံစားသွားရရှာတယ်"

"ဒီကိစ္စကြီးကို ရှင်းလင်းခွင့် မရ၊ အဖြစ်မှန်ကို ဖြေရှင်းခွင့်မရနိုင်ခင်မှာပဲ သေဆုံးသွားရရှာတဲ့ မြတ်ရယ်"

"မောင့်သမီးကိုချည်း ချစ်မနေပါနဲ့၊ မြတ်ရဲ့သားလေးကိုလည်း ချစ်ပါ၊ ဂရုစိုက်ပါ"

ဆိုသော နောက်ဆုံးအမှာစကားကို တစ်ရံမလပ် ပြန်လည်ကြားနေမိသည်။

ချစ်သူ၏ ရန်ငြိုးဖွဲ့စကားမှန်း သိပါလျက် ဖြေရှင်းခွင့်မရ ဖြေရှင်းပြ၍ မယုံနိုင်။ လက်မခံနိုင်သော အဖြစ်များမှာ အဘယ်မျှ ရင်နာကြေကွဲဖွယ်ကောင်းလိုက်ပါသလဲတွယ်။



ရွှေမောင်ဝင့်မှာ သားငယ်၏ ကိုယ်ခန္ဓာပေါ်သို့ ဂွမ်းစောင် နွေးနွေးပေါ့ပေါ့လေးကို ခြုံပေးလိုက်ပြီး ပါးဖောင်းဖောင်းလေးကို အသာအယာ ဖွ၍နမ်းပြီးမှ အခန်းတွင်းမှ ထွက်ခဲ့သည်။

ချစ်ဇနီး၏ ဈာပနကို မေမေတို့ကပင် ဦးဆောင်စီစဉ်ပေးခဲ့ကြသည်။ မြတ်၏မိခင်လည်း နိုင်ငံခြားမှ ရောက်လာခဲ့သည်။ ဆွေမျိုးများ၊ အပေါင်းအသင်းများကဖြင့် မြတ်မြတ်သူတစ်ယောက် ကလေးမွေးပြီး သေဆုံးရှာသည် ဟူ၍သာ ယုံမှတ်စိတ်ဖြင့် သနားကြင်နာစကား ဆိုခဲ့ကြသည်။

မြတ်မြတ်သူမှာ လက်ထပ်ပြီး တစ်ပတ်ပြည့်ချိန်မှစ၍ နောက်ဆုံး ကွယ်လွန်ချိန်အထိ သူ့ရင်နှင့်အမျှ ကြေကွဲနာကျင်စွာ ခံစားသွားရှာကြောင်းကိုဖြင့် ဘယ်သူမှ သိခွင့်မရလိုက်ကြ။

လက်ထပ်ပြီးစ လွတ်လွတ်လပ်လပ် နေချင်၍ မြို့လယ်မှာ တိုက်ခန်းငှားနေကြသည်ဟုသာ ထင်ခဲ့ကြသည်။

မြတ်ဆုံးပြီး မကြာခင်မှာပင် မြတ်၏ မာမီကလည်း နိုင်ငံခြားသို့ ပြန်သွားရသည်။

ရက်သားနီစို့ရှယ်သားလေးနှင့် ရွှေမောင်ဝင့်တို့နှစ်ယောက်သည် ဘယ်လိုမှ နေ၍မဖြစ်သဖြင့်သာ ဝင့်ထယ်ဂေဟာကြီးသို့ ပြန်ပြောင်းလာခဲ့ရသော်လည်း ရွှေမောင်ဝင့်စိတ်ကတော့ ဂြိုဟ်ကောင်လေး ရှိနေသော ခြံသို့ ခြေဦးပင် မလှည့်ချင်။

သားလေးအတွက်မို့သာ နေသင့်နေထိုက်ရာ အဖြစ်နှင့် ဖိုးဖိုး၏ တိုက်ကလေးသို့ ပြန်လာခဲ့ရခြင်း ဖြစ်လေသည်။

အထူးသဖြင့် မိခင်ဒေါ်လှထယ်မှာ သားနှင့် မြေးလေးရှိရာ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ငယ်လေး၌သာ အချိန်ပြည့်နီးပါး နေထိုင်၍ ပြုစုပေးရှာသည်။

မိဘတို့ တည်ထောင်ပေးသော စက်ရုံအလုပ်ကိုလုပ်၍ မိဘတို့ ဆောက်ပေးထားသော တိုက်ငယ်မှာနေပြီး မိခင်ကြီး၏ အကြွင်းနာကို ယခုအချိန်ထိ ရရှိနေသဖြင့် ကျေးဇူးတင်ခြင်းက တစ်ပိုင်း။

ပိုးဆိုသော ကောင်မလေးကို ဤတိုက်ကြီးပေါ်မှာ မွေးထားသည့်အတွက် သူချစ်ဇနီးဘက်မှ ဂိတ်နာသည်က တစ်ပိုင်း။

ကျေးဇူးတရားကို နားလည်ခြင်းနှင့် ပိုးကို ခေါ်ထားသဖြင့် နာကြည်းခြင်းတို့က ရွှေမောင်ဝင့်၏ရင်မှာ အားပြိုင်လျက်. . .

မြတ်မြတ်သူနှင့် လက်ထပ်စဉ်က ခန်းဝင်ပစ္စည်းများ အားလုံးကို ပုံမပျက် သုံးစွဲနေသည်။ သူတို့၏ နှစ်ယောက်အိပ်ကုတင်ကြီးပေါ်တွင် ချစ်ဇနီး၏ကိုယ်စား သားလေး 'မြတ်သူမောင်' ရှိနေပါသည်ဟူသော အသိဖြင့် သူဘဝကို ဆက်လက်ရှင်သန်နေရခြင်း ဖြစ်လေသည်။

ဟိုဘက်တိုက်ကြီးမှ စားဖို့အဆင်သင့် ပို့ပေးပြီး သန့်ရှင်းရေးအတွက်ပါ ကလေးမလေးတစ်ယောက်က နေ့လယ် လာ၍လုပ်ပေးသည်။

သား ရွှေမောင်ဝင့်အတွက်၊ မြေးလေး မြတ်သူမောင်အတွက် လိုအပ်ခြင်းမရှိအောင် ပြုစုကူညီပေးနေရှာသော မိဘနှစ်ပါးကိုလည်း ရန်ငြိုးဖွဲ့စကား မပြောတော့ပါ။

အေးချမ်းပြေလည်သော စကားဝိုင်းကိုလည်း မဖန်တီးပြီ။ ရွှေမောင်ဝင့်မှာ မနက်ပိုင်း သားလေးနှင့် အတူနေ၊ သား



ကျောင်းပို့၊ စက်ရုံသွား၊ စက်ရုံမှာ ထမင်းစား၊ မြို့ထဲမှာ ဝယ်စရာရှိလျှင် ဝယ်၊ သားကို ကျောင်းကြိုပြီး ပြန်လာ၊ ရေချိုး၊ စာဖတ်၊ အရက်သောက်၊ ထမင်းစား၊ သားကို သိပ်ပြီးတော့ သူလည်း အရက်မူးမူးနှင့်အိပ်။

ဒါသည် ရွှေမောင်ဝင့်၏ မပြောင်းလဲသော နေ့စဉ် လုပ်ရပ်များ ဖြစ်သည်။

ရွှေမောင်ဝင့်၏ဘဝသည် နေ့စဉ်ပုံမှန် လည်ပတ်နေသည်။ သို့သော်လည်း ခံစားရန် နှလုံးသား မပါရှိသော စက်ရုပ်တစ်ရုပ်၏ လည်ပတ်ပုံမျိုးအတိုင်း ဖြစ်နေသည်။

ယနေ့ညနေ သူအိမ်ပြန်လာပြီး ထမင်းစားနေစဉ်မှာ မေမေက အနားလာပြီး. . .

"သားရဲ့အစ်ကို စိန်ဝင့်မောင်တော့ ပြန်လာပြီ၊ သူ့သားနဲ့ သူ့ဇနီးလည်း ပါလာတယ်၊ ဒီမှာပဲနေမယ်ဆိုလို့ သူ့တိုက်မှာ နေရာချပေးလိုက်ပြီ၊ အဲဒါ သားတွေ့ချင်သလားလို့၊ သူက လာမလို့တဲ့"

"သူ့ကို မတွေ့ချင်သေးဘူး မေမေ"

"အေး. . . အေး၊ ဒါဆိုလည်း နောက်နေ့မှပဲ မေမေ လာခိုင်းတော့မယ်နော်"

ရွှေမောင်ဝင့် ဘာမှမပြော။

ဒေါ်လှထယ်သည် သားငယ်ကို ကြေကွဲစွာကြည့်ပြီး သာယာချိုပျောင်းသောအသံဖြင့်. . .

"သား သူ့ကို အပြစ်တင်ချင်သလိုတင်ပါ၊ ဒါပေမဲ့ သားရယ် မေမေတို့တော့ မကြီးလိုက်ပါနဲ့၊ သားတို့မှာ ဒီညီအစ်ကို နှစ်ယောက်တည်းပဲ ရှိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



သားလေးထံမှ စကားပြန်ခြင်း မရှိပါ၍ ဒေါ်လှထယ်လည်း ဘာမှမပြောရဲရှာ။

သားငယ်၏ရင်တွင်းမှ အာဃာတအစိုင်အခဲကိုလည်း မိခင်မို့ မှန်းဆတတ်ပါ၏။

သားကြီး၏ ဟော့ရမ်းဆိုးသွမ်းသော စရိုက်ကြောင့် မကောင်းသော အကျိုးဆက်များ ဖြစ်ထွန်းနေကြောင်းကိုလည်း ဟိုအရင်ကတည်းက ဒေါ်လှထယ် သိခဲ့ပါ။

မိခင်တို့မည်သည် ဆိုးသောသားကိုလည်း စိတ်ပျက်စိတ်ညစ်ရုံမျှလွဲ၍ အချစ်မပြယ်နိုင်။ လိမ္မာသောသားကိုလည်း ဂုဏ်ယူဝင့်ကြွားရုံမှတစ်ပါး သားဆိုးထက်ပို၍ မချစ်နိုင်။

ဤသားနှစ်ယောက်လုံးကို လွန်လွန်ကဲကဲ ချစ်သည့်စိတ်ထားလည်း အညီအမျှပါ။

ယခုလို သားကြီးနှင့် သားငယ်တို့ အခဲမကြေနိုင်သော ဖြစ်ရပ်ကြီး ရှိနေသဖြင့် သူတို့ညီအစ်ကိုနှစ်ယောက်ကို ဆုံလည်း ဆုံစေချင်သည်။ အာဃာတများလည်း မကြီးထွားစေချင်။

စည်းစိမ်ချမ်းသာတို့ သုံးမကုန်နိုင်အောင် ရှိသော်လည်း သားတို့အတွက် စိုးရိမ်ကြောင့်ကြရသော စိတ်တို့သည် ဒေါ်လှထယ်ရင်၌ အပြည့်။

ထိုချမ်းသာကြွယ်ဝမှုများကလည်း ချေဖျက်မပေးနိုင်ကြပါလား။

"ဘာပဲဖြစ်ဖြစ် ငါ့မှာ ရှားရှားပါးပါးရှိတဲ့ ဒီသားလေးနှစ်ယောက် ပြေလည်ကြပါစေကွယ်"

◆ ◆ ◆

## အခန်း(၆)

"လိမ်တာကို ငါ မကြိုက်ဘူးဆိုတာ မင်း ငယ်ငယ်လေးတတည်းက သိတယ်နော်"

စိန်မောင်ဝင့်သည် ဖခင်၏ တင်းတင်းတည်တည် မျက်နှာထားကိုကြည့်ပြီး နည်းနည်းတော့ လန့်သွားမိသည်။

"မင်းကို ပြောစရာရှိတယ်၊ ငါနဲ့ လိုက်ခဲ့စမ်း"

ဆိုပြီး အပေါ်ထပ် စာကြည့်ခန်းထဲမှာ နှစ်ယောက်တည်း ခေါ်တွေ့ကတည်းက စိန်မောင်ဝင့် ခပ်ထိတ်ထိတ်။

ဦးအောင်ဝင့်သည် ဘီရိုသော့ကို ဖွင့်သည်။ ဘီရိုထဲမှ အံဆွဲတိုဆွဲပြီး ခပ်ရှည်ရှည်စာတစ်ရွက်ကို ထုတ်၍. . .

"ရော့. . . ဖတ်ကြည့်စမ်း၊ အဲဒီကိစ္စကို ငါ အမှန်အတိုင်း သိချင်တယ်"

လွန်ခဲ့သော ငါးနှစ်ကျော်က ရရှိခဲ့သော လက်ထပ်စာချုပ်တစ်စောင်။

စိန်မောင်ဝင့်သည် စာချုပ်ကိုဖတ်ရင်း ရင်မှာ လှပ်လှပ်ခုန်သွားသည်။ မနေ့ညနေကပင် 'မပိုးဝါ' ဆိုသော အမည်ကို သူကြားခွင့်ရခဲ့သည်။ ထိုစဉ်ကပင် စိတ်တွေ လှုပ်ရှားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စာချုပ်ကို လက်နှစ်ဘက်နှင့် ပြန်ကိုင်ပြီး အကြာကြီး ငိုင်နေ၍. . .

"ကဲ. . . မင်း အဖြေပေးသင့်ပြီ စိန်မောင်ဝင့်"

"ခင်ဗျာ"

"ငါ မမေးချင်ဘူး၊ မင်းပါးစပ်က ဖြေစမ်း၊ မပိုးဝါ ဆိုတာ ဘယ်သူလဲ"

ထာဝရ ပေါ့ပေါ့နေတတ်သော စိန်မောင်ဝင့် သည်အချိန်မှာတော့ လေးနက်တည်ကြည်သော မျက်နှာကို မြင်ရသည်။

"ဟုတ်ပါတယ် ဖေဖေ၊ မပိုးဝါဆိုတာ ကျွန်တော်နဲ့. . ."

"ဒါဖြင့် ဒီလက်ထပ်စာချုပ်ဟာ မင်းစီစဉ်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ဘာလို့ ယောကျ်ားမပီသဘဲ ခွေးလိုယုတ်မာရတာလဲ စိန်မောင်ဝင့်"

"ဗျာ"

"ဒီစာချုပ်မှာ ဘာနာမည်နဲ့ မင်း လက်မှတ်ထိုးထားသလဲ"

စိန်မောင်ဝင့်က သတို့သား၏ အမည်နေရာကို ငုံ့ကြည့်နေသည်။ ဘာမှမဖြေ။

"ငါမေးတာ ဖြေစမ်း"

"ညီညီနာမည်နဲ့"

"အဲဒီလို မင်း ဘာလို့လုပ်ရတာလဲ ပြောစမ်း"

"ညီညီက ရှိုးတော့ သူတို့ လာစွပ်စွဲလည်း မရအောင်လို့ပါ"



"ဘာ"

"ကျွန်တော်က ဒီမိန်းမကို မယူချင်လို့ ရှောင်သွားမှာမို့ပါ ဖေဖေ"

ဦးအောင်ဝင့်သည် သူ့သားကို စက်ဆုပ်စွာ ကြည့်လိုက်မိသည်။ သူ့ဘဝတွင် သိက္ခာသမာဓိ များစွာကို ထိန်းထားပါလျက် သူ၏သားကြီးမှာ သည်သို့ သိမ်ဖျင်းယုတ်ညံ့သော စိတ်ထားများ ရှိနေရပါလားဟူသော အသိကြောင့် ဒေါသမီးသည် ရင်၌ ဟုန်းခနဲ တောက်၏။

"ဖျန်း"

ဆိုသောအသံနှင့်အတူ စိန်မောင်ဝင့်၏မျက်နှာ လည်ထွက်သွားသည်။

အားနှင့် နားရင်းအုပ်ထည့်လိုက်သော ဦးအောင်ဝင့်လည်း မောဟိုက်သလို ခံစားနေရသည်။

"မင်းရှောင်ချင်တာနဲ့ မင်းညီလေးလို့ ဘာလို့ လွှဲချရတာလဲ ဆင်၊ ဟေ့ကောင်"

စိန်မောင်ဝင့် ငြိမ်နေလေ ဦးအောင်ဝင့် ဒေါသထွက်လာလေ။

"ဒီမှာဟေ့ကောင်၊ မင်းကိုယ်မင်း အထက်တန်းကျောင်းသား အရွယ်လေး အောက်မေ့မနေနဲ့၊ မင်းလုပ်ခဲ့တာတွေကို ငါ့ကို အားလုံးပြန်ပြောစမ်း"

"ကျွန်တော် အရင်မေးပါရစေ ဖေဖေ"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာရှိနေတဲ့ ပိုးဆိုတဲ့ ကလေးဟာ ကျွန်တော့်ရဲ့ သမီးလေးလား"

"ငါမေးတာကို မင်းဖြေပြီးမှ မင်းမေးတာကို ငါဖြေလို့ ဖြစ်မှာပေါ့၊ ပြောစမ်းကွာ မြန်မြန်"

"ဟုတ်ပါတယ် ဖေဖေ၊ မပိုးဝါ ဆိုတဲ့ ခြံလုပ်တဲ့ ကောင်မလေးဟာ သိပ်လှပါတယ်၊ ပွဲစား 'ကိုတင်လှိုင်' ဆိုသူကတစ်ဆင့် သိတာပါ၊ ကျွန်တော်တို့ချင်း ချစ်ပြီး အဲ... ကလေးရတော့ သူ့ကို ငွေတစ်သောင်း ပေးတယ်၊ ကောင်မလေးက မယူဘူး၊ လက်ထပ်ဖို့ပဲ ပြောတယ်၊ ဒါနဲ့ စိတ်ကျေနပ်အောင် လက်ထပ်လိုက်ရတာပါ"

"မင်းမှာ ဒီလိုယုတ်မာတဲ့ အကြံအစည်ရှိရင် တခြားနာမည်နဲ့ လက်ထပ်ပါလားကွ၊ ဘာကြောင့် ငါ့သားလေးနာမည် သုံးရတာလဲ"

"ကိုတင်လှိုင် ဆိုတဲ့လူက ဒီခြံကို တစ်ခါ နှစ်ခါ ရောက်ဖူးတယ်၊ ငြင်းလို့မရဘူး၊ ပြီးတော့ လက်ထပ်စာချုပ် ချုပ်တဲ့နေရာမှာ မှတ်ပုံတင် ပြရတယ်လေ၊ ညီညီနဲ့ ကျွန်တော်နဲ့က ရုတ်တရက်ဆိုရင် မှားအောင်ကို တူကြတာ မဟုတ်လား၊ ဒါကြောင့် သူ့မှတ်ပုံတင်ယူပြီး သူ့အမည်နဲ့ လက်ထပ်လိုက်တာပါ၊ ပြီးတော့ ကျွန်တော်က ရှမ်းပြည်နယ် ထွက်သွားတယ်၊ သူတို့လာရှာလို့ ညီညီ့ကို တွေ့သွားရင် မဟုတ်ဘူးလို့ ငြင်းလိုက်ရင် ပြီးသွားမှာပဲ ထင်လို့ပါ"

ဦးအောင်ဝင့်၏ဒေါသသည် ပေါက်ကွဲတတ်သော အဆာသာဆိုပါလျှင် ဤတိုက်ကြီးတစ်ခုလုံး အစိတ်စိတ် အမွှာမွှာဖြစ်အောင် ပွင့်ထွက်သွားလောက်ပြီ။



စိန်မောင်ဝင့်ကို ရွံရှာစိတ်နှင့် ခက်ထန်စွာ ကြည့်လိုက်ပြီး ဤအဖြစ်အပျက် စတင်သည့်နေ့က အစိတ်အပိုင်းလေးတစ်ခုကို ပြန်လည်သတိရလာသည်။

"ဟယ်... ဟိုသူဌေးသား ပြန်လာတယ်တော့ ကြည့်စမ်း"

ဆိုသော ထောက်ကြန့်ခြံတစ်ခြံမှ အမျိုးသမီးတစ်ယောက်၏ ဝေဖန်သံ ဖြစ်သည်။ ဤကတည်းက သူ့သားရွှေမောင်ဝင့်ကို စိန်မောင်ဝင့် ထင်၍ ပြောလိုက်ခြင်းဖြစ်ကြောင်း ဦးအောင်ဝင့် သိလိုက်ပါပြီ။ သည့်အတွက်ကြောင့်လည်း သူတို့၏ မျိုးဆက်သွေး မြေးမလေးကို စွန့်မပစ်နိုင်ဘဲ မွေးထားလိုက်ရခြင်း ဖြစ်တော့သည်။

"အခု... အခု... သမီးလေးက အိမ်ရောက်နေတယ်ဆိုတော့ မ... မပိုးဝါက ဘယ်မှာမို့လဲ ဖေဖေ"

"သေပြီ"

"ဗျာ"

"အေး... မင်းကြောင့် မင်းမိန်းမတင် သေတာမဟုတ်ဘူး၊ ခင်းညီရဲ့မိန်းမပါ သေပြီကွ၊ နားလည်လား"

စိန်မောင်ဝင့်မှာ မဆီမဆိုင် သူ့ညီမိန်းမက ဘာကြောင့် သေရပါသလဲဟု သိချင်သော်လည်း သူ မမေးရဲ။

"ရွှေမောင်ဝင့်နဲ့ မြတ်မြတ်သူတို့ ပေလီက ပြန်ရောက်တဲ့နေ့မှာပဲ အဲဒီစာချုပ်နဲ့ ကလေးကို မြတ်မြတ်သူ လက်ထဲကို လူတစ်ယောက်က လာထည့်သွားတာ"

မတ်တတ်ရပ်လျက် သူ့ကိုမကြည့်ဘဲ ပြောနေသော ဦးအောင်ဝင့်သို့ စိန်မောင်ဝင့်က စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကလေးလာပို့သူမှာ ကိုတင်လှိုင်မှလွဲ၍ တခြားသူ မဖြစ်နိုင်။

"မင်း အကျင့်ယုတ်ခဲ့တာဆိုတာ သိပေမယ့် အပြစ်မဲ့တဲ့ ကလေး ငါ့ရဲ့မြေးလေးကို ဘယ်မှသွားပြီး လွှင့်မပစ်နိုင်ဘူး၊ ဒါကြောင့် မင်းအတွက်ဆောက်ထားတဲ့ တိုက်ထဲမှာ ကလေးထိန်းတစ်ယောက် ငှားပြီး မြတ်မြတ်သူ မသိအောင် တိတ်တိတ်မွေးခဲ့တယ်"

စိန်မောင်ဝင့် အသက်ပင် မရှူရဲ။

"တစ်ခြံတည်းဆိုတော့ ဘယ်လိုလုပ် ဖုံးလို့ရမလဲ၊ ကလေး ငိုသံ ကြားရာကစပြီး မြတ်မြတ်သူက ဒီခြံမှာ မနေနိုင်တော့ဘူးဆိုပြီး မြို့ထဲကို ပြောင်းသွားတယ်၊ တိုတိုပြောရရင်တော့ ငါ့ချွေးမလေးဟာ သူ့ယောကျ်ားပေါ်မှာ အထင်မြင်လွဲပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ပဲ ကလေးမွေးပြီး သေသွားတယ်၊ အဲဒါ မင်းကြောင့်. . ."

စိန်မောင်ဝင့်မှာ ဖခင်ကို ရင်ဆိုင်၍ မကြည့်ရဲတော့။

"အပြစ်မဲ့တဲ့ မိန်းကလေးနှစ်ယောက် သေရလို့ မင်းကို ခွင့်မလွှတ်နိုင်တာရယ်၊ နောက်တစ်ချက်က ငါ့သားငယ် ရွှေမောင်ဝင့်ဟာ တို့အပေါ်မှာ ဒီနေ့အထိ စိတ်နာနေတုန်းပဲ၊ အဲဒါလည်း မင်းကြောင့်ပဲ"

ပြဿနာတစ်ခုကို ရင်ဆိုင်ဖြေရှင်းလိုစိတ် မရှိဘဲ အမြဲရှောင်ပြေးခဲ့သော စိန်မောင်ဝင့်မှာ ဖခင်ကြီးရှေ့မှ ယခုချက်ချင်းပင်ထ၍ ထွက်ပြေးသွားချင်ပါပြီ။

"မင်းဟာ တစ်သက်လုံး ငါ့ကို ဒုက္ခပေးတဲ့အကောင်ပဲ၊ ဘွဲ့လည်း မရ၊ ဘာအလုပ်မှလည်း မလုပ်၊ မိန်းမတွေ လျှောက်ပွေပြီး လူတကာကို ဒုက္ခပေးခဲ့တဲ့အကောင်၊ ခုလည်း ဘယ်ကမိန်းကလေးနဲ့



ရလာပြန်တာလဲ၊ မင်းမိန်းမကြည့်ရတာ ငါတော့ သိပ်သဘောမကျဘူး"

စိန်မောင်ဝင့် ဘာတစ်ခွန်းမှ ပြန်မပြောဝံ့။

"တို့တိုက်ကြီးကို မင်းမိန်းမ ခဏခဏ မလာစေနဲ့၊ ဟိုမှာပဲနေကြ၊ ငါ ထမင်းဝအောင် ကျွေးထားမယ်၊ တခြား ဘာအခွင့်အရေးမှ မတောင်းဆိုနဲ့၊ နားလည်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"နောက်တစ်ခုက မင်းညီလေးကို မင်း တောင်းပန်၊ ညီအစ်ကိုနှစ်ယောက် ပြေပြေလည်လည် နေတာကိုပဲ ငါ မြင်ချင်တယ် ကြားလား"

"ဟုတ်ကဲ့"

"ဒါပဲ၊ မင်းသွားတော့"

စိန်မောင်ဝင့် အပေါ်ထပ်မှ ဆင်းလာတော့ ဒေါ်လှထယ်က ဒိုးရိမ်ခြင်းကြီးစွာ စောင့်ကြည့်နေရှာသည်။ လင်နှင့် သားတွေအတွက် ဖေးရ မ,ရ၊ မပြေလည်မှာ စိုးရိမ်ရဖြင့် သောကကြီးလှချည်ရဲ့။

အကြီးအကျယ် မျက်နှာပျက်လာသော စိန်မောင်ဝင့်သည် မိခင်ကို ဘာစကားတစ်ခွန်းမှ မပြောပါဘဲနှင့် သူ့တိုက်ရှိရာဘက်သို့ ခေါင်းငိုက်စိုက်ချလျက် ထွက်သွားတော့သည်။

မနေ့ညက သူ့ကို ယုယစွာ ချီပိုးခဲ့သော 'ဘဘ' ဆိုသည့်သူ့ကို ပိုးသည် မျှော်လင့်ခြင်းကြီးစွာ စောင့်ကြိုကြည့်နေမိသည်။

သူ့ကို ဤအရွယ် အမျိုးသားတစ်ယောက်က ဒေါ်ကြိမ် တစ်ခါမျှ ယခုလို မချီပိုးဖူးခဲ့။ ဤဘဘဆိုသူသည် သူ့ကိုမြှောက်ချီရုံ

www.burmeseclassic.com

www.burmeseclassic.com



မှုမက ရင်ခွင်ထဲမှာ တနစ်တထွေး ဖက်ပွေ့ထားလိုက်သေးသည်။

ဤရင်ခွင်နွေးမှုတွင် တစ်ခါမှ ပိုး မနေဖူးခဲ့။ ယခုလို တယုတယလည်း ဘယ်သူကမှ မချီခဲ့ပါ။

မနေ့ညက ဘဘဆိုသောသူ၏ အကြောင်းကို ပိုး မအိပ်ခင် တွေးနေမိသေးသည်။

နက်ဖြန် ဘဘဆိုသူနှင့် တွေ့ချင်သော်လည်း မေမေကြီးက မသွားရ ဆိုသဖြင့် ဘဘရှိရာအရပ်သို့ ပိုး မသွားခဲ့ရ။

ဘဘ အပေါ်ထပ်သို့ တက်သွားသည်ကို မြင်လိုက်ရချိန်မှစပြီး ပိုး အောက်မှာ စောင့်နေခဲ့သည်။ ယခု ဘဘ ဆင်းလာသော်လည်း သူ့ကို စောင်းငဲ့၍မျှ မကြည့်ပါဘဲ ဘဘ သူ့အိမ်သို့ ပြန်သွားခဲ့လေပြီ။

ရင်ခွင်မဲ့စွာ ကြီးပြင်းလာခဲ့ရသော ပိုးမှာ ဘဘ၏ ရင်ခွင်နွေးသည်လည်း နောက်ထပ်ခိုလှုံခွင့် မရနိုင်တော့ပါလားဟူသော အသိကြောင့် မျက်ရည်တွေ ဝိုင်းလာခဲ့မိသည်။

လက်ဝဲဘက် တိုက်တွင်းသို့လည်း ကားတစ်စင်း ဝင်လာပြီဖြစ်သဖြင့် ပိုး တိုက်တွင်းသို့ ပြန်ဝင်ရပါတော့မည်။

"ဟိုဘက်တိုက်က ဦးဦးရွှေမောင်ဝင့် မြင်အောင် မနေနဲ့နော်၊ အဲဒီဦးဦး ဒီဘက်တိုက်ကို လာရင်လည်း ကိုယ့်အခန်းထဲကိုယ်ဝင်နေ၊ ကြားလား၊ ဟိုဘက်တိုက်ကိုလည်း ဘယ်တော့မှ မသွားရဘူး။ သွားရင်တော့ အသေပဲ၊ မှတ်ထားနော် ပိုး"

ဒေါ်စိန်မြက တုတ်ပြ၍ ကြိမ်းထားဖူးသည်။

ပိုးသည် ငယ်စဉ်က ဒေါ်စိန်မြနှင့်အတူ တိုက်ကြီး၏



အနောက်ဘက်အဆောင်တွင် အိပ်စက်ရသည်။

ယခု ကျောင်းစတက်ရချိန်မှစပြီး အောက်ထပ်ရှိ အခန်းကျဉ်းလေးတစ်ခန်းထဲမှာ ပိုးကို တစ်ယောက်တည်း ထားကြသည်။

ဒေါ်လှထယ် ဆိုသော မေမေကြီးက အစားကောင်းကောင်း ကျွေးစေပါ၏။ အိပ်ရာကောင်းကောင်း ပေးထားပါ၏။ သို့သော်လည်း ပိုးကို ဘယ်သူကမှ တယုတယ မရှိကြပါ။

အထူးသဖြင့် ဧည့်သည်လာလျှင် ပိုးကို အခန်းတွင်းမှာ ဝင်နေခိုင်းသည်။

တစ်ခါတစ်ရံ ရောက်လာကြသော ဧည့်သည်များနှင့်အတူ ပိုးအရွယ် ကလေးငယ်များ ပါလာတတ်သည်။ သူတို့နှင့်အတူ ပိုး ဆော့ချင်လိုက်တာ။

ပိုးကို ဘာလို့များ အပြင်ထွက်ခွင့် မပေးကြတာပါလိမ့်။ တခြားကလေးများနည်းတူ ဘာလို့ ပိုး မလွတ်လပ်ရတာပါလိမ့်။

ခန်းဆီးစလေးကြားမှ ချောင်းကာ အမြဲတွေးခဲ့ရသော ပိုး။

ယခုလည်း ဘဘ ဆိုသောသူကို အားကိုးတကြီး စောင့်နေမိတာမှ သူ့ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ဘဘ ပြန်သွားခဲ့ပြီ။

အသည်းနုနုလေး၌ ဒဏ်ရာများစွာနှင့် ပိုးမည်သော ချစ်စရာကောင်းလွန်းသည့် ကလေးလေးမှာ မျက်ရည်အဝိုင်းသားနှင့် သူ၏အခန်းလေးအတွင်းသို့ ပြန်ဝင်ခဲ့ရပါသည်။

"ပိုး တစ်ယောက်တည်း"

တစ်လောကလုံးတွင် ပိုးတစ်ယောက်တည်း ဟူသော အသိသည် ပိုး၏ အားငယ်စိတ်ကို အားဖြည့်ပေးနေလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"ရော့. . . သားလေး စားလိုက်ဦးနော်၊ ဒီတစ်ခွန်းဆို ကုန်ပါပြီ၊ ဟ. . . ဟ. . . သား"

ဒေါ်လှထယ်သည် မြေးချစ်ကလေး သူသူခေါ် 'မြတ်သူမောင်' ကို ပွတင်းများ ချော့၍ခွံ့နေသည်။

မူကြိုးထားစ လေးနှစ်သားလေးမို့ လက်လက်စင်အောင်ဆော့သည့်အရွယ်။

ဒေါ်လှထယ်ရော ဦးအောင်ဝင့်ပါ ဤမြေးယောကျ်ားလေးကို ဝိုင်း၍မ,နေကြသည်။

မ,ရသည့်အကြောင်းကလည်း မြေးကို ချစ်ရုံသက်သက်မဟုတ်။ သားကို ငဲ့ရာမှ မြေးကို ပို၍ချစ်လာခဲ့ရခြင်း ဖြစ်လေသည်။

ရွှေမောင်ဝင့်မှာ သူ့ဇနီးဆုံးပြီး ကျန်ရစ်သော ရက်သားနှင့်သောကမီးတောက်နေချိန်မှာ မိဘနှစ်ပါးက သားရော မြေးပါ ပြန်၍ခေါ်လာခဲ့ရခြင်း ဖြစ်၏။

"ဒီသားလေးကို မမွေးတတ်လို့ မေမေတို့နဲ့ ပြန်လိုက်ခဲ့မယ်၊



ဒါပေမဲ့ ဟိုဂြိုဟ်ကောင်မလေးကို မေမေတို့ ခေါ်တင်ထားတဲ့ တိုက်ကြီးပေါ်မှာတော့ ကျွန်တော် မနေနိုင်ဘူး"

"အေးပါ သားရယ်၊ မေမေ ဒီဘက်တိုက်ကို ပြောင်းပြီး ထလေးထိန်းပေးပါ့မယ်၊ သား စိတ်ချမ်းသာအောင် နေပါ"

"စိတ်ကတော့ တစ်သက်လုံး ချမ်းသာမှာ မဟုတ်ဘူး မေမေ"

"သားရယ်. . ."

"ဟိုဟာမလေးကို တိုက်ပေါ်တင်ပြီး မေမေတို့ အမြတ်တနိုး မွေးထားရက်ကြတဲ့ နေရာကိုလည်း မလိုက်ချင်တော့ပါဘူး၊ မြတ်နဲ့အတူ အဝေးကြီးကို လွင့်သွားချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ဒီသားလေးအတွက် အသက်ရှင်ပေးရဦးမယ်၊ မြတ်ရဲ့ကိုယ်စား မေတ္တာတွေ ပိုပေးရဦးမှာမို့ ဒီလောကမှာ ဆက်ပြီးရှင်သန်နေရမှာပါ"

"သားရဲ့အဖြစ်နဲ့ သားရဲ့ရင်ထဲက ခံစားမှုကို မေမေ နားလည်ပါတယ်သား၊ ပိုးကို မွေးထားတာလည်း အမြတ်တနိုး မဟုတ်ရပါဘူးကွယ်၊ မဖြစ်လို့သာ မွေးရတာပါ။ သားမိုက်ရဲ့သွေးမို့ စွန့်မပစ်သင့်ဘူးဆိုတဲ့ အသိနဲ့ မွေးခဲ့ရတာပါ။ ဒီကိစ္စကို သားခွင့်လွှတ်နိုင်အောင်၊ ခွင့်မလွှတ်နိုင်တောင် မေ့ထားနိုင်အောင် ကြိုးစားပါ သားရယ်၊ ပိုးကိုလည်း မေမေတို့မိသားစု စာရင်းထဲ မသွင်းသေးပါဘူး၊ သူ့အမေနဲ့ ဆုံခွင့်ရချိန်ကျမှ ကြိုက်သလိုလုပ်ကြ၊ အခုတော့ ခြံစောင့်ဦးညိုရဲ့ သမီးအဖြစ်နဲ့ပဲ ကျောင်းမှာ နာမည်စာရင်း သွင်းထားတာပါ"

ဒေါ်လှထယ်မှာ လေးနှစ်ရွယ် မြေးလေးကို မုန့်ကျွေးရင်း ရွှေမောင်ဝင့်သည် အိမ်သို့ပြန်လာကာစ အချိန်မှစ၍ ပြန်တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခွင်ပွန်းသည်အပေါ်၌ အထင်မှား အမြင်မှားစိတ်တို့ကို တမလွန်အထိ ယူသွားရှာသော ချွေးမလေး။

အသည်းကွဲဝေဒနာနှင့် မသေသင့်သောအရွယ်မှာ သေသွားရရှာသည့်အဖြစ်ကို ဒေါ်လှထယ်မှာ လူသိမခံဝံ့သော်လည်း သူ့ရင်၌ မချိအောင်ပင် ချွေးမလေးအတွက် ခံစားခဲ့ရသည်။

ဤဖြစ်ရပ်၌ သူတို့လင်မယားမှာလည်း တာဝန်မကင်းဟု နှစ်ယောက်လုံးက ခံယူခဲ့ပါသည်။

သားကြီး စိန်မောင်ဝင့်၏ ရင်သွေးပါဟု သိလျက်နှင့် တစ်နေရာရာသို့ သွားရောက်မစွန့်ပစ်နိုင်တော့ပါ။

ဤကလေးကို မွေးပေးမိခဲ့သည့် အကျိုးဆက်ကြောင့် သားလေး ရွှေမောင်ဝင့်တို့ မိသားစု၏ အဖြစ်ဆိုးကို ဖန်တီးမိခဲ့လေသည် ဟူသောစိတ်ကြောင့် ပိုးဆိုသော မြေးမလေးအပေါ် စိတ်နာခဲ့ဖူးသည်မှာ အကြိမ်ကြိမ် အခါခါ။

ပိုးနှင့် ထိတွေ့ရသည့်အခါများမှာလည်း ဖခင်မေတ္တာနှင့် မထိတွေ့ရရှာသော ကလေး၊ မိခင်မေတ္တာ မဲ့နေရှာသော ကလေးဟူသော အတွေးဖြင့် သနားခြင်း ကရုဏာက ရင်၌ အတိုင်းမသိ နှိပ်စက်၏။

စိန်လို ရွှေလိုဥပြီး မွေးခဲ့ရသော သားလေးနှစ်ယောက်ဆင့်ပွားလာသော မြေးလေးနှစ်ယောက်အပေါ်မှာလည်း ကြီးမားသော သံယောဇဉ် ဖြစ်မိလေသော ဒေါ်လှထယ်။

မြေးကြီးပိုးကတော့ လက်မခံချင်ဘဲ လက်ခံထားရရာမှ ကြီးပြင်းတည်လာသော သနားကြင်နာမှုမေတ္တာ။



မြေးယောကျ်ားလေး မြတ်သူမောင်ကတော့ မိမိကိုယ်တိုင် အကြင်နာရင်ဖြင့် တာဝန်ယူကာ မွေးပေးရန် ခေါ်ယူလာခဲ့သူဖြစ်၍ ပိုပြီးတာဝန်ရှိသလို သနားစိတ်လည်း ပို၏။ မေတ္တာလည်း ပို၏။

“ငါ့သားလေး ခုလို အသည်းကွဲပြီး မပျော်မရွှင်နဲ့ မိသားစုဘဝလေး ပျက်နေရရှာတာ ငါတို့ ပိုးကို မွေးမိလို့”

ဆိုသော နောင်တစိတ်သည် ဒေါ်လှထယ်၏ရင်မှာ ကြိမ်ဖန်များစွာ ဖြစ်ထွန်းဖူး၏။

ပိုးအပေါ် သနားစိတ်က မြင့်မားခဲ့မိပါသော်လည်း သူ့ကို မွေးမိလို့ဆိုသော အတွေးကြောင့်လည်း ပိုးအပေါ် နာကြည်းစိတ်ဝင်ခဲ့ဖူးသည်။

ရွှေမောင်ဝင့်သည် ဤတိုက်၌ ရှိနေချိန်တွင် ကလေးနှင့်အတူ ထာဝရနေသည်။ ယနေ့တော့ မိခင်ဒေါ်လှထယ် ရှိနေသဖြင့် အိပ်ခန်းတွင်းမှာ စာဖတ်နေသည်။ ယနေ့ စက်ရုံမှ စောစီးစွာ ပြန်လာသည်။ မိခင်ရော ကလေးထိန်းအမျိုးသမီးကြီး နော်ဟာယ်လင်ပါ ရှိနေ၍ အိပ်ခန်းတွင်းသို့ဝင်၍လှဲပြီး စာဖတ်နေခြင်း ဖြစ်သည်။

မြတ်သူမောင်ကို အကောင်းဆုံး အစားတွေကျွေး၊ အလှဆုံးအဝတ်တွေဆင်ပြီး တန်ဖိုးကြီးလှသော ကစားစရာများနှင့် ကစားနိုင်ခဲ့သည်။

သို့သော်လည်း ကလေး၏သဘာဝတ တန်ဖိုးကို တွက်ချက်တတ်သည် မဟုတ်။

လေးနှစ်သားအရွယ်သည် ရင်ခွင်ပိုက်၍ မရတော့ အဖော်မက်သပြီ၊ အဖော်နှင့် ကစားချင်သည်။ အထူးသဖြင့် သူ့ထက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သော ကလေးများနှင့်အတူ ကစားချင်တတ်ကြသည်။ ကလေးကြီး ပြေးလျှင် ပြေးခြင်း၊ ခုန်လျှင်ခုန်ခြင်း၊ အတုယူ၍ ကစားတတ်သော အရွယ်သို့ မြတ်သူမောင် ရောက်ခဲ့ပြီ။

“မောင်လေးရေ့. . . မောင်လေးသူသူရေ”

“မောင်လေးဖို့ စက္ကူလေး ရခဲ့ပြီဟေ့”

“မောင်လေး သူသူရေ”

ဝါးရိုးငယ်လေးထိပ်မှာ စက္ကူစကြာလေး တပ်ထားသော အပေါ်စား ကစားစရာလေးနှစ်ခုကို ပိုးက ကိုင်လျက် အားရဝမ်းသာ ပြေးလာရှာသည်။

ပိုး၏လက်ထဲမှ စကြာလေးများက ပိုး၏ ပြေးရှိန်နှင့် ကြောင့် မွှတ်နေအောင် လည်လာသည်။

ပိုး၏အသံနှင့် ပိုးလက်ထဲမှ လည်နေသော စကြာလေးများ ကို တွေ့လိုက်ရသဖြင့် မြတ်သူမောင်က အားရဝမ်းသာ အိမ်ပေါ်မှ ပြေးဆင်းလာ၏။

မြတ်သူမောင်၏နည်းတူ အိပ်ခန်းတွင်းမှ ရွှေမောင်ဝင့်က လည်း ပိုး၏အသံကို ကြားသည်။

စာအုပ်ကို အိပ်ရာပေါ်သို့ ပစ်ချပြီး ပြေးထွက်လာချိန်မှာ သူ၏သားလေးသည် ပိုးလှမ်းပေးနေသော အပေါ်စား ကစားစရာ ယူနေသည်။ ပိုးကလည်းပြုံး၍ စကြာနှစ်ခုကို သူ့မောင်လေး၏ လ နှစ်ဘက်တွင်းသို့ ထည့်နေဆဲမှာ. . .

“ပေးစမ်း၊ ဒီအစုတ်ပလုတ် ကစားစရာတွေ”

ရွှေမောင်ဝင့်က စက္ကူစကြာလေး နှစ်ခုကို ဆုပ်ချေ၍



တံကို ချိုးပစ်ကာ. . .

“နင့်ကို ဒီခြံထဲ ဘယ်သူက လာခွင့်ပေးတာလဲ ပြောစမ်း”

“မောင်. . . မောင်လေးက စကြာလိုချင်တယ်ဆိုလို့ လာပို့ တာပါ ဦးဦးရယ်”

ပိုး ငိုလေပြီ။

ရွှေမောင်ဝင့်သည် ပိုး၏ပခုံးကို ဆောင့်တွန်းရင်း. . .

“ငါ့သားဆီ နင် ဘယ်တော့မှ မလာနဲ့”

“နင့်လက်နဲ့လည်း ငါ့သားကို ဘယ်တော့မှ မထိနဲ့. . . သွား”

ပိုး မြက်ခင်းပေါ်သို့ ပက်လက်လန် လဲကျသွားသည်။

ကြောက်လွန်းသဖြင့် တုန်နေသော ပိုး၏ငိုသံက သိပ် မထွက်။

မြတ်သူမောင်၏ ဝါးခနဲ ငိုသံကသာ ကျယ်လောင်လွန်းလှ သည်။

မြတ်သူမောင်မှာ ပိုး လဲသွားသဖြင့် လန့်သွား၏။ ပိုးကို သနားစိတ်နှင့် သူ့မှာထားခဲ့သော စကြာ ကစားစရာလေး မွမွကြေ သွားသဖြင့် နှမြောစိတ်များကြောင့် ဝမ်းနည်းပက်လက်အော်၍ ငိုနေ ရှာသည်။

“ရန်ငြိုးကြီးလှချည်လား သားရယ်၊ ဘာမှနားမလည်တဲ့ တလေးတွေပါတွယ်”

ဒေါ်လှထယ်က မြတ်သူမောင်ကို ကောက်ချီလိုက်ပြီး. . .

“ထ. . . ထ ပိုး သွား၊ အိမ်ပြန်ချေတော့”

www.burmeseclassic.com

www.burmeseclassic.com



ပိုးကို ထူမည့်သူ မရှိ၊ ပိုးဘာသာ ကုန်းထပြီး တိုက်ကြီးဘက်သို့ ပြန်ပြေးသော ခြေလှမ်းများက သိပ်မမြန်။

ပိုး၏ကိုယ်ခန္ဓာ တစ်နေရာရာမှာ နာကျင်သွားလေပြီ။ နှလုံးသားနုနုလေးမှာ ဒဏ်ရာတစ်ခု ရရှိသွားပြန်ပြီဟူသော အကြောင်းနာ စိတ်ဖြင့် ဒေါ်လှထယ် သက်ပြင်းချသော်လည်း ရင်ထဲ၌ ပေါ့ပါးမသွားပါ။

ကျိုကျိုတက်ငိုနေသော မြေးလေးမြတ်သူမောင်ကို ဒေါ်လှထယ်က ချော့ပြီး တိုက်တွင်းဝင်လာတော့ ကလေးထိန်း နော်ဟယ်လင်က ပြေးထွက်လာပြီး ကလေးကို လှမ်းချီသည်။

"နော်ဟယ်လင် လာ"

"ဟုတ်ကဲ့ ဆရာ"

"သားက ဟိုကောင်မလေးနဲ့ ကစားနေကျလား"

အမှန်ကတော့ မိခင်ဒေါ်လှထယ်ကို သိပ်ပြီးမကျေနပ်လှ၊ မိခင်မို့ မပြောချင်၍ ကလေးထိန်းကို ဖိ၍ဟောက်နေခြင်း ဖြစ်သည်။

နော်ဟယ်လင်မှာလည်း ဘာဖြေရမှန်း မသိသဖြင့် ဒေါ်လှထယ်ကို အားကိုးတကြီး လှမ်း၍ကြည့်လိုက်၏။

"မင်း မကြိုက်မှန်းသိလို့ ဘယ်တော့မှ ကစားမခိုင်းပါဘူး၊ မနေ့ကတော့ ထမင်းချက်တဲ့ မသောင်းစိန်က ဈေးသွားရင်း ပိုးဖို့ အဲဒီစကြာလေးတစ်ခု ဝယ်လာတယ်၊ ပိုးနောက်ဖေးမှာ ကိုင်ပြေးလို့ စကြာလေး လည်နေတာကို မင်းသားက မြင်ပြီး လိုချင်တယ်ဆိုလို့ ပေးလိုက်ရတာ၊ စကြာက စုတ်နေပြီ၊ ဒါကြောင့် ပိုးက ဒီနေ့ နှစ်ခု ထပ်မှာပြီး လာပေးတာ ဖြစ်မှာ"



"ဒါဖြင့် ဒီကောင်မလေးက ဒီလိုလာနေကျလား"

"မလာပါဘူးကွယ်၊ မလာရပါဘူး၊ သူ့သူက တစ်ခါတလေ ချွဲလာရင်း ပိုးနဲ့တွေ့ရင် ကစားတယ်၊ ဒီအရွယ်ဟာ အဖော်သိပ်တော်တယ် သား"

"ဘာပဲဖြစ်ဖြစ် မကစားရဘူး မေမေ၊ သူတောင်းစားကလေးနဲ့ ကစားရင် ကျွန်တော် ဒီလောက်မဖြစ်ဘူး၊ ခုတော့ မြတ်ကို သေတွင်းပို့ခဲ့တဲ့ ဟာမလေးကို သား မကြည့်ချင်ဘူး၊ မမြင်ချင်ဘူး၊ ကျွန်တော်တို့မိသားစု ခုလိုရင်ကွဲနေရတာ ဒီဟာမလေးကြောင့်၊ ဒီကောင်မလေးကို မြင်ရတိုင်း. . ."

"တော်ပါတော့ သားရယ်. . . တော်ပါတော့"

ဒေါ်လှထယ်၏ရင်၌ မချိတော့ပါပြီ။ သားငယ် ယခုခံစားနေရပြန်တော့လည်း ပိုးကို ဖောင်နှင့်တင်၍ မျှောပစ်ချင်လောက်အောင် စိတ်နာစွာ ဥပေက္ခာပြုလိုသည်။

ပိုးလေးတစ်ယောက်တည်း ကြောက်ကြောက်ရွံ့ရွံ့ ငိုနေတာ မြင်ရပြန်တော့လည်း 'ဒါလည်း ငါ့မြေးပဲ၊ မင်းမမြင်နိုင်ရင် ဆင်းသွား' ဟူ၍ သားကို ရန်တွေ့ပစ်လိုက်ချင်သည်အထိ။

ဒေါ်လှထယ်မှာ သားကို ဒေါသစိတ်နှင့် ကြည့်မိရာမှ သား၏မျက်ဝန်း၌ မျက်ရည်စများ စွန်းနေသည်ကို မြင်လိုက်သည်နှင့် ဒေါသသည် ရုတ်ခြည်းပြေပျောက်၏။

သားငယ်၏ ခံစားမှုသည် မိခင်၏ရင်၌ ထပ်တူတူးစက်လာ ခဲ့ပြီ။

မြေးလေး မြတ်သူမောင်မှာ သူလိုချင်မက်မောနေသည့်

www.burmeseclassic.com

www.burmeseclassic.com



စက္ကူစကြာလေး ဖျက်ဆီးခံလိုက်ရ၍ ကြေကွဲစွာ ရှိုက်၍ ရှိုက်၍ ငိုနေရှာသည်။

မိခင်မဲ့ အဖော်မဲ့နေရှာသော မြေးလေးကို သနားရသည်မှာလည်း ရင်ကွဲမတတ်။

ဘာအပြစ်မှ မရှိပါဘဲ ရွှေမောင်ဝင့်၏ တွန်းပစ်ခြင်းကို ခံလိုက်ရသဖြင့် မြက်ခင်းပေါ် ပက်လက်လန် လဲကျသွားသော မြေးလေးပိုးကို မျက်စိထဲက မထွက်။

ကြောက်ရွံ့အားငယ်စွာ ပြန်ပြေးသွားရှာသော ပိုး၏အငိုမျက်နှာလေးကို မကြည့်ရက်နိုင်လောက်အောင် သနားနေမိသည်။

ဤသုံးဦးအတွက်သာမက အသက်နှင့်အမျှ ဆိုးခဲ့၊ တေခဲ့ ပွေခဲ့သော သားကြီးကလည်း အိမ်သို့ ပြန်ရောက်လာခဲ့ပြီ။

မိခင်မှ ပျောက်ဆုံးနေသော သားကြီး ပြန်ရောက်လာသည်ကို ပီတိရင်ဖြင့် လှိုက်လှဲစွာ ကြိုချင်ပါ၏။

သို့သော်လည်း ပါလာသောချွေးမက သိပ်ပြီးဟန်ပုံမရ၊ ဦးအောင်ဝင့်ကလည်း သူတို့မိသားစုကို ကျေနပ်ပုံ မရ၍ ဟိုဘက် ဖေးရ သည်ဘက် မ,ရနှင့်။

သားကြီးက မွေးသော မြေးကြီးကိုဖြင့် အတူမနေရသေး၍လား မသိ။ ဒီကမြေးနှစ်ယောက်လောက် မချစ်မိသေး။

သားနှစ်ယောက် မြေးသုံးယောက်တို့အတွက် ပူပန်ရ၊ ကြောင့်ကြရ၊ ထိန်းကျောင်းရ၊ ဖြည့်ဆည်းရနှင့် ဒုက္ခက များလှချည်ရဲ့လေ။



ဒေါ်လှထယ်၏ စည်းစိမ်ချမ်းသာတို့သည် ဒေါ်လှထယ်၏ ရင်မှ သံယောဇဉ် ဒုက္ခအပေါင်းကို ချေဖျက်ပေးနိုင်စွမ်း မရှိပါလားတွယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ရှင်းရှင်းပဲ ပြောစမ်းပါ အစ်ကိုရဲ့၊ အစ်ကို့မိဘတွေက နွဲ့လိုက်လာတာကို မကြိုက်ကြဘူးလား"

"မဟုတ်ပါဘူး၊ နွဲ့နဲ့ပတ်သက်လို့ ဘာမှမပြောကြပါဘူး"

"နွဲ့နဲ့ပတ်သက်လို့ မပြောကြရင်လည်း ပြီးတာပါပဲ၊ ဒါပေမဲ့ အစ်ကိုနဲ့ပတ်သက်လို့တော့ တစ်ခုခုပြောသင့်ပြီ"

"ဟင်. . . ဘာကိုလဲ"

"ဘာကိုရမလဲ အစ်ကိုရဲ့၊ ခုလို ထမင်းကျွေး၊ သုံးဖို့ လေးငါးရာလောက်ပေးနေရုံနဲ့ ကျေနပ်နေရတော့မှာလား၊ အစ်ကို့ညီဆိုဖေဖေရဲ့ စက်ရုံတွေမှာ သူပဲ ဦးစီးနေရတာ၊ အစ်ကို့ကိုလည်း သမိုင်းက ကြာဆန်စက်ဖြစ်ဖြစ်၊ ဂျုံစက်ဖြစ်ဖြစ်၊ ဆီစက်ဖြစ်ဖြစ် တစ်ခုခုတော့ လွှဲပေးသင့်ပြီပေါ့"

"ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ နွဲ့ရာ"

"အစ်ကို ဒီလိုအေးနေပုံနဲ့တော့ အစ်ကို့ညီကပဲ အားလုံးလက်ဝါးကြီးအုပ်သွားလိမ့်မယ် သိလား၊ သူ့ကျတော့ ကားတစီးစီးနဲ့ ညနေဆို တစ်ပုလင်းကို ကိုးရာ တစ်ထောင်ပေးရတဲ့ အရက်မှ



သောက်တာ၊ ပြီးတော့ အစ်ကို့ကို ကြည့်လိုက်ရင်လည်း မနာလိုမရှုစိမ့်တဲ့မျက်နှာနဲ့ ကြည့်တာ၊ အစ်ကို သိရဲ့လားဟင်"

"မဟုတ်ပါဘူးကွာ"

"ဟုတ်ပါတယ်၊ ကိုရွှေမောင်ဝင့်က အစ်ကို ပြန်ရောက်လာတာကို နည်းနည်းလေးမှ ကျေနပ်ပုံမရဘူး၊ သူကြည့်ပုံက ရန်သူတစ်ယောက်ကို ကြည့်သလိုပဲ"

"အဲဒါက တခြားပါ၊ စီးပွားရေးကိစ္စကြောင့် မဟုတ်ပါဘူး"

"တခြားဆိုတာ ဘာလဲ"

"မမေးနဲ့ကွာ၊ ဒါက ငါတို့ညီအစ်ကိုချင်းကိစ္စ"

နွဲ့နွဲ့စိုးက ရွှေမောင်ဝင့်ကို အကဲခတ်သလို ကြည့်လိုက်သည်။ မှေးစင်းသော သူ့မျက်ဝန်းမှ ကောက်ကျစ်စဉ်းလဲခြင်းများ သိုဝှက်နေ၏။

"အစ်ကို နွဲ့ဆီမှာနေတုန်းက နွဲ့အားလုံး တာဝန်ယူခဲ့တာအစ်ကို အသိပဲနော်"

ကွေ့ကောက်ရှုပ်ထွေးမှုများကို လုပ်ဆောင်လေ့ရှိသော စိန်မောင်ဝင့်သည် ကျိုင်းတုံနှင့် တာချီလိတ်လမ်းကို မှောင်ခိုကုန်ကူး၏။ အစ်ဘက်နိုင်ငံသို့သွားပြီး ဥပဒေမဲ့ကိစ္စရပ်များကို ဆောင်ရွက်၏။ ဤသို့ ကျင်လည်နေခိုက်မှာ အဖမ်းခံရဖူးသည်။

နွဲ့နွဲ့စိုးက ပေါက်ရောက်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းတတ်သင်းတတ်သဖြင့် ပြစ်ဒဏ်မှ လွတ်ကင်းခဲ့ဖူး၏။ နွဲ့နွဲ့စိုးက ဤဖြစ်ရပ်များကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

ပထမတော့ ငွေထုပ်ပိုက်၍ မှောင်ခိုကုန်ကူးရန် ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာသော သာမန်ကုန်သည်တစ်ဦးဟုပင် ထင်ခဲ့သည်။ တစ်ခုလပ်မလေးနှင့် မိန်းမရှုပ်သော စိန်မောင်ဝင့်တို့ ပေါင်းသင်းခဲ့ကြသည်။

မကြာသေးခင်တမှ နွဲ့နွဲ့စိုး ရန်ကုန်ရောက်လာပြီး သူ့ခင်ပွန်း၏ အကြောင်းကို စုံစမ်းရာမှ ထိတ်ထိတ်ကြ သူဌေးသားမှန်း သိလာခဲ့ရသည်။ နွဲ့နွဲ့စိုး၏ စီစဉ်ချက်များဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြခြင်း ဖြစ်တော့သည်။

ဒီရောက်လာတော့ ယောက္ခမများ၏ လိုက်လှဲသော ကြိုဆိုမှုကိုလည်း မတွေ့ရ။ စိန်မောင်ဝင့်ကိုလည်း ရွှေမောင်ဝင့်ကဲ့သို့ လုပ်ပိုင်ခွင့် မပေးသေး၍ မကျေနပ်နေခြင်း ဖြစ်တော့သည်။

"ဒီမှာ အစ်ကို၊ အစ်ကို ခုလို အေးစက်စက်လုပ်နေပုံမျိုးနဲ့တော့ ခုလိုပုံစံက တက်မှာမဟုတ်ဘူး"

"မင်းက ဘယ်လိုပုံစံမျိုး ဖြစ်ချင်တာလဲ၊ ပြောစမ်းပါဦး"

စိန်မောင်ဝင့်ကလည်း နွဲ့နွဲ့စိုး ကျောသည်ကို ခံမည့်ယောကျ်ား မဟုတ်။ နွဲ့နွဲ့စိုးကလည်း ခင်ပွန်းသည်ပြုသမျှ နုရပါသည်ဆိုသော မိန်းမစားမျိုး အဖြစ်မခံ။ အင်အားချင်း ယှဉ်ပြိုင်နိုင်သော စုံတွဲဖြစ်ပေသည်။

"ဒီမှာ အစ်ကို၊ နွဲ့ဖြစ်ချင်တဲ့ ပုံစံကတော့ ကိုယ့်ယောကျ်ားမှာ ကိုယ်ပိုင်လုပ်ငန်း ရှိစေချင်တယ်၊ ကိုယ်ပိုင်ငွေ သုံးချင်တယ်၊ ကားစီးချင်တယ် ဒါပဲ"

"ငါ့မိဘ ဘယ်လောက်ချမ်းသာတယ်ဆိုတာ မင်း မြင်တယ် တွေ့တယ် မဟုတ်လား၊ အေး. . . အဲဒါတွေအားလုံး ထက်ဝက်ရမယ်၊ ဘာမှမပူနဲ့"



"အဲဒါက မိဘတွေသေမှ ရမှာလေ"

"မင်း စကားမရှည်နဲ့ကွာ၊ ကြိုက်ရင်ဆက်နေ၊ မကြိုက်ရင်ပြန်၊ ဒါပဲ၊ အချိန်တန်မှ ရမှာပဲ"

နွဲ့နွဲ့စိုးက ကက်ကက်လန်အောင် ပြန်၍ရန်တွေ့ပစ်လိုက်ချင်သော်လည်း ဤယောကျ်ားနှင့် ဒါထက်ပို၍ ပြဿနာတက်ရန် မသင့်သေး။

ဘာပဲပြောပြော တိုက်တစ်လုံးတော့ ပိုင်နေပြီ၊ စားဖို့လည်း မပူရ။ သုံးစရာငွေလည်း သင့်တင့်ရုံ ရှိနေပြီ။ ခဏတော့ အခြေအနေ စောင့်ကြည့်ဦးမှပါဟူသော အသိဖြင့် ငြိမ်နေနိုင်သော်လည်း. . .

ရင်ထဲ၌ ဆူးတစ်ခု စူးနေသလို ခံစားမှု မြက်မြက်ကလေးကိုတော့ မေးလိုက်ချင်သေးသည်။

"ဒါနဲ့ နေပါဦး၊ ပိုးဆိုတဲ့ ကလေးလေးကို ဘာလို့ မွေးစားထားတာလဲဟင်"

"မွေးစားတယ်လို့ ဘယ်သူက ပြောလဲ"

"ထမင်းချက်တဲ့ မသောင်းစိန်က ပြောတာပဲ၊ ဒီခြံက ခြံလုပ်သားကြီး အဘညို ဆိုတာရဲ့ သမီးတဲ့၊ အဲဒါ ဟုတ်လား"

"သူ့ကျောင်းစာရင်းထဲမှာတော့ သူ့အဖေဟာ ဦးညို၊ ဒါပေမဲ့ ပိုးရဲ့ အဖေအရင်းကတော့ စိန်မောင်ဝင့် ဆိုတဲ့ ငါပဲ"

"ဘာ. . . ဘာ"

နွဲ့နွဲ့စိုး ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ လုံးဝမမျှော်လင့်မထင်မှတ်ခဲ့သော စကားကို ရုတ်တရက်ကြီး ကြားလိုက်ရ၍ နွဲ့နွဲ့စိုး ပြာသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ကြည့်စမ်း၊ ဘယ်က တိတ်တိတ်ပုန်းမယားနဲ့ မွေးထားတာလဲ၊ အဲဒါ ဘာလို့ နွဲ့ကို မပြောဘဲ လိမ်ထားရတာလဲ ဟင်"

"ငါ ဘာမှမလိမ်ဘူး၊ မင်းနဲ့ မယူခင်ကတည်းက ငါဟာ မိန်းမရှုပ်တဲ့ကောင်ဆိုတာ မင်းလည်း အသိပဲ"

"ဟင်. . . ဒါပေမဲ့ ကလေးတစ်ယောက်အဖေ ဆိုတာ တော့ ရှင် မပြောခဲ့ပါဘူး"

"အေး. . . ငါကိုယ်တိုင်လည်း မသိခဲ့ဘူး"

"ဟင်. . . ရှင် ဘာပြောတယ်"

"ဒီမှာ နွဲ့"

"ဘာလဲ"

"အဲဒီကိစ္စတွေ မင်းကို ငါ ဘာမှရှင်းပြမနေနိုင်ဘူး၊ ပိုးဟာ ငါ့သမီးလေး၊ သူ့အမေ မပိုးဝါ ဆိုတာ သေပြီ၊ ဒီသမီးကို ငါ တာဝန် ယူရမယ် ဒါပဲ"

စိန်မောင်ဝင့် ရှင်းပြသည့်အထဲတွင် 'သူ့အမေ မပိုးဝါ ဆိုတာ သေပြီ' ဆိုသော စကားကို နွဲ့နွဲ့စိုး ကြိုက်သွားပြီ။

"မင်းပြောလာလို့ ငါ တစ်ဆက်တည်း ပြောရဦးမယ်၊ ငါ့ သမီးလေးကို ငါ သိပ်ချစ်သွားပြီ၊ ဒီတော့ တို့သားအဖနှစ်ယောက် ကိစ္စကို မင်း ဘာမှဝင်မပြောနဲ့၊ မင်းတို့သားအမိကိစ္စကိုလည်း ငါ ဘာမှမပြောဘူး"

နွဲ့နွဲ့စိုးက ခံပြင်းစွာ ကြည့်လာသည်။ သို့သော်လည်း စိန် မောင်ဝင့်၏ စကားက နှစ်ဘက်မျှနေ၍ သူ ဘာမှမပြောသာ



ပိုးဆိုသော သူ့သမီးကိစ္စကို ဘာမှမပြောသာသော်လည်း သူ့သား မောင်ပြည့်ဝန်းနှင့် ပတ်သက်၍ဖြင့် သူမှာ ပြောစရာ ရှိလာသည်။

"ကောင်းပြီ အစ်ကို၊ ပိုးကိစ္စနဲ့ ပတ်သက်ပြီး နွဲ့ ဘာမှဝင် မပြောဘူး၊ ဒါပေမဲ့ သားမောင်ပြည့်ဝန်းနဲ့ ပတ်သက်ပြီးတော့တော့ အစ်ကို့ကို နွဲ့ ပြောစရာရှိတယ်"

"ပြော"

"မောင်ပြည့်ဝန်းဟာ အစ်ကို့ရဲ့သား မဟုတ်ပါဘူးဆိုတာ ဘယ်တော့မှ မပြောပါဘူးလို့ အစ်ကို နွဲ့ကို ကတိပေးပါ"

"အေးလေ၊ ဒီအိမ်ရောက်ကတည်းက အစ်ကို့ရဲ့သားလို့ ပြောထားတာ နွဲ့အသိပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ နောင်ကိုလည်း အစ်ကို့ရဲ့သား အဖြစ်ပဲ ရာသက်ပန် အသိအမှတ်ပြုပါလို့ နွဲ့ ပြောချင်တာပါ"

"ကောင်းပြီ"

"အစ်ကို ကတိပေးနော်"

"အေးပါ"

"နောက်ဆုံး နွဲ့သေသွားရင်တောင် သားလေးကို စွန့်မပစ် လိုက်ပါနဲ့နော် အစ်ကို"

"အေးပါကွာ၊ အခုလည်း ပြည့်ဝန်းရဲ့ အဖေဟာ ငါပါ၊ စိန်မောင်ဝင့်ပါ၊ ငါ့သမီးအရင်းရဲ့ အဖေကသာ ဦးညို ဖြစ်နေတာပါ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ပြတင်းပေါက်ကို ဦးစိုက်ထားသော ခုတင်ပေါ်ရှိ အိပ်ရာထက်မှာ ခပ်ဇွဲဇွဲလှဲရင်း ပြတင်းမှတစ်ဆင့် ကောင်းကင်ပြင်ကို ပိုး မော့ကြည့်နေသည်။

အဆုပ်လိုက် အထွေးလိုက် တိမ်တိုက်ဖွေးဖွေးတို့သည် ဖြည်းဖြည်းချင်း ရွေ့မျောနေကြသည်။

ဆင်ရုပ်၊ ခွေးရုပ်၊ ငှက်ရုပ်၊ နတ်သမီးရုပ်များကို တိမ်တိုက်အတွင်းမှာ ပုံဖော်ကြည့်နေမိ၏။ တစ်ခါတစ်ရံ သူကိုယ်တိုင် တိမ်တိုက်ထဲ ရောက်နေသလို ပိုး ခံစားရသည်။

ကလေးအရွယ်မို့ ကြီးကြီးကျယ်ကျယ် ပိုး မတွေးတတ်ပါသော်လည်း ဤအခန်းကျဉ်းလေးထဲမှနေ၍ လွတ်လပ်ကျယ်ပြန့်သော ကောင်းကင်ပြင်ကြီးအား ကြည့်နေရသည်ကို ပိုး အနှစ်သက်ဆုံးဖြစ်သည်။

ပိုးအတွက် ခိုဝင်စရာ ရင်ခွင်မရှိ။

အိပ်ရာဝင်ချိန်၌ အလွန်စိတ်ဝင်စားစရာကောင်းသော နတ်သမီး ပုံပြင်လေးများကို ကြားနာပြီး အိပ်ပျော်သွားစရာ ရင်ခွင်မျိုး ပိုးအတွက် တည်ရှိမနေပါ။



မေမေကြီးကိုတော့ ပိုး နည်းနည်းချစ်ပါသည်။ ဘဘကြီးကိုတော့ သိပ်ပြီးမချစ်လှ။

ထမင်းချက် မသောင်းစိန်ကလည်း ထမင်းတစ်ဇွန်း ဖိတ်လျှင်ပင် ဆူတတ်သည်။ ပိုး ကစားသည်ကိုကြည့်ပြီး အပြစ်ပြောတတ်လွန်း၍ သူ့မျက်စိရှေ့မှာ ပိုး မနေချင်။

တိရစ္ဆာန်ရုံတစ်ခေါက် ရောက်ဖူး၍ ကျားကြီးကို မြင်စဉ်က ပိုး ကြောက်ခဲ့သည်။

'နင့်ကို သရဲဆွဲလိမ့်မယ်' ဟု မသောင်းစိန် ခြောက်စဉ်ကလည်း သရဲ ဆိုသည်ကို ပိုး အသေအလဲ ကြောက်ခဲ့ဖူးပါသည်။

သို့သော်လည်း. . .

ကျားကြီးထက် သရဲကြီးထက် ပိုးအတွက် ပို၍ကြောက်စရာကောင်းသော သူတစ်ယောက် ရှိနေပါသည်။

ထိုသူကတော့ ဦးရွှေမောင်ဝင့်။

ပိုး သူ့ကို သိပ်ကြောက်သည်။ သူ ဒီကမ္ဘာကြီးမှာ မရှိလျှင်ကောင်းမည်။ ဟိုဘက်ခြံက ဘိုးဘိုးကြီးလို သူ သေသွားလျှင်ကောင်းမှာပဲ ဟူ၍လည်း စဉ်းစားမိ၏။

ဦးရွှေမောင်ဝင့် ဆိုသော လူကြီးသေသွားလျှင် သူက ချစ်သော သူ့ကို ပြန်ချစ်သော မောင်မောင်လေး မြတ်သူမောင်နှင့် တစ်ဝကြီး ကစားခွင့် ရနိုင်မည်။ ပိုးကိုလည်း သူတို့ခြံမှ မောင်းမထုတ်နိုင်တော့ဘူးဟု ပိုး တွေးမိ၏။

"ဦးရွှေမောင်ဝင့် သေပါစေ"

ဟု ဆုတောင်းလျှင် ရမလားဟု မေးကြည့်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို မေးရမှန်း ပိုး မသိ။ ဘယ်သူ့ကိုမှလည်း ပိုး မမေးဝံ့ပါ။

ပိုးအတွက် ဤအခန်းလေးက အလုံခြုံဆုံး၊ ဘယ်သူ့အဆူမှ မခံရ၍ ပိုး၏အခန်းလေးထဲမှာပင် ပိုး နေနေကျဖြစ်သည်။

ယခုလို ဟင်းလင်းပြင် တောင်းကင်ကြီးကို ကြည့်ပြီး တိမ်တိုက်တို့ကို အရုပ်ဖော်ကြည့်နေမိသည်မှာ ပိုး၏ ဝါသနာတစ်ရပ် ဖြစ်လာသည်။

ပိုးသည် ဘာကိုမှ သိပ်ပြီးမတွေးတတ်သေးဘဲ ကောင်းကင်ပြင်ကြီးကိုသာ ငေးကြည့်နေဆဲမှာ. . .

"ညီမလေး. . . ညီမလေး"

သူ့အခန်းဝမှ ရပ်၍ခေါ်နေသူတစ်ယောက်။

ဘောင်းဘီတိုအပြာ အင်္ကျီလက်တို မီးခိုးရောင်နှင့် အသက်ရှစ်နှစ်ကျော်ရွယ် ကိုကိုတစ်ယောက်။

"လာလေ ညီမလေး၊ ကိုကိုနဲ့ ကစားရအောင်"

"ဟင်. . ."

ပိုး လန့်ထိတ်စွာ အိပ်ရာမှ ထထိုင်လိုက်၏။

ပိုး၏အခန်းဝတွင် ရပ်နေသူမှာ မကြာခင်က ရောက်လာသော မောင်ပြည့်ဝန်း ဆိုသည့် ကိုကိုမှန်း ပိုး သိလိုက်သည်။

သူက သူ့အဖေနှင့် သူ့အမေနှင့် အတူတူ ရောက်လာရှု ဖြစ်၏။

"လာလေ၊ ခြံထဲမှာ ကိုကိုနဲ့ ကစားရအောင်"

"ဟင့်အင်း. . . မကစားချင်ဘူး"

"လာပါ။ တစ်ယောက်တည်း ပျင်းစရာကြီး၊ ကိုကို့မှာ ကစားစရာတွေ အစုံပါတယ်"



"ဟင့်အင်း၊ ဆူလိမ့်မယ်"

"မဆူပါဘူး၊ ဘယ်သူက ဆူမှာလဲ"

"ကိုကို့ဖေဖေက ပိုးနဲ့ ကစားရင် ဆူမှာပေါ့"

"ဟာ. . . ဘာလို့ ဆူရမှာလဲ"

"မောင်လေးနဲ့ ကစားရရင်တော့ မောင်လေးဖေဖေက သိပ်ဆူတာပဲ၊ ပိုးကို တွန်းပစ်တယ်"

"ဟင်. . . ဘယ်သူက တွန်းပစ်တာလဲ"

"ဦးဦး ရွှေမောင်ဝင့်က"

"ကိုကို့ဖေဖေက ပိုးကို တွန်းမပစ်ပါဘူးကွ၊ လာပါ ကစားရအောင်နော်"

"ဟင့်အင်း၊ ကြောက်တယ်"

"မကြောက်ပါနဲ့၊ ဖေဖေကိုယ်တိုင်က သားညီမလေးကို သွားခေါ် အတူတူကစားကြဆိုလို့ ကိုကို လာခေါ်တာ၊ လာနော် ညီမလေး လာ၊ ကိုကိုနဲ့ လိုက်ခဲ့"

ပိုး၏လက်ကလေးကို ဆွဲခေါ်၍ မောင်ပြည့်ဝန်း၏နောက်မှ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပိုးလိုက်ပါလာခဲ့ရသည်။

ညှော်ခန်းမှာ ဘဘကြီးရော မေမေကြီးပါ ထိုင်နေသော်လည်း ပိုးကို ဘာမှမပြောကြပါ။

ကိုကိုပြည့်ဝန်းက လက်ဆွဲ၍ ခေါ်ထွက်လာသည်ကို မေမေကြီးက ပြုံး၍ပင် ကြည့်နေလိုက်သေးသည်။

"ဘောလုံးကန်ရအောင်နော်"

"ဟင့်အင်း၊ ပိုးမှ မကန်တတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘက်တမင်တန်ရိုက်မလား"

"ဟင့်အင်း"

"ဪ. . . သိပြီ ရော့၊ ဒီဘောလုံးနဲ့ ကိုကို့ကို ထိအောင် လိုက်ပေါက်၊ ထိရင် ကိုကိုက ပြန်လိုက်မယ်၊ ဟုတ်လား"

ပိုးလက်ထဲသို့ နီပြာကွက်ကြား သားရေဘောလုံးတစ်လုံး ရောက်လာသည်။ ပိုးကကိုင်ပြီး ကြောင်ကြည့်နေဆဲမှာ. . .

"လာလေ၊ ကိုကို့ကို ထိအောင်ပေါက်လေ ညီမလေး"

သူက ပြေးဟန်ပြုသည်။ ပိုးက ရပ်နေဆဲပါ။

"ပေါက်. . . ပေါက်လေ၊ ကိုကို့ကို ထိအောင်ပေါက်"

ပိုးက မပေါက်ချင် ပေါက်ချင်နှင့်ပင် သူရပ်နေရာ နေရာသို့ ထိအောင် လှမ်းပေါက်လိုက်တော့. . .

"ဟေး. . . လွတ်တယ်ကွ"

သူက ငုံ့ရှောင်ရင်း အော်ပြောလိုက်တော့ ပိုးစိတ်မှာ မခံချင် ဖြစ်လာသည်။ သူကောက်ပေးသော ဘောလုံးကိုယူ၍ အားနှင့် ပေါက်သော်လည်း မထိ။

လွဲသွားသော ဘောလုံးကို ပိုးဘာသာကောက်ပြီး ပေါက် မည်လုပ်တော့ သူက ပြေးသည်။ ပိုးက စောစောကလို ရပ်၍မပေါက် တော့ဘဲ သူနှင့် မဝေးအောင် ပြေးလိုက်ပြီး ပေါက်လိုက်တော့. . .

"အား. . . ထိပြီ"

သူက ကျောလေးကော့ပြီး ရယ်မော၍ ဘောလုံးကို ပြန် ကောက်ပြီး. . .

"ကဲ. . . ညီမလေးပြေး၊ ကိုကို လိုက်ကလှည့်"



ပိုးက သူ့ကို နောက်ပြန်လှည့်ကြည့်ရင်း ပြေးတော့ သူက ပြေးလိုက်လာပြီး လှမ်းပေါက်သည်။ ဘောလုံးက ပိုး၏ဘေးနားမှ ဒိုခနဲနေအောင် ဖြတ်သန်းသွား၏။ ပိုးကို မထိ။

ပိုး ပျော်သွားသည်။

သူ၏ဘောလုံးကို လွတ်အောင်ပြေးနိုင်သဖြင့် စိတ်လည်း ထက်ကြွလာသည်။ သူ ဘောလုံးပြေးကောက်နေတုန်း ပိုးက အဝေး သို့ရောက်အောင် ပြေးနှင့်သည်။

လေးကြိမ်မြောက်မှ ပိုးကို ဘောလုံးထိ၏။ သည်တစ်ခါ ပိုး၏ လိုက်ကလှည့်။

ကိုကို့ကို နှစ်ကြိမ်မြောက်မှာ ပြန်၍ထိသွားသည်။ ပိုး ပျော် သိတ်တာ။

အမှန်တော့ မောင်ပြည့်ဝန်းက လျှော့၍ ကစားပေးနေ ကြောင်း ပိုး မသိပါ။ နားမလည်ပါ။ ပိုးအနေနှင့် ကစားရာမှာ အသာ ရနေသဖြင့် ပျော်လာသည်။ စိတ်တက်ကြွလာသည်။ ပြေးနှုန်း ၍ ပို၍ မြန်လာသည်။

ဝင့်ထယ်ခြံကြီးအတွင်းမှာ ထိုနေ့သည် ပိုးဘဝအတွက် ပျော်ရွှင်စွာ ကစားရသော ပထမဦးဆုံးနေ့ ဖြစ်တော့သည်။ ပြင်းပြင်း ထန်ထန် ပြေးလွှားမိတိုင်း ပိုး၏ ဘယ်ဘက်ရင်အုံက အောင့်အောင့် လာတတ်သည်။ ဒီနေ့တော့ ပျော်လွန်း၍ အောင့်လား မအောင့်လား ပင် ပိုး မသိတော့ပါ။

"ကဲ. . . ကဲ. . . မောပြီ၊ တော်ကြတော့၊ သားရေ့ ညီမ လေးကို ခေါ်ခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ပြည့်ဝန်းက ပိုး၏ လက်ကလေးကိုဆွဲ၍ ဦးစိန်မောင်ဝင့် ဆိုသောသူ၏ရှေ့သို့ ခေါ်သွားသည်။

"ကိုကို့ဖေဖေက ပိုးကို ဆုလိမ့်မယ်"

"အို. . . ဘာလို့ဆူရမှာလဲ"

"ဟင့်အင်း. . . ပိုး ကြောက်တယ်၊ ပိုး ပြန်တော့မယ်"

သူ့လက်ကို အတင်းပြန်ရုန်းနေဆဲမှာ ဦးစိန်မောင်ဝင့်က သူတို့နား ရောက်လာပြီး ပိုးကို ဖျတ်ဆို ကောက်ချီလိုက်သည်။

ပိုး၏ရင်လေး ဒိတ်ဒိတ်ခုန်နေ၏။ ကစားထားသဖြင့် တစ်ကိုယ်လုံး ချွေးတွေနှင့် နစ်နေသည်။

"မကြောက်နဲ့နော် သမီး၊ ဟိုဘက်တိုက်က ဦးရွှေမောင်ဝင့်က သမီးလေးကို သူ့သားနဲ့ မကစားရဘူးလို့ ပြောတာ လုစိတ်မရှိလို့ သမီးရဲ့"

ပိုး နားမလည်စွာ ကြည့်နေမိသည်။

တန်းလျားပေါ်မှာ ပိုးကိုချလိုက်ပြီး ဦးစိန်မောင်ဝင့်က သံဘူးငယ်တစ်ခုကိုဖွင့်၍ ဖန်ခွက်ထဲသို့ အရည်များ လောင်းထည့်ပြီး ပိုးကို သောက်စေသည်။ ချိုချိုအေးအေး အရည်များ သောက်လိုက်ရ၍ ပိုး ကြိုက်လိုက်တာ၊ တစ်ခါမှ မသောက်ဖူးပါ။

ပိုးနှင့် မောင်ပြည့်ဝန်းတို့ ထိုင်နေကြသော တန်းလျားလေး၏ရှေ့မှာ ခုံပုလေးနှင့် ဦးစိန်မောင်ဝင့်က ထိုင်ပြီး ပိုး၏မျက်နှာနှင့် လက်တို့မှ ချွေးများကို သုတ်ပေးပြီး. . .

"ပိုး. . . ပိုးရဲ့မေမေ ဘယ်သူလဲ သိလား"

"မေမေကြီးက ပြောတယ်၊ မပိုးဝါတဲ့၊ သေသွားပြီတဲ့"



"ပိုးရဲ့ ဖေဖေကရော"

"ဦးညိုတဲ့၊ ဒီခြံစောင့်"

ပိုးက မြေကြီးကို လက်ညှိုးလေးထိုးပြီး ဖြေ၏။

"အဲဒီဦးညို ဆိုတာ သမီးဖေဖေ မဟုတ်ဘူး၊ သမီးလေးရဲ့ ဖေဖေအရင်းက ဒီမှာ"

ပိုး၏ လက်ဝါးလေးကိုဆွဲပြီး ဦးစိန်မောင်ဝင့်က သူ့ရင်မှာ အပ်ပြသည်။ ပိုးက နားလည်ခြင်းကင်းစွာဖြင့် မျက်လုံးလေးအဝိုင်းသားနှင့် ကြည့်နေရှာသည်။

ဦးစိန်မောင်ဝင့်သည် ခံစားမှုများ ပြင်းပြနေ၍ စကားထပ်၍ မပြောနိုင်ဘဲ ရှိနေဆဲမှာ ပိုးထက် ပို၍ အစစအရာရာ နားလည်ပြီဖြစ်သော မောင်ပြည့်ဝန်းက. . .

"ညီမလေး၊ ဒါ ကိုကို့ရဲ့ဖေဖေ၊ ညီမလေးရဲ့ဖေဖေ၊ ပိုးနဲ့ ကိုကိုတို့က မောင်နှမ သိလား"

"ဟင့်အင်း. . . မသိဘူး"

ပိုး၏ ပြောပုံလေးကိုကြည့်ပြီး မောင်ပြည့်ဝင်းက ရယ်၏။ ဦးစိန်မောင်ဝင့်က မရယ်နိုင်ရှာဘဲ ပိုးကို ကောက်ချီ၍ သူ့ရင်ခွင်မှာ ဖက်ထားရင်းက. . .

"ဟိုဘက်အိမ်က မြတ်သူမောင်နဲ့ ဦးရွှေမောင်ဝင့်က သားအဖတော်တာ သမီး သိတယ်နော်"

"ဟုတ်ကဲ့"

"အေး. . . အဲဒီလိုပဲ ပိုးနဲ့ ဖေဖေဟာလည်း သားအဖတော်တယ်၊ ပိုးဟာ ဖေဖေ့ရဲ့ သမီးလေ"

www.burmeseclassic.com

www.burmeseclassic.com



ရည်ကြည်တည်စဟု ဆိုနိုင်လောက်သော ပိုး၏နှလုံးသည်းပွတ် နုနုလေးမှာ လှုပ်ခတ်မှုက ပြင်းထန်လာ၏။

"ဟုတ်တယ် ညီမလေးရဲ့၊ ဒါ ညီမလေးရဲ့ ဖေဖေပဲ၊ မြတ်သူမောင်လိုပဲ မေမေ မရှိပေမယ့် ညီမလေးမှာလည်း သူ့လိုပဲ ဖေဖေရှိတယ် သိလား"

"သမီးလေး ပိုး၊ ဖေဖေ့သမီးလေးရယ်"

ပိုး ကြောင်နေဆဲမှာ ဦးစိန်မောင်ဝင့်က ပိုးကိုဖက်ပြီး နမ်းရှိုက်လိုက်သည်။

"သမီးမှာ ဖေဖေ ရှိပြီ၊ ဖေဖေ ပြန်လာပြီ သိလား၊ သမီး ဖေဖေ့ကို ဖေဖေလို့ ခေါ်စမ်း သမီး. . . ဖေဖေလို့"

ဦးစိန်မောင်ဝင့် စကားမဆုံးဖြစ်မီ ပိုး ငိုပါလေတော့သည်။

"သမီးရယ်"

ဖခင်၏မေတ္တာဆိုသော ခံစားမှုသစ်ကို စိန်မောင်ဝင့်၏ရင်မှာ ပထမဆုံး ဖြစ်ထွန်း၏။ သားသမီးအပေါ် ထားရှိအပ်သော မေတ္တာတရားတွင် ကိုးဆယ်ရာခိုင်နှုန်းကျော်သည် ကရုဏာတရားပါလားဟု သိလာရသည်။ အသက်နှင့်အမျှ စွန့်ပစ်ထားခဲ့မိသော သမီးလေးကို ပွေ့ထားသောရင်မှာ အကြွင်းနာတို့ ပြည့်လျှံယိုဖိတ်နေသည်။

"မငိုနဲ့လေ သမီး၊ ဒါ သမီးရဲ့ဖေဖေ၊ ဒါ သမီးရဲ့ကိုကို သိလား၊ ဖေဖေတို့ ပြန်ရောက်လာကြပြီ၊ သမီး ဦးရွှေမောင်ဝင့်ကို ကြောက်စရာ မလိုတော့ဘူး၊ သိလား သမီး"

'ဦးရွှေမောင်ဝင့်ကို ကြောက်စရာ မလိုတော့ဘူး' ဆိုသော စကားစုသည် ပိုး၏ရင်မှ အားငယ်ကြောက်ရွံ့မှုအပေါင်းကို တွန်းလှန်နှင်ထုတ်လိုက်သည်။



မောင်လေးမြတ်သူမောင်တဲ့သို့ပင် သူ့မှာလည်း အဖေရှိပြီဆိုသည်ကို ပိုး ယုံရမလိုလို၊ မယုံရဘူးလိုလို။

ဘာပဲဖြစ်ဖြစ် ကိုကိုဆိုသော မောင်ပြည့်ဝန်းနှင့် ကစားနေသည်ကို ဦးစိန်မောင်ဝင့်က မောင်း၍မထုတ်။ ကြည်ဖြူကျေနပ်နေသည်က ဘယ်လောက်များ ဝမ်းသာစရာကောင်းလိုက်ပါသလဲ။

"သမီးလေး ပိုး၊ ဖေဖေ့ကို ဖေဖေလို့ ခေါ်ကြည့်စမ်း"

ပိုးကို ငုံ့ကြည့်နေသော ဦးစိန်မောင်ဝင့်ကို မကြည့်ဝံ့တော့ဘဲ ရင်ခွင်ထဲမှာ မျက်နှာတစ်ချက် ဝှက်လိုက်ပြီး. . .

"ဖေ. . . ဖေ"

"သမီး. . . သမီးလေးရယ်"

ဦးစိန်မောင်ဝင့်က တအားဖက်ထားလိုက်ချိန်မှာ ပိုးက ရင်ခွင်မှ မျက်နှာကို ပြန်ခွာပြီး. . .

"ကိုကို"

"ဟာ. . . ညီမလေး"

"ဖေဖေ. . . ကိုကို၊ ကိုတို. . . ဖေဖေ"

သူ့ဘဝ၌ တစ်ခါမျှ မခေါ်ခဲ့ဖူးသော စကားလုံးသစ်များကို သူ အားပါးတရ ခေါ်ကြည့်ရင်း တစ်လှည့်စီ ကြည့်သည်။

ပိုး အငိုတိတ်ပြီ။ ပိုး၏ချစ်စရာမျက်နှာလေးမှာ မျက်ရည်စက်တို့ ခမ်းခြောက်ဆိတ်သုဉ်းသွားခဲ့ပါပြီ။

ပိုး၏အပြုံးလေးက တောက်ပအားပြည့်လွန်းလှချေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

မမျှော်လင့် မထင်မှတ်သော ကံကြမ္မာဆိုးသည် ဝင့်ထယ်ဂေဟာ၌ ရုတ်တရက် ဖြစ်ပေါ်လာတော့သည်။

"ဦးအောင်ဝင့် ရေချိုးခန်းထဲမှာ လဲကျလို့တဲ့"

"ဆေးရုံတင်လိုက်ရသတဲ့"

"သွေးတိုးရောဂါကြောင့် ဦးနှောက်ကြောပြတ်သွားတာတဲ့"

"အိမ်ကို ပြန်ခေါ်သွားပြီတဲ့"

"ဒီနေ့မနက်ကပဲ သူဌေးဦးအောင်ဝင့် ဆုံးသွားပြီတဲ့"

ဆိုသော သတင်းစကားတို့သည် မျက်နှာကြီးအသိုင်းအဝိုင်းအတွင်းသို့ ချက်ချင်းပျံ့နှံ့သွားတော့သည်။

ဘုရားကိစ္စ၊ တရားကိစ္စ၊ လူမှုရေးအသင်းအဖွဲ့ ကိစ္စများတွင် ပါဝင်လှုပ်ရှားခဲ့သော သူဌေးကြီး ဦးအောင်ဝင့်၏ ဈာပနကို ဝင့်ထယ်ခြံကြီး၌ပင် ငါးရက်ထား၍ စည်ကားသိုက်မြိုက်လှပါပေသည်။

ဖခင်၏ဈာပနကို အဓိကတာဝန်ယူ၍ လှုပ်ရှားပေးနေရသူ ဦးရွှေမောင်ဝင့်မှာ သူ့သားလေးကိုပင် သိပ်ပြီးမစည်းကြပ်နိုင်အားတော့ပါ။



မသိတတ်သေးသော ပိုးတို့မောင်နှမသုံးယောက်အတွက်တော့ ပွဲတော်ကြီး ဖြစ်နေသည်။

အပျော်ဆုံးကဖြင့် မောင်လေးမြတ်သူမောင်၊ သူသိပ်ကစားချင်သော အစ်မနှင့်သာမက အစ်ကိုတစ်ယောက်ပါ ထပ်မံရရှိလာသဖြင့် မြတ်သူမောင်တို့ အပျော်ကြီး ပျော်နေပေသည်။ အဘိုးအဘွား အသုဘမှာ မြေးများ ပျော်ကြသည်က မြန်မာ့ထုံးစံတစ်ရပ်သို့ ဖြစ်နေသည် မဟုတ်လား။

ကလေးတို့နည်းတူ ပျော်နေသည်က နွဲ့နွဲ့စိုး ဖြစ်သည်။ အရင်တွင်းမှ ပျော်ရွှင်ခြင်းကိုဖြင့် အနက်ရောင်များနှင့် ဖုံးအုပ်ထားသသည်။ အဖြူနှင့် အနက်စင်း ဘလောက်စ်ပွပွနှင့် ထဘီအနက်ချောင်ကို ဂုတ်ထားပြီး မျက်နှာကိုလည်း ဘာမှခြယ်သထားခြင်း မရှိ။

"ဖေဖေ့အတွက် ရင်ကွဲပက်လက်ပါပဲ"

"ဖေဖေနဲ့ ဝ,အောင်တောင် မနေလိုက်ရဘူး"

"ဖေဖေက သူ့မြေးကြီး 'ပြည့်'ကို သိပ်ချစ်တာ"

သူသည် ချွေးမကြီး၊ သူ့သားကြီး မောင်ပြည့်ဝန်းမှာ ဦးအောင်ဝင့်၏ ချစ်သောမြေးကြီးဟု ဒေါ်နွဲ့နွဲ့စိုးက ပရိသတ်တို့၏ ဝိုင်းတိုင်းမှာ ဝင်ထိုင်ပြီး စကားတွေ ရှုန်းရှုန်းဝေအောင် ပြောဆိုကြွေးကြော်နေတော့သည်။

"မြေးကြီးဆိုတော့ ဩရသဆု အမွေတစ်စု ရမှာပေါ့နော်"

"နွဲ့တို့က ဒီအထိ မမှန်းပါဘူး အန်တီရယ်၊ ကျန်ခဲ့တဲ့ မေမေ ကျန်းမာဖို့၊ စိတ်ချမ်းသာဖို့ ပြုစုပေးချင်တာပါ၊ မေမေ့မှာက သမီးလည်း မရှိ၊ တခြားချွေးမလည်း မရှိတော့ အားလုံးပြုစုပေးရမယ့်

www.burmeseclassic.com



တာဝန် နွဲ့မှာ ရှိပါတယ်”

မှိုးသားသော လူကြီးပိုင်းက နွဲ့နွဲ့စိုးကို လိမ္မာလိုက်တဲ့ ချွေးမလေးအဖြစ်နှင့် သူ့စကားကို လက်ခံတာ ခေါင်းတညိတ်ညိတ်။

လူလတ်ပိုင်း လူလည်အမျိုးသမီးများကတော့ နွဲ့နွဲ့စိုးကို ခပ်မဲ့မဲ့ ကြည့်ဖြစ်ကြသည်။

နွဲ့နွဲ့စိုးအတွက် ဦးအောင်ဝင့် သေဆုံးခြင်းမှာ အလွန်သင့်မြတ်သော အချိန်အခါ ဖြစ်နေပေသည်။

အတွေ့အကြုံ များပုံရသော ယောက္ခမကြီးသည် သူ့ကို သံသယမျက်ဝန်းများနှင့် မကြာ မကြာ ကြည့်တတ်ကြောင်း မြင်ရသော်လည်း နောက်ဆုံးအချိန်အထိ ဘာမှပြောမသွားနိုင်ခဲ့။

သူ့သား မောင်ပြည့်ဝန်းကိုလည်း အဘိုးကြီးက သိပ်ပြီးချစ်ပုံမရ။ သူ့မြေးမှ ဟုတ်ရဲ့လားဟု သူ သံသယဝင်သွားသလား မသိ။

ဤကိစ္စတွေကို ဘာမှပြောမသွားနိုင်မီမှာ အဘိုးကြီး သေဆုံးသွားခဲ့သည်။

ယခုလို အသုဘကာလ ရက်မလည်မီအတွင်းမှာ လာလိုက်ကြတဲ့ မိတ်ဆွေသင်္ဂဟတွေ၊ ဆွေမျိုးရင်းရင်းချာချာတော့ ရှိပုံမရ။

ဤပရိသတ်များအလယ်မှာ နွဲ့နွဲ့စိုးသည် ချွေးမကြီးအဖြစ်၊ သူ့သားသည် မြေးကြီးအဖြစ်နှင့် ပြသခွင့်ရနေသည်ကို အကျေနပ်ကြီး ကျေနပ်နေမိသည်။

အဘွားကြီးမှာ ပင်ကိုယ်က ခပ်အေးအေး။ သူတို့သားအမိကိုလည်း တစ်ခါမှ သံသယဖြစ်ပုံမရ။ စီးပွားရေးကဏ္ဍပိုင်းမှာလည်း သူ့ခင်ပွန်း စိန်မောင်ဝင့်ကို ပါဝင်ဦးစီးခွင့် ပေးရတော့မည်။



နွဲ့နွဲ့စိုး၏ ရည်ရွယ်မျှော်လင့်ချက်များအားလုံး ပြည့်စုံနိုင်ဖို့ အကြောင်းက ဖန်လာပြီ။

◆

“ပိုး လာဦး မေမေကြီးဆီကို”

အခန်းတွင်းမှ လှမ်းခေါ်သဖြင့် ဝင်သွားသော ပိုး၏ခြေလှမ်းများ တွံ့ခနဲ ဖြစ်သွားရသည်။

ပိုး အကြောက်ကြီး ကြောက်ခဲ့ရသူ ဦးရွှေမောင်ဝင့်သည် မေမေကြီး၏ ခုတင်ဘေးမှာ ထိုင်လျက်. . .

“လာခဲ့လေ ပိုး၊ ဝင်လာခဲ့လေ”

မေမေကြီး ဒေါ်လှထယ်က အိပ်ရာပေါ်မှနေ၍ လက်ယပ်လည်းခေါ် နှုတ်ကလည်း အော်နေ၍ ပိုး ဦးရွှေမောင်ဝင့်ကို မကြည့်ဘဲ သူထိုင်နေရာ၏ အခြားတစ်ဘက်သို့ ဝင်လာခဲ့သည်။ မေမေကြီးက အလယ်မှ လဲလျောင်းလျက် ပိုးနှင့် ဦးရွှေမောင်ဝင့်က မေမေကြီး၏ ဟိုဘက် သည်ဘက်မှာ. . .

“သမီးလေး ပိုး”

မေမေကြီးက ပိုး၏လက်ကလေးကို ကိုင်ပြီး. . .

“သမီးရဲ့ ဖေဖေကြီး မရှိတော့ဘူးလေ၊ ဒါကြောင့် သမီးရဲ့ ဦးဦးက ဒီအိမ်မှာပဲ လာနေတော့မယ်၊ ဦးဦးကိုမြင်ရင် သမီး အခုလို ထွက်မပြေးနဲ့တော့နော်”

ပိုးက ခေါင်းညိတ်ပြသည်။ ရွှေမောင်ဝင့်ကိုတော့ မကြည့်ရဲ။

www.burmeseclassic.com

www.burmeseclassic.com



"သားလေးတလည်း စိတ်လျှော့လိုက်ပါတော့ကွယ်၊ နိ
ကလေးမှာ ဘာမှအပြစ်မရှိပါဘူး"

"သူ့အဖေက သူ့ကို သိပ်ချစ်နေတာပဲ၊ သူ့အဖေဆီ သွား
နေခိုင်းလို့ မဖြစ်ဘူးလား မေမေ"

"ဩော်. . . သားရယ်၊ မိထွေးနဲ့ မထားချင်လို့ပေါ့"

'မိထွေး' ဆိုသော စကားလုံးကို ပိုး ပထမဆုံး ကြားဖူးလိုက်
ခြင်းပါ။ မိထွေး ဆိုသည်မှာ ဘယ်သူ့ကို ရည်ညွှန်းမှန်း မသိသေးပါ။

"ပြီးခဲ့တာတွေလည်း အားလုံးမေ့လိုက်ပါတော့ သားရယ်
မင်းအဖေရဲ့ ရွာပနရက်အတွင်းက မြေးလေး မြတ်သူမောင်ဟာ
သူ့အစ်ကို သူ့အစ်မတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ရှိနေတာ သားမြင်တဲ့
အတိုင်းပဲ၊ ကလေးကို ထပ်ပြီး မချုပ်ချယ်ပါနဲ့တော့၊ သူတို့မောင်နှ
တစ်တွေ ပျော်ပျော်ပါးပါး ကစားကြပါစေ သားရယ်"

ရွှေမောင်ဝင့် ဘာမှမဖြေ။

"မေမေ ကြည့်ကြည့်နေတယ်၊ ပိုးဟာ သူ့မောင်လေးကို
သိပ်ညာတယ်၊ သားလည်း မြတ်သူမောင်ကို မေးကြည့်ပါ၊ သူ့
ပိုးကို သူ သိပ်ချစ်ရှာတာပါ"

သားလေးမြတ်သူမောင်မှာ အိပ်နေရင်းတပင် မမ. . . မေ
လိုက်လေ စသော ကစားကွင်းမှ စကားများကို ယောင်တတ်ကြော
ကြောင်း ရွှေမောင်ဝင့် ပြန်တွေးလာမိ၏။

သူ ယခုမှ ပိုးကို သေသေချာချာ လှမ်းကြည့်မိသည်။ ခုနှ
နှစ်ကျော်ကျော် ကာလအတွင်းမှာ ပိုးကို ပထမဆုံး စေ့စေ့စပ်စပ်
ကြည့်မိခြင်းပါ။



ဖွေးနှစ်နေသော အသားနှင့် မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံးထူထူ၊
မျက်လုံးပြူးပြူးနှင့် ချစ်စရာတောင်းလှသည့် ကလေးလေး။

တူမငယ်အပေါ်သို့ မေတ္တာမသက်ရောက်မီ အလျင်ဆုံး
သတိရလိုက်သည်က. . .

"လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ဒီကောင်မလေးကြောင့်
ငါ့ရဲ့ ချစ်လှစွာသော မြတ်ဟာ. . ."

ရင်ထဲမှာ စူးသွားအောင် စိတ်နာလာသည်။

သေချာသည်။ ဤကလေးပေါ်၌ မမုန်းအောင်နေ၍သာ
ရချင် ရမည်။ ဘယ်နည်းနှင့်မှတော့ ချစ်၍ ရမည်မဟုတ်။

အင်း. . . အဖော်သိပ်မက်တဲ့ ငါ့သားလေးကိုတော့ ပိုးနဲ့
တစားခွင့် ပေးလိုက်ပါ့မယ်လေ၊ ဒါက ပိုးအတွက် မဟုတ်ဘူး၊ ငါ့
သားလေးအတွက်၊ ငါ့သားလေး ပျော်အောင်လို့။

"သား. . . ဘာတွေးနေတာလဲဟင်"

"ပိုးအကြောင်းပါပဲ၊ မေမေ့သဘောပါ၊ ပိုးကို ဟိုဘက်အိမ်
ခေါ်ပြီ ဒီမှာထားချင်လည်း ထားလေ၊ သားတို့သားအဖ ဒီဘက်တိုက်
ကိုပဲ အပြီးပြောင်းလာခဲ့ပါ့မယ်"

"ဝမ်းသာလိုက်တာ သားရယ်၊ သားရဲ့တူမလေး ပိုးအပေါ်
မှာရော သားရဲ့ကိုကို့အပေါ်မှာပါ အာဃာတတွေ ဖယ်လိုက်ပါ၊
ရန်ငြိုးတွေလည်း မထားပါနဲ့တော့နော် သား. . . ရွှေမောင်ဝင့်"

"ဟုတ်ပါပြီ မေမေ စိတ်ချမ်းသာအောင်သာနေပါ၊ ကျွန်တော်
အားလုံးနဲ့ ပြေလည်အောင် ကြိုးစားပါ့မယ် မေမေ"

"ဝမ်းသာပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခု မေမေ့ကို ကြုံပြီးသတိပေးထားချင်တယ်"

"ဘာများလဲ သား"

"ကိုကိုစိန်မောင်ဝင့်ဟာ အရင်တနဲ့ တခြားစီပဲ၊ အားလုံး ပြောင်းလဲသွားပါတယ်၊ လူလည်း အတော်ပဲ တည်ငြိမ်လာတယ်၊ နောင်တတွေလည်း ရနေသလိုပဲ"

"ဟုတ်တယ်သား. . . ဟုတ်တယ်၊ သားကြီးဟာ သနား စရာပဲနော်"

"အင်း. . . ဒါပေမဲ့ သူ့မိန်းမကိုတော့ မေမေ သတိထား နော်"

"ဘာဖြစ်လို့လဲ သား"

"သိမ်မွေ့ချင်ယောင်ဆောင်နေတာ၊ တကယ်တော့ အတော် ကိုလည်မယ့်မိန်းမ"

"အင်း. . . သားအဖေကလည်း ပြောဖူးပါတယ်၊ ချွေးမကြီး ဆိုပြီး တအားပုံမချစ်လိုက်နဲ့ဦးတဲ့၊ နည်းနည်းလည်ပုံရတယ်တဲ့ ဘယ်လိုမိန်းမကို မင်းသားကြီးက ကောက်ယူလာသလဲ မသိဘူး အခြေအနေ ကြည့်ဦးလို့ မှာသွားရှာပါတယ်။

"သိပ်ပြီးမျက်နှာသာ မပေးဖို့ပါပဲ၊ ကျွန်တော်တို့ အုပ်စုထဲ ပဲ ဘယ်လူလည်လုပ်လို့တော့ ရမလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ မရီးကို သဘောမကျပေမယ့် ကိုယ့်အစ်ကိုနဲ့ ကိုယ့်တူလေးအပေါ်တော့ စိတ်ဝမ်းမကွဲပါနဲ့"

"ကောင်လေးကတော့ အေးပုံရပါတယ်"

"အင်း. . . မြေးကြီး ပြည့်ကတော့ သဘောကောင်း



ကလေးတစ်ယောက်ပါပဲ သားရဲ့"

မောင်ပြည့်ဝန်းကို သူတို့၏သွေး မဟုတ်ဟု ဘယ်သူကမှ ထင်ခဲ့ကြပါ။

"ကဲ. . . ပိုး၊ မောင်လေးနဲ့ သွားကစားတော့၊ မောင်လေးကို ရှုစိုက်ကြည့်နော်. . . ကြားလား"

"ဟုတ်ကဲ့ ဦးဦး"

ပိုးကြောက်သော ဦးရွှေမောင်ဝင့်ရှေ့မှ ထွက်ခွာခွင့် ရခဲ့ရ သော ပိုး ချစ်လှစွာသော မောင်လေးနှင့်လည်း ကစားခွင့်ပြုလိုက်ခြင်း အတွက် ပိုး ပျော်ရွှင်မြူးတူးစွာ အခန်းတွင်းမှ ပြေးထွက်လာခဲ့သည်။

"သမီးလေး ဘယ်သွားနေတာလဲ၊ ဒီမှာ ကိုကိုနဲ့ မောင်လေး က ကစားမလို့ စောင့်နေကြတာ"

ဖေဖေ ဦးစိန်မောင်ဝင့်က တိုက်ထဲမှ ထွက်လာသော ပိုးကို မြင်ပြီး မေးလိုက်သည်။

"မေမေကြီးက ခေါ်လို့ ဖေဖေရဲ့"

ဖေဖေဟု ခေါ်ရလေတိုင်း ပိုး၏ရင်ထဲမှာ သိမ့်ခနဲနေ အောင် တနင့်တလေးကြီး ခံစားလိုက်ရသည်။ ဖခင်ရင်ခွင်မှ လျှော ချပြီး ကစားကွင်းသို့ ပိုး ပြေးလာ၏။

ဖခင်က စောင့်ကြည့်နေသည်။ ပိုးတို့ ငဲ့ညှာသော ကိုကိုနှင့် ချစ်သော မောင်လေးတို့နှင့်အတူ ကစားခွင့်ရနေသော ပိုး၏ ဘဝမှာ ဘယ်လောက်များ ပျော်ရွှင်ကြည်နူးစရာ ကောင်းလိုက်မည် ပါလဲတွယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ကာလတို့ တရွေ့ရွေ့ လွန်မြောက်ခဲ့ပြီ။

"ဟယ်. . . ဒါလား ပိုး၊ အမယ်လေး. . . ထွားလိုက်တာ အပျိုကြီးဖားဖားတောင် ဖြစ်တော့မှာပါလား"

အမျိုးသမီးကြီးတစ်ဦးက ပိုး၏လက်ကိုဆွဲပြီး အားရဝမ်းသာဟန်နှင့် ပြောနေသည်။ အမျိုးသမီးကြီးမှာ အသက်လေးဆယ်ကျော် ငါးဆယ်ခန့် ရှိပြီ။ အသားမည်းမည်း၊ ပိန်ပိန်လှီလှီနှင့် အလွန်ဆင်းရဲပုံရသည်။

"ကြီးကြီးက ဘယ်သူလဲဟင်"

"ပိုး ငယ်ငယ်က ထိန်းခဲ့ရတာပေါ့အေ၊ ကြီးကြီးနာမည်က ဒေါ်စိန်မြတဲ့"

"ပိုး မမှတ်မိတော့ဘူး"

"ပိုး သုံးနှစ်သမီးမှာ ကြီးကြီး ဒီအိမ်က အလုပ်ထွက်သွားတာ၊ တောကအမေ နေမကောင်းလို့၊ ခုတော့ ဆုံးသွားရှာပါပြီ၊ အခု ရန်ကုန်ရောက်ရင်း မမထယ်ကိုလည်း တွေ့ချင်လို့၊ ဆရာကြီး ဆုံးတာတော့ သတင်းစာထဲမှာ တွေ့တယ်"



"မမကြီးတော့ အိပ်နေတယ်၊ ခဏနေ နိုးမှာပါ၊ ကြီးကြီး အိမ်ထဲမှာ လာထိုင်လေ"

"နောက်ဖေးမှာပဲ သွားထိုင်နေပါ့မယ် သမီးရယ်"

ဒေါ်စိန်မြ ဆိုသူက ပိုး၏လက်ကိုဆွဲပြီး တိုက်၏အပြင်မှ ခတ်လျက် ကားရုံဘေးမှတစ်ဆင့် တိုက်၏နောက်ဖေးဘက်သို့ဝင်ပြီး ထမင်းစား စားပွဲရှေ့မှ ကုလားထိုင်မှာ ထိုင်သည်။

"ပိုး ဒီအိမ်ရောက်ကတည်းက စပြီးချီရတဲ့လူက ကြီးကြီးပဲ ပိုးရဲ့"

အဘွားကြီးက ပိုးအပေါ် တော်တော်သံယောဇဉ်ကြီးပုံရသည်။

"ပိုး မှတ်မိတော့ ဒေါ်သောင်းစိန် ဆိုတဲ့ အဒေါ်ကြီး၊ ခု သူလည်း မရှိတော့ပါဘူး"

"ဒီလိုပဲ သူဌေးအိမ်ဆိုတာ အိမ်ဖော်တွေ မမှတ်မိလောက်အောင် များတတ်ကြတာပဲ၊ ရေတစ်ခွက်လောက် တိုက်စမ်းပါ သမီးရယ်၊ မောလိုက်တာ"

ပိုးက ရေခဲသေတ္တာထဲမှ ရေခဲရေပုလင်းကိုယူပြီး ဖန်ခွက်ထဲမှာ ထည့်တိုက်သည်။

"အင်း. . . အေးလိုက်တာ၊ အမောကို ပြေသွားတာပဲ၊ ဒါနဲ့ ပိုးရဲ့ဘဘ ဦးဘကြွယ် ဆိုတာနဲ့ အဆက်အသွယ် ရသေးလား"

"ရှင်"

"ထောက်ကြန့်က ဦးဘကြွယ် ဆိုတာလေ"

"ဟင့်အင်း. . . ပိုး ဘဘမှမသိဘူး၊ ဦးဘကြွယ် ဆိုတာ ဘယ်သူလဲဟင် ကြီးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခြံကတော့ အာဘကြွယ်လို့ ခေါ်ကြတယ်၊ အာဘကြွယ်ဆိုတာ သမီးရဲ့အဘိုး၊ သမီးမေမေ မပိုးဝါရဲ့ အဖေလေ"

ပိုးက ကြောင်ငေးစွာ ကြည့်နေ၍. . .

"အေးလေ၊ ဒါတွေ ပိုး ဘယ်သိပါ့မလဲ"

"ဟင့်အင်း. . . ပိုး ဘာမှမသိဘူး၊ ပိုးကိုလည်း ဘယ်သူကမှ ပြောမပြဘူး၊ ပိုးကလည်း မေးရကောင်းမှန်း မသိခဲ့ပါဘူး ကြီးကြီးရယ်"

"ဒါဆိုလည်း ကြီးကြီးပြောတာ မှားများသွားပြီလားကွယ်"

"မမှားပါဘူး၊ ပိုး သိပ်သိချင်တာပဲ၊ ပိုးမေမေရောလို့ တစ်ခါက ဖေဖေ့ကို မေးဖူးတော့ သေသွားပြီတဲ့၊ မောင်လေးမြတ်သူမောင်ရဲ့မေမေကလည်း သေသွားတော့ ဒီလိုပဲထင်တာ၊ ပိုးရဲ့မေမေဆိုတာရှိသေးလားဟင်၊ နာမည်က မပိုးဝါ ဆိုတာ ဟုတ်လားဟင်"

"ဟုတ်တယ်၊ မပိုးဝါလို့ ပြောတာပဲ၊ သမီးကို အနှီးလေးနဲ့ထွေးပြီး လာပို့သွားကြတာ၊ အဲဒီနေ့က မပိုးဝါနဲ့ အာဘကြွယ်တို့ နေတယ်ဆိုတဲ့ တောက်ကြန့်ခြံကို လိုက်သွားကြတော့ မပိုးဝါဆိုတာဆုံးသွားလို့. . ."

"အို"

"ဒါက သမီး သိပြီးသားကိစ္စပါကွယ်၊ အဲ. . . မပိုးဝါကဆုံးပြီး အာဘကြွယ်က သူ့ရွာကို ပြန်သွားပြီဆိုလို့ ကြီးကြီးတို့ ပိုးကိုချီပြီး ပြန်ခဲ့ကြရတာ"

ဒေါ်စိန်မြသည် ပိုး၏ဘဝ စတင်ခဲ့သည့်အကြောင်းများကို အသေးစိတ် ရှင်းပြသွားခဲ့သည်။



ိက်သည့်အခါတိုင်း. . .

'ဘယ်လိုမျိုးရိုးက ပေါက်ပွားလာမှန်းမသိဘူး မလှထယ်၊ သူဟု တစ်ံက်စားနဲ့ဟု ဦးအောင်ဝင့်၏ ဟန့်တားစကားကို ပိုးမှတ်

မပိုးဝါ ဆုံး ဘာမှပိုးနားမလည်ခဲ့၊ ယခုမှသာ ဖြစ်ရပ်မှန်များ၏ မေမေကဲ့သို့ပင် နားလည်ခွင့် ရခဲ့ပါပြီ"

လေးနှင့် ပိုးတို့ ဆုံကြလျှင် . . . သော မိခင်များအကြောင်းကို တစ်ခါမျှ မပြောဖြစ်ကြ။ ပြောဆိုဆွေးနွေးရကောင်းမှန်းလည်း မသိကြ၊ နားမလည်ကြပါ။

ယခုလို လူ့ဘဝအကြောင်း နားလည်တတ်စအရွယ်မှာ ပိုး၏ ဘဝအစပိုင်းကို ပြန်လည်သိရှိခွင့်ရသဖြင့် ပိုး အရမ်းအံ့ဩရပါပြီ။

ဦးရွှေမောင်ဝင့် ပိုးကို ဘာကြောင့်မုန်းတီးနေရသည်ဆိုသော အကြောင်းကိုလည်း ဒေါ်စိန်မြက ရှင်းလင်းပြောပြသွားခဲ့သည်။

ဒေါ်စိန်မြ ပြောပြသော ရင်နင့်ဖွယ်ဇာတ်လမ်းထဲမှ အလွမ်းဇင်းသမီးလေး 'မြတ်မြတ်သူ' ကို ပိုး သနား၍ မဆုံးနိုင်အောင် ရှိရသည်။ သည်အကြောင်းများကို မောင်လေး မြတ်သူမောင်လည်း သိလိမ့်မည် မထင်။ ပြောရရင် ကောင်းမလား၊ မပြောဘဲထားရကောင်းမလား၊ ပိုး မဝေခွဲတတ်။

နောက်ဆုံး မေမေကြီး နိုးလာပြီး ဒေါ်စိန်မြကို ဝမ်းသာအားရ ကြိုဆိုကာ စကားတွေ ဝေနေအောင် ပြောကြသည်။

ဒေါ်စိန်မြအနေနှင့် ပိုးမေးသမျှဖြေပြီး သူသိသမျှ အလုံးစုံသော ဖြစ်ရပ်တို့ကို ပိုးအား ပြောပြပြီးသွားကြောင်း မေမေကြီး သိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခြံကတော့ အဘကြွယ်လို့ ခေါ်ကြတယ်၊ အး ပိုးတို့၏ ဆိုတာ သမီးရဲ့အဘိုး၊ သမီးမေမေ မပိုးဝါရဲ့ အဖေလေ"

ပိုးက ကြောင်ငေးစွာ ကြည့်နေ၍. . . သာခဲ့သည်။

"အေးလေ၊ ဒါတွေ ပိုး ဘယ်သိပါ့မလဲ"၂ ပတ်ထားခဲ့သော တိုက်၊ "ဟင့်အင်း. . . ပိုး ဘာမှမသိဘူး၊ ပိုး၇ားခုံမှာ ဖြည်းလေးစွာ ထိုင်ဖြစ်သည်။ ပိုးကလည်း မေးရကောင်း

"နာမည်တောင် အသေအချာ မမှည့်ဖြစ်ကြပါဘူး၊ မပိုးဝါရဲ့ သမီး ဆိုလို့ ပိုးလို့ပဲ အလွယ်တကူ ခေါ်လိုက်ကြတာ"

ဒေါ်စိန်မြ၏စကားကို ပြန်၍ ကြားမိသည်။

"အနီးလေးနဲ့ ထွေးထားတဲ့ ငါ့ကို ဒီအုတ်ခုံပေါ်ကနေပြီး လူတစ်ယောက်က ဒေါ်မြတ်မြတ်သူ့ရဲ့ လက်ထဲကို အပ်သွားခဲ့တာ တဲ့။

"ဘယ်သူမှ မလိုချင်ကြဘဲနဲ့ ရောက်လာရတဲ့ ငါ့ကို အားလုံး က မုန်းကြမှာပဲ"

"ဒါကြောင့် ငါငယ်ငယ်တ မြတ်သူမောင်လို မနေရတာပေါ့ ဦးရွှေမောင်ဝင့်ကဆို ငါ့ကို သတ်ပစ်ချင်မှာပဲ"

ပြန်တွေး၍ ရသမျှအကြောင်းအရာများကို ပြန်တွေးကြည့် ရင်း ပိုး ပြန်လည်အားငယ်လာတော့သည်။

ဘယ်သူ့ရင်ခွင်မှာမှ မအိပ်စက်ရဖူးပါဘဲနှင့် တသီးတသန့် နေထိုင်ကြီးပြင်းလာခဲ့ရသော ပိုး။

အဝတ်အစားနှင့် ကစားစရာအချို့ကို သင့်မျှရုံ ရရှိခဲ့သော် လည်း မျက်နှာသာ အပေးမခံခဲ့ရပါ။ မေမေကြီးက ပိုးကို သနားစိတ်



ဖြင့် ဂရုစိုက်သည့်အခါတိုင်း. . .

"ဘယ်လိုမျိုးရိုးက ပေါက်ပွားလာမှန်းမသိဘူး မလှထယ်၊ သိပ်ပြီးမမြှောက်စားနဲ့ဟု ဦးအောင်ဝင့်၏ ဟန့်တားစကားကို ပိုးမှတ် သားမိပါသော်လည်း ဘာမှပိုးနားမလည်ခဲ့၊ ယခုမှသာ ဖြစ်ရပ်မှန်များ တို စုစည်းကာ ပိုးနားလည်ခွင့် ရခဲ့ပါပြီ"

"မပိုးဝါတဲ့"

မိမိ၏ မိခင်ဆိုသော အသိကြောင့် ရင်ထဲမှ တမ်းတစိတ် ဖြင့် ခေါ်ကြည့်မိသည်။

"ငါ့ရဲ့မေမေဟာ တကယ်ပဲ သေသွားပြီလား၊ ဒါမှမဟုတ် ငါ့ကို ဒီအိမ်ကြီးထဲ ပို့ချင်တာနဲ့ သေပြီလို့ ညာပြီးလာပို့သွားတာများ သား"

"မေမေရဲ့အကြောင်းကို ငါ တခြားမှာ လိုက်ပြီးစုံစမ်းနေ ရော မလိုပါဘူး၊ မေမေ့အကြောင်းကို အသေးစိတ်သိမယ့်လူဟာ ဖေဖေပဲ၊ ဟုတ်တယ်၊ ဖေဖေ့ကို မေးကြည့်မယ်၊ မေမေ့ကို သွားရှာ ရအောင်လို့ ပြောမယ်"

"ကိုကိုတို့ကျတော့ သူ့မေမေအနံ့တီနဲ့က သိပ်ချစ်တာပဲ၊ ငါ့တိုလည်း ငါ့မေမေက သိပ်ချစ်မှာပဲ ထင်ပါရဲ့၊ ဟင့်အင်း မဟုတ် သေးဘူး၊ မချစ်လို့သာ ဒီကိုလာပို့ထားတာဖြစ်မှာပေါ့၊ အို မသိဘူး သိဘူး၊ ငါ ဘယ်သိမလဲ မေမေ သေပြီလား ရှိသေးလား၊ ငါ့ကို ဘာလို့ခွဲရတာလဲ ဆိုတာတွေ ဖေဖေ့ကို မေးကြည့်မယ်၊ ဖေဖေ မသိ ဘူးဆိုရင်လည်း သိအောင် စုံစမ်းခိုင်းမယ်၊ ဖေဖေ့ဆီကို ငါ သွားမယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

"သမီး မေးတာတောင် နောက်ကျနေပါသေးတယ်ကွယ်"

"ဟင်. . ."

"ဖေဖေ ဒီအိမ်ကို ပြန်လာပြီး သမီးလေးကို တွေ့ရပြီး ကတည်းက ဖေဖေကိုယ်တိုင် မပိုးဝါကို လိုက်ရှာပြီးပါပြီ သမီး"

"တွေ့လား၊ တွေ့လားဟင် ဖေဖေ"

"သမီးမေမေဟာ သမီးကို မွေးပြီးတာနဲ့ တကယ်ပဲ ဆုံးသွားရှာပါပြီကွယ်"

သည်တစ်ကြိမ် ဆုံးရှုံးခြင်းသည် အလုံးစုံသော ဆုံးရှုံးခြင်းထက် ပိုသည်ဟု ပိုး ခံယူမိ၏။

ငယ်စဉ်က မိခင် ဆိုသည်ကို တမ်းတရမှန်း မသိခဲ့။ ကိုယ့်ဘဝ ကိုယ်လည်း နားလည်အောင် တွေးတောရမှန်း မသိခဲ့။

ယခုလို သိတတ်စအရွယ်ရောက်လာချိန်ကျကာမှ ဒေါ်စိန်မြနှင့် တွေ့ခွင့်ရခဲ့သည်။

မပိုးဝါ ဆိုသော မိခင်ကို မျှော်လင့်ခြင်းကြီးစွာ တွေ့ချင်တာမှ ပိုး၏မေမေ ဆိုသူသည် ဤလောက၌ ရှိမနေတော့၊ သေဆုံးနှင့်ပြီ တဲ့လေ။



"ဝမ်းမနည်းပါနဲ့ သမီးရယ်၊ ငယ်ငယ်တုန်းကတောင် သမီး တစ်ယောက်တည်း နေလာခဲ့ရတာပဲ၊ အခုဆို ဖေဖေလည်း ရောက်လာပြီပဲ၊ သမီး ဘာအားငယ်စရာ ရှိသလဲ၊ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကို ပြောလေ သမီးနော်"

ဖေဖေက ပိုး၏ပခုံးလေးကို ကိုင်၍ပြောတော့ ဖေဖေ၏ မေတ္တာသည် အင်အားများအဖြစ်နှင့် ပိုး၏နှလုံးသားမှာ စိမ့်ဝင်၏။

"သမီးကို ညီညီက ဆူသေးလား"

"မဆူပါဘူး"

"သူ့သားနဲ့ ကစားတာ မကြိုက်ရင် အောက်ကျခံပြီး မကစားနဲ့နော် သမီး"

"မောင်လေးက သမီးကို အတင်းလိုက်လိုက်ကပ်နေမှန်း ဦးဦးကလည်း သိပါတယ်"

"အေးလေ၊ ကလေးဆိုတာ အဖော်နဲ့ ကစားချင်တာပေါ့၊ အဖိုးတန် ကစားစရာတွေ ဝယ်ပေးရုံနဲ့ ကလေးဘယ်ပျော်ပါ့မလဲ၊ ဘာပဲဖြစ်ဖြစ်လေ သူတို့သားအဖက ဖေဖေ့သမီးအပေါ် မှာ နိုင်ထက်စီးနင်း လုပ်လာရင် ဖေဖေ့ ပြန်ပြောနော် သမီး၊ သမီးအတွက် ဖေဖေ တစ်ယောက်လုံး ရှိနေပြီပဲ"

ဖခင်၏ အကြင်နာမျက်နှာကို အားကိုးစွာ မော့ကြည့်မိသည်။

ဖခင် ဦးစိန်မောင်ဝင့်နှင့် ဦးဦး ရွှေမောင်ဝင့်တို့မှာ အတွေ့ရနည်းသူတို့ မှားနိုင်လောက်အောင် ရုပ်ချင်းတူကြသည်။ မျက်ခုံးချင်းလည်း ဆင်ကြသည်။ သို့သော်လည်း ဖေဖေ၏ အကြည့်များ ဦးဦးက

www.burmeseclassic.com

www.burmeseclassic.com



ပိုးကို တစ်ခါ မျှ မကြည့်ဖူးခဲ့။ ဖေဖေ့မျက်ဝန်းမှာ အကြင်နာ၊ မေတ္တာနှင့် အားကိုးဖွယ် ကောင်းလောက်သော ရောင်စဉ်များဖြင့် စို့လက်နေ၏။ ဖေဖေ၏အကြည့်ကို ခံရသော ပိုးမှာ ရင်ထဲသို့ သီတာရေစင်တွေ ကျလာသည့်နှယ် အေးမြလှပါ၏။

သည်မျက်ဝန်းမျိုးပိုင်ရှင် ဦးဦးက ပိုးကို ကြည့်သည့်အခါတိုင်းမှာ ဒေါသ၊ အာဃာတ၊ မလိုမုန်းထားခြင်း၊ ရန်ငြိုး စသော အပူကြည့်များကြောင့် ပိုး တုန်လှုပ်ချောက်ချားခဲ့ရဖူးသည်မှာ အကြိမ်ကြိမ်။

ဦးဦးသည် သူ့သားလေး မြတ်သူမောင်နှင့်ကျတော့ မျက်ဝန်းရော နှုတ်ခမ်းပါ အပြုံးတွေ လှိုင်ဝေစွာဖြင့် ကြည့်တတ်လေသည်။

ဖခင်အဖြစ်နှင့် သားသမီးအပေါ် ကြည့်သော အကြည့်တိုင်းသည် အေးမြအားပြည့်သော စေတနာကြည့်များ ဖြစ်နေကြောင်း ပိုး နားလည်ရပါပြီ။

“ဘာတွေစဉ်းစားနေတာလဲ သမီး”

“ဘာမှမဟုတ်ပါဘူး ဖေဖေ”

“သမီးရဲ့မေမေကို တမ်းတနေလိမ့်မယ်ဆိုတာ ဖေဖေ သိပါတယ်၊ ဒါကြောင့် တစ်နေ့လောက် သမီးနဲ့ ဖေဖေနဲ့ အဘကြွယ်ဆီ သွားကြတာပေါ့နော်”

“အဘကြွယ်ဆိုတာ မေမေရဲ့ အဖေဆို၊ ဒေါ်စိန်မြ ပြောတယ်”

“ဟုတ်တယ်၊ သမီးရဲ့ အဘိုးအရင်းပေါ့၊ သမီးနဲ့လည်း တွေ့ထားသင့်တယ်လေ၊ ဖေဖေတောင် သွားတွေ့ပြီး သမီးအကြောင်း ပြောခဲ့ပြီးပြီ”



“ဟင် . . . ဖေဖေ ဘယ်တုန်းက သွားလိုက်တာလဲ၊ ဘာလို့ သမီးကို ခေါ်မသွားတာလဲ”

“ဒီအကြောင်းတွေ သမီး ဘာမှမသိခင် ဖေဖေရောက်ကာ စတာပါ”

“ဘိုးဘိုးက ဘယ်မှာနေတာလဲ”

“ဖေဖေလည်း ထောက်ကြန့်ခြံက အသိတွေကတစ်ဆင့် သွားစုံစမ်းခဲ့တာ၊ အဘကြွယ်ဟာ မပိုးဝါဆုံးပြီး အညာကို ပြန်သွားတယ်၊ နောက်တော့ ကောင်းကောင်းမကျန်းမာတာနဲ့ မှော်ဘီမှာနေတဲ့သမီးက ခေါ်ပြီးပြုစုနေတယ်၊ မှော်ဘီဗိုလ်သင်တန်းကျောင်း အရှေ့ဘက်မှာနေတဲ့ တပ်ကြပ်ကြီး လှမြင့် ဆိုတာက အဘကြွယ်ရဲ့ သမက်ပဲ၊ သူ့သမီးက အိမ်ရှေ့မှာ ကုန်စုံဆိုင်လေး ဖွင့်ထားတယ်၊ သမီးရဲ့ ကြီးကြီးပေါ့၊ နာမည်က မပိုးဖြူတဲ့”

“တစ်နေ့လောက် သွားရအောင်နော် ဖေဖေ၊ မေမေရဲ့ ဆိုယ်စား မေမေရဲ့ အမျိုးတွေနဲ့ သမီး တွေ့ချင်တယ် ဖေဖေ”

“ပို့မယ် သမီး . . . လိုက်ပို့မယ်၊ ဆင်းရဲကြရှာပါတယ်ကွယ်၊ သနားပါတယ်”

“ဖေဖေ”

“ဟင်”

“ဖေဖေက မေမေ့ကို စွန့်ပစ်ပြီး ဘာလို့ ရှမ်းပြည်နယ်ကို ထွက်ပြေးသွားတာလဲဟင်”

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ငယ်ငယ်တုန်းကတော့ အတွေးတစ်မျိုးပေါ့ သမီးရယ်၊ မပိုးဝါတို့က ဆင်းရဲတော့ ဖေဖေက သဘောတူမှာ မဟုတ်ဘူးဆိုပြီး ရှောင်သွားတာပဲ ဆိုပါတော့လေ"

"ဒီအကြောင်းချည်းပဲ ဟုတ်လို့လား"

"ဘာလဲ သမီးရဲ့"

"ဖေဖေ့မှာ မိန်းမကြီးရှိလို့ နေမှာပေါ့"

"ဟာ မဟုတ်တာ၊ မရှိပါဘူး"

"ဖေဖေရာ သမီးကို မညာပါနဲ့၊ အန်တီနွဲ့ကို ဖေဖေ အရင်ယူလို့သာ ကိုကိုက သမီးထက် ကြီးနေတာပေါ့၊ မဟုတ်ဘူးလား"

သမီးလေးကိုယ်တိုင် ဒီအကြောင်း တွေးတတ်လာပြီလား။ ဒေါ်စိန်မြက ပြောသွားခဲ့လို့လား။ ဦးစိန်မောင်ဝင့် သိလိုလှသော်လည်း သမီးကို မေးမနေတော့ပါ။

ပိုးကတော့ သူ့အဖေ ဝန်ခံသည်ဟုပင် ယူဆကာ သူ့စိတ်မှာလည်း လွတ်လပ်ပေါ့ပါးသွားသည်။

"ဖေဖေ၊ ဟိုမှာ ကိုကို တင်းနစ်ကွင်းထဲ ဆင်းသွားပြီ၊ သမီးသွားတော့မယ်နော်"

ပိုးက တင်းနစ် မရိုက်တတ်သေး။ တင်းနစ်ကွင်းတွင် ပိုက်မြင့်မြင့်တန်းကာ ဘက်တမင်တန်ကို ကိုကိုနှင့် ရိုက်နေကျ။ ကစားပြီးလေတိုင်း ဘယ်ဘက်ရင်အုံက အောင့်တတ်သော်လည်း ပိုး ဘယ်သူ့ကိုမှ မပြောမပြဖြစ်။

"သမီး"

"ဘာလဲ. . . ဖေဖေ"



ဖေဖေတို့ပိုင်သော လက်ယာဘက်တိုက်တွင်းမှ ဆင်းသွားသော ပိုးကို လှမ်းခေါ်ပြီးမှ. . .

"ဘာမှမဟုတ်တော့ဘူး သမီး၊ သွား. . . သွားကစားချေ"

အမှန်တော့ ထိုနေ့က ဦးစိန်မောင်ဝင့်သည် ပိုးကို အဖြစ်မှန်ဖွင့်ပြောလိုက်တော့မလို့ပါ။

မောင်ပြည့်ဝန်းဆိုသော ပြည့်သည် သမီးနှင့် ဘာမှမတော်။ ပိုးဝါ၏နောက်မှ နွဲ့နွဲ့စိုးကို လက်ထပ်ခြင်း ဖြစ်သည်။ ပြည့်သည် နွဲ့နွဲ့စိုးမှ ပါလာသော သားဖြစ်ကြောင်း ဖွင့်ပြောမည်။

ထိုအချိန်မှာ ခြံတွင်း၌ မောင်ပြည့်ဝန်းကလည်း စောင့်နေ၊ အိမ်ထဲမှ နွဲ့နွဲ့စိုးကလည်း ထွက်လာ။

ပြီးတော့ သမီးကိုယ်တိုင်က ကစားချင်စိတ်နှင့် ပြုံးပြုံးပျော်ပျော် ဖြစ်နေ၍ ဦးစိန်မောင်ဝင့် မပြောဖြစ်လိုက်မိခြင်း ဖြစ်သည်။

ဒူးဖုံးရုံ စကတ်လေး ဝတ်ထားသဖြင့် ဖွံ့ထွားစ ပေါင်သားလေးများ ဝင်းခနဲ ဝင်းခနဲ ပေါ်သွားသည်ကို ဦးစိန်မောင်ဝင့် မနှစ်သက်လှ။

အပျိုမဖြစ်သေးသော်လည်း သမီးလေးနှင့် မောင်ပြည့်ဝန်းတို့ ဒီထက်ပို၍ မရင်းနှီးစေချင်။

ဘာသွေးမှ မတော်စပ်သူနှစ်ဦးတို့ မရင်းနှီးလေ ကောင်းသောပါ။

သံယောဇဉ်ကြီးချင်းငြိ၍ ဖြေမရသည့် အဖြစ်မျိုးအထိ အဖြစ် မခံနိုင်။

မောင်ပြည့်ဝန်းသည် ပိုးထက် သုံးနှစ်ကြီးပြီး မိတ်ထား

www.burmeseclassic.com



ကောင်းစွာ ပိုးအပေါ်၌ ဇဲ့ညာတတ်သော်လည်း မောင်ပြည့်ဝန်းနှင့်ဖြင့် သမီးလေး ပိုးကို သဘောမတူနိုင်ပါ။

မောင်ပြည့်ဝန်း၏ ဖခင်သည် ပညာတတ်မဟုတ်။ မျိုးရိုးကမချမ်းသာ။ ဦးစိန်မောင်ဝင့်တို့အမြင်၌ နိမ့်ကျသော၊ အောက်တန်းကျသော အလုပ်ကို လုပ်ကိုင်စားသောက်နေသည်ဟု ထင်မြင်ယူဆ၏။

မောင်ပြည့်ဝန်း၏ဖခင်သည် စန္ဒရားဆရာ ဖြစ်၏။

သင်ကြားလိုသူတို့ထံ တစ်အိမ်တက်ဆင်း လိုက်၍သင်ပေးရသော စန္ဒရားဆရာတစ်ဦး ဖြစ်သည်။ နောက်ပိုင်း၌ 'စန္ဒရားသက်မော်' ဟူသော အမည်ဖြင့် သီချင်းလေးဘာလေး ရေးသည်ဟုကြားရသည်။ နွဲ့နွဲ့စိုးကိုယ်တိုင်က အဆက်အသွယ် မလုပ်တော့။ ဘယ်ရောက်နေမှန်းလည်း မသိ။

ဘာပဲဖြစ်ဖြစ် စန္ဒရားဆရာ ဆိုသော အနုပညာသမား၏သားနှင့်တော့ သဘောမတူနိုင်။

ဝင့်ထယ်ဂေဟာကြီး၏ မျိုးဆက်ဖြစ်၍ တစ်ဦးတည်းသော မြေးမလေးဖြစ်သူ ပိုးသည် သိန်းပေါင်းများစွာသော အမွေတို့ကို ပိုင်ဆိုင်ရလေမည်။

ပြီးတော့ ပိုးသည် သိပ်လှသည်ဆိုသော သူ့မိခင် မပိုး၏ထက် ပို၍လှသည်။

"အင်း. . . ငါ့သမီးလေးကို မောင်ပြည့်ဝန်းနဲ့ မနီးစပ်အောင်တော့ တားမြစ်ရလိမ့်မယ်"

"အဖြစ်မှန်ကို ဖွင့်ပြောလိုက်မယ်လေ"

◆ ◆ ◆

## အခန်း(၁၃)

ထိုနေ့က ပိုတစ်ယောက်တည်း အိမ်ပေါ်ထပ်မှာ ရှိနေသည်။

ဘဘကြီး ဆုံးပြီးကတည်းက မေမေကြီး အပေါ်ထပ်မှာ အိပ်တော့။ အောက်ထပ်မှာချည်း အိပ်ခန်း သုံးခန်းရှိသည်။ တစ်ခန်းမှာ မေမေကြီးနှင့် အိမ်ဖော်တစ်ယောက် အိပ်ပြီး နောက်တစ်ခန်းမှာ ဦးရွှေမောင်ဝင့်တို့သားအဖ အိပ်ကြသည်။ တစ်ခန်းကတော့ ဧည့်သည်လာသည့်အခါ အိပ်စေပြီး မလာသည့်အခါ ပိတ်ထားရ၍ အမြဲလိုလို ပိတ်ထားရတာ များပါသည်။

ပိုးကတော့ ငယ်ဘဝက နေနေကျ အခန်းကျဉ်းကလေးထဲမှာပင်. . .

ဦးရွှေမောင်ဝင့်သည် သူ့သားနှင့် ပိုးကို အတူနေခွင့်၊ အတူစားခွင့်၊ အတူကစားခွင့်ပြုထားသည်မှလွဲ၍ ပိုးအပေါ်တွင် ဆက်ဆံနေတာ တိုးတက်မလာပါ။ အမြဲတမ်း မျက်နှာကြောတင်းတင်းနှင့် နေလေ့ရှိနေဆဲပင်။

အိမ်ပေါ်ထပ်မှာ ဘုရားခန်း သီးသန့်ထားရှိသည်။ ဘုရားခန်းအတွင်းမှာ အမြောက်ကျည်ဆန်ခွံဖြင့် လုပ်ထားသော ကြေးပန်း

www.burmeseclassic.com

www.burmeseclassic.com



အိုးကြီး သုံးလုံးရှိပါ၏။ အရောင်မှိန်နေသော ကြွေပန်းအိုးများကို ဘရာစိုခေါ် ကြွေချွတ်ဆေးဖြင့် ပိုးတစ်ယောက်တည်း ထိုင်၍ပွတ်တိုက်နေဆဲမှာ လှေကားအတိုင်း တက်လာသော ခြေသံကို ကြားရ၏။

ပိုးက မှန်ချပ်ကြားမှ လှမ်းကြည့်လိုက်တော့ ဦးရွှေမောင်ဝင့် ဖြစ်နေသည်။

"ဟင်. . . သူ့လက်ထဲမှာ ဖန်ခွက်နဲ့ အရက်ပုလင်းနဲ့ပါလား။ မေမေကြီး သိမှာစိုးလို့ အပေါ်ထပ်တက်ပြီး အရက်သောက်တာဖြစ်မယ်၊ နေပါစေ၊ ငါရှိနေတာ သူမသိတာပဲ ကောင်းတယ်၊ ဒီပန်းအိုးတွေ ပြောင်အောင် တိုက်ဖို့ကလည်း ကြာဦးမှာ၊ သူလည်း သူ့ဟာသူ အရက်သောက်၊ ငါလည်း ငါ့ဟာငါ ပန်းအိုးတိုက်"

ပိုးက တစ်ယောက်တည်းတွေးရင်း ဂွမ်းလေးနှင့် ဆေးကို ဆွတ်လိုက် တိုက်လိုက် လုပ်နေသည်။ ပန်းအိုးအားလုံး ပြောင်လျှင် ရေပုံးထဲတွင် ရေထောင်ထားသော သစ္စာပန်းများကိုထည့်ပြီး ဘုရားပန်း ကပ်ရပါဦးမည်။

ကြမ်းပြင်မှာ ထိုင်နေရာမှ တစ်ချက်ချောင်းကြည့်လိုက်တော့ ဦးရွှေမောင်ဝင့်သည် ကုလားထိုင်မှာ ခပ်လျှော့လျှော့ထိုင်လျက် အရက်ဖန်ခွက်ကို လက်ထဲမှာ ကိုင်လှည့်ရင်း နံရံကို ငေးနေသည်။

ရွှေမောင်ဝင့် အရက်စွဲနေသည်မှာ ကြာခဲ့ပြီ။

ငယ်ကြောက်ဖြစ်သော ဦးရွှေမောင်ဝင့်ကို ပိုး ရင်မဆိုင်ရဲ၍ အသံမကြားအောင် အလုပ်လုပ်နေရသည်။ သူ့ကိုလည်း ထပ်၍ ချောင်းမကြည့်ဖြစ်တော့ပါ။

"ငါ အခု မပြောနိုင်သေးဘူး ကိုကို"



"မင်းပဲ ဒီနေ့စာရင်း ရှင်းပြမယ်ဆို၊ ငါရောက်တာ ဘယ်လောက်ကြာနေပြီလဲ၊ ငါ မင်းကို ဘာတစ်ခုမှ မမေးခဲ့ဘူး၊ အခု မေမေက နိုင်းလို့ ငါ မေးနေရတာ ညီညီ"

"ဖေဖေ့အသံပါလား"

ညီအစ်ကိုနှစ်ယောက် ထိပ်တိုက်တွေ့ကြပြီ၊ လုပ်ငန်းနှင့် ပတ်သက်၍ မပြေလည်ကြခြင်း ဖြစ်လိမ့်မည်။

ပိုးက ငြိမ်သက်စွာ ခပ်ပေါ့ပေါ့ပင် တွေးနေဆဲမှာ ညီအစ်ကိုနှစ်ယောက်၏ စကားသံများက ပိုမိုပြင်းထန်လာတော့သည်။

"မေမေ့ကို ပြောလိုက်၊ စာရင်းတွေ ရှုပ်နေသေးတယ်၊ အားလုံးရှင်းပြီးမှ. . ."

"မဟုတ်သေးဘူး ညီညီ၊ သားအမိချင်းမှာ ဒီလောက်စာရင်းရှင်းနေစရာ မလိုပါဘူး၊ မေမေ သိချင်တာက. . ."

"မေမေ သိချင်တာ ငါသိပါတယ် ကိုကိုရာ၊ မင်းအတွက် ဆေးမကျန်ဘဲ ငါချည်း သုံးပစ်တယ်ထင်လို့ မင်းနဲ့ မေမေနဲ့က ငါ့ကို အရေးခံစစ်သလို စစ်နေကြတာ မဟုတ်လား"

"မဟုတ်ဘူး ညီညီ၊ မဟုတ်ဘူး"

"ဟုတ်တယ် ကိုကို၊ ဒီမှာ မင်း ငါ့ကို ဘာမှမပြောနဲ့၊ ငါပဲ ပြောမယ်"

ဦးရွှေမောင်ဝင့်၏ စကားသံက အက်ကွဲကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကိုကိုဟု ခေါ်သော်လည်း မင်းနှင့် ငါနှင့် ပြောဆိုရင့်လှချည်လား။

"ငါ အခု အရက်သောက်တယ်၊ ကြွေကြီးဖဲဝိုင်းမှာ ရှိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဖျော်စရာကို ငွေနဲ့ဝယ်ယူတယ်၊ ငါ ဒါတွေ ဘာလို့လုပ်နေလဲ သိရဲ့လား ကိုကို ဟင်၊ မင်းပေးတဲ့ ဒုက္ခတွေလေ၊ မင်းတို့သားအဖပေး ကြတဲ့ဒုက္ခတွေပေါ့၊ ငါ့မိန်းမဟာ မင်းရဲ့သမီးကို မြင်လို့ ရင်ကွဲပြီး သေသွားရတာကွ"

"ညီညီရာ၊ မင်း မူးမူးနဲ့ လျှောက်ပြောမနေစမ်းပါနဲ့"

"ငါ ဆယ်ပုလင်းသောက်တောင် မူးမယ့်ကောင် မဟုတ်ဘူး ကွ နားလည်လား"

ဦးရွှေမောင်ဝင့်က ဒေါသတွေ အရမ်းကြီးလာသည်။ ထိုင်ရာမှ ဝုန်းခနဲထပြီး ဖေဖေ့ရှေ့မှာ ရင်တော့၍ ရပ်လိုက်ကြောင်း ဖိုး ချောင်းကြည့်ရာမှ မြင်နေရပြီ။

"မေမေ နေမကောင်းဘူး ညီညီ၊ ပြောစရာလည်း အရေး ကြီးနေပုံရတယ်၊ သူ့သားနှစ်ယောက်ကို တစ်ချိန်တည်းမှာ အတူတွေ့ ချင်လို့ ခဏလေး လိုက်ခဲ့စမ်းပါကွာ"

ဦးစိန်မောင်ဝင့်သည် ငယ်စဉ်က ဆိုးခဲ့တေခဲ့ မိန်းမရှုပ်ခဲ့ သည်ဟု ဆိုသော်လည်း ယခုအချိန်၌ တည်ငြိမ်နေပါပြီ။ အလုံးစုံကို ရောင့်ရဲနိုင်သောစိတ်၊ အရာခပ်သိမ်းကို ခွင့်လွှတ်နိုင်သော အမြင်များ ရှိနေပြီဖြစ်ကြောင်း သူ့ရုပ်သွင်က ဖော်ပြနေလေပြီ။

"လာပါကွာ၊ လာစမ်းပါ၊ မေမေ စောင့်နေတယ်"

ဆယ်ပုလင်းသောက်တောင် မမူးပါဘူးဆိုသော ဦးရွှေ မောင်ဝင့်၏ ခြေလှမ်းတို့ ပုံမှန်မဟုတ်။

ဦးစိန်မောင်ဝင့်က ဆွဲခေါ်သဖြင့် ပါသွားပြီးမှ လှေကားထိပ် အရောက်တွင် ဦးရွှေမောင်ဝင့်က ပြန်ရုန်းသည်။



"သွားစမ်းပါကွာ"

"လာစမ်းပါဆို"

ညီအစ်ကိုနှစ်ယောက်၏ ဆွဲအားနှင့် ရုန်းအားက ကြမ်း တမ်း ပြင်းထန်လာသည်။

ဦးစိန်မောင်ဝင့်မှာ သူ့ညီနှင့် ဝေးရာသို့ နောက်ပြန်၍ ဆုတ် မိသွားသည်နှင့်. . .

အ. . . အား. . .

"ဝုန်း. . . ဒုန်း. . . ဒုန်. . . ဒုန်း"

ဆိုသော အော်သံနှင့် ပြင်းထန်သော ရိုက်ခတ်သံများ လှေ ကားထစ်များပေါ်မှ တစ်ထစ်ချင်း လိမ့်ကျသံတို့ကို ဆက်တိုက်ကြား လိုက်ရချိန်မှာ ဖိုးသည် အခန်းတွင်းမှ တအားပြေးထွက်လာပြီး. . .

"ဟင်. . . ဖေဖေ. . . ဖေဖေ လိမ့်ကျသွားပြီ"

ဖိုးက လှေကားထစ်များကို ကျော်၍ပင် ဆင်းခဲ့လေသလား မသိ၊ စက္ကန့်ပိုင်းအတွင်း အောက်သို့ ရောက်ရှိလာခဲ့သည်။

ဖေဖေ ဦးစိန်မောင်ဝင့်သည် လှေကားထစ်များ၏ အောက် ဆုံး လှေကားခုံမှာ ဇက်လိမ်ပြီး ပက်လက်ကြီးဆန့်လျက် ငြိမ်သက် နေ၏။

လှေကားထိပ်မှာတော့ ဦးဦးရွှေမောင်ဝင့်သည် မားမားကြီး ရပ်လျက်. . .

"ဟဲ့ ဘာဖြစ်ကြတာလဲ"

"အို. . . လာကြပါဦး"

"ဆရာဝန် ခေါ်မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံပို့မှထင်တယ်"

စသော စကားသံများနှင့်အတူ အိမ်မှ မှီခိုသူအားလုံး တစ်ယောက် တစ်ပေါက်နှင့် ပြောင်းဆန်အောင် ပြေးကြလွှားကြ အော်ကြဟစ်ကြ။

နောက်ဆုံးတော့ ဆရာဝန်လည်း ခေါ်ဖို့မလို. . .

ဆေးရုံသို့လည်း အချိန်မီပို့ဖို့ မလိုအပ်တော့ပါ။

"ဦးစိန်မောင်ဝင့် အသက်မရှိတော့ဘူး"

ပိုးကို ဖေဖေ့ 'အလောင်း' အနီးမှ ဆွဲခေါ်သွားကြသည်။ ဘယ်သူတွေမှန်း မသိ။

ပိုးရှေ့မှ မြင်ကွင်းများအားလုံး မှေးမှိန်ရွေ့လျားလာကြသည်။ ဘယ်အရာကိုမှ တိကျထင်ရှားစွာ မမြင်ရ။

"ဖေဖေ ဆုံးပြီ"

ဆိုသော သတင်းစကားသည် ပိုး၏ အသိဉာဏ်တည်ရာ ဦးနှောက်နှင့် ခံစားမှုဖြစ်ထွန်းရာ နှလုံးသားတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း မွမွကြေအောင် ခွဲချေဖြိုခွင်းလိုက်ပါပြီ။

"ဒေါ်လှထယ် မေ့လဲသွားပြီတဲ့"

"လုပ်ကြပါဦး။ ဆရာဝန်ကို အမြန်ဖုန်းဆက်ပါ"

ဆိုသော စကားသံများသည်လည်း ကြားနေရာမှ တိုး၍ တိုး၍ သွားပြီး ဝေး၍ ဝေး၍သွားခဲ့ပါပြီ။

ပိုး မြင်နေရသော မထင်မရှားအားလုံးသည် ပျောက်ဆုံး ကွယ်ပျက်ကာ အားလုံး ပိန်းပိတ်အောင် မှောင်နေသော အနက်ရောင်လွင်ပြင်ကြီးအတွင်းသို့ ပိုး ရောက်ရှိသွားခဲ့လေပြီ။

◆ ◆ ◆

## အခန်း(၁၄)

ဆောင်းဦးနှင်းဝေ နံနက်များကို ကျော်ဖြတ်ကာ ဆောင်းနှောင်း နှင်းပွင့်များ နှုတ်ဆက်ထွက်ခွာ၍ နွေဦးကံ့ကော်ဝါတို့ လှိုင်ခဲ့ပြီ။

နွေလယ် အပူတောကိုလည်း ကျော်ဖြတ်ကာ မုတ်သုန်မိုးတော်တို့ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာကြပြန်သည်။

နွေရွက်ဝါ. . . မိုးစက်ပွင့်. . . နှင်းချပ်လွှာ စသည်တို့နှင့်အတူ ကံ့ကော်၊ ပိတောက်၊ စံပယ်၊ သဇင် စသော ရာသီပန်းများတို့သည်လည်း ထာဝရ မပြောင်းလဲသော သစ္စာဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်မှာပင် သုံးကြိမ် သုံးခါ သုံးရာသီသို့ တိုင်ခဲ့ပြီ။

"ဗိုလ်သင်တန်းကျောင်းမှတ်တိုင်မှာ ရပ်ထားမယ် အစ်ကို ရှ. . . ရှိ. . ."

နှုတ်ကလည်းအော်၊ လက်ခေါက်ကိုလည်း မှုတ်လိုက်သဖြင့် ဘတ်စ်ကားက အရှိန်လျှော့ပြီး ထိုးရပ်သွားသည်။

"မြည်းမြည်းဆင်း ပိုး"

www.burmeseclassic.com

www.burmeseclassic.com



ကိုပြည့်ဝန်းက အရင်ကားပေါ်မှ ခုန်ဆင်းပြီး လူကြားထဲမှ ငုံ့ထွက်လာသော ပိုး၏လက်ကို လှမ်းဆွဲ၍ ပြောလိုက်သည်။

ပိုး မြေပြင်ပေါ်ရောက်သည်နှင့် ဟိုင်းလပ်လိုင်းကားသည် လေကဲ့သို့မြန်သော အလျင်နှင့် မော်ဘီဖြိုးလယ်မှ ကားဂိတ်ရှိရာသို့ တရကြမ်း မောင်းနှင်သွားတော့သည်။

ပိုးက လျော့ရဲနေသော ထဘီကို တင်းတင်းပြန်ဝတ်ပြီး စလင်းဘတ်အပျော့လေးကို ပြင်လွယ်လိုက်သည်။

ပိုး ဆိုသည့်အတိုင်း ပိုးသားလေးကဲ့သို့ ဖြူနုဥနေသော အသားအရေကို ပိုင်ဆိုင်သည်။

ပိုး၏ကိုယ်ခန္ဓာမှ အလှများကို တစ်ဆစ်တစ်ပိုင်းစီ အလှသွဲ့ ဖွဲ့နေမယ့်အစား သူ့တစ်ကိုယ်လုံးကို အပြစ်ရှာကြည့်သည်က ပို၍ လွယ်ကူပါလိမ့်မည်။ ရှာစရာအပြစ် နည်းလွန်း၍ ဤကိစ္စက ပို၍ လွယ်ကူမည်။

အပျိုစင်လေး ဖြစ်လာပြီး အပြစ်မဲ့ အလှရှင်မလေး ပိုးတို့ သွားလေရာ နေရာတိုင်းမှာ တွေ့သူတိုင်းက ထပ်ခါ ထပ်ခါ ကြည့်ကြ၊ လှည့်ပြန်လှည့်ကြည့်ကြနှင့်မို့ ကိုပြည့်ဝန်း ပိုးနှင့်အတူ ဘယ်မှ မသွားချင်။

“ပိုး မေမေ့ဘတ်က အမျိုးတွေဆီ သွားချင်လို့ ကိုကို လိုက်ပို့ ပေးပါနော်”

ဟု ပိုးပြောထားသည်မှာ ကြာလှပြီ။

ယခုတော့ ပိုးလည်း ဆယ်တန်းဖြေထားပြီ။

တတိယနှစ် ဘူမိဗေဒကျောင်းသားကြီး ကိုပြည့်ဝန်းက



လည်း တက္ကသိုလ်များ ပိတ်ထားသဖြင့် လိုက်ပို့ပေးခြင်း ဖြစ်၏။

“ဒီဘက်ထင်တယ်နော် ကိုကို”

“အေးလေ၊ မေးကြည့်ကြတာပေါ့”

လက်ယာဘက်လမ်းထဲသို့ ချိုးကွေ့လိုက်ကြသည်။

နှစ်ပေါင်းများစွာကတည်းက ဖြစ်တည်နေသော လူနှစ်ဖက်စာ ညောင်ပင်ကြီးများ၏ အရိပ်က ဝေနေသည်။

“တပ်ကြပ်ကြီး လှမြင့်နဲ့ ဒေါ်ပိုးဖြူ”

ပထမသုံးလေးအိမ်က မသိကြ။ နောက်မှ အနေကြာပုံရသော တပ်ကြပ်ကြီးတစ်ဦး၏ ဇနီးက လမ်းညွှန်သည်။

“သိတယ်. . . သိတယ်၊ မပိုးဖြူက အရင်ဆိုင်လေးတောင် ထွက်သေးတယ်၊ အဲဒီလမ်းအတိုင်း အမရှေ့တည့်တည့်ကို လျှောက်သွား၊ အိမ်ထောင်သည်လိုင်းတွေရှိတယ်၊ မေးလိုက်ရင် ရပါတယ်”

ပိုးတို့ မြေလမ်းလေးအတိုင်း လျှောက်လာခဲ့ကြသည်။ ယာခင်းထွက် ပဲသီးတောင့်၊ ဘူးညွန့်၊ မုန်လာဥ စသည်တို့ကို ရွက်၍ထွက်လာကြသော ခြံလုပ်သား အမျိုးသမီးများ၊ ကျောင်းလာသော ကွားအုပ်များကို ရှောင်ရှား၍ လျှောက်ခဲ့ကြစဉ်. . .

“ထီးဖွင့်ဆောင်းပါလား ပိုး”

“ထီးမှ မပါတာ”

“ဘာလို့မယူခဲ့တာလဲ၊ ဒီလောက်အဝေးကြီး လာရတာကို”

“မိုးတွင်းမှမဟုတ်တာ၊ ကိုကိုကလည်း”

“ဟ. . . ထီးဆိုတာ မိုးစက်ကို ကာကွယ်ဖို့ချည်းမှမဟုတ်တာ၊ နေပူဒဏ်ကိုလည်း ကာကွယ်ဖို့အတွက်ပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ပူနေလို့လား"

"ကိုကိုက သွားနေကျ၊ ပိုး နေပူမှာစိုးလို့"

"ရပါတယ် ကိုကိုရာ"

ဖေဖေ ဆုံးပြီးမှ အစစအရာရာ ပိုးကို ပိုပြီးဂရုစိုက်လာသော ကိုကို့စေတနာကို လေးစားစွာဖြင့် ထီးယူမလာခဲ့မိသည်ကို ပိုး နောင်တ,ရနေမိသည်။

အတွင်းဘက်မှာလည်း အိမ်ထောင်သည်လိုင်းတွေ အများကြီးပါပင်။

ကိုကိုပဲ ဦးဆောင်၍ တစ်အိမ်ပြီးတစ်အိမ် လျှောက်မေးရာမှ နောက်ဆုံးတော့ တွေ့ရပါပြီ။

ခြေတံရှည် ပျဉ်ထောင်အိမ်ကလေးကို နှစ်အိမ်ထောင် နေသာရန် ဆက်တွဲဆောက်ထားသည်။

ကြပ်တည်းဆင်းရဲခြင်းဒဏ်ကို အတော်ခံထားရပုံရသော ပိန်ပိန်လှီလှီ အမျိုးသမီးကြီးက သင်ဖြူးဟောင်းတစ်ချပ်ကို ခင်းပေးပြီး ကိစ္စကို မေးသည်။ သူ့ကိုယ်သူ မပိုးဖြူဟုလည်း ပြောပါ၏။

"အဘကြွယ်. . . အဲ. . . ဦးဘကြွယ် ဆိုတာရော ရှိပါသလားရှင်"

"အဖေ မနှစ်ကပဲ ဆုံးသွားပြီ"

"အို. . ."

"ဘာ. . . ဘာကိစ္စရှိလို့လဲဟင်"

"ဒေါ်ပိုးဖြူမှာ ဒေါ်ပိုးဝါ ဆိုတဲ့ ညီမတစ်ယောက်များ ရှိပါသလားရှင်"



"ဟင်. . . ပိုးဝါ ဟုတ်လား။ ပိုးဝါလည်း သေတာကြာလှပြီပဲ"

"ဟုတ်ကဲ့၊ ပိုးက ဒေါ်ပိုးဝါရဲ့ သမီးပါရှင်"

"အမယ်လေး. . . မြတ်စွာဘုရား"

ဒေါ်ပိုးဖြူက ရင်ဘတ်ကိုနှိပ်ပြီး လန့်ဖျတ်သွားရှာသည်။

"ဟုတ်ပါတယ် ကြီးကြီးရယ်၊ ပိုး မေမေ့ဆွေမျိုးတွေနဲ့ တွေ့ချင်လွန်းလို့ တမင်လာရှာတာပါ"

"အလိုလေးလေ၊ ပိုးဝါရဲ့သမီးလေးက ဒီအရွယ်တောင်ရောက်နေပြီတဲ့လား။ အဖေ. . . အဖေတလေ. . ."

ဒေါ်ပိုးဖြူ မျက်ရည်များ ပေါက်ပေါက်ကျလာတော့သည်။ ဆို့နစ်နေသောရင်ကြောင့် သူ စကားမဆက်နိုင်ရှာတော့ပါ။

ကိုပြည့်ဝန်းက ဝင်ပြီး ပိုးဘက်က အကြောင်းအရာများကို အကျဉ်းချုံး၍ ပြည့်စုံအောင် ပြောပြလိုက်တော့မှ. . .

"အင်း. . . အဖေ ပထမအညာက သူ့ညီမဆီ သွားသေးတယ်၊ နောက်တော့ ကောင်းကောင်းမကျန်းမာတာနဲ့ ဒီကိုပြန်ခေါ်လာတာပါ၊ အဖေဟာလေ သူ့သမီးလေးကို သေတဲ့နေ့အထိ မေ့သွားရှာပါဘူးကွယ်"

ဒေါ်ပိုးဖြူက မျက်ရည်သုတ်ရင်း. . .

"အဖေက သူ့မြေးလေး သေလား ရှင်လား သိပ်သိချင်ရှာတာ၊ ပိုးဝါနဲ့ အောင်သွယ်လုပ်ပေးတယ်ဆိုတဲ့ ပွဲစားကိုတင်လှိုင်ဆိုတာလည်း ဘယ်ရှာရမှန်း မသိဘူး၊ သူ့ကိုတွေ့မှ သူ့မြေးလေး ဘယ်ကိုပို့ထားတယ်ဆိုတာ မေးလို့ရမှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ခင်ဗျာ"

"ကိုတင်လှိုင် ဘယ်နေမှန်းလဲ မသိဘူး၊ တစ်ဆင့်က တစ်ဆင့် ရှာဖို့ရာလည်း ဒီကနေ ရန်ကုန်သွားဖို့ကို အတော်လေး ခက်ခဲတာ၊ ဒါကြောင့် အဖေဟာ သူ့မြေးလေး ရှင်လား သေလား မသိရဘဲနဲ့ သေသွားရရှာပါတယ် တူမလေးရယ်"

ဒေါ်ပိုးဖြူက မျက်ရည်ကျရင်း ပြောပြရှာသည်။ သူ့ညီမ မပိုးဝါသည် ယခု ပိုးကဲ့သို့ပင် သိပ်လှကြောင်း၊ သူ့ဒွေးသားက ရုံးမှာ လက်မှတ်ထိုးသဖြင့် အတည်ယူမည်ပင် ထင်ကြောင်း၊ နောက်တော့ သူ့ဒွေးသား ပေါ်မလာ၍ သားအဖနှစ်ယောက် တောက်ကြွန်ခြံမှာ အရှက်တကွဲဖြစ်ခဲ့ကြရပြီး နောက်ဆုံး ပိုးကို မွေးပြီးသည်နှင့် မပိုးဝါ သေဆုံးသွားကြောင်းများကို ပြောပြရှာသည်။

"ဒါနဲ့ ကြီးကြီးရယ်၊ မေမေ ဒေါ်ပိုးဝါရဲ့ ဓာတ်ပုံလေးများ ရှိသလားရှင်"

"ဪ... အေး၊ ရှိတယ်... ရှိတယ်၊ ငယ်ငယ်က ရိုက်ထားတဲ့ပုံရော အိမ်ထောင်ကျခါနီး ရိုက်ထားတဲ့ပုံပါ ရှိတယ်၊ ခဏလေး၊ ရှာလိုက်ဦးမယ်နော်၊ ဒါနဲ့ ထမင်းစားပြီးခဲ့ကြပြီလား"

"ပြီးပါပြီ ကြီးကြီး၊ ဘာမှဒုက္ခမရှာပါနဲ့၊ ဓာတ်ပုံလေး ရရင်သာ ယူသွားချင်တာပါ"

အိပ်ခန်း နှစ်ခန်း တွဲထားသည်။ အိပ်ခန်းများရှေ့မှာ အခန်းကျယ်တစ်ခု၊ နောက်ဖေးမီးဖိုဆောင် ခပ်ကျဉ်းကျဉ်းတစ်ခု၊ နေစရာက ဒါပဲဖြစ်သည်။ ပြင်ပမြေကတော့ အကျယ်ကြီးပါ။

ဒေါ်ပိုးဖြူ ထွက်လာတော့ ပလတ်စတစ်အိတ်ကလေး



အတွင်းမှာ ဓာတ်ပုံတချို့နှင့် မှတ်ပုံတင် ထည့်ထားသည်။ ဒေါ်ပိုးဖြူက ဓာတ်ပုံ နှစ်ခုကိုရွေးပြီး...

"ရော့... ဒါက ငယ်ငယ်က ကြီးကြီးနဲ့ တွဲရိုက်ထားတဲ့ပုံ၊ ဒါကတော့ သူ့ယောကျ်ား ရိုက်ပေးတာတဲ့၊ အဖေ ပြောဖူးတယ်"

ကျစ်ဆံမြီးနှင့်၊ ရင်ဖုံးအင်္ကျီနှင့် နှစ်ယောက်လက်တွဲ၍ ရိုက်ထားသော ဒေါ်ပိုးဖြူနှင့် ဒေါ်ပိုးဝါတို့ ငယ်ငယ်ကပုံ။

နောက်တစ်ပုံကတော့ ရောင်စုံ။

နှင်းဆီပွင့် ပန်းခင်းများကို နောက်ခံထား၍ ရိုက်ထားသော ရောင်စုံဖလင်နှင့်ပုံ။

"ပိုးနဲ့ တူလိုက်တာနော်၊ လှလိုက်တာ"

ကိုပြည့်ဝန်းက မှတ်ချက်ချလိုက်သည်။

"မိခင်"

ဆိုသော အသိဖြင့် ကြည့်လိုက်တော့ ပိုး၏ရင်တွေ လှပ်လှပ်ခုန်လာသည်။

ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံရရှာသူ၊ လင်မဲ့ မိန်းမဘဝဖြင့် ကိုယ့်ရင်သွေးကို ခက်ခဲပင်ပန်းလွန်းစွာ မွေးဖွားခဲ့ပြီး ငိုရှိုက်ခြင်းများစွာတို့ အဖော်ပြုလျက် ဤလောကမှ ထွက်ခွာသွားရရှာလေသူ။

"မေမေ"

စီးသွယ်ကျဆင်းတော့မတတ် မျက်ဝန်းအိမ်တွင် မျက်ရည်များ ပြည့်လာသော ပိုးကို အကြင်နာရင်ဖြင့် ကြည့်ပြီး...

"ကြာခဲ့ပြီပဲ ပိုးရယ်၊ စိတ်မကောင်း ဖြစ်မနေနဲ့တော့နော်"

"ကိုကိုက မိခင်ရှိတာကို၊ ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောနဲ့လေ ညီမလေး"

ကိုပြည့်ဝန်းက နူးညံ့စွာပြောပြီး ပိုးလက်ထဲမှ ဓာတ်ပုံကို ယူလိုက်သည်။ ဤပုံကို ယူသွားခွင့်ပြုပါရန် ဒေါ်ပိုးဖြူကို တစ်ခါတည်း ခွင့်တောင်းပေး၏။

"မင်း. . . မင်းတို့နှစ်ယောက်က ဘာတော်ကြသလဲဟင်"

"မောင်နှမပါ၊ အဖေတူ မအေကွဲပါ"

"ဪ. . . အေး အေး၊ ဒါလည်း မောင်နှမ အရင်းပဲပေါ့"

ဒေါ်ပိုးဖြူက စိတ်အေးသွားသလို လေသံအေးအေးနှင့် ပြောပြီး. . .

"မင်းတို့မောင်နှမက ရုပ်ချင်းတော့ လုံးဝမတူကြဘူးနော်၊ ဒါနဲ့ မင်းတို့ဖေဖေက ဒီလာတာ သိရဲ့လား"

"ဖေဖေလည်း ဆုံးပါပြီ ကြီးကြီးရယ်"

"အို"

ဒေါ်ပိုးဖြူက ပိုးကို ကြင်နာစွာ ကြည့်လိုက်ပြီး ပခုံးကို ကိုင်လျက်. . .

"ဒါနဲ့ ဘယ်သူနဲ့ နေကြသလဲ၊ တူမလေးက မိထွေးနဲ့ အတူနေရသလားဟင်"

"မဟုတ်ပါဘူး၊ ကိုကိုတို့က တစ်အိမ်ပါ၊ ပိုးက အဘွားနဲ့ ဦးလေးနဲ့ နေရပါတယ်"

"ဪ. . . အေး. . . အေး၊ အဘွား ရှိသေးတာ ကောင်းပါလေ့ကွယ်"

"အဘွားကလည်း ကောင်းကောင်းနေမကောင်းဘူး ကြီးကြီးရဲ့"



"တူမလေးက ပြုစုပေါ့၊ လူကြီးသူကြီးဆိုတာ ပြုစုကောင်းတယ်၊ ပြုစုရခဲတယ်"

"ဟုတ်ကဲ့. . . ကြီးကြီး"

"နေပါဦး၊ တူမလေးနာမည်က"

"ပိုးပါ"

"ဪ. . . ဪ"

"မေမေ မပိုးဝါရဲ့ သမီးမို့ ပိုးလို့ပဲ အလွယ်တကူ ခေါ်လိုက်ကြတာလို့ ပြောပါတယ်"

နောက်ထပ် နာရီဝက်မျှလောက်ကြာအောင် နေဖြစ်သွားရသည်။ ဒေါ်ပိုးဖြူက နွားနို့ပျစ်ပျစ် နှစ်ခွက်ကို ဝယ်၍ တိုက်ကျွေးညှိခံရှာသည်။

ပိုးကဲ့သို့ပင် ဒေါ်ပိုးဖြူမှာလည်း စိတ်လှုပ်ရှားနေရှာသည်။

ပိုးနှင့် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သည့် မောင်နှမသုံးဦးရှိသည်ဟု သိခဲ့ရသည်။ ဘယ်သူ့ကိုမှ ပိုး မတွေ့ရ။

ဒေါ်ပိုးဖြူကို အိမ်သို့ လာလည်ပါဟု ပိုး မဖိတ်ခေါ်ဝံ့။ ဤမှော်ဘီသို့ လာရောက်သည်ကိုပင် အသိမခံဝံ့ခဲ့ကြ။

"ပိုး ထပ်လာခဲ့ပါဦးမယ်၊ ကြီးကြီးကို ငွေနှစ်ရာ ကန်တော့ခဲ့ပါရစေ"

"အို. . . မယူဘူး၊ မယူပါရစေနဲ့ သမီးရယ်၊ ပြန်ယူသွားပါ၊ ပြန်ယူသွားပါ"

ခါးခါးသီးသီး ငြင်းဆန်သည့်ကြားက အတင်းပေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးသည် ကာလကြာမြင့်စွာကပင် လာချင်လှသော မှော်ဘီသို့ ရောက်ခွင့်ရခဲ့ပါပြီ။

ကြီးကြီး ဒေါ်ပိုးဖြူ၏ နွေးထွေးသော ကြိုဆိုမှုမှလွဲ၍ ပိုးအတွက် ထူးထူးခြားခြား ဘာမှမကြုံခဲ့ရပါ။ မိခင်နှင့်အတူ ခါးသီးကြေကွဲဖွယ် ခံစားမှုများကို မျှဝေခံစားခဲ့ရရှာသော အဘိုး ဦးဘကြွယ်လည်း ဆုံးနှင့်ခဲ့ပြီ။

သို့သော်လည်း ယခုခရီးသို့ လာခဲ့မိခြင်းအတွက် ပိုး အမြတ်တစ်ခု ရရှိခဲ့ပါသည်။

ပိုးကို ဝမ်းနှင့်လွယ်၍ မွေးခဲ့ရရှာသော ပိုး၏မိခင်ရင်း 'မပိုးဝါ' ၏ ဓာတ်ပုံတစ်ပုံကို ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထိုခရီးသည် ပိုးဘဝ၏ ကြေကွဲဖွယ်နိဒါန်းများကို ပြန်လည်တူးဖော်ရသော ခရီးမို့ ပိုး၏ရင် ပန်းလျနေရှာသည်ဟူသော အသိဖြင့်. . .

ကိုပြည့်ဝန်းသည် ပိုးကို ခရီးတစ်လျှောက်လုံး အကြင်နာများစွာ ပေးဝေလျက် တယုတယ ခေါ်ဆောင်ကာ ဝင့်ထယ်ခြံကြီးသို့ ပြန်လာခဲ့ကြပါ၏။

◆ ◆ ◆

## အခန်း(၁၅)

ဒေါ်လှထယ်သည် ခုတင်ထက်မှာ ပက်လက်အနေအထားနှင့် ရှိနေသည်။ ခေါင်းအုံးများ ဆင့်ထားသည့်အပေါ်မှာ အိပ်နေ၍ခေါင်းက ခပ်မတ်မတ် ဖြစ်နေပြီး အသက်ရှူလိုက်တိုင်း ရင်အုံကနိမ့်လိုက် မြင့်လိုက် ဖြစ်နေ၏။

ဆံပင်များ တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေပြီး ရှုံ့တွသောအရေများက အရိုးပေါ်၌ တင်နေသည်။

မေမေကြီး၏ ရောဂါသည် ပျောက်ကင်းဖို့ မပြောနှင့် သက်သာလာသည်ပဲ မရှိ။

"ပိုး. . . ပိုး ရောက်နေပြီလား"

မျက်စိမှိတ်လျက်ကပင် ပိုး ထိုင်နေရာ ခုတင်ဘေးသို့ သူ့သက်ကိုရွှေ့ပြီး ပိုး၏လက်ကို ဆုပ်ကိုင်လာသည်။

"ဟုတ်ကဲ့. . . မေမေကြီး၊ ပိုးကို ဘာခိုင်းချင်လို့လဲဟင်၊ ပိုးဘာလုပ်ပေးရမလဲ"

ဒေါ်လှထယ်သည် မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ပြီး ခေါင်းလေး ခေါင်းရမ်းလျက်. . .

"ခိုင်းစရာရှိလို့ မဟုတ်ပါဘူး၊ ပြောစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



ပိုးက ကြုံလိုနေသော သူ့လက်ကို ကိုင်ထားလျက် သူပြောလာမည့်စကားများကို နားစွင့်စောင့်စားနေရ၏။

"အားလုံးကိုတော့ ကမ္ဘာသကာပဲ၊ သူတို့ထိုက်နဲ့ သူတို့ကံ ရှိကြပစေတော့"

"မမကြီး ဘာပြောတာလဲဟင်"

"အားလုံးဆိုတာ အိမ်သားအားလုံးကိုပါ"

ပိုး ငြိမ်သက်စွာ စောင့်စားနေလိုက်သည်။ ဘာစကားမှ ဝင်၍မပြော။

ဒေါ်လှထယ်သည် အားလျော့မှေးမှိန်သော အကြည့်များဖြင့် ပိုးကို စိုက်ကြည့်ပြီး သက်ပြင်းချ၏။

"ဒီမြေးမလေးအတွက် ဘွားဘွား စိတ်ထင့်နေမိတယ်ကွယ်"

ဒေါ်လှထယ်က ကိုယ်ကို စောင်းငဲ့လိုက်ပြီး. . .

"သားကြီး ဆုံးကာစကတော့ ဘယ်တရားနဲ့မှ ဖြေလို့မရခဲ့ဘူး၊ အငယ်ကောင်ကိုလည်း နာကျည်းမိတယ်လေ၊ ဒါပေမဲ့ ခုလို အချိန်ကြာလာတော့လည်း ကံရဲ့စီမံရာပဲလို့ ဖြေလို့ရလာပါပြီ၊ ပြုသူ အသစ် ဖြစ်သူအဟောင်းပေါ့လေ၊ ဒီသံသရာကြီးလည်နေသရွေ့ ခုလိုဒုက္ခတွေ၊ သောကတွေ၊ ပရိဒေဝတွေ ကြုံနေရဦးမှာပဲ၊ သားငယ်ကို မမကြီး ခွင့်လွှတ်နိုင်ပါပြီ၊ သားကြီး သေဆုံးရတဲ့အကြောင်း ပိုးကတစ်ဆင့် သိခွင့်ရတုန်းကတော့ မရှုစုံတမယ်ပါပဲလေ၊ ဟိုမှာလည်းသား၊ ဒီမှာလည်းသား မဟုတ်လား"

"ဖြည်းဖြည်းပြောပါ မမကြီးရယ်"



"အင်း. . . ခုတော့လည်း အားလုံးကို ခွင့်လွှတ်ပါပြီကွယ်၊ သားလေးက ဒီကိစ္စကြောင့်ပဲ မမကြီးအနား သိပ်မကပ်တာလား၊ အမြဲအရက်စွဲနေတဲ့အတွက် မိခင်နား မကပ်ချင်တာလားတော့ မပြောတတ်ပါဘူး၊ ရှိပါစေ. . . ရှိပါစေတော့လေ၊ တွယ်သမျှ သံယောဇဉ်တွေလည်း ပယ်ချင်လှပါပြီ၊ သားရယ် မြေးနှစ်ယောက်ရယ်က ယောကျ်ားလေးတွေမို့ ကိစ္စမရှိဘူး၊ မမကြီး စိတ်မချတာ ပိုး"

"အို. . . မမကြီးရယ်၊ ပိုးကို ထည့်မစဉ်းစားပါနဲ့၊ ဦးဦးက အစ အားလုံးနဲ့ ပြေလည်အောင် ပိုး နေပါတယ်"

"သိတယ်၊ အဲဒီလို လိမ္မာလို့ ပိုးအတွက် စီစဉ်ပေးခဲ့ချင်တာပေါ့၊ ပိုးမှာ ရည်းစားရှိသလား"

"ဟာ. . . မမကြီးကလည်း မဟုတ်တာ"

"ဒါဖြင့် သင့်တော်တဲ့လူနဲ့ မမကြီး ပေးစားခဲ့ချင်တယ်၊ ပိုး လက်ခံမလား"

"အို. . . မမကြီးကလည်း ဒီအကြောင်း ပိုး တစ်ခါမှ စဉ်းစားမကြည့်မိသေးပါဘူး၊ မကြာခင် အောင်စာရင်းလည်း ထွက်တော့မှာပဲ၊ ပိုး တက္ကသိုလ် ဆက်တက်ချင်ပါသေးတယ်"

"အင်း၊ ဘွဲ့တစ်ခုကတော့ ဘယ်လိုနည်းနဲ့ပဲယူယူ ရနိုင်ပါတယ်လေ၊ အရေးကြီးတာက မိန်းကလေးတစ်ယောက်အတွက် ဘဝ အခြေချနိုင်ဖို့ပဲ"

ဒေါ်လှထယ်သည် လေးနက်သော စကားကို ဖြည်းဖြည်းချင်း ဆက်၍ပြောပြန်သည်။

"ငါ့မြေးလေးမှာ မမကြီးကလွဲလို့ အားကိုးစရာ မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေမောင်ဝင့်ကဆို အိမ်တောင် မကာဝ်တော့ဘူး၊ ဟိုပြဿနာဖြစ်ပြီး
နေ့ရောညပါ အရက်မှအရက် ဖြစ်နေပြီလေ”

ပိုးအတွက် သူ့သားငယ်နှင့် အတိုက်အခံ ပြုလုပ်ပြီး ရဲ့ပြတ်
သားစွာ ပိုးကို မွေးပေးခဲ့သော ပိုး၏မေမေကြီး ဒေါ်လှထယ်ကိုဖြင့်
ပိုး ပြန်ပြီးငဲ့ညှာရပါမည်။ ပိုး၏ဖေဖေမှာ ဦးဦးနှင့် စကားများရာမှ
လိမ့်ကျသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း မေမေကြီးမှလွဲ၍ ဘယ်သူ့ကို
ပြောမပြခဲ့။ မေမေကြီးကို ပေးအပ်ခဲ့သည့် ကတိအတိုင်း ကိုကို့ကိုပင်
ဒီနေ့ထက်အထိ ပိုး ပြောမပြခဲ့ပါ။

“ပိုး”

“ရှင် ပြောပါမေမေကြီး”

“မေမေကြီးဟာ တစ်သက်လုံး ချမ်းချမ်းသာသာ နေလာခဲ့
ပေမယ့် သားကြီးအတွက် သားငယ်အတွက် ဖြစ်လိုက်ရတဲ့ သော
တွေ၊ အင်း. . . အခုလိုဘဝရဲ့ နောက်ဆုံးအချိန် ရောက်လာ
စိုးရိမ်သောက ဖြစ်စရာတွေက ပိုများလာလေပါပဲလား”

“ပိုး ဘာလုပ်ပေးရမလဲ မေမေကြီး”

“ပိုး လုပ်ပေးစရာမလိုပါဘူး၊ မေမေကြီး လုပ်ပေးခဲ့ချင်တာ
တွေကိုသာ ပိုး နာခံရုံပါပဲ”

ငါ့ကို အတင်းယောကျ်ားပေးစားမှာလား ဆိုသော သံသ
သောကဖြင့် ပိုး စိုးရိမ်စွာ စောင့်စားနေဆဲ၊ ဒေါ်လှထယ်သ
ပိုး၏လက်မောင်းရင်းကို ဆွဲယူပြီး ပိုး၏မျက်နှာကို သူ့မျက်နှာနား
ကပ်လာစေသည်။

“ပိုးကို မေမေကြီးရဲ့ စိန်တွေ ရွှေတွေ ပေးခဲ့ချင်လို့”



“ဟင်. . .”

“ဘယ်သူမှ မသိအောင် မေမေကြီး သိမ်းဆည်းစုဆောင်း
ထားတဲ့ ပစ္စည်းတွေ၊ အဲဒါတွေအားလုံး ပိုးကို ပေးခဲ့မှာ”

“အို. . . မေမေကြီးရယ်၊ ဦးဦးတို့ အန်တီနွဲ့တို့က ဘယ်
တျေနပ်ကြပါ့မလဲ”

“ဒါတွေ သမီးအနေနဲ့ ဘာမှပြောနေစရာ မလိုဘူး၊ ဘာမှ
သည်း စိုးရိမ်နေစရာ မလိုဘူး၊ မေမေကြီးရဲ့ အတွင်းပစ္စည်းတွေကို
သားတွေ မပြောနဲ့ သမီးရဲ့ ဖေဖေကြီးတောင် အကုန်သိမသွားဘူး၊
မိန်းမဆိုတာ ဒီလို စုတတ် ဆောင်းတတ်ရတယ်”

ကိုင်းနေသော ကိုယ်ကို ပြန်မတ်ပြီး ဒေါ်လှထယ်ကို အံ့ဩ
စွာ ပိုး ကြည့်နေမိသည်။

“သားကြီးကလည်း စံစားမသွားရရှာဘူး၊ သားငယ်က
သည်း ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး၊ ချွေးမနွဲ့နွဲ့ကိုလည်း မေမေကြီး
သိပ်ကြည့်မရဘူး၊ ကဲ. . . ပိုး၊ အခန်းတံခါး သွားပိတ်စမ်း၊ ပြတင်း
ပေါက်ပါ ပိတ်လိုက် ပိုး”

ပိုးက သူခိုင်းသည့်အတိုင်း နာခံစွာ ဆောင်ရွက်ရသည်။

မှန်ပြတင်းမှာ အကြည်မဟုတ် မှန်အနောက်များဖြစ်၍
အတွင်းအပြင် ထွင်းဖောက်၍ မမြင်သာသော်လည်း အလင်းရောင်
တော့ ကောင်းစွာရနေသည်။

“ခုတင်အောက်က သံသေတ္တာကို ဆွဲထုတ်စမ်း သမီး၊ နည်း
နည်းတော့ လေးတယ်”

ပိုးက ကြမ်းပြင်မှာ ဆောင့်ကြောင့်ထိုင်ပြီး အစိမ်းရောင်

www.burmeseclassic.com

www.burmeseclassic.com



သုတ်ထားသော သံသေတ္တာလေးလေးကြီးကို မနည်းအားနှင့်ဆွဲထုတ်ရသည်။

"ရော့. . . ဒီသော့နဲ့ဖွင့်"

ခေါင်းအုံးအောက်မှ ဆွဲထုတ်လိုက်သော သော့တွဲထဲမှ ကြေးသော့တစ်ချောင်းကို ဆွဲထုတ်၍ပြရင်း ပေးသည်။

ပိုးက သော့ခတ်ပြီး သေတ္တာကို ဖွင့်လိုက်တော့ သားရေအဖုံးများနှင့် အခန့်ချုပ်ထားသော တရားစာအုပ်များ၊ မိုးကုတ်ဝိပဿနာနှင့် ဝိပဿနာရှုနည်းတရားစာအုပ်များကို တွေ့ရသည်။

'အဲဒါ မေမေကြီးရဲ့ ရတနာသိုက်ပဲ' ဒေါ်လှထယ်သည် သားကြီး ဦးစိန်မောင်ဝင့် ဆုံးပြီးသည်မှ ယနေ့ထိတိုင် ဘယ်လူမှုရေး မသွားမလာတော့ဘဲ တရားကိုသာ အားထုတ်နေတော့သည်။ ယခုတော့ မကျန်းမာတာ နှစ်လကျော်ခဲ့ပြီ။

"လက်ယာဘက်ထောင့်က စာအုပ်တွေကို ဖယ်လိုက်စမ်း သမီး"

သူခိုင်းသည့်အတိုင်း လုပ်လိုက်တော့ ပုဆိုးစုတ်အပြာကွက်နှင့် ချုပ်ထားသော ခပ်မာမာ အရာတစ်ခုကို တွေ့ရသည်။

"အဲဒါ ထုတ်လိုက်"

ခုတင်ပေါ်မှ တစောင်းလှဲ၍ ညွှန်ကြားနေ၏။

စာအုပ်ထူများကြားမှ မနည်းမ,ပြီး ထုတ်လိုက်တော့ သေတ္တာငယ်လေးတစ်လုံး ဖြစ်နေကြောင်း စမ်းသပ်မိသည်။

"စာအုပ်တွေကို နေရာတကျ ပြန်ထား၊ သော့ခတ်ပြီး ပြန်သွင်းလိုက်တော့ သမီး"



အားလုံး နေသားတကျ ဖြစ်သွားချိန်မှာ ပုဆိုးဟောင်းကို အိတ်လုပ်ပြီး ထိပ်က အပ်နှင့် ချုပ်ထားသော သေတ္တာငယ်ကို သူ့ခုတင်ပေါ် တင်လိုက်ရသည်။

"ချုပ်ရိုးတွေ ဖြည်လိုက် သမီး"

အပ်ချည်ထိပ်တစ်စကို ပါးစပ်နှင့် ကိုက်ဖြတ်ပြီး သီထားသော အပ်ချည်များကို တစ်ချက်ချင်း ဖြည်လိုက်တော့ အတွင်းမှ တစ်ပေခွဲပတ်လည်ခန့်ရှိ ကြေးသေတ္တာတစ်လုံး ထွက်လာသည်။ ဒေါ်လှထယ်က သူ့ အိပ်ရာပေါ်မှ သေတ္တာငယ်လေးကို သူကိုယ်တိုင် သော့ခတ်၍ဖွင့်လိုက်သည်။

စိန်ကတ္တီပါ အပြာရောင်နှင့် အုပ်ထားသည်ကို လှပ်ဖယ်လိုက်တော့. . .

"အို"

ပြိုးပြိုးပြက်ပြက် ရောင်စဉ်များ ထွက်နေသော ရွှေနှင့် စိန်တွေ. . .

"အဲဒါ မေမေကြီး မိဘလက်ထက်ကတည်းက အမွေရထားတဲ့ စိန်တစ်ကိုယ်စာ၊ ရွှေတုန်းကတော့ ဆံထုံးမှာ စိုက်ရတဲ့ စိန်ဘီးထုပ်တို့ စိန်ပန်းခိုင်တို့ ပါပါတယ်၊ အဲဒါနဲ့ စိန်ကြယ်သီးကတော့ သမီးတော်စရာ မလိုဘူး၊ ကျန်တဲ့ စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်လက်ကောက်တစ်ရံနဲ့ စိန်ကြိုးကတော့ သမီး ဝတ်လို့ရတယ်၊ ပြီးတော့ အခေါက်ရွှေတွေက သုံးဆယ်သားကျော်မယ်"

"ဟာ. . . အဲဒီလောက် အဖိုးတန်တဲ့ ပစ္စည်းတွေ ပိုး သေ သိုလုပ်ပြီး ထိန်းသိမ်းတတ်ပါ့မလဲ မေမေကြီးရယ်၊ မေမေကြီးဆီမှာပဲ ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီးဆီမှာ ထားရင် အားလုံးပိုင်ဆိုင်တဲ့အမွေ ဖြစ်သွားမှာပေါ့၊ ပိုးတစ်ယောက်တည်းကိုပဲ ပေးချင်လို့ အခုလိုကြိတ်ပြီး ပေးတာပေါ့ကွယ်"

ပိုး ရင်တွေ ထိတ်ထိတ်ခုန်လာသည်။ ဤပစ္စည်းများကို ရရှိမည် ဆိုခြင်းအတွက် ပျော်ရွှင်သွားခြင်း မဟုတ်ပါကြောင်း ပိုး ကျိန်ဆိုဝံ့ပါသည်။ ဒီလောက် သိန်းပေါင်းများစွာ တန်ဖိုးရှိမည့် ပစ္စည်းများကို ဘယ်သူမှ မသိအောင် ပိုး ယူမထားရဲပါ။

"ကဲ. . . ဒါကိုတော့ လုံခြုံအောင် ထိန်းသိမ်းထားပေတော့ ပိုး၊ အကောင်းဆုံးကတော့ တွင်းနက်နက်တူးပြီး မြှုပ်ထား၊ ဘယ်သူမှ မမြင်ဖို့ အရေးအကြီးဆုံး"

"ဟာ. . . ဒုက္ခပါပဲ၊ ပိုး ကြောက်တယ်"

"ဘာကို ကြောက်တာလဲ"

"မသိဘူး၊ အားလုံးကိုပဲ ကြောက်တာ မေမေကြီးရဲ့"

အပျိုဦးအရွယ်လေး ပိုးအတွက် အတွေ့အကြုံသစ် ဖြစ်နေ၍ စိတ်လှုပ်ရှားနေရှာသည်ဟု ဒေါ်လှထယ် သိ၏။ ကတ္တီပါ အဝတ်စကို ပြန်ဖုံး၊ ကြေးသေတ္တာကို သော့ပြန်ခတ်ပြီး ပိုး၏လက်ထဲသို့ သော့ကို ထည့်သည်။ ပိုး၏ လက်ခုံလေးကို ဆုပ်ထားရင်း. . .

"မေမေကြီး ခြေရင်းက မီးခံသေတ္တာထဲမှာ မေမေကြီး လက်ဝတ်လက်စားအချို့နဲ့ ငွေတွေရှိသေးတယ်၊ အဲဒါရယ် ဒီခြံနဲ့ တိုက်သုံးလုံး၊ စက်တွေကိုတော့ သားနှစ်ယောက်အတွက် အညီအမျှ ခွဲယူကြပေါ့၊ နွဲ့နွဲ့စိုးက အလည်ပါ၊ ရှိသမျှ ထက်ဝက်ရအောင် သူ ယူလိမ့်မယ်၊ အဲဒီအထဲက တစ်ဝက်ကိုမှ သမီး ပိုး ရမှာ၊ သူလား အပြည့်အဝ ပေးမှာ"



ဒေါ်နွဲ့နွဲ့စိုးကို ဒေါ်လှထယ် လုံးဝကျေနပ်ပုံ မရပါ။

"ဒါကြောင့် အတွင်းပစ္စည်းကို သူပေးသလောက်ပဲ ယူလိုက်တော့၊ ကြားလား ပိုး"

ပိုး အသံပင် မထွက်နိုင်တော့ပါ။ ခေါင်းညိတ်၍သာ ပြရပါ၏။

"မေမေကြီးမှာ သားသမီးကံ မကောင်းဘူး သမီးရယ်၊ အကြီးဆုံး သမီးလေးကျပြန်တော့လည်း ဆုံးသွားတယ်၊ သားနှစ်ယောက်ကလည်း တစ်ယောက်တစ်မျိုး ဆိုးကြတယ်၊ သားကြီးမှာတော့ လိမ္မာမယ်ကြံကာရှိသေးတယ် ဘဝကူးသွားရရှာပြီ၊ နောက်ဆုံးတော့ သတ္တဝါတိုင်းဟာ အတိတ်က ပြုခဲ့ကြတဲ့ ကံစီမံရာအတိုင်း ဖြစ်ပျက်ကြရတာပေါ့လေ၊ သားကြီးနဲ့ သားငယ်တို့ရဲ့ ပဋိပက္ခကိစ္စကို ပိုးက ဘယ်သူ့ကိုမှ ဖွင့်မပြောပြတာ မေမေကြီး ပိုးကို အိပ်ကျေးဇူးတင်ပါတယ်ကွယ်"

ဖခင်ကြီး လိမ့်ကျသည့်နေ့က ချောက်ချားဖွယ် မြင်ကွင်းကို ဦး ပြန်လည်မြင်တွေ့နေမိသည်။ ဖခင်၏ မေတ္တာငွေ့ကို ခိုလှုံခွင့်ရရှိစဉ်ကာလမှာပင် ပြန်လည်ပျောက်ဆုံးခဲ့ရသည်။

မေမေကြီး အတန်တန် အထပ်ထပ် တောင်းပန်၍သာ ပိုး နှုတ်ဆိတ်ထားရခြင်း ဖြစ်သည်။ နောက်တစ်ခုက ဤကိစ္စကို ဒေါ်နွဲ့နွဲ့စိုး မသိစေချင်၍လည်း ပိုး မပြောဘဲ နေဖြစ်ခဲ့ရခြင်းပါ။

ကိုကို့ကိုတော့ တစ်နေ့နေ့မှာ ပြောပြမည်ဟု ပိုး ဆုံးဖြတ်ထားဆဲပင်။ ကိုကိုမှတစ်ဆင့် ဒေါ်နွဲ့နွဲ့စိုး သိမှာလည်း စိုးရိမ်မိ၏။

"မေမေကြီး အသက်လည်း ခုနစ်ဆယ်ကျော်ပြီ၊ နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ရောဂါနဲ့ ဆီးချိုရောဂါကလည်း ဖိစီးနေပြီမို့ မမကြီးရဲ့ နောက်ဆုံးအချိန်ဟာ မဝေးတော့ဘူးဆိုတာ သိလို့. . .”

“အို. . . ဒီလိုမပြောပါနဲ့ မမကြီးရယ်”

“သြော်. . . ဒါက လူတိုင်း ရင်ဆိုင်ရမယ့်ကိစ္စပါ သမီးလေးရယ်၊ တရားမသိကြလို့သာ ငိုကြ ရယ်ကြ၊ ဝတ်ကြ စားကြ၊ ရှေ့လုပ်ငန်းစဉ်ကြီးတွေ ချကြနဲ့ လုပ်နေကြတာပါ၊ တကယ်တော့ ခုလို လူဖြစ်ရတာဟာ သံသရာခရီးရှည်ကြီးအတွင်းက တစ်ထောက်နားရတဲ့ တစ်ဘဝတာ အချိန်တိုလေးပါပဲ”

ပိုးသည် မမကြီး၏ ဆိုလိုရင်း အဓိပ္ပာယ်ကို နက်နဲစွာ မတွေးတတ်သေး။

“မမကြီးတို့အားလုံးဟာ ဘဝများစွာကို ဖြတ်သန်းလာခဲ့ကြတဲ့ သံသရာခရီးသည်တွေ၊ ပြီးတော့ ဘဝများစွာကို ဖြတ်သန်းဦးထပ်မံတွက်ခွာသွားရဦးမယ့် သံသရာခရီးသည်ကြီးတွေပါပဲ၊ ဒါကြောင့် ဘဝတွေတိုပြီး နိဗ္ဗာန်နဲ့နီးအောင် မမကြီး တရားအားထုတ်နေတာပေါ့ကွယ်”

စကားတွေ ပြောရလွန်းသဖြင့် ပန်းလျသွားလေသော်လည်း ဒေါ်လှထယ်က မနားသေးဘဲ. . .

“ဒါနပါရမီပါအောင် ဇီဝိတဒါန သံယာ့ဆေးရုံ အပါအဝင် ကျောင်းကန်ဘုရားတွေအတွက် ငွေတစ်သိန်း လှူခဲ့ပြီးပါပြီ၊ ကိုအောင်ဝင့် ရှိစဉ်ကလည်း ကျောင်းဆောက်၊ ဇရပ်ဆောက်၊ သိမ်ဆောက် ရဟန်းခံတာတွေ လှူခဲ့ပြီးပါပြီကွယ်၊ အခုကျန်တဲ့ ပစ္စည်းတွေကိုတော့ သားမြေးများ အမွေရကြပါစေတော့၊ ဒီအထဲက အားကိုးရာမဲ့နေရှာ



တဲ့ မြေးလေး ပိုးအတွက် ဒီနေ့ ဒါကိုပေးပြီးရင် မမကြီးရဲ့ ဝတ္တရားတွေ ပြီးပါပြီ”

“မမကြီး မောနေပါပြီ၊ နားပါဦး”

“ပြောစရာရှိသေးတယ် သမီး၊ ဒီပစ္စည်းတွေကိုတော့ သမီးအသေအချာ ထိန်းသိမ်းစောင့်ရှောက်နော်၊ ကြားလား၊ သန့်စင်တဲ့ ပစ္စည်းတွေပါကွယ်၊ အလဟဿ မကုန်ခမ်းပါစေနဲ့၊ ပြီးတော့. . .”

ဒေါ်လှထယ်မှာ တစ်ဘက်သို့ ရှေ့စောင်းလိုက်ပြီးမှ. . .

“ပိုးကို မမကြီး မသေခင်မှာ အိမ်ထောင်ချပေးခဲ့ချင်တယ်၊ ဒီမိတ္တေးနဲ့ ဒီဦးလေးနဲ့ မလွယ်ဘူး”

“သမီးကို သိပ်ချစ်တဲ့ သမီးကိုကိုအရင်း ရှိပါသေးတယ် မမကြီးရယ်”

“မောင်နဲ့ နှမ ဆိုတာကလည်း အိမ်ထောင်ကွဲသွားကြရင် သူစိမ်းထက် ဆိုးတာတွေ အများကြီးပါ၊ ပြီးတော့ သူ့အမေကလည်း မဟန်ဘူး ပိုး၊ ပိုးတို့အရွယ်ကတော့ ရှေ့တိုကြိုပြီး မမြင်တတ်ကြဘူးလေ၊ မမကြီးကတော့ ပိုးကို တို့များ မိတ်ဆွေရင်းဖြစ်တဲ့ သံအမတ်ကြီး ဦးထွန်းအောင်စံရဲ့ သားလေး ‘မောင်စွမ်းထက်’ နဲ့ နေရာချထားပေးခဲ့ချင်တယ်”

“မောင်စွမ်းထက်. . .”

မောင်စွမ်းထက်နဲ့တဲ့။

◆

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှထယ်၏ အခန်းမှ ပြန်လာချိန်တွင် သိန်းပေါင်းများစွာ တန်သည်ဆိုသော စိန်ရွှေရတနာသေတ္တာကို ပိုက်လျက် အပေါ်ထပ်သို့ တက်ခဲ့သည်။

ပိုး ငယ်စဉ်က နေရသော အခန်းကျဉ်းလေးထဲမှာ မဟုတ်တော့။ ပိုး၏ နေရာဟောင်းလေးကို စတိုခန်းလုပ်ထားပြီး ပိုးအတွက် အပေါ်ထပ်မှာ အိပ်ခန်းကျယ်တစ်ခု ရရှိထားသည်။

အရှေ့ဘက် ဘုရားခန်းဘေးတွင် မောင်လေးမြတ်သူမောင်က အိပ်ပြီး နောက်ဘက်အိပ်ခန်းကျယ်ကို ပိုးအတွက် ပေးထားသည်။

အောက်ထပ်မှာတော့ ဦးဦးရွှေမောင်ဝင့်နှင့် မေမေကြီး။

ကိုကိုနှင့် ဒေါ်နွဲ့နွဲ့ ဖိုးတို့ကတော့ သူတို့တိုက်ကလေးမှာပင်။

ပိုးမှာ ကိုယ့်အခန်း ပြန်ရောက်ပြီး အပေါ်ထပ်၌ ဘယ်သူမှ မရှိမှန်း သိပါလျက်နှင့် အခန်းတံခါးကို အသေအချာ ပိတ်နေမိသည်။ သူ့ရင်ခွင်တွင်းမှ ကြွေးသေတ္တာကို ဘယ်နေရာထားရမှန်းမသိ။ ပိုး ဥစ္စာခြောက်နေပြီ။

နောက်ဆုံးမှာမှ ဗီရို၏ အောက်ဆုံးဆင့်၌ထားပြီး အပေါ်က အနွေးထည် ဆွယ်တာအိတ်များနှင့် အုပ်မိုးထားလိုက်သည်။

ပိုး အိပ်ရာပေါ်သို့ နွမ်းလျပင်ပန်းစွာ လဲလျောင်းလိုက်ပြီး မေမေကြီး ပြောစကားများစွာထဲမှ စကားစုလေးတစ်ခုကိုသာ ပဲ့တင်ထပ်စွာ ထပ်ခါ ထပ်ခါ ပြန်၍ကြားနေ၏။

သံအမတ်ကြီး ဦးထွန်းအောင်စံရဲ့သားလေး မောင်စွမ်းထက်နဲ့ နေရာချထားပေးခဲ့ချင်တယ်။



မောင်စွမ်းထက်နဲ့ နေရာချထားပေးခဲ့ချင်တယ်။

မောင်စွမ်းထက်နဲ့. . .

မောင်စွမ်းထက်နဲ့. . .

ပိုးသည် လှုပ်ရှားလွန်းသောရင်ကို ခေါင်းအုံးနှင့် ဖိပိုက်ထားလိုက်ရသည်။

ဦးထွန်းအောင်စံ ဆိုသည်မှာ ပိုးတို့နှင့် လေးခြံကျော် နေထိုင်သူ ဖြစ်၏။ လက်ရှိသံအမတ်ကြီးရာထူးဖြင့် နိုင်ငံတကာသို့ လှည့်လည်၍ တာဝန်ထမ်းဆောင်နေရဆဲ ဖြစ်သည်။

စွမ်းထက် ဆိုသည်ကိုတော့ ခပ်ငယ်ငယ်က တွေ့ဖူးသည်။ နောက်ပိုင်းမှာ သတိမထားမိ။ သူတို့ ဒီဝင်ဒါမီယာခြံမှာပဲလား၊ နိုင်ငံခြားမှာလားဟု ပိုး မသိ။

"မေမေကြီးက ငါ့ကို ဒီမှာမနေရအောင် မောင်စွမ်းထက်ဆိုတာနဲ့ လက်ထပ်စေချင်တာလား မသိဘူး"

မေမေကြီး စိတ်ပူသလို ဦးဦးနဲ့ အန်တီနွဲ့တို့က မကောင်းထာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ငါ့ရဲ့အနွံတာကိုခံပြီး ငါ့ကို သိပ်ချစ်ရှာတဲ့ ငါ့ရဲ့ကိုကိုတစ်ယောက်လုံး ရှိပါသေးတယ်လေ။

ထိုညက ပိုး အိပ်မရတော့ပါ။

ပိုး၏ အတွေးထဲတွင်. . .

"ကိုကို"

"မောင်စွမ်းထက်" နှင့်. . .

"ရတနာသေတ္တာ" တို့က ရှုပ်ထွေး မွှေနှောက်နေကြသည်။

ရတနာသေတ္တာကို ဘယ်နေရာမှာ သိမ်းမြှုပ်ထားရပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုစွမ်းထက်ကို ငါ လက်ထပ်မယ်ဆိုရင် ကိုကိုက သဘောတူပါ့မလား"

"ကိုကို သဘောတူတာ မတူတာထက်ကို ငါကိုယ်တိုင်က ကျောင်းတက်ချင်သေးတယ်၊ ယောကျ်ား မယူချင်သေးဘူး"

ထိုညက အတွေးပေါင်းစုံတို့သည် ပိုး၏ အိပ်ချင်စိတ်ကို တွန်းဖယ်နှင်ထုတ်ပစ်လိုက်ကြသည်။

◆ ◆ ◆

## အခန်း(၁၆)

ဦးရွှေမောင်ဝင့်သည် သူပိုင်ဆိုင်ရာ လက်ဝဲဘက်မှ တိုက်ငယ်အတွင်း၌ တစ်ယောက်တည်းထိုင်ရင်း အရက်သောက်နေသည်။

ယခုအချိန်မှာတော့ အရက်သည် ဦးရွှေမောင်ဝင့်၏ အကောင်းဆုံးမိတ်ဆွေလည်း ဖြစ်၏။ အရင်းနှီးဆုံးသူလည်း မည်၏။ အမြတ်နိုးဆုံးသော ချစ်သူဟုလည်း သတ်မှတ်၍ ရပါ၏။

ပယင်းရောင် ဂျော်နီလမ်းလျှောက်ကို အကြိုက်ဆုံး အရက်အဖြစ် သတ်မှတ်ထားရသည်။ ထိုထက်ပို၍ နှစ်သက်သည်ကတော့ ဘလက်လေဘယ်လ် ခေါ် အမည်းရောင် ဂျော်နီဝါးကားပါ။ ဈေးကအဆမတန် ကြီးမြင့်နေသဖြင့် ဘလက်လေဘယ်လ်ကိုဖြင့် မသောက်နိုင်တော့ပါ။

လူသေနိုင်သော မက်သနောလို ရရာ ကြုံရာများနှင့် ရောထားသော အရက်ဖြူသောက်မိ၍ သေဆုံးသူတွေ မရေမတွက်နိုင်အောင် များပြားနေသော အချိန်မှာ ဂျော်နီဝါးကား သောက်နိုင်သည့် ဦးရွှေမောင်ဝင့်၏ သုံးနိုင်ဖြုန်းနိုင်သော နှုန်းကလည်း နှယ်နှယ်ရရမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမောင်ဝင့်သည် အလုပ်ကိုလည်း တိကျတာဝန်ကျေစွာ မဆောင်ရွက်နိုင်။ သစ္စာရှိသော တပည့်များ ရှိနေ၍သာ လုပ်ငန်းများ လည်ပတ်နေပြီး ဝင်ငွေရှိသင့်သလောက် ရှိနေခြင်းသာ ဖြစ်၏။

ဒေါ်လှထယ်ကလည်း ငွေဝင်ငွေထွက်ကို သိပ်ပြီးမကွပ်ကဲတော့ပါ။ စားစရိတ် သုံးစရိတ်ကို သူ့မီးခံသေတ္တာထဲမှ ထုတ်ပေးနေသည်။

ဦးရွှေမောင်ဝင့် ရသည့်အထဲမှ သူ့မရီး ဒေါ်နွဲ့နွဲ့စိုး သုံးဖို့တစ်လ သုံးထောင် ပေးရသည်။ သူ့သား မြတ်သူမောင်၏ ကျောင်းစရိတ်၊ သူ့အရက်ဖိုးနှင့် ကားနှစ်စင်းအတွက် ဓာတ်ဆီ၊ ဒရိုင်ဘာ၊ ကားပြင်ခ စသော ကုန်ကျစရိတ်များကို သူ တာဝန်ယူရသည်။ အားလုံးအတွက် တစ်လလျှင် တစ်သောင်းခွဲနှင့် နှစ်သောင်းကြားကုန်ကျသည်ကို ကာမိနိုင်သော ဝင်ငွေများ ရှိနေဆဲပင်။

ဦးရွှေမောင်ဝင့်၏ ဘဝသည် တစ်လျှောက်လုံး ဘာအတိမ်းအစောင်းမှ မရှိခဲ့။ ချောပြေသိမ်မွေ့သော ဘဝလမ်းကို နူးညံ့ညင်သာစွာ လျှောက်လှမ်းခွင့် ရခဲ့သည်။

သူ့အချစ်ဦး မြတ်မြတ်သူကို လက်ထပ်ခွင့်ရပြီး ပေလီသို့ ဟန်းနီးမွန်း ထွက်ခဲ့ရသော ကာလသည် ဦးရွှေမောင်ဝင့်ဘဝ၏ နောက်ဆုံးပျော်ရွှင်ခွင့်ရသော ကာလများ ဖြစ်ချေသည်။

ပေလီမှ ပြန်လာသောနေ့မှာပင် ပိုး အိမ်သို့ရောက်လာပြီး ပိုးနှင့်အတူ ဦးရွှေမောင်ဝင့်အတွက် ကံကြမ္မာဆိုးသည်လည်း အလုံးအရင်းနှင့် အင်အားပြည့်စွာ ဝင်ရောက်လာခဲ့သည်။

မြတ်မြတ်သူသည် စိတ်ကြီးသော၊ အစွဲအလမ်း လွန်ကဲ



သော မိန်းမဖြစ်၍ ဘယ်လိုရှင်းပြ၍မှ မရဘဲ နောက်ဆုံးအချိန်အထိ သူ့ကို ခါးသီးစွာ နာကြည်းရင်း လူ့လောကမှ ထွက်ခွာသွားခဲ့သည်။

သားလေးကြောင့် ဤဝင့်ထယ်ဂေဟာသို့ ပြန်ရောက်လာခဲ့ရသော်လည်း ပျော်ရွှင်မှုအပေါင်းသည် မြတ်မြတ်သူနှင့်အတူ လိုက်ပါသွားခဲ့လေပြီ။

ပိုးကို မြင်ရလေတိုင်း 'သင်းကြောင့်' ဟူသောစိတ်ဖြင့် တလေးအပေါ် ရန်ငြိုးကြီးခဲ့သည်မှာ ကာလများစွာ. . .

နောက်တော့ ကိုကို ဝင့်ထယ်ဂေဟာသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သူ့သမီးပါဟု ဝန်ခံချိန်မှာ မြတ်မြတ်သူသည် တမလွန်သို့ ရောက်နှင့်သွားခဲ့ပြီ။

ဤအသိကြောင့် မချိသောရင်ဖြင့် ကိုကို့ကို နာကြည်းစိတ်ဝင်ခဲ့သည်။

ဦးစိန်မောင်ဝင့်သည် ယခင်က တစ်ယောက် ယခုတစ်ယောက်လို အပြောင်းလဲကြီး ပြောင်းလဲခဲ့ရှာသည်။

ဖခင်စိတ် ဝင်လာ၍လားမသိ။ စိတ်ထားတွေ အမူအရာတွေ ပြောင်းလဲလာသည်။ သူ့သမီးလေးကိုလည်း ချစ်လိုက်သမှအသည်းခိုက်အောင်ပင်။ ရွှေမောင်ဝင့် ကိုယ်ချင်းစာပါသည်။ သူ့သားလေးကိုလည်း သူ တအားချစ်ခဲ့သည်လေ။

စိန်မောင်ဝင့် ငယ်စဉ်က သူ့ရည်းစားတွေကို သူ မမှတ်မိနိုင်လောက်အောင် မိန်းမရှုပ်ခဲ့ဖူးသည်။ ယခုတော့ သူ့ဇနီးလည်း ပါသြား သမီးကလည်း ရှိနှင့်နေသဖြင့် စိန်မောင်ဝင့်မှာ အပြစ်ရှာမရနိုင်အောင် ကောင်းနေရှာသည်။ စီးပွားရေးကိစ္စကိုလည်း သူ့ညီလေး

www.burmeseclassic.com

www.burmeseclassic.com



အား ဘာမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိရှာ။

အစ်ကို၏အဖြစ်ကိုကြည့်ပြီး အစ်ကို့အပေါ် ခွင့်လွှတ်စိတ်၊ ချစ်ခင်စိတ် ဝင်လာမိချိန်ကျကာမှ. . .

"ဖြစ်ရလေဗျာ"

ပိုးဟာ ဒီအဖြစ်အပျက်အစုံကို အစအဆုံး မြင်လိုက်ပါရဲ့နဲ့ ဒီနေ့ထက်ထိ ဘာမှမပြောဘူး၊ ဘယ်သူ့ကိုမှ မပြောရှာပါဘူး ကိုကို၊ ဒီကလေးရဲ့ မြင့်မြတ်တဲ့ စိတ်မျိုးတော့ ဒီကမ္ဘာမှာ မရှိနိုင်ပါဘူး ကိုကိုရေ"

"ကိုကိုနဲ့ ပိုးနဲ့သိအောင် ညီအော်ပြီး ပြောလိုက်ချင်တယ်၊ အော်ပြီးပြောလိုက်ချင်တယ်"

"ကိုကို သေရတာ ညီ့မှာ တာဝန်မကင်းပါဘူး၊ ဒါပေမဲ့ မြတ်အတွက် လက်စားချေတာ မဟုတ်ပါဘူး"

"မြတ်အတွက် လက်စားချေကာ မဟုတ်ပါဘူး"

မူးမူးနှင့် ဦးရွှေမောင်ဝင့် ကြုံးအော်ပစ်လိုက်သည်။

ရှေးဦးအတွေးများကတော့ ရင်ထဲမှာသာ ဖြစ်တည်ပြီး ကွယ်ပျောက်သွား၏။ နောက်ဆုံး အတွေးများကိုဖြင့် နှုတ်မှ ဖွင့်အော်လိုက်မိသည်။

ဆိုသည်များကို စကားလုံးအဖြစ် တအားအော်ပစ်လိုက်မိသည်။

သူပိုင် တိုက်ငယ်လေးအတွင်းမှာ သူတစ်ယောက်တည်းမို့ ရင်တွင်းမှာ ကျပ်တည်းနေသမျှ သက်သာခွင့်ရအောင် အော်ဟစ်လိုက်မိခြင်းပါ။



ထိုအချိန်တွင်. . .

ဦးရွှေမောင်ဝင့် ထင်ထားသည်သို့ ဤတိုက်ငယ်အတွင်းမှာ သူတစ်ယောက်တည်း မဟုတ်ပါ။ တိုက်၏ ဖိနပ်ချွတ်အကွယ်တွင် ရပ်လျက် သူ့အခြေအနေကို လာရှုကြည့်ပြီးမှ တိုက်တွင်းဝင်ရန် ရပ်စောင့်နေသူက. .

"ဒေါ်နွဲ့နွဲ့စိုး"

တိုက်၏ ဖိနပ်ချွတ်မှနေ၍ အတွင်းသို့ဝင်ရန် ခြေမလှမ်းဖြစ်သေး။ ဦးရွှေမောင်ဝင့်ကလည်း သူ့ကို မမြင်။ ဒေါ်နွဲ့နွဲ့စိုးက ဤတိုက်သို့ အကြောင်းတစ်ခုခုရှာပြီး လာနေကျ။

"ကိုကို သေရတာ ညီ့မှာ တာဝန်မကင်းပါဘူး"

"ဒါပေမဲ့ မြတ်အတွက် လက်စားချေတာ မဟုတ်ဘူး"

ဤမျှဆန်းပြားသော စကားသံကို မိမိနားနှင့် ကြားလိုက်ရပါလျက်နှင့် ဟုတ်မှဟုတ်ရဲ့လားဟူသော အတွေးဖြင့် ကိုယ့်နားကိုပင် တိုယ်မယုံချင်။

"ကိုကို သေရတာဆိုတာ ဘာကို ပြောတာလဲ"

"ဒါနဲ့ လေ့ကားပေါ်တနေ သူဟာသူ လိမ့်ကျတာဆို"

ဒေါ်နွဲ့နွဲ့စိုး၏ ရင်တွင်းသို့ ဝင်ရောက်လာသော ကြောက်မက်ဖွယ် အတွေးသစ်ကြောင့် တစ်ကိုယ်လုံး ချွေးများ စို့ပျံလာသည်။

လက်တွင်းမှ ဝက်အူချောင်းကြော် ပန်းကန်ကို မြဲမြံအောင် တိုင်ထားပြီး ကြောင်၍ရပ်နေဆဲမှာ အိမ်ထဲမှ ဦးရွှေမောင်ဝင့်သာ သူ့ကို မြင်နှင့်သွားတော့သည်။

"ဩော်. . . မနွဲ့. . . လာလေ"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ဒေါ်နွဲ့နွဲ့စိုးက တိုက်တွင်းသို့ ဝင်လာသည်။ ခါတိုင်းဆိုလျှင် ဒေါ်နွဲ့နွဲ့စိုး၏ မျက်နှာတစ်ပြင်လုံး အပြုံးများဖြင့် ဖုံးထားတတ်သည်ချည်းပါ။ ယနေ့တော့ ထူးထူးခြားခြား တည်ကြည်၍နေသည်။ အပြင်အဆင်ကတော့ ထုံးစံအတိုင်း ကြော့နေဆဲ။ နက်ပြာရောင် အင်ဒိုနီးရှားအပွင့်ကြီး ဝမ်းဆက်နှင့် မျက်နှာမှာ မိတ်ကပ်နှင့်၊ အိုင်းလိုင်နာနှင့်၊ ခရမ်းပြာရောင် နှုတ်ခမ်းနီနှင့်။

"ကိစ္စအထူး ရှိလို့လား"

သူ့မျက်နှာ တည်ကြည်တင်းမာနေခြင်းကိုကြည့်ပြီး ဦးရွှေမောင်ဝင့်ကလည်း ခပ်တည်တည်ပင် မေးလိုက်သည်။

"ရွှေမောင်ဝင့် စားဖို့"

"အရက်နဲ့ မြည်းဖို့"

ဆိုပြီး ဟင်းလျာများ၊ အာလူးကြော်၊ ဝက်အူချောင်းကြော်၊ ဝက်စဉကြော် စသည်များကို လာ၍ပို့နေကျ။

ဒေါ်နွဲ့နွဲ့စိုး ဘာကြောင့်လာနေသည် ဆိုသည်ကိုလည်း ဦးရွှေမောင်ဝင့် သိ၏။

အရင်ကစိတ်၊ အရင်ကလေနှင့်သာဆိုလျှင် နောက်ထပ်မလာဝံ့အောင် တစ်ချီတည်း ဟောက်ထုတ်ပစ်လိုက်မည်။

ယခုတော့ ဦးစိန်မောင်ဝင့် သေဆုံးပြီးမှ ဦးရွှေမောင်ဝင့်စိတ်ဓာတ်ကျသွားခဲ့ပါပြီ။ ဒါကြောင့် ဒေါ်နွဲ့နွဲ့စိုးအပေါ်၌လည်း အလိုက်အထိုက် ဆက်ဆံနေမိခြင်းပင်။

"လာထိုင်လေ"

"ခုနပြောနေတာတွေ မနွဲ့ အားလုံးကြားလိုက်ပါတယ်"



သူ ဘာပြောလိုက်မိသည်ကို သူမသိ။ ကိုကိုစိန်မောင်ဝင့်အကြောင်း တွေးနေမိတာတော့ သေချာသည်။

"ကျွန်တော် ဘာပြောလိုက်လို့လဲ၊ ဘာပဲပြောပြော အမူးစကားနဲ့ အရူးစကား အတူတူပဲပေါ့၊ ဟား. . . ဟား. . . ဟား"

ဦးရွှေမောင်ဝင့်က အော်ရယ်လိုက်သော်လည်း ရင်ထဲကရွှင်ပျခြင်းမဟုတ်။ တစ်စုံတစ်ရာ အမှားရှိခဲ့လျှင်လည်း ချေဖျက်ရန်အတွက် မရယ်ချင်ဘဲနှင့် အော်၍ရယ်လိုက်ခြင်း ဖြစ်၏။

ဒေါ်နွဲ့နွဲ့စိုး စားပွဲပေါ်သို့ ချလိုက်သော ပန်းကန်ပေါ်မှအဖုံးတို လှမ်းကြည့်လိုက်ပြီး. . .

"ဝက်အူချောင်းကြော်ပါလား၊ အတော်ပဲ၊ ဒါပေမဲ့ မနွဲ့ ပြန်မှပဲ သောက်ရင်း စားတော့မယ်"

"ဘာလဲ၊ မနွဲ့ကို ပြန်နိုင်းနေတာလားဟင် ရွှေမောင်ဝင့်"

"ဟာ. . . မဟုတ်ပါဘူး၊ နေပါ. . . ရပါတယ်"

ဒီနေ့မှ ထူးထူးခြားခြား ပျော့ပျောင်းနေ၍ ဒေါ်နွဲ့နွဲ့စိုးစိတ်မှာ သံသယဝင်လာသည်။ ပြောင်ဖွင့်မေးလိုက်ရ ကောင်းမလား။

"ဒီလိုမေးရုံနဲ့ အဖြစ်မှန် ရှိခဲ့ရင်တောင် သူ ချက်ချင်းဘယ်ဝန်ခံမလဲ၊ ငါ့ကို မလိုမုန်းထား ဖြစ်သွားတာပဲ အဖတ်တင်မယ်၊ နေပါဦးလေ၊ ငါ စီမံကိန်းချထားတာတွေ ဖြစ်ခါနီးမှ အပျက်စီး မခံနိုင်ဘူး၊ ငါ့ယောကျ်ားကလည်း လွမ်းလောက်စရာရှိတဲ့သူမှ မဟုတ်တာ၊ ဒီနေ့ မတွေ့ခင်က ရ ထားတဲ့ သမီးကလည်း အိမ်ပေါ်မှာ ငုတ်တုတ်"

ဒေါ်နွဲ့နွဲ့စိုးမှာ သူ၏ တင်းတည်နေသော မျက်နှာကို ပြေလျှော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကြီးက ထမင်းဟင်း စားမကောင်းရင် မန္တဲ့ ချက်တာ လေး စားကြည့်ပါဦးလား၊ အပြောင်းအလဲဖြစ်အောင်ပေါ့"

"စားမကောင်းတဲ့နေ့ လာပါ့မယ်"

"နေ့တိုင်း စားလို့ကောင်းနေတယ် ထင်တယ်နော်"

"ဗျာ"

"မန္တဲ့ ဖိတ်တာ အကြိမ်ပေါင်း များလှပါပြီ၊ တစ်ခါမှ လာ မစားဖူးသေးလို့"

"ဪ. . . အင်း. . . လာ. . . လာခဲ့ပါ့မယ်"

ဦးရွှေမောင်ဝင့် အတော်လေး မူးနေပြီ၊ ဒါပေမဲ့ လူမှန်းသူ မှန်း မသိအောင်ဖြင့် မဟုတ်သေး။

"ဒီမိန်းမ ငါ့ကို ကပ်ချင်နေတာ"

ဆိုသောအသိကဖြင့် မူးမူး မမူးမူး သိမှတ်နေဆဲပင်။

ဒေါ်နွဲ့နွဲ့စိုးအနေနှင့် ဦးစိန်မောင်ဝင့် သေဆုံးပြီးချိန်မှစ၍ လန့်နေသည်။ ခင်ပွန်းသည်အတွက် ပူဆွေးစိတ်က နည်းနည်း. . .

"ဒီပစ္စည်းတွေ ငါမှ ရပ့ါမလား"

ဆိုသော စိုးရိမ်စိတ်က ခပ်များများ။

ဦးစိန်မောင်ဝင့်၏ တရားဝင်ဇနီးအဖြစ် တိုက်ပေါ်မှာ ကျ ရစ်ခဲ့၍ အမွေ မရစရာအကြောင်းတော့ မရှိ။ သို့သော်လည်း ဝင့် ထယ်ဂေဟာကြီး၏ ပိုင်ဆိုင်ကြွယ်ဝမှုက အဘယ်မျှ ရှိနေသည် ဆို သည်ကို သူ မသိသေး။ ဦးစိန်မောင်ဝင့် ရှိစဉ်က အတန်တန် မေးခဲ့ သော်လည်း သူကိုယ်တိုင်ပင် သိခွင့်မရခဲ့။ သိအောင်လည်း မကြိုးစား သဖြင့် လင်မယားချင်း အကြိမ်ကြိမ် စကားများခဲ့ဖူးသည်။



ထိုသို့ ပေးတာယူ၊ ကျွေးတာစားဘဝနှင့် ဘာကိုမျှ လက်ဝါး ကြီးအုပ်ခွင့် မရသေးချိန်မှာ ဦးစိန်မောင်ဝင့်က ရုတ်တရက် သေဆုံး သွားခဲ့သည်။

ခင်ပွန်းဆုံးပြီး ရက်ပိုင်းအတွင်းမှာပင် လည်ပတ်ပါးနပ် သော ဒေါ်နွဲ့နွဲ့စိုးအတွက် အလွန်အဖိုးတန်သော အတွေးသစ် တစ်ရပ်ကို တွေးဖြစ်ခဲ့သည်။

"ပိုးနဲ့ မြတ်သူမောင်ကလည်း အေးကြပါတယ်၊ အဘွားကြီး ကလည်း ယဲ့ယဲ့၊ ငါ့အတွက် တစ်ဦးတည်းသော ရန်သူက ရွှေမောင် ဝင့်ပဲ"

"သူ့ကို ငါ တည့်အောင်ပေါင်းရမယ်"

"အဲဒီကတစ်ဆင့် သူ့ကို သိမ်းသွင်းနိုင်ခဲ့ရင်တော့ ငါ့ရဲ့ဘဝ ဟာ ဝင့်ထယ်ဂေဟာရဲ့ ထာဝရ အရှင်သခင်မ ဖြစ်ပြီ"

အဖိုးအနဂ္ဃထိုက်တန်လှသော ဤအတွေးကြောင့် ဒေါ်နွဲ့နွဲ့ စိုးသည် မုဆိုးဖို မတ်တော်မောင် ရွှေမောင်ဝင့် ရှိရာသို့ မကြာခဏ ဆူးလာပြီး. . .

ရွှေမောင်ဝင့်ကို သနားဟန်၊ ဂရုစိုက်ဟန်၊ သူ့ဘဝ၏ အား ငယ်ဟန် သရုပ်မျိုးစုံကိုဆောင်၍ ချဉ်းကပ်ခဲ့၏။

ဦးရွှေမောင်ဝင့်ကလည်း သူ့ကို လုံးဝကြည့်မရ။ သူနဲ့ ဘာ စကားမှ မပြောချင်။

သို့ပါသော်လည်း ကိုကိုစိန်မောင်ဝင့် သေရသည့်အတွက် ချမ်းမြေ့သောစိတ်ဖြင့် ဒေါ်နွဲ့နွဲ့စိုးတို့ သားအမိနှင့် ပိုးအပေါ် တွင် အစ်ထစ်လျှော့၍ ဆက်ဆံပေးခဲ့ပါသည်။

www.burmeseclassic.com



ဒေါ်နွဲ့နွဲ့စိုးကလည်း သူ့ကိစ္စနှင့်သူ။ ဦးရွှေမောင်ဝင့်တလည်း သူ့အကြောင်းနှင့်သူမို့သာ အပေးအယူများ ပြေလည်နေကြခြင်း ဖြစ်သည်။

ရင်တွင်းမှာတော့ ရန်ငြိုးဖွဲ့မတတ် စက်ဆုပ်နေကြကြောင်း သူတို့နှစ်ဦး၏ နှလုံးသားမှလွဲ၍ မည်သူမျှ မသိနိုင်ကြ။

"ဆက်သောက်လေ၊ မနွဲ့အဖို့ကတော့ ဒါတွေ ရိုးနေပါပြီ ရွှေမောင့်အစ်ကိုက မနွဲ့ကို အမျိုးမျိုးနှိပ်စက်ခဲ့တယ်လေ၊ အရက်ဖဲ၊ မိန်းမ၊ အို. . . ဒါတွေအားလုံး ခွင့်လွှတ်ခဲ့ရတာပါ။ ရွှေမောင် ဆက်သောက်ပါလေ၊ ဝက်အူချောင်းကြော်လေးမွှေးတုန်း မြည်းကြည့်ပါဦး"

အသက်လေးဆယ်ကျော် အရွယ်ကြီးတွေမှာ ရွှေမောင်တို့ မနွဲ့တို့ဟူ၍ ကနွဲ့ကလျ လုပ်နေကြသည်မှာ မသတီစရာ။

ရွှေမောင်ဝင့်က ပြုံးပြပြီး အသင့်ပါလာသော ခက်ရင်းလေး နှင့် ထိုးယူပြီး ကိုက်ဝါးစားလိုက်ရသည်။ ပြီးတော့ လက်ကျန်အရက် ကို မော့ပစ်လိုက်၏။

"ရွှေမောင် စောစောကပြောတာ စဉ်းစားစမ်းပါဦး၊ မနွဲ့ ပီပီသသ မကြားလိုက်ရလို့"

"ဘာကိုလဲ"

"ကိုယ်ပြောတာ ကိုယ်ပြန်စဉ်းစားကြည့်ပေါ့"

"မသိတော့ဘူး၊ ဘာပြောမိလို့လဲ"

"မနွဲ့ အကြားမှားမလားတော့ မသိဘူးနော်၊ ကိုကို သေရ တာ ညီကြောင့်လို့ ပြောလိုက်သလားလို့"



"ဟင်. . ."

ငါးဆယ်ရာခိုင်နှုန်းလောက် အမူးပြေသွားပြီ ထင်လိုက်ရ သည်။

"ဟုတ်လားဟင်၊ ကိုကို သေရတာ ညီ့ကြောင့်လို့ ပြောလိုက် တယ် မဟုတ်လား"

"ဟာဗျာ. . . ပေါက်ပေါက်ရှာရှာ၊ ဘာဆိုင်လို့လဲ၊ သူဟာ သူ လေ့ကားက လိမ့်ကျပြီး အုတ်ဆက်ကွဲသေတာပဲ၊ သူ့သမီး ပိုးရွှေ တင်ဖြစ်တာ၊ ပိုးကတောင် ဘာမှမပြောဘူး"

ဒီလိုတော့လည်း အမူးသမားပေမယ့် အမူးပါးက ရှင်းပြ လိုက်တာ ချောလို့။

"အေးလေ. . . ဟုတ်မှာပါပဲ၊ သူ့အဖေကို သိပ်ချစ်တဲ့ သူ့ သမီးတောင် ဘာမှမပြောတာ ငါက အနေသာကြီးပဲ၊ ငါ့အစီအစဉ် ဖြစ်မြောက်ဖို့သာ အဓိက. . .၊ ငါက ဝင့်ထယ်ဂေဟာရဲ့ 'ထာဝရ အရှင်သခင်မ' ဖြစ်ချင်တဲ့ မိန်းမပဲလေ. . ."

"ဖြစ်ရမှာပေါ့၊ ဖြစ်ကို ဖြစ်ရမှာပေါ့"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"ကိုကို ဘာတဲ့လဲဟင်"

"ဘာသာစုံ သိခွင့်မရခဲ့ဘူး၊ မလွယ်ဘူးတဲ့"

"ဟာ. . . စိတ်ညစ်ရပါလား"

"ဘာညစ်စရာရှိလဲ၊ အောင်ပါတယ်လို့ သိနေပြီပဲ၊ လာမယ့်နှစ်မှာ တက္ကသိုလ်ကျောင်းသူကြီးဖြစ်ဖို့ သေချာနေပြီလေ"

"အဲဒါကို မယုံရဲသေးတာ"

"ဘာလို့မယုံရမှာလဲ၊ အောင်စာရင်းတောင် စောင့်စရာမလိုဘူး၊ ဖြေပြီးကတည်းက ကိုကိုကိုယ်တိုင် စစ်ထားတာ အောင်ပါတယ်ဆိုမှ"

"ဟာ. . . ကိုကိုက အပိုင်ပြောနေတာပဲ၊ ကိုကို စစ်တိုင်း အောင်မလားလို့"

"အောင်ပါတယ် ညီမလေးရာ၊ စိတ်ထင့်မနေစမ်းပါနဲ့ ရော့. . . မှာလိုက်တဲ့မုန့်"

"အို. . . အဲဒါ မုန့်မှမဟုတ်တာ၊ ဝက်သားတုတ်ထိုး"

"ဩော်. . . တလေးစားလို့ရတာဆိုရင် ဘာပဲဖြစ်ဖြစ် မုန့်ပဲပေါ့ ပိုးရာ"



"ဟင့်အင်း၊ ပိုး ကလေးလည်း မဟုတ်တော့ဘူး"

"ကဲပါ၊ ဘာလို့ ကိုတို့ကို ငြှောက်ငြင်းနေရတာလဲ၊ စားမယ်ဟုတ်လား၊ ထည့်လိုက်မယ်နော်"

"အင်း"

ကိုပြည့်ဝန်းက ပလတ်စတစ်အိတ်နှစ်အိတ်ကို ဖြည်၍ ပန်းကန်နှစ်ချပ်ထဲမှာ အချဉ်ရည်တစ်ပန်းကန်၊ တုတ်ထိုးမထားသော ဝက်ကလီစာတုံးလေးများက တစ်ပန်းကန်။

"ကိုကိုလည်း စားဦးလေ"

"စားပါ"

အမှန်တော့ မောင်ပြည့်ဝန်း စားချင်နေမိသည်။ ဆိုင်မှာလည်း မစားဖြစ်ခဲ့၊ တစ်ဆယ်ဖိုး ဝယ်လာပြီး အိမ်ရောက်မှ စားမည်ဟု စိတ်ကူးခဲ့သော်လည်း ပန်းကန်ထဲ ထည့်လိုက်တော့ နည်းနေသည်။ ပြီးတော့ ပိုးကလည်း မြိန်ယှက်စွာ အားပါးတရ စားနေ၍ သူ ဝင်မစားရက်တော့ပါ။

ကျောင်းပိတ်ထားသည်မို့ ကိုပြည့်ဝန်း မြို့ထဲထွက်လေတိုင်း ပိုးအတွက် စားစရာတစ်ခုခု ပါလာတတ်မြဲ။ ပါမလာလျှင်လည်း ပိုးက စိတ်ကောက်ပြသည်။ တကယ်ရင်ထဲက စိတ်ဆိုးခြင်းမဟုတ်ကြောင်း မောင်ပြည့်ဝန်းလည်း သိ၏။ ပိုးအတွက် ဆိုးနွဲ့အနိုင်ယူစရာဟူ၍ ဤလောကတွင် ဤအစ်ကိုတစ်ယောက်တည်းသာ ရှိလေသည် မဟုတ်လား။

ပိုးက အချဉ်ရည်များနှစ်၍ အားပါးတရစားပြီး စတီးခတ်ဆေးခွက်မှာ ပန်းကန်နှစ်ချပ်လုံးဆေးပြီး နေရာတကျ ပြန်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိုးက ဘာအလုပ်ပဲဖြစ်ဖြစ် တက်တက်ကြွကြွ လုပ်တတ်သည်။ အိမ်မှာ အိမ်ဖော်နှစ်ယောက်၊ မေမေကြီးအတွက် အထူးသူနာပြု ဆရာမတစ်ယောက်၊ ဒရိုင်ဘာတစ်ယောက်တို့ကို ငှားရမ်းထားပါ၏။ ဤပင်မတိုက်ကြီးမှ မိသားစုက လေးယောက်တည်းသာ ဦးဦးနှင့် မြတ်သူမောင်၊ မေမေကြီးနှင့် ပိုးတို့သာ ဖြစ်၏။

လက်ယာဘက်တိုက်မှ ကိုကိုနှင့် ဒေါ်နွဲ့နွဲ့စိုးတို့အတွက် သီးခြားအိမ်ဖော်မရှိ။ ထမင်းဟင်းကို သည်မှာ လာစားသည့်အခါ စားသည်။ ပို့ပေးရသည့်အခါလည်း ရှိ၏။ ကားနှစ်စင်းအနက် တစ်စင်းကိုတော့ ဦးဦးကိုယ်တိုင် မောင်းလေ့ရှိပြီး ဒရိုင်ဘာက နယ်ကို အပို့အကြိုနှင့် မေမေကြီးကိစ္စ အနည်းအပါးသာ ရှိတတ်သည်။ ကားအားသည်နှင့် ဒေါ်နွဲ့နွဲ့စိုးက လမ်းထွက်တတ်မြဲ။ ကိုကို့ခမျာမှာတော့ ခြေလျင်သွား၍ လိုင်းကားစီးနေကျ။ ဘယ်သောအခါမှ ကားကို ယူသုံးလေ့ မရှိ။ ယခု ကိုကိုသည် တက္ကသိုလ် ရိပ်သာလမ်းမှတစ်ဆင့် ဝင်ဒါမီယာထဲသို့ ခြေလျင်လျှောက်လာရသည့်ခရီးက မနီးလှ။

"ကိုကို မေမေကြီးကို သွားကြည့်လိုက်ပါဦးလား"

"အိပ်နေမယ် ထင်ပါရဲ့ ပိုးရယ်၊ နေပါစေ"

"ကိုကိုက မေမေကြီးကို ပိုးချစ်သလို မချစ်ဘူးနော်"

ကိုပြည့်ဝန်း ဘာမှမဖြေ။

သွေးဟူသည် မေတ္တာကိုပါ ဖြန့်ဝေဖြစ်ထွန်းစေသောအရာလား မသိ။ ဒေါ်လှထယ်နှင့် မောင်ပြည့်ဝန်းတို့ ဘာသွေးမှ မစပ်ကြောင်း တစ်ဦးနှင့်တစ်ဦး မသိပါဘဲလျက် မြေးအဘွားဟု ယုံကြည်ပါလျက် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ခြင်း မရှိကြ။



ဒေါ်လှထယ်က လိမ္မာသော မောင်ပြည့်ဝန်းကို အဖမဲ့မြေးကြီးအဖြစ် သနားသည်။ မောင်ပြည့်ဝန်းက ဒေါ်လှထယ်ကို ရှိသေလေးစားသည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေးက ဒါလောက်ပဲ ဖြစ်၏။

"မေမေကြီး နေကောင်းတယ် မဟုတ်လား ပိုး"

"အင်း. . . ခါတိုင်းလိုပါပဲ၊ ဆီးချိုရောဂါရှိပြီး အနာတွေဖြစ်နေတော့ မကျက်တော့ဘူးပေါ့၊ ဆရာမကတော့ ဂရုစိုက်ရှာပါတယ်"

မောင်ပြည့်ဝန်းက ရေခဲသေတ္တာထဲမှ ရေပုလင်းကိုဖွင့်ပြီး ရေတစ်ခွက်သောက်၏။

"ကိုကို ပြန်တော့မယ်"

"ဟာ. . . ကိုကိုကလည်း နေပါဦး"

"ဘာလုပ်စရာရှိလို့လဲ"

"လုပ်စရာမရှိပါဘူး၊ အန်တီနဲ့ အပြင်ထွက်သွားပြီ၊ ကိုကို့တိုက်မှာ ကိုကိုတစ်ယောက်တည်း၊ ဒီတိုက်ကြီးမှာလည်း ပိုးတစ်ယောက်တည်းပဲဟာ"

"မညိုနဲ့ အထွေးတို့ရော"

"သူတို့အခန်းမှာ နားနေကြမှာပေါ့၊ နေ့လယ်ဆိုတော့ ဘာအလုပ်မှ မရှိဘူးလေ"

အိမ်ဖော်နှစ်ယောက်ကလည်း မီးဖိုထဲမှာ မရှိကြ။ ပိုးမှာ ဘာတာဝန်မှ မရှိ၊ စကားပြောစရာ အဖော်လည်း မရှိ၍ ကိုပြည့်ဝန်း ပြန်လာသည်ကို ပျော်နေမိခြင်းပါ။

"ကိုကို သွားတော့မယ်၊ အဝတ်လျှော်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ကိုပြည့်ဝန်းက စားပွဲပေါ်မှ ချထားသော သိုးမွေးလွယ်အိတ်ကို ကောက်လွယ်ပြီး အိမ်၏ဘေးပေါက်မှထွက်၍ သူ့တိုက်ရှိရာသို့ လျှောက်သွားနေသည်။

ပိုးသည် ကိုပြည့်ဝန်း၏ ရွေ့လျားနေသော နောက်ပိုင်းကို ကြည့်ရင်း အတွေးတစ်ခုရသည်နှင့် လှစ်ခနဲ နောက်က ပြေးလိုက်ပြီး. . .

"ကိုကို နေဦး၊ ပိုး ပြောစရာရှိလို့"

သူ့လက်မောင်းကို ပိုးကဆွဲပြီး သူတို့တိုက်နှင့် အနီးဆုံး ဆိပ်ဖလူးပင်ကြီးအောက်မှ ခုံတန်းလျားလေးမှာ ထိုင်မိကြသည်။

"ဘာပြောမလို့လဲ ညီမလေး"

"ပိုး အိပ်မပျော်တာ သုံးညတောင်ရှိပြီ"

"ဘာဖြစ်လို့လဲ"

"အဲဒီကိစ္စကို ကိုကို့ကို ပြောသင့် မပြောသင့် စဉ်းစားနေတာ"

"ဟင်. . ."

"ဘယ်သူ့မှ မပြောပါဘူးလို့လည်း ကတိပေးထားတယ်၊ ပိုး တစ်ယောက်တည်းလည်း ဆုံးဖြတ်ရမှာ ခက်နေလို့ ကိုကို့ကိုပဲ ဖွင့်ပြောလိုက်တော့မလို့"

လေးလေးနက်နက် ပြောနေသော ပိုး၏ မျက်နှာလေးကို ကိုပြည့်ဝန်း ချောက်ချားစွာ ကြည့်လိုက်မိသည်။ ရင်ခုန်စိုးရိမ်ဖွယ် ပြဿနာတစ်ရပ်တော့ ဖြစ်လာပြီဟူသော အသိဖြင့် ပိုးကို နှမြောတသစွာ ကြည့်မိ၏။ နှမြောခြင်း ဖြစ်လာလေ ပိုးသည် ပို၍ တန်ဖိုးကြီးမားလာလေ။



"ကိုကို့ကို အမှန်အတိုင်း ပြောစမ်း ပိုး၊ ပိုးချစ်သူက ဘယ်သူလဲ"

"ဘာ"

"ပြောသင့် မပြောသင့် စဉ်းစားနေတာဆို၊ ဖွင့်သာပြောလိုက်စမ်း၊ ဘယ်သူလဲဆိုတာ ကိုကို သိချင်လှပြီ"

"ကိုကို ဘာတွေပြောနေတာလဲ"

"ပိုးရဲ့ချစ်သူအကြောင်း ပြောမလို့ မဟုတ်လား"

"ဟာ. . . သေတော့မှာပဲ၊ ပိုးမှာ ဘယ်ကချစ်သူ ရှိရမှာလဲ၊ ပိုး ပြောမယ့်အကြောင်းက တခြားပါ"

ဆုံးရှုံးပြီဟု စိတ်လျှော့ထားလိုက်ရသော အဖိုးတန်ရတနာ ထုပ်ကို ပြန်လည်၍ ရှာဖွေတွေ့ရှိခွင့် ရခဲ့ပြီ။ ညီမလေးက ငယ်ပါသေးတယ်လေ။

"ဘာအကြောင်းလဲဟင် ပိုး"

"ကိုကိုကလည်း ဘယ်သူ့မှ မပြောပါဘူးလို့ ပိုးကို ကတိပေးလေးဟင် ကိုကို"

"ဘာအကြောင်းမို့လဲ"

"ပိုးအတွက် သိပ်အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုပါ"

"မော်ဘီက ကြီးကြီး ဒေါ်ပိုးဖြူတို့နဲ့ ပတ်သက်တဲ့ကိစ္စ တော့ဟုတ်လား၊ ကိုကို သွားပေးမယ်လေ၊ ပိုး မလိုက်နဲ့တော့၊ သွားရတာ သိပ်ပင်ပန်းတယ်"

"ဟာ. . . အဲဒါတွေ မဟုတ်ပါဘူး၊ ကိုကိုကလည်း ကြီးကြီး တို့ဆီကို သိတင်းကျွတ်မှပဲ သွားကန်တော့တော့မယ်၊ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



သွားစရာအကြောင်းမှ မရှိတော့တာ"

"ကဲ. . . ပြောစမ်း၊ ဒါဖြင့် ဘာလဲ"

တကယ်တမ်း ဖွင့်ပြောရမည်ဆိုတော့လည်း မေမေကြီးကို ပေးထားမိသော ကတိကို ပြန်လည်သတိရ၍ တွံ့ဆိုင်းစွာပင်. . .

"ကိုကို့ကိုယ်ကလွဲလို့ အန်တီနွဲ့ကိုတောင် မပြောပါဘူးလို့ ပိုးကို ကတိပေးပါလား ကိုကို"

"အသက်ကြေး တန်ဖိုးထားပြီး ကတိပေးပါ့မယ် ပိုး"

"ဒီတစ်လောကလုံးမှာ ပိုး အယုံကြည်ဆုံးဟာ ကိုကိုပဲ၊ ပိုးအားအကိုးဆုံးဟာ ကိုကိုပါပဲ ကိုကိုရယ်၊ ဒါကြောင့် ပြောမှာပါ"

"ယုံရင်ပြောစမ်းပါ ပိုးရဲ့"

"ပိုးမှာ ရတနာသေတ္တာ ရှိနေတယ်၊ သိန်းပေါင်းများစွာ တန်တယ်တဲ့ ကိုကိုရဲ့"

"ဟင်. . . ဒါ. . . ဒါကို ပိုး ဘယ်ကရလဲဟင်"

"မေမေကြီး ပေးထားတာ"

"ဘာလုပ်ဖို့တဲ့လဲဟင်၊ ဘာအတွက်ပေးတာလဲ"

"ပိုးအတွက်တဲ့"

ကိုပြည့်ဝန်းသည် ပိုး၏မျက်နှာ၌ အဓိပ္ပာယ်ရှာဖွေသလို စူးစူးစိုက်စိုက် ကြည့်ပြီးမှ. . .

"ကိုကို နားလည်ပြီ၊ မြေးသုံးယောက်ရှိတဲ့အနက် ပိုးကို ပိုပြီး ပေးချင်လို့ ကိုကိုတို့ မသိအောင် ပိုးကို တိတ်တိတ်ပေးတာ မဟုတ်လား"

"ဟုတ်တယ် ကိုကို၊ ဒီအတိုင်းပဲ ပြောတယ်၊ ဒါကြောင့် ဘယ်သူမှ မသိစေနဲ့တဲ့"



"ကိုကို့ကို စိတ်ချပါ ပိုး၊ ကိုကိုဟာ ပိုးရဲ့ ကိုယ်ပွားတစ်ခုလို့ သတ်မှတ်ပါ၊ ဒီတော့ ကိုကိုက ဘာလုပ်ပေးရမလဲ"

"အဲဒီပစ္စည်းတွေ ထည့်ထားတဲ့ ကြေးသေတ္တာကို လုံအောင် သိမ်းဖို့ပဲ၊ မေမေကြီးကတော့ မြေကြီးထဲမှာ တူးပြီးမြှုပ်ထားတဲ့ နေရာကိုလည်း မှတ်ထားတဲ့၊ အဲဒါတွေ ပိုး မလုပ်တတ်လို့ မလုပ်ရဲလို့ ကိုကို့ကို ဖွင့်ပြီး တိုင်ပင်တာ"

"ကိုကို လုပ်ပေးပါ့မယ်၊ ဘယ်သူမှ မသိအောင် ကိုကို မြေကြီးတူးပြီး မြှုပ်ပေးမယ်၊ ပိုးက ဘယ်နေရာမှာ မြှုပ်ချင်လို့လဲ"

"ပိုး မသိလို့ ကိုကို့ကို မေးတာပေါ့"

"မြံကြီးက အကျယ်ကြီးပဲ၊ လုံခြုံစိတ်ချရတဲ့နေရာလည်း များပါ၊ ခုလို နေ့ခင်းဆိုလည်း လူရှင်းနေတာပဲ၊ အိမ်ဖော်တွေ၊ မာလီတွေ မတွေ့အောင် မမြင်အောင် ကိုကို ကူညီပါ့မယ် စိတ်ချ"

"အင်း. . . ကိုကို့ကို ခုလိုဖွင့်ပြောလိုက်ရမှပဲ ရင်ထဲပေါ့သွားတော့တယ် ကိုကိုရယ်၊ ပိုးတစ်ယောက်တည်း တစ်ချိန်လုံး စိတ်ညစ်နေတာ သိလား"

"ဒါ စိတ်ညစ်စရာမှ မဟုတ်ဘဲ၊ ဝမ်းသာစရာပဲဟာ"

"ကိုကိုက ဝမ်းသာလို့လား"

"ဝမ်းသာတာပေါ့၊ ကိုယ့်ညီမလေး ရတာပဲ"

"ကိုကိုတို့ ဝေစုထဲက လျော့သွားမယ် ဆိုတာရော ကိုကို တွေးမိဘူးလားဟင်"

"ဒီစကားတွေ မပြောပါနဲ့ ပိုး၊ ကိုကို ဘာမှလည်း မလိုချင်ဘူး ကိုကို ဝေစုရခဲ့မယ် ဆိုရင်တောင် ပိုးကို ပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကိုကို အပိုပြောတာ၊ ပိုးယောက်မက ဘယ်ထွေ နပ်ပါ့မလဲလို့ နော်"

"ကိုကို မိန်းမ မယူသေးပါဘူး ပိုးရယ်"

ပိုးက ကိုပြည့်ဝန်း၏ လက်မောင်းကိုဖက်ပြီး ပခုံးဦးမှာ ခေါင်းမှီချလိုက်သည်။

အားကိုးထိုက်သော အစ်ကိုကြီးကို ဖက်တွယ်မှီကပ်ခွင့် ရ သဖြင့် ပိုး၏ရင်မှာ အေးမြခြင်းများဖြင့် အားပြည့်သွားသော်လည်း တတိယနှစ် တက္ကသိုလ်ကျောင်းသားကြီး ကိုပြည့်ဝန်းသည်မူ ရှိန်း နွေးရှသော ခံစားမှုရင်ဖြင့် နှလုံးခုန်နှုန်းက မြန်လာ၏။

"သေတ္တာထဲမှာလေ မေမေကြီး ငယ်ငယ်က ဝတ်တာ သွဘက်က အမွေရတာတဲ့၊ စိန်တစ်ဆင်စာ အပြည့်ပဲ၊ တစ်ပုံကြီး ကိုကိုရဲ့ သိလား၊ ရွှေက အခေါက်တွေတဲ့၊ သုံးဆယ်သားတဲ့"

ကိုပြည့်ဝန်းက ပိုး၏ပခုံးကို ဖယ်ခွာလိုက်ပြီး ပိုး၏မျက်နှာ စိုက်ကြည့်နေသော သူ့မျက်ဝန်းမှာ အရောင်တွေ တဖျပ်ဖျပ် စို နေသည်။

ပိုးကတော့ သူ၏ ရတနာစာရင်းကို ပြောပြလိုက်၍ ကိုကို အံ့သြဝမ်းသာသွားရှာ၍ဟု ထင်လိုက်၏။ ကိုပြည့်ဝန်းတို့ တိုင်မှာတော့ သူ ဘာကိုခံစားနေရမှန်း သူကိုယ်သူပင် မသိလိုက်

"အဲဒီသေတ္တာကို ဘယ်နေရာမှာ မြှုပ်မလဲဟင် ကိုကို"

"ကိုကို စဉ်းစားပြီး ရှာလိုက်ဦးမယ်လေ"

"မြန်မြန်လုပ် ကိုကိုရာ၊ အဲဒါကြီး ပိုးအခန်းထဲ ရောက် ကတည်းက ပိုး အိပ်လို့မပျော်ပါဘူးဆိုမှ၊ ဦးဦး သိသွားရင် မဟုတ်လား"



"အဲဒါလည်း ဟုတ်တယ်၊ ကဲ. . . လာ၊ ကိုကိုတို့ခြံထဲမှာ လမ်းလျှောက်သလိုလိုနဲ့ လိုက်လျှောက်ရှာကြည့်ရအောင်၊ ပိုး အား မယ် မဟုတ်လား"

"ဝင့်ထယ်ဂေဟာကြီးမှာ ပိုးက ပိုလျှံဝန်ထမ်းပဲ ကိုကိုရ"

လွတ်လပ်ပေါ့ပါးစွာ ရယ်မိကြသည်။ ပိုးက ကိုပြည့်ဝန်း လက်ကို လှမ်းကိုင်လိုက်တော့ ကိုပြည့်ဝန်းက တင်းတင်းလေး ဆုပ် ကိုင်ပြီး ပေနှစ်ရာပတ်လည်ကျယ်သော ခြံကြီးအတွင်းသို့ လှည့်လည် လျှောက်ဖြစ်ကြသည်။

တင်းနစ်ကွင်းဘေး ကသစ်ပင်အောက် ဦးရွှေမောင်ဝင့်၏ တိုက်နောက်ဘက် စသည့်နေရာတို့ ပုံ့နှံ့စွာ ကြည့်အပြီးမှာ. . .

"ကိုကိုတို့ တိုက်နောက်ဘက်ကို ခဏသွားကြည့်ရအောင် ပိုး"

"ကောင်းသားပဲ ကိုကို"

ဦးစိန်မောင်ဝင့်အတွက် ဆောက်ပေးထားသော တစ်ထပ် တိုက်ပုလေးမှာ ပိုင်ရှင်မဲ့နေရှာပြီ၊ ဒေါ်နွဲ့နွဲ့ဖိုးလည်း မရှိ၍ တံခါးအား လုံး ပိတ်ထား၏။

"ဟာ. . . ဟုတ်ပြီ ကိုကိုရေ၊ ဒီရေတွင်းပျက်ကြီးထဲ ချထား ပြီး အပေါ်က အမှိုက်တွေ၊ အုတ်ခဲတွေ လောင်းထည့်ထားလိုက်ရင် ဘယ်သူမှ မမြင်တော့ဘူး၊ ဘယ်သူမှလည်း ယူလို့မရတော့ဘူးနော်၊ ဒီရေတွင်းပျက်ထဲ ထည့်ထားရအောင်"

"အေး. . . ဘယ်သူမှလည်း ယူလို့မရဘူး၊ ပိုးလည်း ယူလို့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

"စဉ်းစားကြည့်လေ၊ ဘယ်သူမှမသိဘဲ ကိုကိုနဲ့ ပိုး ဘယ်လို လုပ်ပြီး ဆင်းယူလို့ ရမလဲ၊ ရေတွင်းဆည်တဲ့လူကို ခေါ် ရမှာ"

"အဲ. . . ဟုတ်ပါရဲ့၊ ဒါကြောင့် ပိုး မစဉ်းစားတတ်ဘူးလို့ ပြောတာပေါ့"

"ဒီမှာ လာကြည့်စမ်း ပိုး"

ရေတွင်းနှင့် ပေနှစ်ဆယ်လောက်အကွာ နေရာမှာ အုတ်ကန်ဝယ်အပျက်ကလေးတစ်ခု ရှိသည်။ သူ့ဘေးမှာ အုတ်ချွေးများ စီခင်းထားသော ရှစ်ပေပတ်လည်ခန့် နေရာလေးတစ်ခု ရှိလေသည်။

"ဟိုရှေးတုန်းကတော့ ရေတွင်းက ရေငင်ပြီး ဒီအုတ်ကန်မှာ ထည့်မယ်၊ ပြီးတော့ ဒီအုတ်ပြားတွေနင်းပြီး ရေချိုးကြ အဝတ်လျှော်ကြ လုပ်ခဲ့ကြမှာပဲ"

"ဒီဘက်ကို ပိုးရောက်တောင် ရောက်ဖူးရဲ့လား မသိဘူး"

"ဟုတ်တယ်၊ ဘယ်သူမှလည်း မလာကြဘူး၊ မာလီ ဖြူရှင်း ရင်တောင် ဒီဘက်မလာပါဘူး၊ မိုးတွင်း မြက်ခုတ်သမားတွေကိုပဲ ခေါ်ခုတ်ခိုင်းတာ တွေ့ဖူးတယ်"

"အင်း. . . ဒီတော့ ဘယ်နေရာမှာ မြှုပ်မလဲ"

"အဲဒီရေညှိတက်နေတဲ့ အုတ်ဟောင်းတွေကို ခဏဖယ် မြေတွင်းနက်နက်တူးပြီး သေတ္တာကို မြှုပ်မယ်လေ၊ ပြီးတော့ မြေဖို့ပြီး အုတ်ပြန်ခင်း"

"ဟာ. . . ကောင်းတယ်၊ သိပ်ကောင်းတဲ့အကြံပဲ ကိုကိုရာ သေတ္တာကို ပိုး သွားယူလိုက်တော့မယ်နော်၊ ဘယ်သူမှ မရှိတုန်း"



ကိုပြည့်ဝန်းက ရယ်မောပြီး ခုံတန်းလျားဟောင်းလေးမှာ ပိုး၏လက်ကို ဆွဲယူ၍ ထိုင်စေလိုက်သည်။

"အခုချက်ချင်း မြှုပ်လို့ရမလား ညီမလေးရဲ့၊ ဘာမှလည်း မသိပါလား"

"ဟင်. . . ကိုကိုကလည်း"

"ဒီအုတ်တွေဖယ် မြေတွင်းနက်နက်တူးဖို့က ဘယ်သူမှ မမြင်အောင် ကြည့်ရဦးမှာ၊ တစ်နေ့တည်းတူးလို့ ပြီးချင်မှ ပြီးမှာ"

"ကိုကိုပဲ ကြည့်လုပ်ပေးတော့၊ ဒီကိစ္စကြီး ကိုကို့ကို ဖွင့်တိုင်ပင်လိုက်ရလို့ ရင်ထဲကို ပေါ့သွားတာပဲ ကိုကိုရာ"

ရေညှိများတက်နေသော ခုံတန်းလျားလေးက အေးစိမ့်စွတ်စိုနေသည်။ ဤအနီးမှာလည်း ဆိတ်ဖလူးပင်ကြီး ရှိပါ၏။ အပွင့်ဖြူဖြူ မှိုတ်နီနီနှင့် ဆိတ်ဖလူးပွင့်တွေ ပြန့်ကျဲကြွေသက်နေကြသည်။ တော်ဝင်ပန်း မဟုတ်သော်လည်း ဆိတ်ဖလူးပန်း၏ ရနံ့သည်လည်း ရင်ကို အေးအောင် မွှေးမြစေသော ချစ်စရာပန်းကြွေလေးများပါပင်။

ပြဿနာ၏ အဆုံးပုစ္ဆာ၏ အဖြေကို ရရှိသွားကြသဖြင့် စိတ်လက်ရွှင်မြူးစွာ ခုံတန်းလျားအိုလေးမှာ နှစ်ယောက်သား နီးနီးကပ်ကပ် ထိုင်နေကြဆဲမှာ. . .

လက်ယာဘက်တိုက်၏ နောက်ဘက် ပြတင်းတံခါးတစ်ချပ် ဖွင့်လာသည်ကို ပိုးနှင့် ကိုပြည့်ဝန်းတို့ မသိကြ မမြင်ကြ။

ဤတိုက်၏ နောက်ဆုံးအိပ်ခန်းသည် ကိုပြည့်ဝန်း၏ အိပ်ခန်း ဖြစ်သည်။

အပြင်မှ ပြန်လည်ရောက်ရှိလာပြီဖြစ်သော ဒေါ်နွဲ့နွဲ့စိုး

www.burmeseclassic.com

www.burmeseclassic.com



သည် သားများ သူ့အခန်းမှာ အိပ်နေသလားဟု လာကြည့်ရာမှ အနောက်ဘက် ပြတင်းကို အမှတ်မထင် ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။

"သားနဲ့ ပိုး"

"နေပုံထိုင်ပုံတွေက ရင်းနှီးပူးကပ်လွန်းလှချေလား"

"အင်း. . . တကယ်လို့ ငါကိုယ်တိုင် ဒီဝင့်ထယ်ဂေဟာရဲ့ အရှင်သခင်မ ဖြစ်ခွင့်မရခဲ့ရင်လည်း ငါ့သားလေးဟာ ဝင့်ထယ်ဂေဟာရဲ့ ဒုတိယမျိုးဆက်ရဲ့ အရှင်သခင် ဖြစ်ခွင့်ရချင်တယ်"

"ငါကိုယ်တိုင် ရွှေမောင်ဝင့်ကို ကပ်ဖို့က သိပ်မလွယ်ဘူး"

"ပိုးက သားကို သံယောဇဉ်ရှိပြီးသား၊ ခုလိုလည်း နီးစပ်နေကြရင် ဘာမှမတော်သေးလို့ ဖွင့်ပြောလိုက်တာနဲ့ ပိုးဟာ သားရဲ့ရင်ခွင်ထဲကို ရောက်လာမှာပဲ"

ဒေါ်နွဲ့နွဲ့စိုးသည် ပြတင်းမှာ ဇကာန့်လန့်ကာကို ပြန်၍ချလိုက်ပြီး အခန်းအပြင်သို့ ထွက်လာသည်။ ညေ့ခန်းပြန်ရောက်သည်တိုင် ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် မထိုင်မီ မတ်တတ်ရပ်လျက် ဘဝအတွက် အရေးကြီးလွန်းသော အတွေးများကို ဆက်၍တွေးနေမိ၏။

"ငါ ထင်သလို ပိုးနဲ့ သားလေးပြည့်နဲ့ လွယ်လွယ်တူရဖြစ်သွားပြီး ဒေါ်လှထယ်က ပေးစားရင်တော့ အကောင်းသားပေါ့၊ ငါ့မြေးလည်း မဟုတ်ဘဲ ငါ့အိမ်တက်ပြီး လိမ်ရသလားလို့ သတ်မှတ်တော့မှ တို့သားအမိ ကျောကော့ဆင်းရမယ် ထင်ပါရဲ့"

"ဘာပဲဖြစ်ဖြစ် ငါ့ခင်ပွန်းရဲ့ ဝေစုတော့ ငါ ရရမှာပဲ၊ ဒါပေမဲ့ ဒီလောက်နဲ့ ဘယ်တင်းတိမ်နိုင်ပါ့မလဲ၊ ဒေါ်လှထယ်နဲ့ ရွှေမောင်ဝင့်တို့က ငါ မသိအောင် ဘာတွေလျှို့ထားလဲမှ မသိတာ၊ အတွင်းပစ္စည်းတွေ ဘယ်လောက်ရှိလို့ ရှိမှန်းလည်း ငါ မသိဘူး"



"ဘာပဲဖြစ်ဖြစ်လေ၊ ဒီဝင့်ထယ်ဂေဟာကို ငါ ပိုင်ဆိုင်ခွင့်ရကို ရ,ရမယ်"

"ငါက မြီးရင်လည်း ငါ့သားလေး ဆက်ပြီးပိုင်ဆိုင်စေရမယ်"

"ငါလည်း ပိုင်အောင် ကြံမယ်"

"ငါ့သားလေးလည်း ပိုးကို ရအောင်ယူခိုင်းမယ်"

"သားကို ငါ အဖြစ်မှန် ဖွင့်ပြောလိုက်တော့မယ်၊ သူ့အဖေ ဘယ်မှာရှိတယ် ဆိုတာလည်း ညွှန်ပြလိုက်တော့မယ်၊ ကိုစိန်မောင်ဝင့်က သူ့သမီးကို အဖြစ်မှန် ဖွင့်မပြောခဲ့ပေမယ့် ငါကတော့ ငါ့သားကို ပြောပြလိုက်တော့မယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"ဘွားဘွား ဒေါ်လှယ်ထယ်နဲ့ တွေ့ပါရစေ"

"မေမေကြီး အိပ်နေပါတယ်ရှင်"

ဘောင်းဘီရော လက်ပြတ်အင်္ကျီပါ အဖြူဆွတ်ဆွတ်၊ ဖိနပ်က အနက်၊ လက်ပတ်နာရီက ဒိုင်ခွက်ရော ကြိုးပါအနက်၊ လက်ပတ်နာရီနှင့်တွဲလျက် ရွှေဖြူလက်ကောက်နှင့် ဆံပင်က ဘေးကခပ်တိုတို အလယ်က မြင့်မြင့်ရှည်ရှည်၊ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် မျက်နှာက ခပ်ချောချော၊ ဝတ်ဆင်ပုံက အပျံစားနှင့် လူငယ်တစ်ယောက်။

သူ့လက်မှာ စင်ကာပူနိုင်ငံဟု ရေးထိုးထားသော ဈေးဝယ်လျှင် အလကားထည့်ပေးသည့် ပလတ်စတစ်အိတ်ဖြူကို ဆွဲလျက် အထဲမှာ ပစ္စည်းတွေအပြည့်။

"ဘာကိစ္စရှိလို့လဲရှင့်၊ အထဲဝင်ပြီး ထိုင်ပါဦး၊ တော်တော်ကြာ နိုးတော့မှာပါ"

အိမ်ထဲကိုတော့ ဖိနပ်ချွတ်ပြီး ဝင်၏။ ထိုင်တော့ ခြေတို့နိုင်၍ ဆိုဖာကို ခပ်လန်လန်မှီပြီး. . .

"ပိုး. . . ဆိုတာလား"

"ဟုတ်. . . ဟုတ်ပါတယ်ရှင်"



သူက ဘာမှပြန်မပြောသော်လည်း အလွန်တျေနပ်နှစ်သိမ့်သော အပြုံးများ သူ့မျက်နှာမှာ ပြည့်ဝေသွား၏။

ချယ်ရီရောင် ဂျပန်စေ့လ်ခ် ပိုးသားအင်္ကျီ လည်ဟိုက်ကျောတိုက် အောက်မှထိလိုက်လျှင် ပွဲပါလာမတတ် ဝင်းမွတ်နုအိနေသော အသားဖွေးဖွေးလေးနှင့် ပိုးမှာ ထိုနေ့က မျက်နှာကိုလည်း အသင့်အတင့် လိမ်းခြယ်ထားဖြစ်၍ အပြစ်မဲ့စွာ လှလွန်းမက လှနေသည်။

"ကျွန်တော် နိုင်ငံခြားက ပြန်ရောက်တာ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်"

"ဩော်"

"ဒယ်ဒီက သံအမတ်ကြီး ဦးထွန်းအောင်စံပါ၊ မာမီက ဘွားဘွားအတွက် လက်ဆောင်ပေးခိုင်းလို့ လာပို့တာ၊ ပြီးတော့ ပိုးနဲ့လည်း မိတ်ဆွေဖြစ်ခွင့်ရအောင် လာခဲ့တာပ"

"ဩော်"

"ကျွန်တော့်နာမည် ဇွမ်းထက်တဲ့၊ ပိုးများ သိနှင့်နေမလားပဲ"

"ရှင်"

ပိုး လန့်သွားသော မျက်နှာလေးမျိုး ကမ္ဘာအရပ်ရပ်မှာ သူ မတွေ့ဖူးသေးခဲ့။

နောက်တစ်ကြိမ် ထပ်ပြီး လန့်စရာတစ်ခုလောက် ပြောဆိုတ်ချင်ပါသေးသည်။ ပိုး လန့်သွားပုံက ချစ်စရာကောင်းလွန်းလှ၍ ထပ်ပြီးကြည့်ချင်သည်။

"ပိုး ကျွန်တော့်နာမည် ကြားဖူးလား"

"ဟင့်. . . ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ညာလိုက်ရသော်လည်း ပိုး ရင်တွေ လှပ်လှပ်ခုန်နေ၏။

“သံအမတ်ကြီး ဦးထွန်းအောင်စံရဲ့သား မောင်စွမ်းထက်ရှိနေရာချပေးချင်တယ်”

ဆိုသော မေမေကြီး၏ စကားသံသည် နားစည်မှာ ချဉ်ချင်းပင် ပဲ့တင်မြည်ဟည်းလာပါသော်လည်း သူ့ကို သိနှင့်ပါသည်ဟု ပိုး ဘယ်လိုလုပ်ပြီး ပြောဝံ့ပါ့မလဲ။

“ကိုစွမ်းထက် ဆိုတဲ့အတိုင်း ပိုးရဲ့ရင်ကို သိမ့်သိမ့်ခါသွားအောင် အစွမ်းထက်လှချည်လားရှင်”

ပိုးက မျက်လွှာချပြီး တွေးနေဖြစ်၏။ သူ့ကို ပြန်လည်၍ အကြည့်ချင်းဆုံရမှာကိုပင် ပိုးမှာ မရွံ့မရဲ။

ပိုးနေရသောကျောင်းက မိန်းကလေးချည်းကျောင်း မဟုတ်ပါ။ ယောကျ်ားလေးများနှင့်အတူတွဲနေရသော အထက်တန်းကျောင်း ဖြစ်ပါသည်။ ပိုးကို လိုက်သူတွေ တစ်ပုံကြီး။

ပိုးက ယခုမှ သူ့ကို ကြိုက်သူနှင့် စတင်တွေ့ဖူးသူတစ်ယောက်လို အစိမ်းရိုင်းမလေး မဟုတ်ပါဘဲလျက် ‘စွမ်းထက်’ ပါ ဆိုသည်နှင့် သူ့ရင်သည် ဘာကြောင့်များ သွက်သွက်ခါအောင် လှုပ်ရှားသွားရပါလိမ့်။

“ပိုး ဆယ်တန်းဖြေထားတယ်နော်”

“ဟုတ်. . . ကဲ့”

“အောင်မယ် မဟုတ်လား”

“မပြောတတ်သေးပါဘူး”



ကိုကိုက အောင်စာရင်းကို အတွင်းမှ ကြည့်ပေးထားပါလျက် ‘အောင်မှာပါ’ ဟု ပိုး မပြောရဲသေး။

သူ့ရှေ့မှာ ထိုင်နေရသည်ကို အလိုလိုနေရင်း သိမ်ငယ်နေသလိုလို အားငယ်နေသလိုလို ခံစားလာရပါ၍ ပိုး ထွက်ပေါက်ရှာမိပါပြီ။

“နေဦးနော်၊ မေမေကြီး နိုးပြီလားလို့ သွားကြည့်လိုက်ဦးမယ်”

“အေးဆေးပါ၊ ရပါတယ်”

သူက အေးဆေးပါ ဆိုသော်လည်း ပိုးက မအေးဆေးနိုင်။

“ညှို့သည်ဖို့ ကော်ဖီတွေ ဘာတွေ ဖျော်မလာပါနဲ့ဗျာ၊ အားနာစရာကြီး၊ ဟဲ. . . ဟဲ”

အစက ရည်ရွယ်ချက်မရှိ၊ သူပြောမှ တစ်ခုခုတော့ ညှို့ခံမှဟု ပိုး တွေးဖြစ်လာသည်။

မေမေကြီး၏ အခန်းဝရောက်တော့ ပိုး ပျော်သွားသည်။ မေမေကြီး အိပ်မနေပါ။ သူနာပြုဆရာမက မေမေကြီး၏ ပါးစပ်မှာ သာမိုမီတာ ထည့်ထားပြီး နာရီကြည့်နေ၍ စောင့်ရလှ အလွန်ဆုံးမှ တစ်မိနစ်။

“ဘာလဲ သမီး”

စိတ်လှုပ်ရှားသောမျက်နှာနှင့် ဝင်လာသော ပိုးကို မေမေကြီးက ဆီး၍မေးလိုက်သည်။

“ညှို့သည်ရောက်နေလို့ မေမေကြီး”

“ဘယ်သူလဲ”

www.burmeseclassic.com

www.burmeseclassic.com



"မေမကြီး ပြောတဲ့လူပေါ့"

"ဟော. . . ဘယ်သူလဲ"

"ကိုစွမ်းထက်တဲ့"

ဒေါ်လှထယ်၏ မျက်နှာတစ်ပြင်လုံး ဝင်းကြည်သွား၏။

"ဦးထွန်းအောင်စံရဲ့ ဇနီးဆီကို မနေ့ကပဲ မေမကြီး ဖုန်းဆက်လိုက်တယ်"

"လက်ဆောင်အိတ်တစ်အိတ်လည်း ပါတယ်၊ ပိုး ဘာပြောလိုက်ရမလဲ"

ဒေါ်လှထယ်က သူ့ဆရာမကို ကြည့်လိုက်ပြီး. . .

"အဖျားရှိလား ဆရာမ"

"နိုင်တီနိုင်းပါ"

"ဘာလုပ်ရမလဲ၊ ဆေးသောက်ရမလား"

"မလိုပါဘူး၊ မှတ်တမ်းမှာ ကျွန်မ မှတ်ထားပြီး ညနေ ဆရာဝန် လာတော့မှ ပြရုံပါပဲ"

"ဒါဖြင့် ညှိခန်းက ကလေးကို အခန်းထဲ ခေါ်ပေးပါနော်"

"ဟုတ်ကဲ့ အန်တီ"

"ပြီးတော့ ဆရာမ ခဏနားနေပါ"

"ကောင်းပါပြီ"

ညှိသည်ရှေ့မှာ ရှိမနေစေချင်ကြောင်း ဆရာမက နားလည်စွာဖြင့် ပြုံးလျက်ထွက်သွားရှာ၏။

"လိမ္မော်ရည်နဲ့ ကိတ်မုန့်နဲ့ ယူလာခဲ့လို့ မီးဖိုခန်းမှာ သွားပြောပြီးတော့ ပြန်လာခဲ့ ပိုး"



အိပ်ရာထဲမှာ လဲလျောင်းလျက်က စိစဉ်နိုင်လွန်းသော မေမကြီး ဒေါ်လှထယ်။

ပိုးကိုယ်တိုင် သူ့ကို ညှိခံဖို့ ရေခဲသေတ္တာထဲမှ ကိတ်မုန့်ထုတ်၍ လှီးပေးသည်။ အိမ်ဖော်မိန်းကလေးက လိမ္မော်ရည် ဖျော်၏။ ပိုးတို့ အခန်းတွင်း ပြန်ရောက်လာတော့ ကိုစွမ်းထက် ဆိုသူသည် မေမကြီးနှင့် ရယ်ကာမောကာ ရင်းနှီးကျွမ်းဝင်စွာ စကားတွေ ပြောနေကြလေပြီ။

"ဒါ ဘွားဘွားရဲ့ တစ်ဦးတည်းသော မြေးမလေး ပိုးလေ၊ ဒါနဲ့ မြသီတာ ဘယ်တော့ပြန်မလဲ"

"မေမေ ကြာဦးမှာပါ။ ဖေဖေက ကျွန်တော်တို့ မောင်နှမတစ်တွေကို မြန်မာအကျင့် ပျောက်ကုန်မှာစိုးလို့ ဆိုပြီး ခဏပြန်ခိုင်းထားတာ"

"ဪ. . . ကောင်းပါလေ့၊ ဟဲ့. . . ပိုး၊ ထိုင်လေ သမီး"

မေမကြီးတို့၏ မာစတာဘက်ဒ်ရှုန်းမ်ခေါ် အိပ်ခန်းကျယ်ကြီးက သာမန်အိမ် တစ်ခန်းစာလောက် ရှိသည်။ ခုတင်အပြင် ဆိုလားထိုင် စားပွဲ တစ်စုံစာပါ ချထား၍ ရပါ၏။ ပိုးက ကိုစွမ်းထက်နှင့် တစ်ခုံကျော်မှာ ဝင်ထိုင်လိုက်ပြီး. . .

"လိမ္မော်ရည် သောက်ပါဦး၊ ကိတ်မုန့်လည်း စားပါ"

ဒေါ်လှထယ်က အိပ်ရာပေါ်မှာပင် ထ၍ထိုင်သည်။ ယခုတစ်လော မေမကြီး၏ ကျန်းမာရေးက သိသိသာသာ တိုးတက်လာကြောင်း ပိုး သတိထားမိသည်။

"သားက ဒီမှာ ကျောင်းပြန်တက်မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ဒီပလိုမာတစ်ခု ရခဲ့ပါပြီ ဘွားဘွား၊ ဒီမှာ သင်တန်းဖွင့်ရင်လည်းဖြစ်တယ်၊ နိုင်ငံခြား ကုန်သွယ်ရေး ကိုယ်စားလှယ်ရပ်(ပ)လုပ်လည်း ရပါတယ်၊ ဒယ်ဒီက တော့ စီးပွားရေးတစ်ခု ဖောက်ချလုပ်ပါတဲ့၊ အခြေအနေပေးသလို ပေါ့ ဘွားဘွားရယ်"

"ဒါပေါ့ကွယ်၊ ဒီမှာပဲနေနေ နိုင်ငံခြားမှာပဲ စီးပွားသွားရှာရှာ ဖြစ်တာပဲပေါ့"

"ဟုတ်ကဲ့၊ ယောက်ျားပဲ ဖွားဖွားရယ်၊ ဘာပဲဖြစ်ဖြစ် လုပ်နိုင် ရမှာပေါ့၊ ဒယ်ဒီကလည်း ကျွန်တော်တို့ကို အမြဲ အဲဒီလို ဆုံးမပါ တယ်"

"ဟုတ်တယ်၊ ကိုထွန်းအောင်စံက ခြံထဲက မြက်တောင် သူ့ဟာသူ ခုတ်ချင်ခုတ်နေတာ၊ သိပ်အလုပ်လုပ်တဲ့လူပဲ"

"မာမီက ဘွားဘွားအတွက် စားစရာတွေ အရင်ပို့ခိုင်းလိုက် တာပါ၊ အခု ဧည့်သည်ရောက်နေလို့ ညနေကျမှ လာခဲ့ပါမယ်တဲ့"

"နေပါစေ သားရယ်၊ အခုလို မြန်မာပြည် ပြန်လာခိုက်မှာ တွေ့ချင်ကြတဲ့သူတွေ များမှာပေါ့၊ အားမှလာပါလို့ ဘွားဘွားပြော မှာကြောင်း ပြောလိုက်နော်၊ ကဲ... လိမ္မော်ရည် သောက်လိုက်ဦး သား"

ကိုစွမ်းထက်က လိမ္မော်ရည် ငုံသောက်ရင်း မျက်လုံးထွေ့ ပိုးကို ကြည့်သည်။ ဒေါ်လှထယ်ကလည်း ပိုးကို အကဲခတ်နေ၏။ ပိုးမှာ ရှက်စနိုးနှင့် မနေတတ် မထိုင်တတ်။

"ပိုး စာဖတ်ဝါသနာပါလား၊ ကျွန်တော့်ဆီမှာ စာအုပ်တွေ အများကြီး ပါလာတယ်"



"ဘာစာအုပ်တွေလဲ"

"အစုံပဲပေါ့"

"အင်္ဂလိပ်လိုလား"

"ဒါပေါ့"

"ပိုးက မြန်မာဝတ္ထုတွေပဲ ငှားဖတ်နေကျ၊ အင်္ဂလိပ်ဝတ္ထု တစ်ခါမှ မဖတ်ဖူးဘူး"

"ဝတ္ထုတွေကတော့ နည်းနည်းမြင့်တယ်၊ ရုပ်စုံတွေ အေးရိုး ခစ်တို့ ဝပ်ကောက်တို့လို ကိုယ်ကာယလေ့ကျင့်ခန်းစာအုပ်တွေက တော့ ကြည့်လို့လည်း ကောင်းပါတယ်"

"အေး... အဲဒါတွေရှိရင် ပိုးကို ခဏငှားလိုက်စမ်းပါ သား ရယ်၊ သူ့ရွယ်တူအဖော်လည်း မရှိတော့ တစ်နေ့ တစ်နေ့ ပျင်းနေရှာ တာ"

ဒေါ်လှထယ်က ကြားကဝင်၍ ပေါင်းကူးစကား ခင်းပေး၏။

"ယူခဲ့မယ် ဘွားဘွား၊ ပိုး မဖတ်တတ်တာပါရင် ကျွန်တော် ရှင်းပြပေးပါ့မယ်"

"အင်း... အင်း၊ သား အားမှလာပါ"

မြေးရှင်မို့ အကဲတင်ခံရကြောင်း ကိုစွမ်းထက် နားလည် သွားပြီ၊ အဘွားကြီးကတော့ အိုကေပြီ၊ ပိုးက ဘယ်လိုသဘောထား သည် မသိ။ သူ့ဘက်ကတော့ ရာနှုန်းပြည့်ထက် ကျော်လွန်အောင် ပိုးကို နှစ်ခြိုက်ကျေနပ်သွားခဲ့ပါပြီ။

"တော်ပါသေးရဲ့၊ ဒီအဘွားကြီးက မာမီ့ကို အရင်စပြီး အားတမ်းလှမ်းလို့၊ တခြား ဘယ်သူ့ကိုပဲ ကမ်းလှမ်း ကမ်းလှမ်း

www.burmeseclassic.com

www.burmeseclassic.com



ငါလိုကောင်မျိုးချည်း ဖြစ်မှာပဲ၊ ဒီလောက်လှတဲ့ ပိုးကို ဘယ်သူ မကြိုက်ဘဲ ရှိပါ့မလဲ"

"မုန့်ပါ စားဦးလေ"

"သဲင့်ခ်ကျူ။ အာ ဆောရီး ကျေးဇူးပဲ. . . အဟဲ"

သူက ရှက်ရယ်၍ မုန့်တစ်ကိုက် ကိုက်လိုက်ပြီးမှ. . .

"ဒယ်ဒီက မှာလိုက်တယ်၊ မြန်မာစကားပဲ တောက်လျှောက် ပြောတဲ့၊ အင်္ဂလိပ်စကားတွေ ညှပ်မသုံးရဘူးတဲ့လေ"

ပိုးရော ဒေါ်ထယ်ပါ ပြုံးနေကြသည်။ သူ မုန့်စားနေ၍ ဘာစကားမှ ဝင်၍မမေးကြ မပြောကြပါ။

ကိုစွမ်းထက်သည် မုန့်စားနေရင်း မနက်က မေမေ ပြော လိုက်သော စကားကို ပြန်လည်သတိရလာသည်။

"သားရေ မင်းကံဇာတာကတော့ ထိပ်ဖျားရောက်လာပြီ ထင်တယ်ဟော့၊ ဒေါ်လှထယ်ကြီးကိုယ်တိုင် မာမီ့ကို ဖုန်းဆက်လာ တယ်၊ သူ အသက်လည်းကြီး ရောဂါလည်း ရှိနေလို့ သူ ကြာကြာ မနေရတော့ဘူး ထင်တယ်တဲ့၊ ဒါကြောင့် မြသီတာတို့ကပါ သဘော တူမယ်ဆိုရင် မောင်စွမ်းထက်နဲ့ ပိုးကို ပေးစားရအောင်တဲ့၊ ငါ့သား တော့ ကုသိုလ်ကောင်းပြီကွာ၊ ဒေါ်လှထယ်တို့က တအားချမ်းသာ တာ သားရဲ့၊ ပြီးတော့ ပိုးက သိပ်လှတယ်၊ ငါ့သား သွားကြည့်"

ဟု မေမေ ပြောစဉ်က ပိုး ဆိုသောအမည်ကိုပင် နော် ပြောင်မိခဲ့သေးသည်။ မလုပ်ပါနဲ့ မေမေရာ၊ ပိုးကို ယူလိုက် ကျွန်တော့်ဘဝ ပိုးစားပြီး စကာပေါက် ဖြစ်သွားပါဦးမယ်. . . တဲ့

မိဘပေးစားသော သူဌေးသမီးတို့သည် အရုပ်ခပ်ဆိုး



ရုပ်တစ်ခုတည်းနှင့် လင်မရနိုင်၍ စိန်ရွှေအဆစ် ထည့်ပေးရခြင်း ဖြစ်သည်ဟု စွမ်းထက် ထင်ခဲ့သည်။

ယခုတော့ ပိုးကို ဘယ်အလှရှင်နှင့် နှိုင်းရမှန်း မသိ။

"မာမီရေ၊ ကျွန်တော် ကြိုက်သွားပြီဗျ"

ဟုလည်း လေးခြံကျော်က ကြားအောင် ကျုံးအော်ပြီး တစ်ခါတည်း မပြန်ဘဲသာ နေလိုက်ချင်သည်။

သည်အတွေးကြောင့် လိမ္မော်ရည်သောက်ရင်း ပြုံးမိသည်။ ပိုးနဲ့ ဘွားဘွားကတော့ ယဉ်ကျေးစွာ ပြုံးနေသည်ဟုပဲ ထင်ကြမှာပါ။ စွမ်းထက်အနေနှင့် နိုင်ငံခြားမှာ မိတ်ဆွေမိန်းကလေးများ ရှိသည်။ ညကလပ်များသို့ ရောက်ဖူးသည်။ ဒီလောက်မှလွဲ၍ ဘာတစ်ခုမှ ဆိုသေး။ နှလုံးသားနှင့် ရင်းရသော ချစ်ရည်းစားလည်း တစ်ယောက် မှ မရှိခဲ့ဖူးသေးပါ။ ပိုးကိုတော့ ရင်ထဲ၊ နှလုံးသားထဲ၊ ဦးနှောက်ထဲ အို. . . အကုန်လုံးထဲက စွဲသွားပြီ။

နှစ်ပေါင်း ခုနစ်ဆယ်ကျော်ကြာအောင် အတွေ့အကြုံမျိုးစုံ ကို ဖြတ်သန်းလာခဲ့သော ဒေါ်လှထယ်သည် မောင်စွမ်းထက်၏ မျက် ဝန်းနှင့် မျက်နှာကိုကြည့်ပြီး သူ့မြေးမလေးကို အစွဲကြီး စွဲသွားပြီဖြစ် ကြောင်း နားလည်လိုက်ပြီ။

"မြသီတာကို ပြောလိုက်နော် သား၊ အများကြီး ကျေးဇူး တင်ပါတယ်လို့ ကဲ. . . ဘွားဘွား နားလိုက်ဦးမယ်၊ ပိုးရေ ဆရာမကို ခေါ်လိုက်တော့"

"ဟုတ်ကဲ့၊ နားပါ ဘွားဘွား၊ ကျွန်တော်လည်း ပြန်ဦးမယ် ခင်ဗျာ" 

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ သား၊ အားတဲ့အခါလည်း လာလည်ပေါ့"

"ကျွန်တော် ပိုးအတွက် စာအုပ်တွေ လာပို့ပေးပါဦးမယ် နော်"

"ဪ. . . အေး. . . အေး"

"ပိုး ကျွန်တော် ပြန်မယ်နော်"

"ဟုတ်တဲ့"

ပိုးမျှား အိမ်ရှေ့ဧည့်ခန်းအထိ ထွက်လိုက်လာဦးမလားဟု အခန်းဝရောက်တော့ သူ နောက်ပြန်လှည့်ကြည့်သည်။ ပိုးက ထိုင်ရာမှ မထ။ သည်တော့မှ စွမ်းထက်က သွက်လက်စွာ လျှောက်ထွက်သွားရတော့သည်။

"မေမေကြီးရယ် ပိုး သူ့ကိုတွေ့ရတာ ရင်ခုန်လိုက်တာ"

"ကာလကြာမြင့်စွာ မရယ်မပြုံးဖြစ်သော ဒေါ်လှထယ်မှာ အားပါးတရ ပြုံးလိုက်ရင်း. . .

"ဒီလိုပဲပေါ့ သမီးရယ်၊ နောက်ကျတော့လည်း ရင်းနှီးသွားမှာပဲပေါ့"

"မေမေကြီး"

"ဟင်"

"ပိုးကို အဲဒီလူနဲ့ တကယ်ပဲ ပေးစားတော့မှာလားဟင်"

"အတင်းအကျပ်တော့ မတိုက်တွန်းပါဘူး သမီးရယ် မေမေကြီးကတော့ ပေးစားချင်တာပေါ့"

"ပိုး ကျောင်းတက်ပါရစေဦး"

"ဘွဲ့ရပြီးလည်း အလုပ်လုပ်ဖို့မှ မလိုတာ၊ နောက်ပြီး ချ



တစ်ခုက ဘယ်လိုပဲဖြစ်ဖြစ် ရနိုင်ပါတယ်၊ အရေးကြီးတာက မေမေကြီး မရှိတဲ့နောက်ပိုင်းမှာ ပိုးတစ်ယောက်တည်း ဒီအိမ်ကြီးမှာ ကျန်ရစ်ခဲ့ဖို့ မလွယ်ဘူး သမီးရယ်"

ဒေါ်လှထယ်၏မျက်နှာက ပြန်လည်လေးနက် တည်ငြိမ်သွားပြန်သည်။

"ကိုကိုကလည်း ပိုးကို ဂရုစိုက်မှာပါ၊ ကိုကိုကလည်း ပိုးကို ယယ်ယယ်လေးနဲ့ ယောကျ်ားယူစေချင်မှာ မဟုတ်ပါဘူး၊ ပြီးတော့ ကိုစွမ်းထက် ဆိုတဲ့လူက ကိုကို့ထက်ပိုပြီး မကြီးနိုင်ပါဘူး မေမေကြီးရာ"

"အစ်ကိုနဲ့ ခင်ပွန်း ဆိုတာ မိန်းမသားတစ်ယောက်အတွက် အနှိုင်းချင်း မတူဘူး သမီး၊ မောင်ပြည့်ဝန်းကလည်း တစ်နေ့ကျ သူ့အိမ်ထောင်နဲ့သူ ဖြစ်သွားမှာပဲ"

ဒေါ်လှထယ်၏ စကားများသည် ပိုး၏အသိဉာဏ်နှင့်ဆိုလျှင် အလှမ်းကွာဝေးနေသေးသည်။

မောင်စွမ်းထက်တို့က မေမေကြီးတို့လောက် မချမ်းသာပေမယ့် ဆွေဂုဏ်မျိုးဂုဏ်ရှိတယ်၊ အသိုင်းအဝိုင်းကောင်းတယ်၊ အရှိန်အဝါကြီးတယ်။ ပြီးတော့ မြသီတာတို့ ကိုထွန်းအောင်စံတို့က အင်မတန်မှ သဘောထား မြင့်မြတ်ကြတာ၊ ဒါကြောင့် ငါ့မြေးလေးကို သူတို့အသိုင်းအဝိုင်းထဲ ထည့်ပေးခဲ့ချင်လို့ပါကွယ်"

ဒေါ်လှထယ်မှာ များစွာနွမ်းမောသွားပုံရသည်။ သူနာပြု ဆရာမကလည်း ဝင်ရောက်လာပြီမို့ စကားစပြတ်သွားကြသည်။ ဆရာမက အိပ်ရာလှည်းကျင်း၍ ဒေါ်လှထယ်ကို အနေအထား ပြင်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုး အိမ်ရှေ့ဘက်သို့ ထွက်လာပြီး ကိုကိုတို့တိုက်ကို လှမ်းကြည့်လိုက်တော့ သော့ခတ်လျက်။ သားအမိနှစ်ယောက်လုံး အပြင်မှ ပြန်မလာကြသေး။

ကိုကိုသည် ပိုး၏ ဒုတိယခန္ဓာကိုယ်၊ ပိုး သိသမျှ၊ ပိုး ခံစားရသမျှ ကိုကို သိစေရ၊ ခံစားစေရမည်။ ဤအကြောင်းအလုံးစုံ ပြောပြီးချိန်မှာ ကိုကို ဘယ်လိုမှတ်ချက်ပေးမလဲ၊ ဘယ်လိုဆုံးဖြတ်ချက်ပေးမလဲ ပိုး သိချင်လှပါသည်။

ငယ်သေး၍ အိမ်ထောင်မပြုချင်ပါဆိုသော ပိုးသည် ဘာကြောင့်များ စွမ်းထက်၏ ရုပ်သွင်ကို ပြန်၍ မြင်နေရပါသည်လဲ။

ဘာကြောင့်များ သူ့အကြောင်းကို အဖန်တလဲလဲ စဉ်းစားနေမိရပါသည်လဲကွယ်။

◆ ◆ ◆

## အခန်း(၁၉)

"မြို့ထဲ လိုက်ခဲ့လို့ ရမလား"

"သားရဲ့ ကျူရှင်ဆရာမကို ဝင်ခေါ်ရဦးမှာ၊ မြို့ထဲ မသွားဖြစ်သေးဘူး"

"သွားပါ. . . သွားပါ၊ ဒါဖြင့်လည်း. . ."

"ကားရှိတယ် မဟုတ်လား၊ ဒရိုင်ဘာနဲ့ပဲ သွားလိုက်လေ"

"ဒါတော့ သူပြောမှလား၊ ကားတစ်စီးတည်းနဲ့ ပြီးလည်းပြီးအောင်လို့ပေါ့"

"ကျွန်တော် တကယ်မကြုံလို့ပါ မန္တလေး့ရဲ့"

"ကဲပါ၊ ဒါဖြင့်လည်း ကြွတော်မူပါ"

ဒေါ်နွဲ့နွဲ့စိုးက မျက်စောင်းလေး တဝင့်ဝင့်ထိုးရင်း ဘေးတိုက်အနေအထားကို တမင်လုပ်ထားသည်။ သူ့ပုံစံမျိုး ပိုးတို့လို ငယ်ငယ်ချောချောလေးက လုပ်လျှင် ကြည့်မဝစရာ ဖြစ်မည်။ ယခုတော့ ဒေါ်နွဲ့နွဲ့စိုးမှာ အသက်ကလည်း လေးဆယ်ကျော်၊ ပုံစံကလည်း ခပ်ဝဝ၊ ရုပ်ကလည်း မလှသဖြင့် သူလုပ်သမျှ ကြည့်၍ ကောင်းဖို့ချည်း ဖြစ်နေတော့သည်။

"အဲဒီမိန်းမကြီးကို သား ကြည့်လို့ကို မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကားဘီး စ,လိမ့်သည်နှင့် မြတ်သူမောင်က ဦးရွှေမောင်ဝင်းကို ပြောလိုက်သည်။

"ကြည့်မရပေမယ့် အမျိုးက မတော်လို့ မရဘူးလေ သားရဲ့"

"သူနဲ့ ဘာမှ,မှ မတော်ဘဲ"

"ဪ. . . သားဘကြီးရဲ့ မိန်းမပဲ၊ သွေးမစပ်ပေမယ့် အမျိုးကတော့ စပ်လို့ရတာပေါ့၊ ပြီးတော့ မောင်ပြည့်ဝန်းကလည်း ညီအစ်ကို တစ်ဝမ်းကွဲလေ သားနဲ့ဆိုရင်"

"ကိုကိုပြည့်ဝန်းက သားကို သိပ်ပြီးဂရုမစိုက်ပါဘူး ဖေဖေရာ၊ သူက မမပိုးမှ မမပိုးပါ"

"ဪ. . . ဒါတော့ သူတို့ချင်းက မောင်နှမအရင်းကိုး"

"အမေမှ မတူတာ"

"အမေ မတူပေမယ့် အဖေက တူတူပဲမို့ မောင်နှမအရင်းလိုပဲ သတ်မှတ်ရတယ်"

"ဟုတ်တယ်၊ သူတို့နှစ်ယောက်ကတော့ တကယ်တွဲတယ်"

"သားလည်း ကြိုက်တဲ့သူငယ်ချင်း ခေါ်လာပေါ့၊ ကိုယ့်တိုင်းနဲ့ ကိုယ်ပဲဟာ"

"ဘယ်သူမှ မခေါ်ချင်ပါဘူး၊ သားက နိုင်ငံခြားပဲ သွားချင်တာ၊ မမပိုးဆီ ခဏခဏလာနေတဲ့ ကိုစွမ်းထက်ကို သား သိပ်အားကျတာပဲ"

"ဆယ်တန်းဖြေပြီးရင် ဖေဖေ စီစဉ်ပေးပါ့မယ်"

"တကယ်နော် ဖေဖေ၊ အရင်တုန်းက ပြောသလို ဘွဲ့ရမှ သွားရမယ်ဆိုပြီး ဆယ်တန်းအောင်ပြီးရင် တပ်ပြီးအချိန်မဆွဲရဘူးနော်"



"အေးပါ. . . သွားရပါ့မယ်"

"သင်္ဘောလိုက်မှာနော် ဖေဖေ၊ ဖေဖေ ခုကတည်းက အဆက်အသွယ် ရှာပေးနော်"

"ဖြစ်လာမှာပါ။ အဲဒါကို စိတ်ကူးယဉ်မနေနဲ့ဦး၊ ဆယ်တန်းအောင်ဘဲ မသွားရဘူး၊ ဒီနှစ်တစ်နှစ်တည်းအောင်,အောင် ကြိုးစားပါ"

"အောင်တာနဲ့ သွားရအောင် လုပ်ပေးနော်"

"အေးပါ"

လူငယ်တို့ သဘာဝက ဆိုင်ထက်ပိုကောင်းသော လက်ဖက်ရည် အိမ်မှာဖျော်ပေးစေဦး၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရမှ ကျေနပ်တတ်ကြသည်။ သဘောက ပိတ်လှောင်ခြင်းကို မခံချင်။ လွတ်လပ်ပွင့်လင်းမှုကို ခုံမင်တတ်ကြသည်။

ယနေ့လူငယ်တို့ သင်္ဘောလိုက်ချင်သည်မှာလည်း သည်သဘောမျိုးပါပင်။ ဘယ်နိုင်ငံမှ သွားခွင့်မရ။ သွားစရာငွေကလည်း မရှိ။ သင်္ဘောသားဆိုတော့ နိုင်ငံစုံလည်း ရောက်ဖူး၊ ငွေကလည်း ရသည်၊ ပြန်လာတော့လည်း ကားလေးတစီးစီး စီးနိုင်သဖြင့် လူငယ်တိုင်း မက်မောတတ်ကြသည့် အလုပ်ပါ။

တကယ်တော့ သင်္ဘောပေါ်ရောက်လျှင် အရာရှိ၏ ဟိန်းဟောက်အော်ငေါက်ခြင်းကို ခံရမည်။ အိမ်မှာ မလုပ်ရဖူးသော အလုပ်တန်းကျလှသည့် သန့်ရှင်းရေးမျိုး လုပ်ရရုံမက အန္တရာယ်မျိုးစုံနှင့် ကြုံရတတ်ခြင်းမျိုးကို မတွေးတတ်ကြ။

ကိုယ့်မိသားစုအတွက် ငွေမရှာလျှင် မဖြစ်သော လူကြီးပိုင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် အရာရှိအချို့တို့ကသာ တာဝန်ရှိ၍ သွားကြရသည်။ လူငယ်တွေ လို မတက်ကြွကြတော့။

မြတ်သူမောင်တတော့ သဘော်လိုက်ချင်ကြောင်း နား မတတ် ပြောကြားနေတတ်သည်။

မြတ်သူမောင်မှာလည်း မိခင်က မရှိ။ ဖခင်က တစ်ညဦး လုံး အရက်မူး၍ နေတတ်သည်။ မေမေကြီး ဒေါ်လှထယ်ကိုလည်း နှုတ်ဆက်ရုံသာ။ ပိုးနှင့် ကိုကိုပြည့်ဝန်းတို့ကလည်း တစ်တွဲဖြစ်နေ၍ မြတ်သူမောင်မှာ တသီးတခြား အထီးကျန်သမားလေး ဖြစ်နေရှာ၍ သူ နိုင်ငံခြားသို့ ထွက်ချင်သည် ဆိုသည်မှာ သူ့အလွန် မဟုတ်ရှာ

ဖခင် ဦးရွှေမောင့်ဝင့်က ချစ်လှစွာသော သားလေးအတွက် သည်သို့တွေးရင်း သားအဖနှစ်ယောက် ရန်ကုန်မြို့လယ် ဗိုလ်ချု လမ်းမကြီးပေါ်သို့ ရောက်ခဲ့ကြသည်။

အခုမှန်တော့ ရန်ကုန်မြို့တွင်းသို့ သားအဖနှစ်ယောက်ထွ လာခဲ့ကြခြင်း ဖြစ်သော်လည်း ဒေါ်နွဲ့နွဲ့စိုးကို မခေါ်ခဲ့ချင်၍ တမ ညာ၍ ထားခဲ့ခြင်း ဖြစ်သည်။

"သား ဖေဖေ့ကို ပြောမလို့၊ မေ့မေ့နေလို့"

"ဘာများလဲ သား"

"ကိုကို ကိုပြည့်ဝန်းအကြောင်း"

"လွန်ခဲ့တဲ့အပတ်က သား တင်းနစ်ကျင့် ရိုက်နေပါ လား"

"အေး"

သဘော်လိုက်ချင်ရင် ကိုယ်ခန္ဓာတောင့်တင်းမှ ဖြစ်



ကျန်းမာရေးလိုက်စားဟု ပြောခဲ့မိသဖြင့် ရေကူးသင်၊ တင်းနစ်အရိုက် ကျင့်နေသော သားလေး မြတ်သူမောင်က. . .

"သားရဲ့ဘောလုံးက ဘာဘရဲ့တိုက်နောက်ဘက်အထိ ရောက်သွားတယ်"

"အင်း"

"အဲဒါ သား သွားကောက်တော့လေ ကိုကိုပြည့်ဝန်းက ရေတွင်းပျက်ကြီးဘေးမှာ တွင်းတစ်တွင်း တူးနေတယ် ဖေဖေ"

"ဘာလုပ်ဖို့လဲ"

"မသိပါဘူး။ သားလည်း သူနားရောက်ရော သူက အရမ်း လန့်သွားတဲ့ပုံနဲ့ မင်း ဘာလာလုပ်တာလဲတဲ့"

"ဒီတော့. . ."

"ဒီတော့ ကျွန်တော်က ဘောလုံး လာကောက်တာလို့ ပြော လိုက်တော့၊ အေး. . . သွား သွား။ နောက် ဒီဘက်မရောက်စေနဲ့တဲ့"

"သူက ဘာမြှုပ်ဖို့ တွင်းတူးရတာလဲ၊ အကျယ်ကြီးလား အနက်ကြီးလား"

"ကျယ်တော့ မကျယ်ဘူး၊ နက်တော့ နက်တယ်ထင်တယ်၊ မြေကြီးတွေ တွင်းနှုတ်ခမ်းအပေါ်မှာ အတော်ပုံနေတယ်"

"ဘာလုပ်ဖို့ပါလိမ့်"

"မသိဘူး ဖေဖေရဲ့၊ နောက် ဒီဘက်မရောက်စေနဲ့လို့ ဆိုပေ မယ့် သူ မရှိတုန်း နောက်တစ်ခေါက် သား ရောက်သွားသေးတယ်"

"ဒီတော့ ဘာတွေ့လဲ"

"ဘာမှမတွေ့တော့ဘူး။ သူတွင်းတူးထားတဲ့နေရာမှာ အုတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြားဟောင်းတွေ ပြန်စီထားတာပဲ တွေ့ရတယ်"

"သူ့တိုက်နောက်ဘက်မှာ သူ့လုပ်စရာရှိလို့ နေမှာပေါ့ သား ရယ်၊ ကြြာ် . . . နေပါဦး၊ သား သွားမှာ ဘာ့လမ်းနော်"

"ဟုတ်တယ်လေ ဖေဖေ၊ သင်္ချာပိုင်းတချုရှင်ဆရာက ဒီတို့ လာမှာ"

"အေး . . . အေး . . . အပြန် ဖေဖေ လာကြိုမယ်"

သားလေး မြတ်သူမောင်ကို ကားရပ်ပေးခဲ့ပြီး တစ်ယောက် တည်း ကားမောင်း၍ ပြည်ထောင်စုဘက် ရှိရာသို့လာရင်း စဉ်းစား လာမိသည်မှာ ဘဏ်ရှေ့၌ ကားရပ်ပြီးသည်အထိ။

"ဒီကောင် ပြည့်ဝန်း မြေတွင်းတူးတယ်ဆိုတာ ဘာမြှုပ်မလို့ လဲ"

"အို . . . မြှုပ်တာ ဖြစ်ချင်မှဖြစ်မှာ၊ တွင်းတူးပြီး ရှာတာရော မဖြစ်နိုင်ဘူးလား"

"ဒီကောင်လေး ကြည့်ရတာတော့ ခပ်အေးအေးပဲ၊ ဒါပေမဲ့ သူ့အမေက သိပ်လည်တော့ သူ့အမေ ဘာမှားခိုင်းသလဲမှ မသိတာ"

"ရေတွင်းပျက်ကြီးနားက အုတ်တွေစီထားတဲ့နေရာမှာ ဘာ များ အကြောင်းရှိလို့ပါလိမ့်၊ သူတို့သားအမိ ဘာလုပ်နေကြတယ်ဆို တာ ငါလည်း စောင့်ကြည့်ဦးမှပါပဲလေ"

"အင်း . . . မနေ့က ငါ့ကို အပိုင်ကြံလို့ မရရင် အပြီးဖွဲ့မှာ စိုးရိမ်ရတယ်"

"ဟိုတစ်လောက ငါ မူးမူးနဲ့ ပြောလိုက်တဲ့စကား သူကြား သွားတယ်၊ နောက်ကိုတော့ ငါ အစစအရာရာ ဆင်ခြင်နေမှပါပဲ"



"တော်ပါသေးရဲ့၊ တူမလေးပိုးတ ငါ့ကို ဒီနေ့ထက်အထိ ဘာမှမပြောရှာဘူး၊ ဒါလည်း မေမေက တောင်းပန်ရှင်းပြထားလို့ ဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ်လေ ပိုး စကားလုံတာရယ်၊ ငါ့ပေါ် ရန်ငြိုးမဖွဲ့ တာရယ်ကိုပဲ ငါ ကျေးဇူးတင်လှပါတယ်"

"ဒီတူမလေးကို ငါ တစ်သက်လုံး ရန်ငြိုးထားခဲ့မိတယ်၊ ဟိုတုန်းကတော့ မြတ်သေရတာ သူ့ကြောင့်လို့ တန်းတန်းစွဲ စွပ်စွဲခဲ့ မိတယ်၊ ခုလို အသက်အရွယ် ကြီးလာပြီး ဆင်ခြင်ကြည့်တော့လည်း မြတ်ဟာ သူ့ကံနဲ့သူ သေရှာတာပါပဲလေ၊ ပိုးမှာ ဘာအပြစ်မှ မရှိရှာ ပါဘူး"

"အင်း . . . အရက် အရက်၊ ဒီအရက်ကြောင့် ငါ တာဝန် တောင်းဘ နဲ့ ငါ့အစ်ကို သေရရှာတာ၊ ဒီအရက်ကို ငါ့စိတ်က စိတ်နာ နေပေမယ့် ငါ့သွေးသားက စိတ်နာလို့ မရတော့ပါလား"

"စိတ်က တောင့်တ,တာကို ချိုးနှိမ်လို့ရတယ်၊ အသွေး အသားက တောင့်တ,တာကျတော့ ချိုးနှိမ်လို့ မရတော့ဘူး၊ ငါ့ အသွေးအသားကို အရက်က ဝါးမျိုနေပြီ၊ အရက်ဟာ ငါ့ရဲ့ အရှင် သခင်၊ ငါဟာ အရက်ရဲ့ ကျေးကျွန် ဖြစ်နေရပြီကွယ်"

ယင်းအသိ ရှိပါသော်လည်း ဦးရွှေမောင်ဝင့်မှာ အရက်ကို ဖြတ်နိုင်တော့ပါ။ ဖြတ်နိုင်အောင်လည်း မကြိုးစားချင်တော့ပါပေ။

သူ အရက်ကလွဲ၍ ဘယ်မိန်းမကိုမှ စိတ်မဝင်စား။ ကြောင့် ဒေါ်နွဲ့နွဲ့စိုးကို အကပ်ပင် မခံချင်။ ဒေါ်နွဲ့နွဲ့စိုးအနေနှင့် လည်း သူ့ကို အရင်လို အတင်းမရောတော့ပါ။

ဦးရွှေမောင်ဝင့်မှာ မိခင်ကြီးကို သနားသော်လည်း အရက် ကို ပို၍မြတ်နိုးခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သားလေးကိုလည်း သူ့ဆန္ဒအရ နိုင်ငံခြားသဘော် လိုက်နိုင်အောင် သူ ဆောင်ရွက်ပေးရပါမည်။

သည်အတွင်းမှာတော့ ဒေါ်နွဲ့နွဲ့စိုးတို့ သားအမိ၏ အရိပ်အခြည်ကို နည်းနည်းပါးပါး စောင့်ကြည့်ရဦးမှပါလေ၊ တိုက်နောက်ဘက်မှာ တွင်းတူးနေတဲ့ကိစ္စကတော့ အဆန်းသား။

◆ ◆ ◆

## အခန်း(၂၀)

သိပ္ပံပညာရှင်တို့ စမ်းသပ်တီထွင်
ဝေဟင်ပစ်လက်နက်
ထက်မြက်တဲ့ အိပ်ဇိုးဆေးဖုံးကျည်
အေအိုင်ဒီအက်စ်အတွက် ဆေးသစ်အမည်
စသည်. . . စသည်. . . စသည်. . .
လူတစ်ယောက် သို့မဟုတ် လူတစ်စု၏ ဖန်တီးမှု
တစ်ခုသာ တစ်မျိုးသာ
အောင်မြင်လာတတ်ပေမယ့်
"ရင်ထဲက နှလုံးသားစက်"
ဘယ်ကွန်ပျူတာနဲ့မှ တွက်ချက်လို့မဖြစ်
အချစ်. . . အမုန်း. . . ချည်နှောင်ခြင်း. . . ရုန်းထွက်ခြင်း
လောင်မြိုက်သည်. . . အေးမြသည်
ဆုံးရှုံးမှု. . . အောင်မြင်မှု
"ဝေဒနာစုရပ်"
တစ်စက္ကန့်နှင့် တစ်စက္ကန့်အကြား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တည်ပြောင်းလဲ ရင်ထဲလှုပ်ရှား
နှလုံးသားစက် လည်ပတ်မှုအတွက်
"ချစ်သူ့မျက်ဝန်း" စက်ခလုတ်ဖြင့်
ဖွင့်စေ၊ ပိတ်စေ၊ ရပ်စေ၊ လည်စေ
မျိုးပေါင်းကုဋေ ဖြစ်ထွန်းစေ

"ကိုကို အဲဒါ ဘာတွေလဲဟင်"

"အလကားပါ။ ညက အိပ်မရတာနဲ့ ကဗျာရေးဖွဲ့ဖို့ ခံစားမှု စာတမ်း ရေးနေတာ၊ ကာရန်မမိသေးဘူး၊ အကြမ်းပဲ ရှိသေးတယ်"

"ကိုကို ကဗျာဆရာ လုပ်မလို့လား"

"ကဗျာဆိုတာ သင်္ချာတစ်ပုဒ်လို ထတွက်လိုက်လို့ ရတာမျိုး မဟုတ်ဘူး ပိုးရဲ့၊ ကာရန်ကလည်း လှမှ၊ စာလုံးကလည်း ကျစ်လျစ် သိပ်သည်းမှ၊ ပြီးတော့ အရေးအကြီးဆုံးက ခံစားမှုပဲ၊ အဲဒီလို ခံစားမှု ပြင်းပြလေ ဖွဲ့သီတဲ့ အနုပညာက အားပြည့်လေပဲ"

"ခံစားမှုဆိုတာ ဘာလဲ ကိုကို"

"ဟာ. . . ခက်ပါလားကွာ"

ကိုပြည့်ဝန်းက ပိုး၏ခေါင်းကို အုပ်ကိုင်လှုပ်ခါ၍. . .

"ခံစားမှုဆိုတာ ရင်ထဲက ဝမ်းနည်းကြေကွဲတာ၊ ကြည်နူး ဝမ်းသာတာတွေကို ခေါ်တာပေါ့၊ ငါ့ညီမ ရည်းစားထားတဲ့အခါကျ ပိုသိလာမှာပေါ့"

"သေချာပြီ၊ ကိုကို့မှာ ရည်းစားရှိနေပြီ"

"ဟာ. . . မရှိသေးပါဘူး"

"ရှိနေပါပြီ၊ ဒါကြောင့် ခံစားမှုကဗျာတွေ ဘာတွေ ကိုကိုရေး နေတာပေါ့"



"မရှိသေးပါဘူးကွာ"

"ကိုကို မညာနဲ့နော်၊ ရှိကို ရှိရမယ်"

"တကယ့်ကို မရှိသေးပါဘူးကွာ၊ ကဲပါ၊ ရှိပြီပဲ ထားလိုက်ပါ ဦး၊ ညီမလေးက ဘယ်လိုသဘောထားမလဲ"

"အို. . . ဝမ်းသာမှာပေါ့ ကိုကို"

"ဟင်. . ."

"တကယ်ပြောတာ၊ ပိုးမှာ အစ်မတွေ ညီမတွေမှ မရှိတာ၊ ကိုကို ရည်းစားရပြီး မိန်းမရရင် ပိုးအတွက် အစ်မတစ်ယောက် တိုးတာပေါ့ ကိုကိုရဲ့"

"ဒီလိုဆိုလည်း ဝမ်းသာပါတယ်ဗျာ"

"အဲဒါ ခံစားမှုပဲပေါ့နော်"

"ဘာလဲ"

"ဝမ်းသာတယ်ဆို၊ ဝမ်းသာတာ ခံစားမှုပေါ့"

"ဟုတ်ကဲ့ပါခင်ဗျာ"

"မနောက်နဲ့ ကိုကိုရာ၊ လူမှန်ရင် ဝမ်းသာတာ ဝမ်းနည်းတာ တော့ ရှိကြတာချည်းပါပဲ၊ ဘာလို့ လူတိုင်း ကဗျာဆရာ မဖြစ်ကြ တာလဲ"

"ခံစားတာတော့ လူတိုင်းပေါ့၊ ဒါပေမဲ့ အဲဒီခံစားချက်ကို ပေါ်လွင်အောင် တင်ပြရေးဖွဲ့နိုင်ဖို့ကလည်း လိုသေးတယ်လေ"

"ကိုကို ရေးထားတာလေးက ဖတ်လို့ကကောင်းနဲ့၊ အဲဒါ တကယ်ခံစားပြီး ရေးတာလား"

"တကယ်ခံစားရတာတော့ မဟုတ်ဘူးပေါ့၊ အဲဒီလို ခံစား ကြည့်ပြီး ရေးဖွဲ့ထားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ ခံစားဆိုတဲ့ စကားလုံးတွေ သိပ်များနေပြီ"

"ဟုတ်ပါရဲ့ကွာ၊ ကိုကိုကလေ သိပ္ပံကျောင်းသားသာ ဖြစ်နေတာ၊ စိတ်က အတ်စ်(Arts)သမားပဲ၊ အနုပညာဆိုတာကို အားလုံး စိတ်ဝင်စားတာပဲ"

"ကိုကို သီချင်းဆိုရင် အသံလည်း ကောင်းပါတယ်"

"ဆီးသီးထုပ်ရရင် မကောင်းဘူးလား"

ပိုးကရယ်ပြီး ကိုပြည့်ဝန်းကို တွန်းပစ်လိုက်သည်။ စတူဒီယို တေးသံရှင်များ စီးရီးထုတ်ကြသည်ကို သူက ရည်ရွယ်၍ နောက်နေခြင်းပါ။

"ဘာဖြစ်လို့မှန်း မသိဘူး၊ ဘာအနုပညာဖြစ်ဖြစ် ကိုကို အထင်ကြီးတယ်၊ စိတ်ဝင်စားတယ်၊ ဝါသနာပါတယ်"

"အနုပညာဆိုတာ မျိုးရိုးနဲ့ ဆင်းသက်ကြတာဆို၊ မေမေကြီးက ပြောဖူးတယ်၊ ဂရိတ်ဦးဖိုးစိန် မျိုးဆက်တွေ ရွှေမန်းတင်မောင်ရဲ့ သားတွေ ဆက်ပြီးအောင်မြင်တယ်တဲ့၊ ကိုကိုကျတော့ ဘာမျိုးမှ လည်း မရှိဘဲနဲ့"

"အေးလေ. . . ဒါဆို ကိုကို့ကို ဖေဖေက ဇာတ်စင်နောက်ဖေးက ကောက်လာခဲ့တယ် ထင်ပါရဲ့ကွာ ဟား. . . ဟား"

ပိုးလည်း ရော၍ရယ်ဖြစ်၏။

ကိုပြည့်ဝန်း၏ ဖခင်သည် နာမည်ကျော် စန္ဒရားဆရာ တေးရေးဆရာတစ်ယောက် ဖြစ်သည် ဆိုသည်ကိုဖြင့် ပိုးနှင့် ကိုပြည့်ဝန်းတို့ လုံးဝသိခွင့်မရခဲ့ကြသေးပါ။

"ပိုး"



"ရှင်. . . ကိုကို"

"ကိုကို့မှာလည်း ဥစ္စာတွေချောက်နေတယ်"

"ဘာကိုလဲ"

"ဟိုပစ္စည်းတွေကိုပေါ့"

"ဟာ. . . မြေကြီးထဲ ရောက်သွားပြီပဲ"

"တစ်ယောက်ယောက်ကများ လာတူးယူသွားမလားလို့ပေါ့ ပိုးရယ်"

"ကိုကို တူးထားတဲ့တွင်းက အနက်ကြီးပါ။ ပြီးတော့ ဒီကိစ္စကို ဘယ်သူမှ သိကြတာလည်း မဟုတ်ဘူး၊ ခြံထဲကို သူခိုးဓားပြ ဝင်ရင်တောင် အဲဒီလိုထားတာက အလုံခြုံဆုံးပဲ ကိုကိုရဲ့"

"ဟုတ်တယ်နော်၊ ရှေးလူကြီးတွေ မြေမြှုပ်ထားတယ် ဆိုတာကို ကိုကို သဘောပေါက်ပြီ၊ ဒါကြောင့် ရွှေအိုးတွေ၊ ရွှေထည်တွေ ခဏခဏ တွေ့ကြတာပဲ၊ ဒါနဲ့ မေမေကြီးက ပိုးကို မေးသေးလား"

"မေးတယ် ကိုကို၊ ပစ္စည်းတွေ မြှုပ်ပြီးပြီလားတဲ့၊ ပိုးက ဟုတ်ကဲ့ ဆိုတော့ လုံခြုံအောင် ဂရုစိုက်တဲ့၊ အဲဒါ သမီးတစ်သက် စားလို့ရတယ်တဲ့၊ ဒါပဲပြောတယ်၊ မေမေကြီးက တကယ်ပြတ်တယ်"

"ပိုးကိုလည်း အတော်ပဲ ချစ်ရှာပါတယ်"

"ကိုကို့ကို မချစ်ဘူး ထင်လို့လား"

"မချစ်မှ မချစ်တာ"

"ကိုကိုက နီးနီးစပ်စပ်မနေလို့ ဖြစ်ပါလိမ့်မယ်၊ မေမေကြီးက သဘောကောင်းပါတယ် ကိုကိုရဲ့"

"မေမေကြီးက မေမေ့ကို သိပ်ကြည့်မရဘူး ထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မျက်နှာကလည်း မရှိတော့ဘူး မဟုတ်လား"

"အဲဒါတွေတော့ ပိုး နားမလည်ဘူး၊ ပိုး သိတာက ကိုကိုနဲ့ မောင်လေး ဒီနှစ်ယောက်ပဲ ပိုးအတွက် အရင်းအချာရှိတယ်၊ ပိုးက လေ မောင်လေးကို နည်းနည်းပဲချစ်တယ်၊ ကိုကို့ကိုတော့ သိပ်ချစ်တာပဲ"

ကိုပြည့်ဝန်းသည် ချစ်ညီမလေးအား မြတ်နိုးစွာကြည့်ပြီး အားပါးတရ ပြုံးလိုက်မိသည်။ သူ့အနေနှင့် ဝင့်ထယ်ဂေဟာကြီး၏ မျိုးဆက်သစ်၊ မြေးဦး ဖြစ်သော်လည်း သည်ဘက်တိုက်ကလေးမှာ သီးခြားလို နေနေရသည်။ ဒေါ်လှထယ်ကရော ရွှေမောင်ဝင့်ကပါ သိပ်ပြီးအရေးမလုပ်ကြ။

ယခုလိုပင် ညီမလေးပိုးကဖြင့် မေမေဒေါ်နွဲ့နွဲ့စိုး အပြင် ထွက်သွားချိန်မျိုးတွင် အမြဲလာပြီး ယခုလို ချစ်ဖွယ်စကားလေးများဖြင့် သူ့ရင်ကို ညွတ်နူးကြည်မွေ့စေသော ညီမလေး။

"ဪ. . . ကိုကို"

"အင်း. . ."

"မေမေကြီးကို ခွင့်တောင်းထားတယ်၊ ရုပ်ရှင်ကြည့်ဖို့"

"ဘာပြောလဲ"

"သွားလေတဲ့"

"ဘယ်သူနဲ့ သွားမှာလဲ"

"ကိုကိုနဲ့ပေါ့"

"ဟ. . . အပိုင်ပါလား"

"အင်းလေ၊ ကိုကို မပို့လို့ ဘယ်သူပို့မှာလဲ"



"ဟုတ်ပခင်ဗျာ၊ ဘယ်တော့ပို့ရမှာလဲ"

"ပိုး ကြည့်မယ့်နေ့ကျ ပြောမယ်လေ"

"ဟုတ်ကဲ့ပါခင်ဗျာ"

ကြည်နူးသောရင်ဖြင့် စုံညီစွာ ပြုံးမိကြသည်။

"ခုတစ်လော မေမေကြီး ပြန်နေကောင်းနေတယ်နော်"

"ဟုတ်တယ်၊ ဟိုတစ်လောကတော့ သူ့ကိုယ်သူ သေမယ် ဆင်ပြီး ပိုးအတွက် စီစဉ်ပေးခဲ့တာဖြစ်မှာ"

"ဟုတ်မှာပဲ"

ကိုပြည့်ဝန်းနဲ့ ပိုးတို့ စကားပြောနေဆဲ ခြံတွင်းသို့ ယာယီ နံပါတ်တပ်ထားသော ကားသစ်တစ်စင်း ဝင်လာသည်။ ကားက အဖြူရောင် အဖြူဆွတ် အိညက်နေပေသည်။

"ဧည့်သည်ထင်တယ် ပိုး"

ပိုးကလည်း ထိုင်ရာမှ လည်ကလေးဆန့်ပြီး ငဲ့ကြည့်လိုက်တော့. . .

"ဟာ. . . ကိုစွမ်းထက်ပဲ ကိုကိုရဲ့"

"ဟိုဘက်နားကခြံက သံအမတ်ကြီးသား ဆိုတာလား"

"ဟုတ်တယ်၊ နိုင်ငံခြားက ပို့လိုက်တဲ့ ကားသစ် သွားထုတ်ပြီးရင် ပိုးကို လာပြမယ်လို့ ပြောသွားတာ"

"အဲဒီကောင်ကို ကိုကို သိပ်ကြည့်မရဘူး"

"ဟာ. . . ကိုကိုကလည်း"

ပိုးက ထိုင်ရာမှ ဖျတ်လတ်စွာ ထပြီး. . .

"မေမေကြီးက ပိုးနဲ့ သိပ်ပြီးခင်မင်စေချင်တာ ကိုစွမ်းထက်

www.burmeseclassic.com

www.burmeseclassic.com



က မဆိုးပါဘူး ကိုကိုရဲ့၊ ကဲ. . . ပိုး သွားလိုက်ဦးမယ်နော်၊ သူ ပိုးဆီ လာတာ"

ပိုးက တိုက်ပေါ်မှ ဖျတ်လတ်စွာ ဆင်းသွားပြီး ကိုစွမ်းထက် တိုက်ကြီးတွင်းသို့ မဝင်မီ အချိန်မီအောင် ခပ်ပြေးပြေးကလေး သွား နေသည်။

ကိုပြည့်ဝန်း၏ ကြည်လင်နေသော နှလုံးသားတွင်းသို့ မှုန်တိုင်း ကျရောက်လာသည်သို့ မှိုင်းမှုန်အုံ့မည်းသွားခဲ့ပြီ။

ဒီကောင် မကြာ မကြာလာပြီး ပိုးနှင့် ရယ်ကာမောကာ စကားပြောနေသည်ကို မြင်ရလေတိုင်း ဆွဲထိုးပြီး ခြံတွင်းမှ မောင်းနှင် အောင်ထုတ်ပစ်လိုက်ချင်သည်။

ဝန်တိုမစ္ဆရိယတို့သည် နှလုံးသားကို ပူလောင်ဆူပွက်စေ၏

"ကိုကို ရည်းစားရရင် ပိုးက ဝမ်းသာမယ့်တဲ့"

"ငါ့ကျတော့ ပိုး ဒီကောင်နဲ့ စကားပြောနေတာကိုတော့ ဘာကြောင့် မကြည့်နိုင်ရတာပါလိမ့်"

ပိုး ရည်းစားထားရင် ငါ ဝမ်းမသာနိုင်ဘူး"

"ညီမလေးပိုးကို ဘယ်သူမှ မပိုင်ဆိုင်စေချင်ဘူး"

"ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး"

မနာလို မရှုစိမ့်သော စိတ်ရိုင်းတို့သည် ကိုပြည့်ဝန်း၏ရင်ဘတ် ပုံ့နှံ့စွာ နေရာယူထားကြသည်။ ပိုးနှင့် ပတ်သက်လေတိုင်း သွေး သည် ပြင်းပြစွာ လှုပ်ခတ်မြဲ။

"အေးလေ၊ ဒါတော့ ငါတစ်ယောက်တည်းမှ မဟုတ်ဘူး ထင်ပါရဲ့၊ နှမရည်းစားတွေကို ရှိုက်ကြ၊ ဓားနဲ့ ထိုးကြလို့ အမှုဖြစ် တာ အများကြီးပဲ. . .

ငါလည်း ကိုယ့်ညီမလေးကို ကိုယ်သိပ်ချစ်လို့ ဒီလိုစိတ်ရိုင်း တွေ ဝင်နေတာ ဖြစ်မှာပါ"

အဖြေတွေးလေး တွေးဖြစ်သော်လည်း ရင်၌အေးငြိမ်းခြင်း မရှိ။

တက်ကြွနေသော စွမ်းထက် ဆိုသည့် နိုင်ငံခြားပြန် ကောင် လေးနှင့် ပြုံးရွှင်စွာ ညှိခံနေတတ်သော ပိုးတို့နှစ်ဦးကို ကြည့်မရ။ ကြည့်ချင်။

"တောက်. . . ဒီကောင် ရောက်လာမှ ငါ့ညီမလေး ငါ့နား မှာ နေခွင့်မရတော့ဘူး"

ကိုပြည့်ဝန်း အိပ်ခန်းတွင်းသို့ ဝင်လာသည်။ အိပ်ရာပေါ်မှာ ထိုင်ပြီး စာစောက စပ်လက်စ ကဗျာကို ကာရန်ရှာသော်လည်း ဘာ တစ်ခုမှ အဆင်မပြေ။

စာရွက်တွေ၊ ဘောပင်တွေကို ခုတင်ပေါ်မှ တွန်းဖယ်ပစ် လိုက်ပြီး ခေါင်းအုံးမှာ မျက်နှာကိုအပ်၍ မှောက်လျက် အိပ်ပစ်လိုက်၏။

မျက်စိ စုံမှိတ်ထားသော်လည်း ဘယ်လိုနည်းနှင့်မှ အိပ်၍ ပျော်နိုင်မည် မဟုတ်ကြောင်း ကိုယ့်ကိုယ်ကိုသာ အသိဆုံး။

◆

"ဘယ့်နှယ်လဲ၊ ဒီကားကို ပိုး ကြိုက်ရဲ့လား"

"အင်း. . . ကောင်းမှာပေါ့၊ ပိုးမှ နားမလည်တာ"

"စွမ်းကတော့ ပိုး ကြိုက်စေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ စွမ်း မိန်းမရရင် လက်ဖွဲ့ဖို့တဲ့"

"အို. . . သာမဆိုင်သေး"

ပိုးက ဆံပင်လေးများ ဖြာဝေသွားအောင် တစ်ဘက်သို့ ဆတ်ခနဲ လှည့်ပစ်လိုက်သည်။

စွမ်းထက်က သူ့အိမ်သားများ ခေါ်သလို သူ့ကို 'စွမ်း' ဟု ခေါ်စေသည်။ ပြီးတော့ သူကိုယ်သူလည်း 'စွမ်း' ဟု ထည့်ပြော လောက်အောင် ရင်းနှီးမှုအတိုင်းအတာက မြင့်မားနေကြပြီ။

"ပိုးရဲ့မေမေကြီး အိပ်နေလား"

"မအိပ်ဘူး၊ လာလေ မေမေကြီးအခန်း သွားရအောင်"

"မသွားချင်လို့ မေးတာ၊ လာပါ၊ ခြံထဲမှာပဲ စကားပြော အောင်"

"ဟာ. . . မလုပ်နဲ့၊ ဟိုဘက်တိုက်မှာ ကိုကို ရှိတယ်"

"ပိုးရဲ့ ကိုကိုကို ကြောက်လို့လား"

"ကြောက်တာပေါ့"

"ဒါပေါ့၊ ကြောက်ထိုက်တာပေါ့၊ စုံတွဲဆိုတာ အစ်ကိုရဲ့ရှေ့ မှာ မနေအပ်ဘူးလေ"

"အိုး. . . ဘာတွေလာပြောနေမှန်းလည်း မသိဘူး"

"ပိုး"

"လာလေ၊ ညှိခန်းထဲ သွားကြမယ်၊ မတ်တတ်ကြီး မကောင်းပါဘူး"

"ညှိခန်းထဲမှာ ဘယ်သူရှိလဲ"



"ဘယ်သူမှ မရှိဘူး"

"တကယ်လားဟင်"

အသံ တိုးတိုးတုန်တုန်လေးလုပ်ပြီး မျက်နှာငယ်ဟန်နှင့် ပြောနေပါ၍. . .

"ဒါက ဘာဖြစ်တာလဲ၊ ဘယ်သူမှ မရှိပါဘူးဆိုမှ"

"ကြောက်တတ်လွန်းလို့ပါ ပိုးရယ်"

"အပိုတွေ"

"တကယ်ပါ၊ သူများတွေရှိရင် ပိုးကို တစ်ဝကြီး မကြည့်ရမှာ စိုးလို့ ပိုးရဲ့"

ပိုးက ပါးစပ်ကို လက်ဝါးလေးနှင့်အုပ်ပြီး တခစ်ခစ် ရယ်ရင်း ညှိခန်းဆိုဖာပေါ်မှာ သွားထိုင်နှင့်သည်။

စွမ်းထက်က ပိုးကို အရေးတယူ ဂရုတစိုက် ရှိလှသည်။ သူရောက်လာလေတိုင်း ပြုံးရွှင်ရယ်မောဖွယ်စကားများကို ပြောကြား တတ်သည်မို့ ပိုး ပျော်မိသည်။

သို့သော်လည်း ကိုကို ခုနပြောလိုက်သော ခံစားမှုဆိုသည့် နှလုံးသား လှုပ်ရှားမှုမျိုးတော့ မဟုတ်ပါ။

နှလုံးအိမ်၏ ဗဟိုအရပ်မှ စီးကျသွယ်ဆင်းလာတတ်သည် ဆိုသော ချစ်ခြင်းမေတ္တာမျိုးလည်း ပိုးရင်မှာ မဖြစ်တည်သေး။

"ပိုးရယ်. . . စွမ်းကို တကယ်ပဲ မချစ်သေးတာလားဟင်၊ စွမ်းတာတော့ ပိုးကို တအားချစ်"

"အို"

"တကယ်ပါ၊ စွမ်း ဘယ်သူ့ကိုမှ မချစ်ဖူးသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မယုံပါဘူး"

"ဒါဖြင့် စွမ်းအချစ်ကို မယုံလို့ ပြန်မချစ်တာလား၊ ဟုတ်လား ပိုး"

"ဒီလိုလည်း မဟုတ်ပါဘူး"

"ဒါဖြင့် မချစ်နိုင်တဲ့အကြောင်း ပြလေ"

"အို. . . ပြစရာ ဘာမှမရှိဘူး"

"ပိုးက ပြစရာမရှိပေမယ့် စွမ်းကတော့ ကြည့်စရာရှိတယ် ဗျ"

ငုံ့ထားသော ပိုး၏မျက်နှာလေးကို အောက်ဘက်မှ ငုံ့ကြည့်နေသော စွမ်းထက်ကြောင့် ပိုး အနေခက်လှပါပြီ။

"ပိုး"

"ဟင်"

"မာမီတို့က ဗေဒင်ဆရာနဲ့ တိုင်ပင်နေကြပြီ"

"ဘာအတွက်လဲ"

"မင်္ဂလာရက် ရွေးဖို့ကိစ္စ"

"မေမေကြီးက ပြောပြီးသား၊ ပိုး သဘောမတူရင်၊ ပိုး စိတ် မချမ်းသာရင် မစီစဉ်ဘူးတဲ့"

"ဆင်းရဲတာ မကောင်းပါဘူး ပိုးရယ်၊ ချမ်းသာလိုက်စမ်းပါ"

"ဘာကိုလဲ"

"စိတ်ပေါ့၊ စိတ်ချမ်းသာလိုက်စမ်းပါ"

"သူ့ အရမ်းပဲ လိုရာဆွဲပြောတတ်တယ်"

"ပိုးကို အရမ်းပဲ ချစ်လွန်းလို့ပါ"



သူ့စကားသံများသည် ပိုး၏နှလုံးသားကို လှုံ့ဆွပေးနေသည်သို့ လှိုက်ခုန်စေ၏။

"ဟေး. . . ဘာငြိမ်နေတာလဲ၊ ညည်းသည်ကို စကားမပြောတော့ဘူးလား"

"စဉ်းစားနေလို့ပါ"

"ဘာစဉ်းစားလဲ ပြောစမ်း ပိုး. . . ပြောစမ်း"

"ပိုး ကျောင်းတက်ချင်သေးတယ်"

"တစ်ခုတော့ ကြိုပြောထားမယ်"

"ဘာလဲ"

"ကျောင်းမှာ ပိုးကို လိုက်တဲ့ကောင်တွေက မေးရင် အဲဒါ နို့တို့အိမ်က ဒရိုင်ဘာလို့ စွမ်းကိုပြပြီး မပြောရဘူးနော်"

"အို. . . ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ပိုး ကျောင်းတက်မယ်ဆိုရင် အမြဲ ကားနဲ့ လိုက်ပို့ရမယ့်သူက စွမ်းပဲလေ"

"နေပါဦး၊ အဲဒါတွေ ပိုး ဖြည်းဖြည်းစဉ်းစားပါရစေဦး"

"စွမ်းကတော့ မြန်မြန်ပဲ ကြားချင်လှပြီ၊ ဒီမှာ ပိုး. . ."

"ဟင်"

"စွမ်းမှာ လာရသွားရတာလည်း နီးတဲ့ခရီး မဟုတ်ဘူး၊ ဒီတော့ လမ်းစရိတ်တို့ ဓာတ်ဆီဖိုးတို့လည်း သက်သာအောင် ပိုး ညစ်စားတာကို ဒီအိမ်ကပဲ ထိုင်စောင့်နေပါရစေလား"

"သွား"

ပိုးက မျက်စောင်းလေးထိုးရင်း ထိုင်ရာမှ ဆတ်ခနဲထပြီး

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းသို့ ပြေးဝင်လာခဲ့သည်။

သူကြိုက်သော နက်စ်ကော်ဖီကို ပိုးကိုယ်တိုင် ဖျော်ပေးပါမည်။

ကိုစွမ်းထက်ကို မေမေကြီးကိုယ်တိုင်က တံခါးဖွင့် ကြိုဆိုနေ၍ သူ နေ့စဉ်လို လာရောက်နေပေသည်။ ပိုးကလည်း အားလပ်နေချိန်မို့ နောက်တတ် ပြောင်တတ်သော စကားများ ကြားရလေတိုင်း တခစ်ခစ် ရယ်ဖြစ်သည်။

တစ်ခါတစ်ရံ ရုပ်တည်ကြီးနှင့် နောက်သည့်အခါများ ပိုးမှာ စိတ်ဆိုးရမလိုလို၊ ရယ်ရတော့မလိုလို ဖြစ်ရသည်က မကြာခဏ။

ကော်ဖီဖျော်ပြီး ပိုးထွက်လာတော့ သူက မေမေကြီး အခန်းတွင်းမှာ ရောက်နှင့်နေပြီ။ မေမေကြီးကလည်း သူ ဘာမှမသိဟန်ဖြင့် ခပ်တည်တည်နှင့်ပင် စကားတွေ၊ အပြုံးတွေ လှိုင်လှိုင်ဝေနေကြသည်။

“ပိုးက ရုပ်ရှင်ကြည့်ချင်တယ်ဆို”

“မေမေကြီး နေကောင်းမှ သွားမှာပါ။ ကိုကို့ကို လိုက်ပို့ဖို့ ပြောပြီးသား”

“မြေးကြီးပြည့်က ကားမောင်းနေကျ မဟုတ်လို့ မောင်းတတ်ပေမယ့် မမောင်းရဲရှာဘူးလေ၊ ဒရိုင်ဘာက လိုက်ပို့ရဦးမှာ ကားကလည်း အားလှတာ မဟုတ်ဘူး၊ ဒီတော့ ဒီလိုလုပ်”

ဒေါ်လှထယ်က သူ့ထုံးစံအတိုင်း အိပ်ရာထဲကနေ စီစဉ်ပေးနေပြန်သည်။

“မြသီတာတို့လည်း မြန်မာဇာတ်ကား ကြည့်ချင်လို့တဲ့



သူတို့ ကြည့်ဖြစ်တဲ့နေ့ကျတော့ ပိုးလိုက်သွား ဟုတ်လား၊ စွမ်းကလည်း ဘယ်နေ့ ကြည့်ဖြစ်မယ်ဆိုတာ ကြိုပြီးပြောထားလိုက်ပေါ့ ဟုတ်လား”

“ဟုတ်ကဲ့ပါ မေမေကြီး၊ မာမီကလည်း သွားမယ်လို့ ပြောနေပါတယ်”

စွမ်းကပင် ပိုးကဲ့သို့ ဒေါ်လှထယ်ကို ဘွားဘွားအစား မေမေကြီးဟု လိုက်ခေါ်နေပြီ။

ပိုးကို သူတို့မိသားစုနှင့် ရင်းနှီးသည်ထက် ရင်းနှီးအောင် မေမေကြီး ဖန်ပေးနေမှန်း သိသော်လည်း ပိုးအနေနှင့် ဘာမှမပြောသာပါ။

စွမ်း၏မာမီ ဒေါ်မြသီတာကိုယ်တိုင် ပိုးအတွက်ဆိုပြီး ရေမွှေးပုလင်းနှင့် ငွေရောင်ပိုက်ဆံအိတ်ကလေးတစ်လုံး လက်ဆောင်လာပေးပြီးပြီ။

ဒေါ်မြသီတာအနေနှင့်လည်း ပိုးကို နှစ်ခြိုက်သည်ထက် ဒေါ်လှထယ်၏ မြေးမလေးကို သူ့သားနှင့် လက်ဆက်ခွင့် ရမည်ဆိုသည့်အတွက် အထူးပျော်ရွှင် ကျေနပ်နေဟန် ရှိ၏။ မေမေကြီး ဒေါ်လှထယ် ဆိုသည်ကလည်း နာမည်တစ်လုံးနှင့်နေသော သူဌေးမကြီးတစ်ဦး ဖြစ်သည်လေ။

“တဲ့. . . စွမ်းတို့ အပြင်သွားကြ၊ ကော်ဖီပန်းကန် ယူသွားဦး မေမေကြီးအခန်းက ဆေးနံ့တွေနဲ့ မသန့်ပါဘူးကွယ်”

ပိုးတို့ အပြင်ပြန်ထွက်လာတော့. . .

“ပိုးက တကယ်ရုပ်ရှင်ကြည့်ချင်တာလားဟင်၊ ဒါဆို လိုက်ပြပါရစေလား”

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မြသီတာလည်း ကြည့်မှာဆို"

"အင်း. . . ကြည့်မှာပါ၊ နက်ဖြန် သွားကြရအောင်လား"

"ကိုကိုက ကြိုက်ပါ့မလား မသိဘူး၊ သူ လိုက်ပို့မယ်လို့ ပြောထားတာ"

"ရုပ်ရှင်ဆိုတာ အစ်ကိုနဲ့ ညီမ ကြည့်လို့ကောင်းတာ မဟုတ်ပါဘူး ပိုးရာ၊ စွမ်းတို့နဲ့ပဲ သွားကြရအောင်ပါနော်"

"အင်းလေ၊ စွမ်းတို့သွားတော့ ပိုးကို ခေါ်ပေါ့"

စွမ်းထက်က ကော်ဖီသောက်အပြီး စကားတွေ အကြာကြီး ပြောပြီးမှ ပြန်ရန်နှုတ်ဆက်၏။

"ကားသစ်ကလေး တစ်ပတ်စီးကြည့်ရအောင်လား ပိုး အင်းလျားလမ်း တစ်ပတ်လေ"

"ဟင့်အင်း. . . ပိုး မလိုက်ချင်ဘူး၊ စွမ်း ပြန်တော့နော်"

မြန်မာမလေးတစ်ယောက်၏ ဣန္ဒြေကို တန်ဖိုးထားစွာဖြင့် ကိုစွမ်းထက်က ထပ်မခေါ်တော့ပါ။

ပိုးကို ခွဲခွာသွားရမှာကိုပင် အောက်မေ့တသဟန်နှင့် ပိုးတို့ အကြာကြီး စိုက်ကြည့်ပြီးမှ နှုတ်ဆက်ထွက်ခွာသွားတော့သည်။

ပိုး၏ရင်မှာလည်း လှိုင်းခတ်လှုပ်ခါ၍ ကျန်ရစ်ရပါ၏။

◆ ◆ ◆

## အခန်း(၂၀)

"သားကို အင်မတန်မှ အရေးကြီးတဲ့စကား ပြောစရာရှိတယ်သား၊ ထိုင်ပါဦး"

ဒေါ်နွဲ့နွဲ့စိုးက ကိုပြည့်ဝန်းကို သူ့အနားမှာ ထိုင်စေသည်။

အမြဲအရေးကြီးဟန်နှင့် အလွန်အလုပ်များနေတတ်သော ဒေါ်နွဲ့နွဲ့စိုးမှာ ယနေ့တော့ ထူးထူးခြားခြား လေးနက်တည်ငြိမ်စွာဖြင့် ကိုပြည့်ဝန်းကို စကားစပြောသည်။

"ပိုးကို ဟိုဘက်လေးခြံကျော်က သံအမတ်ကြီးသားနဲ့ ပေးစားတော့မလို့ဆို ဟုတ်လား၊ သား သိလားဟင်"

"မေမေ့ကို မေမေကြီးက ပြောပြသလား"

"ဒီအဘွားကြီးက မေမေ့ကို ဘာကိစ္စမှ အရေးလုပ်ပြီး ပြောတာ မဟုတ်ပါဘူး သားကြီးပြည့်ရယ်၊ အိမ်ဖော်မလေး မညိုက ပြောပြလို့ မေမေ သိရတာပါ"

"ဟုတ်လိမ့်မယ် ထင်တာပဲ"

"အဲဒီကိစ္စကို သား ဘယ်လိုသဘောရလဲ၊ သားရဲ့ညီမလေးနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားရလဲ၊ မေမေ့ကို မှန်မှန်ပြောစမ်းပါသား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွဲ့နွဲ့စိုးထက်ပင် ပို၍တည်ငြိမ်လေးနက်သော မျက်နှာနှင့် ကိုပြည့်ဝန်းသည် စဉ်းစားနေသလို ခပ်ကြာကြာ ငြိမ်သက်နေပြီးမှ. . .

"ဒါကတော့ မေမေကြီးရဲ့ကိစ္စ၊ ညီမလေးရဲ့ကိစ္စပဲ မေမေ ကျွန်တော် ဘာဝင်ပြောလို့ ရမှာလဲ"

"ဝင်ပြောဖို့ စကားကို မေးတာမှ မဟုတ်ဘဲ သားရဲ့၊ သားရဲ့ ညီမလေးအတွက် သားစိတ်ထဲမှာ ဘယ်လိုခံစားရသလဲလို့ မေးတာ"

"ဒါတော့ မေမေရာ ကျွန်တော်က အစ်ကိုပဲ၊ ကိုယ့်ညီမလေးကို ဘယ်ယောကျ်ား ယူစေချင်ပါ့မလဲ၊ ညီမလေးက ငယ်လည်း ငယ်သေးတယ်၊ လှလည်း သိပ်လှတော့ နှမြောတာပေါ့၊ ဟိုကောင်လာရင်ကို စိတ်ထဲက သိပ်မကြည်ဘူး"

"မောင်စွမ်းထက် ဆိုတဲ့ ကောင်လေးကို မနာလို မဖြစ်ဘူးလား"

"ကျွန်တော် မသိဘူး မေမေ၊ ရင်ထဲမှာတော့ မကောင်းဘူး"

"ဒီလိုပဲ ဖြစ်ရမယ်"

"မေမေ ဘာပြောတာလဲ"

"သားက ညီမလေးကို ချစ်သလို ပိုးကလည်း မေမေ့သားကြီး ပြည့်ကို သိပ်ချစ်တာ မေမေ သိတယ်သား"

"ဒါတော့ ဟုတ်ပါတယ်"

"အေး. . . ဒါကြောင့် သားတို့နှစ်ယောက်ရဲ့ အချစ်ကို မပြယ်စေချင်ဘူး၊ ခွဲခွာသွားကြရမယ့်အဖြစ်မျိုးကို မရင်ဆိုင်စေချင်ဘူး၊ ဒါကြောင့် မေမေ အဖြစ်မှန်ကို ဖွင့်ပြောပြတော့မယ် သား"



"ဟင်. . . ဘာလဲ မေမေ"

"ပိုးဟာ သားရဲ့ညီမလေး မဟုတ်ဘူး"

"ညီမအရင်း မဟုတ်ဘူးလို့ ပြောတာလား"

"ဟုတ်တယ်"

"အင်းလေ၊ အရင်းမှမဟုတ်တာ၊ အဖေတူ အမေကွဲပဲဥစ္စာ"

"ဒီလိုမဟုတ်ဘူး၊ ဘာသွေးမှ မစပ်ကြတဲ့ တကယ့်သူစိမ်းတွေ"

"ဟာ. . . မေမေ"

"ဟုတ်တယ် သား၊ သားကို မေမေက မွေးတာ၊ ပိုးက ကိုစိန်မောင်ဝင့်ရဲ့ သမီး၊ ဘာမှမဆိုင်ကြဘူး"

"ဟာဗျာ"

ရင်၌ အနိုင်အမာတွယ်ငြိနေသော အရာတစ်ခုကို အမြစ်မှ ဆွဲနုတ်ခြင်း ခံလိုက်ရသည်သို့ပင် ရင်၌ ပြင်းပြသော နာကျင်ခြင်းများဖြင့် လစ်ဟာ၍ ကျန်ရစ်ရပါပြီ။

"သား. . . သားကြီးပြည့်"

"ဒီကိစ္စကို ဘာလို့ဖုံးထားရတာလဲ မေမေ၊ ခုလိုအချိန်ကျမှ ဘာလို့ဖွင့်ပြောရတာလဲ၊ ဘယ်လောက်များ ရှက်စရာကောင်းလိုက်သလဲဗျာ"

ကိုပြည့်ဝန်း၏မျက်ဝန်းမှ မျက်ရည်ကြည်တို့ ချက်ချင်းပြည့်လာသည်။

"အို. . .'မဟုတ်တာ၊ ဘာရှက်စရာရှိလဲ၊ ဘာလို့ရှက်ရမှာလဲ သားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မရှက်ရမှာလဲ မေမေရဲ့၊ ဒီဝင့်ထယ်ဂေဟာကြီးမှာ လူလိမ်လူညာတစ်ယောက်အဖြစ်နဲ့ လာနေရတာ ဘယ်လောက်ရှက်စရာကောင်းလဲ၊ ဒီထက်ရှက်စရာကောင်းတာ ဘာရှိသေးလဲ"

"အို . . . သားကလည်းကွာ၊ အရေးကြီးတဲ့စကား ပြောမလို့ဟာ ဘာကြောင့် မဆိုင်တာတွေ လျှောက်ပြောနေရတာလဲ၊ ဒီမှာ သား"

ကိုပြည့်ဝန်းက လက်နှစ်ဘက်ကို ယှက်လိမ်ဆုပ်ကိုင်၍ သူ့ရင်ထဲမှ မချိတင်ကဲဖြစ်နေသည်များကို ပေါ်လွင်နေစေသည်။ သူ့မျက်နှာလွှဲထားသည်။ ဒေါ်နွဲ့နွဲ့စိုးကို မကြည့်။

"မေမေဟာ ဦးစိန်မောင်ဝင့်ရဲ့ တရားဝင်ဇနီးပါ သားရဲ့၊ သူ မေမေနဲ့ ပေါင်းသင်းနေရင်းက သေသွားတာ၊ ဒါကြောင့် ဝင့်ထယ်ဂေဟာကြီးရဲ့ ပိုင်ဆိုင်ချမ်းသာသမျှအားလုံးရဲ့ ထက်ဝက်ဟာ မေမေ့အတွက်ပဲ၊ မေမေ့မှာ တရားဝင်ပိုင်ဆိုင်ခွင့်ရှိတယ်၊ အဲဒီလို ကိုယ့်အမေပိုင်ဆိုင်တဲ့နေရာမှာ ကိုယ့်သားနေတာ ဘာဖြစ်သလဲ၊ ဘယ်သူ့ဂရုစိုက်ရမှာလဲ"

"ဒီကိစ္စကို အစောကြီးကတည်းက မေမေ ကျွန်တော့်ကို ပြောဖို့ကောင်းတယ်ဗျာ"

"ပြောတော့ ဘာထူးမှာလဲ"

"ထူးတာပေါ့၊ ဘာသွေးတစ်စက်မှ မစပ်ဘဲ သူများအိမ်ပေါ်မှာ အမြိုင့်သား တက်နေတဲ့ . . ."

"တော် . . . တော်စမ်း ဒီစကား၊ သား အခုနေတာ မေမေ ပိုင်ဆိုင်တဲ့ သီးခြားတိုက်ပေါ်မှာပါ၊ နေစမ်းပါကွာ၊ မင်းကလည်း



ပြောမယ့် ဦးတည်ချက် မရောက်ခင် ဘာမဟုတ်တာတွေကို ဝင်ပြီး ခံစားနေတာကိုး"

"မေမေ့စကား ကြားရတာ ကျွန်တော့်ဘဝတစ်ခုလုံး တစ်စစီ ကြွေသွားရသလိုပဲ၊ ဒီအကြောင်း မေမေ ထိန်ချန်မထားသင့်ဘူးဗျာ၊ ထဲ . . . ဒီမှာ ကျွန်တော်ဟာ ဦးစိန်မောင်ဝင့်ရဲ့သား မဟုတ်ရင် ဘယ်သူ့သားလဲ၊ ကျွန်တော့်အဖေအရင်းက ဘယ်သူလဲ"

"သားရဲ့အဖေလား"

"ဟုတ်တယ်"

"အဲ . . . မရှိတော့ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"ဆုံးပြီ"

"တကယ်လား မေမေ"

"မင်းကို ဘာလို့ညာရမှာလဲ"

"မေမေ တစ်သက်လုံး ညာခဲ့တာပဲ"

ဘယ်တုန်းကမှ မိခင်ကို ခွန်းတုံ့လှန်၍ ပြန်မပြောဖူးခဲ့သော သားက သူ့ကို လေသံကြမ်းကြမ်းနှင့် ကြုံးအော်ပြောလိုက်၍ ဒေါ်နွဲ့နွဲ့စိုးက ဒေါသနှင့် လှည့်ကြည့်လိုက်၏။

'ပြည့်' ဟု သူခေါ်သော သူ့သားကြီး၏ ဤမျက်နှာမျိုးကို သူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့။ မျက်နှာတစ်ခုလုံး နီတွတ်ပြီး နှုတ်ခမ်းလေးတွေ တွန့်လှုပ်နေသည်။ မျက်ဝန်းမှာ မျက်ရည်အဝိုင်းသားနှင့်။

ဒေါသစကားလုံးကြမ်းများ ရင်ထဲမှာ ကျေပျက်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သားကို ပြောမထွက်ရက်နိုင်တော့ပါ။

"မေမေ့ကို ခွင့်လွှတ်ပါ သား"

ကိုပြည့်ဝန်းက သူ့မေမေ၏ အကြည့်နှင့် မဆုံဖြစ်အောင် ခေါင်းငုံ့နေဆဲ. . .

"သားကို ညာခဲ့တာ မဟုတ်ပါဘူး သားရယ်၊ မပြောဘဲ နေခဲ့တာ တစ်ခုပါပဲ၊ အဖြစ်မှန်ကို ဖွင့်ပြောလိုက်ရင် သား အားငယ် သွားမယ်၊ ကိုစိန်မောင်ဝင့်အပေါ်မှာ စိမ်းသွားမယ်၊ ဒီဝင့်ထယ် ဂေဟာကြီးမှာ သား မနေရဲ မထိုင်ရဲ ဖြစ်သွားမယ်၊ အဲဒီအကျိုးလုပ် မှုကလွဲလို့ ဘာအကျိုးထူးမှ ရှိလာစရာအကြောင်း မရှိဘူးလေ၊ အဲ စေတနာကြောင့် သားကို ဖွင့်မပြောခဲ့တာပါဆိုတာ နားလည်ပေးပါ သားရယ်"

"ကျွန်တော့်အဖေ သေဆုံးသွားပြီဆိုတာ တကယ်လား"

"တကယ်ပါ သား၊ သား သုံးနှစ်သားအရွယ်က သေဆုံး သွားလို့ အားကိုးမရှိတာနဲ့ သူ့ကို ယူခဲ့ရတာပါ၊ သားကို အချစ်ပေ့ သွားမှာစိုးလို့ နောက်ထပ်ကလေးတောင် မေမေ မယူခဲ့ပါဘူး သား ရယ်"

ကိုပြည့်ဝန်း၏ ရင်တွင်းမှ ခါးသီးမှုအစိုင်အခဲများကို ဒေါ်နွဲ့နွဲ့စိုး၏ စကားလုံးများဖြင့် တစ်စစီ ဖဲ့ခြွေပေးလိုက်သည်။

အမှန်တော့. . .

ကိုပြည့်ဝန်း၏ဖခင် စန္ဒရားသက်မော်မှာ ရန်ကုန်မြို့၌ဝင် အသက်ထင်ရှား ရှိနေဆဲ ဖြစ်သည်။ ဒေါ်နွဲ့နွဲ့စိုး ငယ်စဉ်က အတောင် ပျက် ဖောက်ပြန်ခဲ့သည့်အတွက် ဒေါ်နွဲ့နွဲ့စိုးကို စွန့်လွှတ်လိုက်ပြီး



နောက်မှာ သူ မိန်းမများကို စိတ်နာသွားခဲ့သည်။ ယခုတော့ သူ ချစ်သော အနုပညာအဝန်းအဝိုင်းတွင်းမှာ တေးရေးတေးပြု စာဆို အဖြစ်နှင့် စမ်းချောင်းတွင်းမှာ နေထိုင်သည်ဟု သိရသည်။

"သားလေး ရှမ်းပြည်နယ်မှာ သေဆုံးသွားပြီ"

ဟု အကြောင်းကြားလိုက်ပြီး ဇာတ်လမ်းဖြတ်ပစ်ခဲ့သည်မှာ ယနေ့အထိ။

ကလေးမယူခဲ့ခြင်းမှာလည်း သားကြီးပြည့်ကို ချစ်လို့ဆို သော အကြောင်းတစ်ခုတည်းကြောင့် မဟုတ်ပါ။ ကလေးတစ်ယောက် ဝန်ကိုလည်း သူ မထမ်းချင်။ ကိုစိန်မောင်ဝင့်ကိုလည်း အတည် တကျ သက်ဆုံးတိုင် ရိုးမြေကျဟု ဆိုကြသလို ပေါင်းသင်းဖို့ သူ ချည်ရွယ်ခဲ့။

သူ့ဇွေးသားဟု သိရပြီးနောက်မှ ဤဝင့်ထယ်ဂေဟာသို့ ပြန် လာခဲ့ကြသည်။ သည်ရောက်တော့ ဝင့်ထယ်ဂေဟာ၏ ချမ်းသာ ကြွယ်ဝမှုကို တွေ့ရမြင်ရပြီးနောက်မှာ ကိုစိန်မောင်ဝင့်ကို ဘယ်သော အခါမှ မခွဲခွာတော့ပါဟု သူ ဆုံးဖြတ်လိုက်ခြင်း ဖြစ်တော့သည်။

ကံကောင်းချင်တော့. . .

မောင်ပြည့်ဝန်းသည် သူ့သားအရင်း မဟုတ်ပါဟု ဘယ်သူ့ ကိုမှ မပြောဖြစ်လိုက်ဘဲ ဦးစိန်မောင်ဝင့် ရုတ်တရက် သေဆုံးသွားခဲ့ သည်။

ဒေါ်နွဲ့နွဲ့စိုးမှာ ရွှေမောင်ဝင့်ကို ချဉ်းကပ်သော်လည်း မဟုန် ၍ ယခုတစ်မျိုးကြံခြင်း ဖြစ်၏။

ဘယ်လိုပင် ကောက်ကျစ်စဉ်းလဲချင်သောစိတ် ရှိစေကာမူ

www.burmeseclassic.com

www.burmeseclassic.com



'မိခင်စိတ်' ဆိုသော မေတ္တာရည်ကဖြင့် ကိုပြည့်ဝန်းအတွက် ဒေါ်နှင်းစိုး၏ ရင်မှာအပြည့်။

"မေမေဟာ တစ်လောကလုံးအတွက် လူဆိုးမကြီး ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမဲ့ သားကြီး ပြည့်အတွက်တော့ မိခင်ကောင်းပါ၊ မိခင်ကောင်းတစ်ယောက်ပါ သားရယ်"

ငိုတော့မလို ညှိုးနေသော မိခင်၏မျက်နှာကို မြင်ရပြန်တော့ ကိုပြည့်ဝန်း၏ တင်းမာနေသော နှလုံးသားများ ပုံမှန်အနေအထားသို့ ရောက်အောင် ပြန်လည်ပျော့ပျောင်းလာခဲ့ပြီ။

"မေမေ တစ်သက်လုံး ဖွင့်မပြောတော့ပါဘူးလို့ သန္နိဋ္ဌာန်ချ ထားတဲ့ကိစ္စကို ကိုယ်တိုင်ဖျက်ပြီး အခုလို ဖွင့်ပြောရတာ သားကြီး ပြည့်အတွက်ပါ၊ သားကြီးကြောင့်ပါ"

"ဟင်. . . ကျွန်တော့်ကြောင့်"

"ဟုတ်ပါတယ် သား၊ သားနဲ့ ပိုးတို့အတွက် မေမေ ဖွင့်ပြော ရတာပါ"

"ကျွန်တော့်ကိစ္စနဲ့ ပိုးနဲ့ ဘာဆိုင်လို့လဲ မေမေ"

"သွယ်ဝိုက်ပြီး ပြောမနေချင်တော့ဘူး သား၊ မေမေ ပွင့်ပွင့် လင်းလင်းပဲ ပြောတော့မယ်၊ ပိုးကို သူများနောက် ပါမသွားစေချင် ဘူး၊ သားနဲ့ပဲ ရစေချင်တယ်၊ ဒါပဲ"

"ဟာ"

နှလုံးသည်းပွတ်သည် သူ့ရင်တွင်းမှ ခုန်ထွက်သွားလေပြီ လားဟု ထင်လိုက်မိသည်။

တကယ်ထွက်ခွင့်မရသော နှလုံးသားသည် သူ့ရင်ထဲမှာ ဆတ်ဆတ်ခုန်နေ၏။



"သား ပိုးကို သိပ်ချစ်နေတာ မေမေ သိတာပေါ့၊ ပိုးက လည်း ဒီလိုပါပဲ၊ ခုလို အဖြစ်မှန်ကို ဖွင့်ပြောပြလိုက်တာနဲ့ ပိုးဟာ သားရဲ့ရင်ခွင်ထဲ ရောက်လာမှာပါ သား"

စောစောက ဒေါသရောသော ပြင်းပြလွန်းသည့် ခံစားမှု များကြောင့် နီမြန်းနေသော ကိုပြည့်ဝန်း၏ မျက်နှာမှာ ချက်ချင်း သွေးဆုတ်သွားပြီ ထင်ရသည်။

"သား ပိုးကို အဆုံးရှုံးခံနိုင်သလား"

"ဟင်"

"အမြန်ဆုံး ပိုးကို ဖွင့်မပြောနိုင်ရင် ပိုးဟာ စွမ်းထက်ရဲ့ ရင်ခွင်ထဲ ရောက်သွားလိမ့်မယ်နော် သား"

"ပိုး"

"စွမ်းထက်ရဲ့ ရင်ခွင်ထဲ"

ဤစကားသံတို့သည် ကိုပြည့်ဝန်း၏ ဦးနှောက်နှင့် နှလုံး သားကို တမုဟုတ်ချင်း ဆူဝေလာစေခဲ့ပြီ။

"ကျွန်တော်. . . ကျွန်တော် ပိုးကို ချစ်ခဲ့တာဟာ 'ညီမလေး အဖြစ်နဲ့ ချစ်ခဲ့တာ မေမေ၊ ဒါ. . . ဒါပေမဲ့ ပိုး ဒီကောင်နဲ့ တွဲနေတာ ကို ကျွန်တော် လုံးဝကြည့်မရနိုင်ခဲ့ဘူး"

"အေး. . . အဲဒါ မသိစိတ်ရဲ့ နှိုးဆွမှုပဲ သား၊ ဘာမှမတော် တဲ့ လူငယ်နှစ်ယောက် ဒီလောက်နီးစပ်နေတာ သွေးက သိပြီပေါ့၊ ဒါကြောင့် သားရင်မှာ မနာလိုစိတ်တွေ ဝင်နေတာသိလား သား"

"မသိဘူး၊ ကျွန်တော် ဘာမှမသိဘူး မေမေရဲ့"

"အို. . . သားရယ်၊ သားကြီးပြည့်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



မိခင်၏လက်မောင်းကို ဆုပ်ကိုင်၍ ကလေးငယ်တစ်ယောက် လို သူနဖူးနှင့် ပွတ်တိုက်ရင်း ပြောနေရှာသော ကိုပြည့်ဝန်း။

"တိတ်(က်)အီးစီး၊ သားစိတ်ကို တည်ငြိမ်အောင်ထား၊ ပိုးတို့ သာ အမြန်ဆုံး ဖွင့်ပြောလိုက်၊ အားလုံးဟာ ပျော်ရွှင်ခြင်းနဲ့ ဇာတ် သိမ်းသွားမှာပါ သားရယ်"

"မေမေ"

"ဟင်. . . ပြောသား၊ ရင်ထဲရှိတာ မေမေ့ကို ဖွင့်ပြောလိုက် ပါ သားရယ်"

"မေမေကြီး ဒေါ်လှထယ်ကလည်း အဖြစ်မှန်သိပြီး ပိုးရဲ့ ကျွန်တော့်ကို သဘောမတူနိုင်ပါဘူးဆိုလို့ အကယ်၍ ပြောလာခဲ့ရင် ရော"

"အကယ်၍ မဟုတ်ဘူး၊ ပြောကို ပြောလာမှာပဲ"

"ဗျာ"

"ဒါပေမဲ့ သားဘက်မှာ ပိုးရှိဖို့ပဲ အရေးကြီးတယ်၊ ပိုး သားကို ချစ်နေရင် အရာခပ်သိမ်း ပြီးပြည့်စုံပါပြီ သားရယ်"

ဒေါ်နွဲ့နွဲ့စိုးက ခပ်လွယ်လွယ် ပြောလိုက်သေးသည် ကိုပြည့်ဝန်း၏ ရင်ထဲမှာတော့ လှိုင်းခတ်နေဆဲပါ။

"အိပ်ရာထဲမှာ လဲနေတဲ့ အသက်ခုနစ်ဆယ်ကျော် အဘွား က ဘာထလုပ်နိုင်မှာလဲ သားရယ်၊ သူ့ဦးလေး ရွှေမောင်ဝင့်ကလည်း ငမူးပဲ၊ အရက်ရရင် သူ့ဘဝပြည့်စုံတယ်လို့ ထင်နေ ာ၊ ပိုးတို့ စိတ်ဝင်စားတာ မဟုတ်ဘူး၊ သူ့သား မြတ်သူမောင်ကလည်း ခင် နိုင်ငံခြား သွားတော့မှာ၊ ပိုးဘက်က ဘယ်သူကမှ ကြီးကြီးကျယ်



ကျယ် ဟန့်တားကန့်ကွက်မယ့်သူ မရှိပါဘူး၊ ပိုးသာ အဓိကပါ၊ ပိုးရဲ့ အချစ်ကိုသာ သား ရအောင် တောင်းခံပါ"

"ပိုးရဲ့ အချစ်"

"ဟုတ်တယ်၊ သားကို ချစ်ပြီးသား ပိုးပါ၊ ပိုင်ဆိုင်လိုခြင်း အချစ်မျိုးလေး ထပ်ဖြည့်ရုံပဲ"

"လွယ်ပါ့မလား မေမေရယ်"

"ဘာလို့မလွယ်ရမှာလဲ၊ ယောကျ်ားပဲ၊ ကိုယ့်ချစ်သူကို ပိုင် ဆိုင်ခွင့် ရနိုင်အောင် ဘာပဲဖြစ်ဖြစ် စွမ်းဆောင်ရဲရမှာပေါ့၊ သား သတ္တိနည်းနေရင် စွမ်းထက်ရင်ထဲ ရောက်သွားလိမ့်မယ်နော်၊ ဟော. . . ပြောရင်း ဆိုရင်း စွမ်းထက်ရဲ့ကား ခြံထဲဝင်လာပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

ပိုးသည် ဖောရင်းတီရှပ် အဝါရောင် ခါးရှည်ပွပွကြီးကို ဝတ်ပြီး ထဘီအနက်ပြောင်ကို တင်းတင်းတိုတို ဝတ်ထား၍ ဖွေးအိနေသော ခြေသလုံးသား ဝင်းဝင်းလေးက အထင်သား။ လေဒီရှူးအဝါရောင်ကလည်း အဆင်သင့်။

စိတ်တိုင်းကျ အလှပြင်ထားသော မျက်နှာကို နောက်ဆုံးခြယ်မှုန်းခြင်းအဖြစ်နှင့် ဘရပ်ရှ်နုနုကလေးနှင့် ပါးပြင်ကို ထိပွတ်နေဆဲ။ မှန်ထဲမှာ အရိပ်ပေါ်လာသည်။

"ဟင်. . . ကိုကို"

သူ့နောက်မှာ မားမားရပ်နေသော ကိုပြည့်ဝန်း၏ မျက်နှာ တင်းတင်းကြောင့် ဘရပ်ရှ်ကလေးကို သူ့နေရာမှာ လှဲထည့်လိုက်ပြီး ရောင်စုံမိတ်ကပ်ဘူးရှည်လေးကို ပြန်ပိတ်၍ ကိုပြည့်ဝန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်လိုက်ရသည်။

"ဒါက ဘယ်လဲ"

တစ်ခါမှ မမြင်ဖူးသော ကိုပြည့်ဝန်း၏ တင်းမာလွန်းသည့် မျက်နှာကြောင့် ပိုး လန့်သွားသည်။



"ပြောလေ"

"ဟို. . . ရှပ်. . . ရှပ်ရှင် သွားမလို့"

"ဘယ်သူနဲ့ သွားမှာလဲ"

"အန်တီ ဒေါ်မြသီတာတို့နဲ့"

"ဘယ်သူလဲ ဒေါ်မြသီတာ ဆိုတာ"

"ဟို. . . ဟိုဘက်ခြံက"

"ဟိုဘက်ခြံမှာ ဒေါ်မြသီတာ ဆိုတာ မကြားဖူးပါဘူး"

"ဟိုဘက်မဟုတ်ဘူး၊ ဟိုးဘက်က"

"သံအမတ်ကြီး ကတော်လား"

"အင်း. . . ဟုတ်. . . "

"ဒါဖြင့် စွမ်းထက်ရဲ့ အမေပေါ့"

ပိုး ခေါင်းညိတ်ပြလိုက်တော့ ဆံပင်လေးတွေ နဖူးပေါ် ဝဲကျလာ၏။

"ဘယ်သူမှ မပါဘူး၊ ကားထဲမှာ အဲဒီကောင်တစ်ကောင်တည်း"

"ဟုတ်လို့လား"

"ကိုကို့ကို မညာနဲ့လေ၊ ပိုး အဲဒီကောင်နဲ့ နှစ်ယောက်တည်းသွားမှာ မဟုတ်လား"

"မဟုတ်ပါဘူး၊ တကယ်ပါ ဘုရားစူး၊ သူ့မာမီကပါ မြန်မာရှပ်ရှင် ကြည့်မယ်တဲ့"

"အဲဒါ ညာခေါ်တာပဲ၊ ဒီမှာ ပိုးပဲ ကိုကို့ကို ပြောထားတယ်သေး၊ ရှပ်ရှင်လိုက်ပြပါဆို"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ သွားမလို့ပါ။ သူက သူ့မာမီပါ ပါမယ်ဆိုလို့"

"အေး. . . အခုတော့ ဘယ်သူမှ မပါဘူး၊ ပိုးတစ်ယော[က်] တည်းကို ခေါ်သွားမှာ အသေအချာပဲ၊ ကိုကို မထည့်ချင်ဘူး၊ စိတ်[မ]ေ ဘူး၊ ပိုး မသွားရဘူးကွာ"

နှလုံးသည်းပွတ်ကို ကြိတ်ခြေရာမှ ပွင့်ကွဲထွက်လာသေ[ာ] အသံနှင့် ပြောလာ၍ ပိုး အံ့ဩရွံ့ထိတ်စွာ ကြည့်နေမိဆဲ အိမ်ဖော်[…] လေး မညို တက်လာသည်။

"မေမေကြီးက ခေါ်ခိုင်းလိုက်လို့ပါ၊ ကိုစွမ်းထက် ရောက်[…] ပြီ၊ အဆင်သင့်ဖြစ်ရင် သွားဖို့ ဆင်းလာတော့တဲ့"

ပိုးသည် မသွားလို့လည်းမဖြစ်၊ အစ်ကိုကိုလည်း ကြောက်[…] စိတ်တို့ဖြင့် ဘာလုပ်ရမှန်းမသိအောင် ရှိနေတော့သည်။

"ကိုကိုရယ်. . ."

ကိုပြည့်ဝန်းက လှည့်မကြည့်။ ပိုး၏ စာကြည့်စားပွဲရှေ့[…] ကုလားထိုင်ကို တအားဆုပ်တိုင်ပြီး ကျောခိုင်းထားသည်။ သူ့[…] ခံစားမှုမျက်နှာကိုလည်း ပိုး မမြင်စေရ။

"ပိုး တောင်းပန်ပါတယ် ကိုကို၊ ပိုး မသွားလို့ မဖြစ်လို့[…] ကိုကို မကြိုက်ရင် နောက် ဘယ်တော့မှ ပိုး မသွားပါဘူး၊ ဒီတစ်[…] တော့ ခွင့်လွှတ်ပါ ကိုကိုရယ်"

လှိုင်းခတ်သော အသံလေးနှင့် တောင်းပန်နေရှာသေ[ာ] ပိုးကို သနားသွားမိသောစိတ်က ပင်လယ်ထက်ကျယ်၍ မြင်[…] ထက် မြင့်မားမည်ထင်သည်။

'စွမ်းထက်နဲ့ ချစ်နေကြပြီလား' ဟု ပြောင်ဖွင့်မေးပစ်လို[…]



ချင်၏။ ပိုးက စွမ်းထက်ကို ချစ်နှင့်နေပြီးသားဆိုလျှင်တော့ သူ့အဖြစ်ကို တစ်သက်လုံး မျိုသိပ်ဝှက်ဆည်းထားမည်ဟု စိတ်ကူးပြီးကာမှ. . .

"ပိုးကိုသာ ဆုံးရှုံးစွန့်လွှတ်ရရင် ငါ့ဘဝဆုံးတာနဲ့အတူတူပဲ၊ အို. . ."

အတွေးတို့သည် ယောက်ယက်ခတ်ကုန်၏။

ပိုးအနေနှင့် အစ်ကိုအရင်းတစ်ယောက်အဖြစ် မြင်နေဆဲမှာ စွမ်းထက်နှင့် ချစ်နေကြသလားဟူသော စကားကိုလည်း မမေးအပ်။

"ပိုး သွားတော့မယ်နော် ကိုကို"

သူ လှည့်မကြည့်။ ဘာအဖြေမှလည်း မပေး။

ပိုးက အခန်းထောင့်မှ ဗီနပ်ကလေးကို လက်နှင့်ကောက်ကိုင်ကာ ခြေဖော့နင်းရင်း လှေကားမှ ဆင်းသွားသည်။

ကိုပြည့်ဝန်းက ပိုး၏အခန်းထဲမှာ ဝေးဝေါင်ပြီး ကျန်နေဆဲ အောက်ထပ်ဆီမှ စကားသံ နှုတ်ဆက်သံသဲ့သဲ့ကို ကြားလိုက်ရတော့ သူ အိမ်ရှေ့ဘက်ဆီသို့ ပြေးထွက်ခဲ့မိသည်။

အစွမ်းကုန်ဖြူထားသော ပါးစပ်ကြီးနှင့် စွမ်းထက်က အားရပါးရ ရယ်ပြီး ကားမောင်း၍ ဖြည်းဖြည်းချင်း ထွက်သွားသည်။

စွမ်းတက်၏ဘေးမှာတော့ ညှိုးငယ်လွန်းသော မျက်နှာလေးနှင့် ငိုင်ဝေး၍ လိုက်ပါသွားသော ပိုး။

◆

www.burmeseclassic.com

www.burmeseclassic.com



"ပိုး ဘာလို့မျက်နှာညှိုနေတာလဲဟင်"

"သူမာမီ ပါမယ်ဆိုပြီးတော့"

"ဘွတ်ကင်လုပ်ထားတာ သုံးယောက်စာလေ၊ ပိုးလည်း တွေ့ပြီးသားပါ။ မာမီကကို မလိုက်တာ၊ မင်းတို့လူငယ်ချင်း ဒိတ်လုပ်ထားတာ သွားကြပါတဲ့"

"ဘာလဲ ဒိတ်ဆိုတာ"

"ဟြော်. . . နိုင်ငံခြားမှာတော့ မိန်းကလေးကို ချိန်းပြီးအတူ သွားကြတာ"

ပိုး ဘာမှပြန်မပြောဖြစ်။ ပိုး၏မျက်နှာလေးမှာတော့ ညှိုးနေသော နေလောင်ပန်းလေးတစ်ပွင့်နှယ်။

စွမ်းထက်သည် ကားမောင်းရင်း ပိုး၏မျက်နှာကို လှည့်လှည့်ကြည့်လာသည်။ ပျော်ရွှင်တက်ကြွသောအသွင်မျိုး မမြင်ရရုံမက စိတ်ညစ်ညူးဟန်ဖြင့် တွေဝေနေသော ပိုးကို သူ မနောတ်ပြောင်ရဲ၊ မလောင်ရဲတော့။

နိုင်ငံတကာ မိန်းကလေးတို့တွင် ပျောက်ဆုံးနေသော အရည်အချင်းတစ်ခုကို မြန်မာမိန်းကလေး ပိုးတွင် ရှာဖွေတွေ့ရှိနိုင်ခဲ့ပြီ။

"ဣန္ဒြေဆိုသည့် အဖိုးတန်ရတနာ"

တည်တည်ငြိမ်ငြိမ် တွေတွေဝေးဝေးလေး ဖြစ်နေသော ပိုးကို သူပျော်ရွှင်မှုအတွက် အားဖြည့်ပစ္စည်းအဖြစ် သူ မသုံးရက်တော့ပါ။ ဤ မိန်းမချောလေးနှင့်အတူတွဲ၍ ရုပ်ရှင်ကြည့်ခွင့်မရလည်း နေပါစေတော့။



"ပိုး"

ကမ္ဘာအေးစေတီလမ်းမကြီး၏ဘေးမှာ ကားကို အရှိန်လျှော့၍ ထိုးရပ်လိုက်ပြီး. . .

"ပိုး ရုပ်ရှင်မကြည့်ချင် မကြည့်နဲ့လေ၊ ပိုး မလုပ်ချင်တာကို စွမ်း မလုပ်ချင်ဘူး၊ လှည့်ပြန်ကြမလားဟင်"

ကိုယ့်ဆန္ဒသည် ဒုတိယ၊ သူ့အတွက် လိုက်လျှောပေးချင်သော ဆန္ဒက စွမ်းထက်၏ရင်ထဲမှာ ပထမ ဖြစ်ခဲ့ရပြီ။

ဒါသည်ပင် အချစ်စစ်တို့၏ တစ်ဆစ်တစ်ပိုင်းသော အခြေခံလေး ဖြစ်လိမ့်မည် ထင်၏။

စွမ်းထက် နိုင်ငံခြားက ပြန်ရောက်စမှာ သူ့ကိုယ်သူ အထင်တွေ အရမ်းကြီးမိသည်။ မိန်းကလေးတွေကို သူသာလိုက်၊ ပါလာမည်ဟု ယုံကြည်ထားသည်။ အတူတွဲမည်၊ ကားစီးကြမည်၊ ရုပ်ရှင်ကြည့်မည်၊ စားသောက်ကြမည်။ သည်အရွယ်က ဒါပဲလေ။ ဤအသိများဖြင့် ပိုးကိုလည်း သူ သည်အတိုင်းပဲ သဘောထားခဲ့ဖူးသည်။

ယခုတော့ ပိုးသည် သူထင်သလို မဟုတ်။ ပိုးသည် သူ့ထက် အလိုလိုနေရင်း မြင့်မားစွာ တန်ဖိုးကြီးသွားပြီး သူသည် ပိုး၍ ငြိမ်၍ သိမ်ငယ်သွားသလို ဖြစ်နေပြီ။ နောက်ဆုံးတော့ ပိုး၏ဆန္ဒသည် သူ့ဆန္ဒ၊ ပိုး၏ဆုံးဖြတ်ချက်သည် သူ့ဆုံးဖြတ်ချက်အဖြစ် ခံယူရင်း သူသည် ဒုတိယနေရာမှနေ၍ ပိုး၏ဆန္ဒတိုင်းကို ဖြည့်စွမ်းပေးနေချင်သည်၊ ဖြည့်စွမ်းပေးမည်။

"စွမ်း မေးနေပါတယ် ပိုး၊ အိမ်ပြန်ကြမလားဟင်"

ပိုးက စွမ်းကို အံ့ဩစွာ ကြည့်လိုက်မိသည်။ သူ့ဆန္ဒကို

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လိုက်လျောလိမ့်မည်ဟု မထင်ခဲ့။ သူ့ကို တွေ့စက အရမ်းမျော် နေခဲ့သည်ပဲ။

ပိုးသည် စွမ်းထက်၏ရှေ့မှာ ထိုင်နေပါလျက် မျက်စိထဲမှာ ကိုကို့ကိုပဲ မြင်နေဆဲပါ။

ကိုကို စိတ်ဆိုး၍ ကျန်ခဲ့သော အသိကြောင့် ရင်ထဲမှာ ပြည့်နှစ်မွန်းကျပ်စွာ ခံစားနေရသည်။ ပိုးကိုယ်တိုင်ပင် ရုပ်ရှင်လိုက်ပို့ ပေးရန် ကိုကို့ကို ပူဆာထားခဲ့သည်မှာလည်း ခုရက်ပိုင်းအတွင်းမှာ ပင်။

စွမ်းဆိုသော ရှယ်တူသာသာ ကောင်လေးတစ်ယောက်နှင့် ကိုကို့ရှေ့မှာ တွဲထွက်လာသည်ကို ကိုကို ရှက်ရွံ့စိတ်ဆိုးရှာပေမည်။ ညီမငယ်တစ်ယောက်သည် သူစိမ်းယောကျ်ားလေးတစ်ဦးနှင့် တွဲ ထွက်သွားသည်ကို ဘယ်လိုအစ်ကိုမျိုးကမှ ကြည့်နေနိုင်မည် မထင်။

"ကိုကို မထည့်ချင်ဘူး၊ စိတ်မချဘူး၊ ပိုး မသွားရဘူးကွာ"

ဆိုသော ကိုကို၏ မချိတင်ကဲအသံသည် ကွယ်ပျက်မသွား ဘဲ ရင်ထဲ၌ ထပ်ခါ ထပ်ခါ မြည်နေသည်ဟု ခံစားရသည်။

"ပိုးရယ် ဘာတွေ ဒီလောက်တွေးနေတာလဲ၊ စွမ်း မေးနေ တာ ဖြေလေ၊ ပိုး မကြည့်ချင်ရင် ကားကို ပြန်ကွေ့လိုက်ရမလား"

သည်လိုတော့လည်း မဖြစ်ပြန်။

မေမေကြီး ဒေါ်လှထယ်ကိုယ်တိုင် စီစဉ်ပေးလိုက်သည့်ကိစ္စ မဟုတ်လား။ ပိုးတို့ ချက်ချင်းပြန်လာကြလျှင် ဘာကြောင့်ပါလဲ အကြောင်းတစ်ခုခုပြမှုဖြစ်မည်။ ပိုး၌ ပြစရာအကြောင်းမရှိ။ ကိုကို့ ကြောင့်ဟုလည်း မပြောရဲ။



"ပြန်တော့မကွေ့ပါနဲ့လေ၊ မေမေကြီးက တစ်မျိုးထင်နေ ဦးမယ်"

"ဒါဖြင့် ပိုး ဘာဖြစ်ချင်သလဲဟင်၊ ပိုး ဖြစ်ချင်တာအားလုံး စွမ်း လုပ်ပေးမယ်"

သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်တော့ သူ့မျက်ဝန်းမှာ အနစ်နာခံလိုခြင်း၊ စေတနာထားခြင်း ဆိုသော အကြင်နာရောင်စဉ် များ ရွှန်းလက်လျက် . . .

"ပိုး ဘာပြောရမှန်းတောင် မသိတော့ပါဘူး စွမ်းရယ်"

"ပိုး စွမ်းကို စိတ်ဆိုးသွားတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် အိမ်မှာ တစ်ခုခုဖြစ်လာပြီထင်တယ်၊ ဟုတ်လားဟင် ပိုး"

"ဟုတ်တယ်"

"ဟင် . . . ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ၊ ပိုးရဲ့ ဦးဦးရွှေ မောင်ဝင့်က ဘာပြောလို့လဲ"

"ဦးဦးက ဘာမှမပြောဘူး၊ ကိုကိုက"

"အင်း . . . ဟုတ်တယ် . . . ဟုတ်တယ်၊ ကိုပြည့်ဝန်း စွမ်း ရဲ့ရှေ့ကပဲဖြတ်ပြီး အပေါ်ထပ်တက်သွားတာ မြင်လိုက်တယ်၊ သူ . . . သူက ဘာပြောလို့လဲဟင်"

"နှစ်ယောက်တည်းသွားလို့ ဆူတာ"

"အာ . . . ဟုတ်ပြီ"

စွမ်းထက်သည် အဖြေရသွားသော စာစစ်ခန်းတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ယောက်လို ယခုမှ တင်းကျပ်နေသမျှသော ရင်တစ်ခွင်လုံး ပေါ့ပါးသွားရတော့သည်။

"အစ်ကိုဆိုတာ နှမအတွက် အမြဲအရှက်ရတတ်တာ ပိုးရဲ့၊ စွမ်းတို့ညီမလေးဆို ဆယ်နှစ်ပဲ ရှိသေးတာ၊ သူငယ်ချင်းတွေက ယောက်ဖ၊ ဘာညာခေါ်ရင် ကိုင်ပစ်ချင်တာ၊ မခံနိုင်ဘူး သိလား"

"အင်း"

"အဲဒီလို စ,တာလေးတောင် မခံနိုင်တာ အခုလို ညီမချောချောလေးက သူ့မျက်စိရှေ့မှာတင် အကောင်လိုက် အထည်လိုက် ပါသွားတော့ သူလည်း ဘယ်ခံချင်ပါ့မလဲ၊ ယောက်ဖကြီးတို့ ကိုယ်ချင်းစာ. . ."

"သွား. . . ဘာယောက်ဖလဲ"

"အဟား. . . ဟား"

ပိုး တွန်းလိုက်သော ပခုံးစွန်းကို စွမ်းက တွန့်ပြီး ရွှင်မြူးလန်းဆန်းစွာ ရယ်မောနေသည်။

"ကဲ. . . မောင်းလေ၊ ဘေးကဖြတ်သွားတဲ့ ကားတွေက ကြည့်ကြည့်သွားကြတယ်"

"ကဲ. . . ဒါဖြင့် ဘယ်သွားကြမလဲ"

"မသိဘူး"

သူက ရုပ်တည်ကြီးနှင့် ကားစက်ကို ပြန်နှိုးပြီး. . .

"မသိဘူးဆိုတဲ့နေရာကို ရောက်အောင်သွားမယ်နော်၊ ဒေါ တယ်လို့ မညည်းနဲ့"

"ဟယ်. . . တကယ်ထွက်ပြီ၊ ဘယ်သွားမှာမို့လဲ"



"မသိဘူးကိုလေ"

"မကောင်းဘူးကွယ်၊ တကယ်အတည်ပြော"

သူက နောက်ကားအလာကို နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်ရင်း ကားကို ဖြည်းဖြည်းလေး လှိမ့်ထွက်၍. . .

"ပိုး ရုပ်ရှင်မကြည့်ချင်ဘူး မဟုတ်လား"

"အင်း"

"အိမ်ကိုလည်း ပြန်လို့မဖြစ်သေးဘူးနော်"

"ဟုတ်တယ်"

"ဒါကြောင့် ကားခဏလျှောက်စီးရအောင်လေ၊ ပြီးတော့ တစ်ခုခုစားပြီး ပြန်ကြတာပေါ့၊ အဲဒီအစီအစဉ်ကို ပိုး သဘောတူလား"

"သဘောပဲ"

"စွမ်းသဘော မဖြစ်ချင်ဘူး၊ ပိုးဆန္ဒရှိတာတွေကို လုပ်ပေးပါရစေ"

ကားက ယာဉ်ကြောအတွင်း ဝင်သွားပြီး ကမ္ဘာအေးစေတီလမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့ပြီ။

"စွမ်းပြောတဲ့အတိုင်းပဲ ကောင်းပါတယ်လေ၊ ပိုးလည်း ရုပ်ရှင်မကြည့်ချင်တော့ဘူး"

တိုယိုတာခရက်စီဒါကားဖြူလေးသည် ရွှေဂုံတိုင်ဘက်သို့ ချိုးဘဲ ဘောင်ဒရီလမ်းဘက်သို့ ဦးတည်ခဲ့သည်။ ဦးဝိစာရလမ်းမှတစ်ဆင့် ပြည်လမ်းဘက်သို့ ပြန်ထွက်ရန် စွမ်းထက် ရည်ရွယ်ထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'တိုက်ကိုကို ပြောပြီးသားမို့ ကိုကိုနဲ့ပဲ ဒီရုပ်ရှင်ကို ကြည့်ပါတော့မယ်၊ ကိုကို စိတ်ဆိုးပြေပါစေ' ဆိုသော ဆန္ဒဆုများနှင့်အတူ ထင်းထင်းကြီး ဝင်းနေသော ရွှေတိဂုံစေတီတော်ကြီးကို ပိုး ဖူးမြော်လိုက်သည်။

"အင်းလျားလိတ်မှာ ပိုး စားဖူးမှာပေါ့နော်"

"မင်္ဂလာဆောင်သွားရင်း စားရတယ်လေ"

"ဒါပြောတာ မဟုတ်ဘူး ပိုးရဲ့၊ ရတ်စ်တောရင့်မှာ ပြောတာ"

"ဟင့်အင်း၊ အဲဒါတော့ မစားဖူးဘူး"

"အဲဒီသွားပြီး တစ်ခုခု စားရအောင်၊ တခြားဆိုင်တွေတော့ စွမ်း သိပ်မရောက်ဖူးသေးဘူး"

"သွားလေ၊ အဲဒီက ဈေးကြီးတယ်တဲ့၊ ပိုးမှာလည်း ပိုက်ဆံပါတယ်"

"အဟား. . . ဟား၊ သူဌေးမကြီးရဲ့ မြေးမှန်း သိပါတယ်ဗျာ၊ ဒါပေမဲ့ ဒီနေ့တော့ စွမ်းက ကျွေးရမှာပေါ့"

ပိုးလည်း ပြန်၍ပြုံးမိသည်။

'တိုကိုနဲ့ကျမှပဲ ရုပ်ရှင်အတူကြည့်တော့မယ်' ဟူသော ဆုံးဖြတ်ချက်လည်း ချပြီးပြီ၊ စွမ်းနှင့်လည်း ပြေပြေလည်လည် ရှိပြီ။ ပိုး၏ရင်ထဲမှ တင်းကျပ်မှုများအားလုံး ပြယ်လွင့်သွားခဲ့ရပါပြီ။

စွမ်းသည်လည်း ပိုးအတွက် အတော့်ကို လိုက်လျောပေးသည့်သူပါလားဟု ပိုး တွေးဖြစ်၏။

ဝင်ဒါမီယာမှ ထွက်လာကြသော ပိုးတို့မှာ ဦးဝိစာရလမ်းဖြည်လမ်းကို ဖြတ်ထွက်ပြီး တက္ကသိုလ်ရိပ်သာလမ်းကို ပြန်ပတ်ကာ ကမ္ဘာအေးစေတီလမ်းမှတစ်ဆင့် အင်းလျားတန် ဟိုတယ်ရှိရာသို့ သာခဲ့ကြသည်။

ကားကလည်း မြန်မာ့မြေပေါ်ကျကာစ အသစ်စက်စက် ဆာယီနံပါတ်နှင့် ကောင်လေးကလည်း အပျံစား၊ ကောင်မလေးကတော့ မအိပ်ဘဲ မစားဘဲ ထိုင်ကြည့်နေလို့ ရလောက်အောင်ကို လှသော စုံတွဲလေးမို့ ဝန်းကျင်မှ လူများအားလုံး မကြည့်ဖြစ်သူ မရှိ။

ချိုင်းနိစ်ရက်စ်တောရင့်ဟု ရေးထားသော လက်ဝဲဘက်ခန်းသို့ နှစ်ယောက် ဝင်ခဲ့ကြသည်။

"ပိုး ဘာစားမလဲဟင်"

"ပိုး မမှာတတ်ဘူး၊ စွမ်း ကျွေးတာပဲ စားမယ်လေ"

ထိုပြီး ဖက်နမ်းပစ်ချင်စရာကောင်းလောက်အောင် နှီးသားမြစင်လိုက်သည့် ပိုးလေးရယ်။

ခေါက်ဆွဲကြော်နှင့် ထမင်းကြော် တစ်ပွဲစီ၊ ကြက်သားလုံးကြော်နှင့် ပုစွန်ဟင်းချိုတစ်ပွဲ မှာလိုက်သည်။

ပိုးကတော့ အင်္ဂလိပ်လိုရေးထားသော စားသောက်ဖွယ်ရာများကို မဖတ်တတ်။ စွမ်းအတွက်ကတော့ နိုင်ငံတကာနှင့်စာလိုက်လျှင် မိုင်နာလောက်ပဲ ဖြစ်မည်။

မှန်ချပ်ကြီးများမှတစ်ဆင့် လှမ်း၍မြင်နေရသော ရှုခင်းတို့သည် ရင်ငြိမ်းဖွယ် ကောင်းလှချေသည်။

လှိုင်းကြက်ခွပ်လေးများ လွန့်ရုံလေးလူးနေသော အင်းလျားရေပြင်။



www.burmeseclassic.com

www.burmeseclassic.com



ရေညှိရေမှော်များ ရှင်းသန့်နေအောင် ဆည်ထားသဖြင့် ဤမှာဘက်မှ ရေပြင်တို့သည် မှန်သားကဲ့သို့ ကြည်နေ၏။

နိုင်ငံခြားသားဖြစ်သော မြက်ခင်းစိမ်းတို့ကို ဤပရဝုဏ်၌ မွေးထား၍ အစိမ်းရောင်က စိုနစ်ပြီး မြက်ခင်းပြင်က ပြေညက်နေလေသည်။ ရောင်စုံပန်းများ၊ တောင်ထန်းပင်မှ အရွက်ဖားဖားများစသည်တို့ဖြင့် မြင်ကွင်းတစ်ပြန့်လုံး ဘယ်နေရာမှ မလှသည့်နေရာမရှိ။

ပိုးက ပြင်ပသို့ ငေးနေသဖြင့် စွမ်းထက်က ပိုး၏မျက်နှာနုနုလှလှလေးကို အားနာခြင်းကင်းစွာ စိုက်ကြည့်နေခွင့်ရသည်။

"မြသီတာရဲ့ သားလေးနဲ့ အန်တီထယ်ရဲ့ မြေးလေးကို ငေးစားရအောင်"

ဟု မိန်းကလေးဘက်က စလာသော ဇာတ်လမ်း။

ဒေါ်မြသီတာသည် အသာစီးရသည်ဟူ၍ နှိမ်ချစွာ မမြင်ရ။ မက အဘွားကြီးက သူ့မြေးမလေးကို တို့မိသားစုထဲမှာ အပ်ခဲ့ချင်ရှာလို့ ဟူသော မြင့်မြတ်သောအတွေးဖြင့် ဒေါ်မြသီတာ ဂုဏ်ယူခဲ့သည်။ အလွန်ချမ်းသာ၍ သိပ်လှသော ပိုးကို ရရှိမည် ဆိုသည့်အတွက် သားမောင်စွမ်းထက်နှင့် အတူ လှိုက်လှဲဝမ်းသာ ရှိခဲ့ကြသည်။

ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ပိုးကို ပိုင်ဆိုင်ခွင့်ရဖို့ကတော့ ကိုးဆယ်ရာခိုင်နှုန်း ဖြစ်နေပြီဟု မေမေ ဒေါ်မြသီတာက ပြောနေပြီ။

ကျန်သော တစ်ဆယ်ရာခိုင်နှုန်းကို ပိုးအတွက် ပေးပါရစေ။

ပိုးသည် သူ့ကို မုန်းတီးခြင်း မရှိသော်လည်း မချစ်သေးကြောင်း စွမ်းထက် သိသည်။



ယခင်တတော့ ပိုးကို ပိုင်ဆိုင်ခွင့်ရမည် ဆိုသည့်အတွက် အပျော်ကြီး ပျော်နေခဲ့သော်လည်း ယခုတော့ ပိုးကိုယ်တိုင် ဆုံးဖြတ်ခွင့်ကို ပေးချင်လာသည်။

ငါ ပိုင်ဆိုင်ခွင့် ရနေပြီပဲဟူ၍ ပိုး၏တစ်ဘဝလုံးကို မပိုင်စိုးရက်။

"ပိုးကလည်း စွမ်းကို စွမ်းလိုပဲ ချစ်ပါတယ်"

ဟူသော ချစ်ခွင့်မျိုး ရရှိပြီးမှ ပိုးကို ပိုင်ဆိုင်ချင်သည်။

"စပါကလင် သောက်နှင့်ဦးလေ ပိုး၊ စားဖို့ အကြာကြီးစောင့်ရဦးမှာ"

ပိုးက စပါကလင်ကို တစ်ကျိုက် နှစ်ကျိုက် သောက်ပြီးပြန်ချထားရင်း. . .

"ရှပ်ရှင်တစ်ပွဲစာတော့ စောင့်ရမယ် ထင်တယ်နော်"

စွမ်းထက်က ပြုံးလိုက်ပြီး ဒီထက်လေးနက်သော စကားများပြောဆိုရန် ဆုံးဖြတ်၍. . .

"ပိုးကို စွမ်း မေးပါရစေ"

"မေးလေ"

"ပိုးမှာ ချစ်သူ ရှိသလား"

"ပိုးကို မယုံဘူးလား၊ စွမ်းကို ပိုး ညာတယ်ထင်လို့လား"

"ဟာ. . . ပိုးကလည်း"

"စွမ်း ယုံချင်မှ ယုံပါ၊ ပိုးမှာ ချစ်သူ မရှိဘူး"

"ယုံပါတယ် ပိုးရယ်၊ စွမ်းပြောချင်တာက တခြားပါ"

"ဘာလဲ၊ ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုးကို စွမ်း သိပ်ချစ်တယ်၊ ပိုးကို လက်ထပ်ခွင့်ရမယ်ဆိုတဲ့ အတွက် စွမ်း သိပ်ပျော်ခဲ့ပါတယ်၊ ဒါပေမဲ့ ပိုးရယ်၊ ခုတော့ စွမ်း စိတ်တစ်မျိုး ပြောင်းသွားပါပြီ"

"ဟင်. . ."

"မအံ့ဩနဲ့ဦး ပိုး၊ အဲဒီလို စိတ်ပြောင်းသွားမိတာ ပိုးကို ချစ်လွန်းလို့၊ ပိုးကို သိပ်ချစ်လာလို့"

"အို. . ."

"ဟုတ်တယ် ပိုး၊ ပိုးက စွမ်းကို တကယ်မချစ်ဘဲနဲ့ စွမ်း ပိုးကို လက်မထပ်ရက်တော့ဘူး"

ပိုးသည် စွမ်းထက်ကို အံ့ဩစွာကြည့်ရင်း လေးစားချင်စိတ်များ ဝင်လာခဲ့သည်။

"စွမ်း ပိုးကို သိပ်ချစ်တယ်၊ ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မချစ်ဖူးသေးတဲ့ အချစ်မျိုးနဲ့ ပိုးကို တကယ်ချစ်တာပါ။ ပိုး ယုံရဲ့လား ဟင်"

ပိုး ခေါင်းငုံ့ရင်း ခေါင်းညိတ်ပြလိုက်မိသလားပင် ကိုယ့်ကိုယ်ကို မသိလိုက်။

"ပိုး ယုံတယ်ဆိုရင် စွမ်း အရမ်းဝမ်းသာသွားပါပြီ၊ ပိုးက လည်း စွမ်းကို ပြန်ချစ်စေချင်တယ်၊ ပိုးရဲ့ဘဝနဲ့အတူ ပိုးရဲ့အချစ်ကို လည်း ပိုင်ဆိုင်ခွင့် ရချင်ပါတယ် ပိုး"

သက်ပြင်းရှိုက်သံများနှင့်အတူ ရောကျွေထွက်လာသော စွမ်း၏ စကားများကို ပိုးရင်ထဲက နာယူမိပါသည်။

"အဲဒီချစ်ခွင့်ကို ရဖို့အတွက် ကာလအပိုင်းအခြားနဲ့ စောင့်



ပါဆိုလည်း စောင့်ချင်တယ်၊ ဘယ်လောက်ပဲကြာကြာ ပိုးရဲ့အချစ်ကို ရချင်တာ စွမ်းရဲ့ အကြီးမားဆုံးသော ဆန္ဒနဲ့မျှော်လင့်ချက်ပါပဲ ပိုး"

ကြည်နူးဖွယ် ချမ်းမြေ့ဖွယ်ကောင်းသော ဝန်းတျင်ကို ငေး ကြည့်နေသော်လည်း ပိုး၏ရင်သည် ငြိမ်သက်၍မနေ။

တက္ကသိုလ် ကျောင်းသူလေးဘဝဖြင့် ကျောင်းတက်ချင် သည်မှလွဲ၍ စွမ်းနှင့်လက်ထပ်ဖို့ ငြင်းဆန်ရန် ပိုးမှာ ဘာအကြောင်းမှ ခိုင်ခိုင်မာမာ မရှိပါ။

"ကျောင်းပို့ ကျောင်းကြို စွမ်းက တာဝန်ယူလိမ့်မယ်လေ ပိုးရဲ့"

အန်တီမြသီတာက ပိုး ကျောင်းတက်ချင်ကြောင်း ပြောမိ တော့ ပြုံးရွှင်လိုက်လျောစွာ ပြောဆိုဖူးသည်။

စွမ်းကို မမုန်း။ စွမ်းနှင့်အတူ အခုလို မနေချင်သည့်စိတ်မျိုး သည်း မရှိ။ ဟာသစကားများ ဆိုတတ်လော်တတ်သော စွမ်းကို ပိုး ပို၍ ပို၍ ခင်မင်လာခဲ့ပါပြီ။

'သူ့ကို ငါ လက်ထပ်ရတော့မှာ၊ ငါ့ဘဝထဲ သူရောက်လာ တော့မှာ' ဆိုသော ခံယူချက် ပိုင်ပိုင်ထားကာ ခင်မင်ရာမှတစ်ဆင့် သူ တောင်းဆိုနေသော 'ချစ်ခွင့်' ကို ပေးဆက်လိုက်ရန် သိပ်ပြီးခဲ ယဉ်းစရာ မရှိနိုင်တော့ပါ။

"ဒါပေမဲ့. . . ဒါပေမဲ့ကွယ်"

"ကိုကိုက ငါ့ကို စွမ်းနဲ့ သဘောမတူဘူး"

နှလုံးသားကို ရစ်ချည်ထားသော ကိုကို့အတွက် ဒုံယော သံကြိုးသည် ရုန်းလိုက်တိုင်း တင်းကျပ်နာကျင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပိုး၏ ဘဝတစ်ခုလုံးအတွက် အရင်းနှီးဆုံး၊ အားကိုးဆုံး၊ အတွယ်တာဆုံး၊ အချစ်ဆုံးသော လူသားသည် ဒီကမ္ဘာပေါ် မှာ ကိုကို တစ်ယောက်တည်းသာ ရှိပါသည်လေ။

ကိုကိုကလည်း ညီမလေး၏ အနွံအတာ အနိုင်အညှဉ်းနှင့် ဆိုးနွဲ့ခြင်းများစွာကို သည်းခံခွင့်လွှတ်ကာ ညီမလေးအတွက်ဆိုလျှင် ဘာပဲဖြစ်ဖြစ် ဆောင်ရွက်ပေးရဲသော ကိုကို ကိုပြည့်ဝန်းပါ။

"အေးလေ၊ ငါ့ဘဝရဲ့ အဖနေရာဆိုလည်းဖြစ်တဲ့ အချစ်ဆုံး အစ်ကိုအရင်းရဲ့ ဆုံးဖြတ်ချက်ကိုပဲ ရယူပါတော့မယ်"

"ကိုကိုက ကျေနပ်တယ်ဆိုရင်တော့ ငါ စွမ်းကို ချစ်ခွင့် လက်ထပ်ခွင့် ပေးမယ်"

"ကိုကိုက သဘောမတူသေးဘူး ဆိုရင်တော့ ငါ စွမ်းကို စောင့်ခိုင်းမယ်"

"တကယ်လို့ တစ်သက်လုံး ကိုကိုက သဘောမတူနိုင်တော့ ပါဘူး ဆိုရင်လည်း စွမ်းရေ ပိုးကိုသာ ခွင့်လွှတ်တော့ကွယ်"

"ပိုး သိပ်ချစ်တဲ့ ပိုးရဲ့အစ်ကိုအရင်းရဲ့ ဩဇာကို နာခံပါရစေ တော့နော်၊ စွမ်းအတွက် အဖြေဟာ ပိုးဆီက မဟုတ်ဘူး၊ ကိုကို့ဆီက ပိုးရဲ့အစ်ကိုရင်း ကိုကို ကိုပြည့်ဝန်းဆီကပါ"

"ဟေး. . . ပိုး၊ ဘာတွေစဉ်းစားနေလဲ၊ စားတော့လေ"

ပိုး၏ဆန္ဒကို အရင်မေးပြီး ပိုးက ခေါက်ဆွဲကြော် စားမယ် ဆိုတော့မှ သူက ထမင်းကြော်ပန်းကန်ကို ယူစားသည်။ စားဖွယ်နှစ်ခု ကို ပိုးကြိုက်တာရွေးရအောင် သူ စီစဉ်တတ်လေသည်။ ကြက်၏ အသားဖတ်လေးများကို ပိုး၏ပန်းကန်ထဲ ထည့်ပေး၏။ ပိုး စား



သောက်နေသည့် တစ်ချိန်လုံး အရိပ်ကြည့်ကာ တယုတယ ရှိနေရှာ သော စွမ်းရယ်လေ။

"စွမ်း"

"ဟင်"

"တကယ်လို့ ပိုးဆီက ချစ်ခွင့်မရဘူးဆိုခဲ့ရင် စွမ်းက နောက် တစ်ယောက် ပြောင်းချစ်ရှုံပဲ မဟုတ်လားဟင်"

"ဟာ. . . ပိုးရယ်"

"ဖြေလေ"

"စွမ်းကို ဒီလောက်အထင်မသေးပါနဲ့၊ ပိုးကို သိပ်ချစ်နေတဲ့ စွမ်းဟာ ပိုးကို ပိုင်ဆိုင်ခွင့် မရရစ် ကာလသတ်မှတ်လို့ မရအောင် နှလုံးသား ကြွေကွဲနေမှာပါ ပိုး၊ ဒါပေမဲ့ ရပါတယ် ပိုးရယ်၊ ပိုး ကြိုက် သလို ဆုံးဖြတ်ပါ၊ ပိုး ပျော်ရွှင်ကျေနပ်နေမယ်ဆိုရင် စွမ်းဆိုတဲ့ကောင် ကို မေ့ပစ်လိုက်ပါ"

ရင်မှ တိုက်ရိုက်လာသော စွမ်း၏စကားကို ကြားရပြန်တော့ လည်း. . .

"ကိုကို သဘောတူပါစေ"

ဆိုသောဆုကို ရင်တွင်းမှကျိတ်ပြီး ဆုတောင်းလိုက်ရသည်။

"ပိုး မကုန်တော့ဘူး"

"ထားလိုက်လေ ပိုး"

"နှမြောစရာကြီး"

"ရပါတယ် ပိုးရာ၊ ပိုးက အစားနည်းလို့ မစားနိုင်တာ၊ စွမ်း ကတော့ ရင်တွေလှုပ်ခတ်နေလို့ မစားနိုင်တော့ဘူး ပိုးရေ"

မျက်နှာနွမ်းနေသော စွမ်းကိုကြည့်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်ရှင်ပြီးချိန် မရောက်သေးဘူး မဟုတ်လား"

စွမ်းက သူ့လက်မှ တစ်သောင်းကျော်တန် ရာဒိုနာရီကို မြှောက်ကြည့်လိုက်ပြီး. . .

"မရောက်သေးပါဘူး ပိုး၊ ဘာဖြစ်လို့လဲဟင်"

"ဒါဖြင့် ဘုရားတစ်ဆူဆူ သွားဖူးရအောင်လေ နော်"

"ဟာ. . . တကယ်လား ပိုးရာ"

"တကယ်ပါ။ ပိုးကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားရတာကို ပိုး စိတ်မကောင်းဘူး။ ဒါကြောင့် စိတ်ရှင်းသွားအောင် ဘုရားသွားရအောင်နော်"

"ဘယ်ဘုရားသွားချင်လဲ ပိုး"

"အဆင်ပြေတဲ့နေရာပေါ့၊ စွမ်း ပို့တဲ့နေရာ သွားမယ်လေ"

"စွမ်းကတော့ အာနန္ဒာဘုရား သွားချင်တယ်"

"သွားလေ၊ ကမ္ဘာအေးလမ်းပေါ်မှာ ရှိလား"

"ပုဂံမှာရှိတယ်"

"ဟာကွာ"

"ဒါဖြင့်လည်း နီးနီးနားနား မဟာမြတ်မုနိဘုရားပဲ ဖူးလိုက်ကြရအောင်လားနော် ပိုး"

ပိုး တခစ်ခစ်ရယ်ဖြစ်သည်။ အင်းလျားကန်ဟိုတယ်မှ ထွက်လာချိန်မှာတော့ တွေးတောစဉ်းစားဖွယ် ဘဝ၏လေးနက်မှုများကို ထားပစ်ခဲ့သည်သို့ပင် လူငယ်နှစ်ဦး၏ရင်မှာ ပေါ့ပါးလန်းဆန်းလျက်။

ခြောက်သိန်းတန် ခရက်စီဒါ ကားဖြူလွင်လွင်လေးသည် ကမ္ဘာအေးစေတီတော်မြတ်ဆီသို့ ဦးတည်လျက်။

◆ ◆ ◆

## အခန်း(၂၃)

"အန်တီနွဲ့၊ ကိုကိုရော"

"ဩော်. . . သမီးလေး ပိုးပါလား၊ သမီးရဲ့ကိုကို တိုက်နောက် ရေတွင်းပျက်ကြီးနားမှာ"

ဒေါ်နွဲ့နွဲ့စိုးက ပိုးကို ပြေးဖွေ့ယူတော့မလို ပျာပျာလိုက်လှဲ့ကာ ထလာသည်။ ဦးစိန်မောင်ဝင့် ရှိစဉ်ကဖြင့် ပိုးကို ရန်သူသဖွယ်။

"ပိုး လိုက်သွားလိုက်မယ်"

"ခဏလေး သမီး၊ ခဏလေး"

ပိုး ရှိနေရာ လှေကားရင်းသို့ ဆင်းလာခဲ့ပြီး ဒေါ်နွဲ့နွဲ့စိုးက ဝမ်းနည်းဟန်မျက်နှာကို တမင်လုပ်ထားပြီး. . .

"ခုတစ်လော သားကြီးပြည့် ဘာဖြစ်နေလဲ မသိပါဘူး ပိုးရယ်၊ မေးလို့လည်း မရဘူး၊ သိပ်ဝမ်းနည်းနေသလိုပဲ၊ ည. . . ညဆိုလည်း တစ်ညလုံးလိုပဲ မအိပ်ဘူး"

"ဟုတ်ကဲ့၊ ပိုး ကိုကို့ဆီ သွားလိုက်ဦးမယ်နော်"

ပိုးသည် ဒေါ်နွဲ့နွဲ့စိုးနှင့် ဘယ်သောအခါမှ ကြာရှည်စကားမပြောပါ။ ပိုးကို နှစ်လိုခြင်း မရှိကြောင်း ဖေဖေ ရှိစဉ်ကပင် သိခဲ့ပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့၊ မိထွေးရဲ့ ဒုက္ခပေးမှုကို ဘာမှမခံခဲ့ရလို့ ဒါလည်း မေမေကြီးရဲ့ ကျေးဇူးပါပဲလေ။

ပိုးက ဤသို့တွေးရင်း တိုက်ခံဘေးမှကွေ့၍ ကိုကိုထိုင်ရာ ဆိပ်ဖလူးပင်ကြီးအောက်သို့ ပြေးလာခဲ့သည်။

ကိုယ်ကိုလျှော၍ တန်လျားကို ခေါင်းမှီထိုင်ကာ လက်ပိုက်ထား၏။ မျက်နှာက ဆိပ်ဖလူးပင်ကြီးကို မော့ကြည့်နေသည်။

ရွက်ခြောက်ကြွေများကိုနင်း၍ ပြေးလာသော ပိုး၏ ခြေသံကို ကြားမှ ကိုပြည့်ဝန်း လှည့်ကြည့်လာသည်။

"မနေ့ညက ကိုကို ဘယ်အချိန်မှ အိမ်ပြန်လာလဲဟင်"

"နောက်ကျတယ်"

"ပိုး ကိုကို့ဆီ လာသေးတယ်၊ နှစ်ခေါက်တောင်မှ"

"ဘာကိစ္စလဲ"

"ကိစ္စရှိမှပဲ လာရမှာလား၊ ကိုယ့်အစ်ကိုဆီ လာတာပဲဟာ"

ခုံတန်းလျား၏အလယ်မှာ ထိုင်နေသော ကိုပြည့်ဝန်း၏ ဘေးမှ ပိုး ဝင်ထိုင်လိုက်တော့ သူက တစ်ဘက်စွန်းသို့ ရွှေ့ပေးသည်။

မျက်ကြောလေးများ နီမြန်းနေသည့် ကိုကို၏မျက်ဝန်းအိမ်နှင့် တင်းတင်းစေ့ထားသော်လည်း ခပ်ကွေးကွေးလေး ဖြစ်နေသော ကိုကို၏ခံစားမှု နှုတ်ခမ်းများ. . .

"ကိုကို"

ပိုးက ကိုပြည့်ဝန်း၏ လက်ကိုဆွဲပြီး ခါတိုင်းလို လက်မောင်းကို ဖက်တော့မည့်ဆဲဆဲမှာ ကိုပြည့်ဝန်းက အသာအယာရုန်းထွက်လိုက်ပြီး ခုံတန်းလျား၏ တစ်ဘက်စွန်းသို့ တိုးကပ်သွား၏။



"ပိုးကို ကိုကို တစ်ခုပဲ မေးချင်တယ်"

"မေးပါ ကိုကို"

"စွမ်းထက်ကို ပိုး သိပ်ချစ်သလား"

"အို"

ပိုးက ရှက်ရွံ့စွာ ခေါင်းငုံ့ချထားလိုက်ပြီးမှ. . .

ပိုးလည်း ကိုကို့ကို မေးစရာရှိပါတယ်"

"ကိုကို မေးတာ ဖြေပါဦး"

"ကိုကိုဖြေပြီးမှ ပိုးက ဖြေလို့ရမှာပါ"

"ဘာဆိုင်လဲ"

"ဆိုင်ပါတယ် ကိုကို၊ ကိုကို့ရဲ့အဖြေဟာ ပိုးရဲ့အဖြေပါပဲ"

ကိုပြည့်ဝန်းက နွမ်းညှိုးနေသော ပိုး၏မျက်နှာလေးကို စိုက်ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

ဤညီမလေး ပိုးကိုသာ မစွန့်လွှတ်ရစတမ်းဆိုပါလျှင် သူ မစွမ်းဆောင်နိုင်သော အရာဟူ၍ မရှိစေရ။

ခွန်အား သုံးရမလား၊ အသွေးအသား ပေးဆက်ရမလား၊ အခက်အခဲကို ကျော်လွှားရင်ဆိုင်ရမလား၊ အို. . . နောက်ဆုံး လူ သတ်ရစေဦး သူလုပ်ရဲသည်။

"ဟဲ. . . မေးစမ်း၊ ဘာလဲ"

"ပိုးကို စွမ်းနဲ့ သဘောမတူဘူးလား"

"မတူဘူး"

အဖြေပေးပုံက လျှင်မြန်ပြတ်သားလွန်းလှသည်။

"ကိုကို သဘောမတူဘူးဆိုရင် ပိုး သူ့ကို လက်မထပ်ပါဘူး ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



ကိုပြည့်ဝန်း၏မျက်နှာမှ သောကငွေ့များ ချက်ချင်းပင် ကင်းစင်လွင့်ပြယ်သွား၏။

"တကယ်လားဟင် ပိုး"

တကယ်ပါ ကိုကို၊ ကိုကိုဟာ ပိုးရဲ့ အစ်ကိုကြီးဖြစ်လို့ ဖခင်နေရာက ထားရမယ့်သူပါ။ ဒါကြောင့် ပိုး ကိုကို့စကားကို နားထောင်ပါ့မယ်"

"ပိုးရယ်"

"ဒါပေမဲ့ ပိုးကို တစ်ခုတော့ ပြောပြပါ ကိုကို၊ ကိုစွမ်းထက်နဲ့ ပိုးကို ဘာကြောင့်သဘောမတူတာလဲဟင် ကိုကို"

ပိုးကို လန့်ထိတ်ခြောက်ခြားစွာ ကြည့်လိုက်မိသည်။

စွမ်းထက်ကို သူ စေ့စေ့ညက်ညက် ချေပစ်ချင်လောက်အောင် မုန်းသည်။ သူ့ချစ်ညီမလေးကို သူ့ဘဝထဲက ဆွဲခေါ်သွားမှာကို သူ သေမလောက် ကြောက်သည်။ စွမ်းထက်ဆိုသောကောင် ဒီကမ္ဘာလောကမှာ မွေးဖွားမလာရင် ကောင်းမှာ။

ဒါပေမဲ့. . .

စွမ်းထက်၏ အပြစ်များအဖြစ် သူ လက်ညှိုးထိုး၍ပြစရာ မရှိပါလား။

"မဖြေဘူးကွာ၊ သွား. . . ပိုး ကိုကို့နားက သွားပါ"

ကိုပြည့်ဝန်း၏မျက်နှာ တစ်ဘက်သို့ လှည့်ပစ်လိုက်သည်။ စီးလက်လာသော သူ့မျက်ဝန်းမှ မျက်ရည်များကို ပိုး မမြင်စေချင်။

"ပိုးကို ဒီလိုဥပေက္ခာပြုစတမ်းလား ကိုကို"

"ကိုကို မေးတာကို မဖြေဘဲနဲ့ ကိုကို့ကို ဘာလို့ မေးခွန်းတွေ ပြန်မေးနေရတာလဲဟင်"



"ဒီမှာ ကိုကို"

ပိုး၏ ဖွေးဥနေသော မျက်နှာလေးမှာ နီမြန်းလာပြီး နှုတ်ခမ်းလေးများပါ တုန်စပြုလာပြီ။

"ပိုးမှာ ဘာမှအပြစ်မရှိဘူး၊ ဒီကိစ္စကို စတင်ဖန်တီးတဲ့သူတာ မေမေကြီးပါ၊ မေမေကြီး စီစဉ်တာကို ပိုးက နာခံခဲ့တာပါ၊ ဒါပေမဲ့ ကိုကိုရယ်၊ ကိုကိုက ဒီကိစ္စကို မလိုက်နာရဘူးဆိုရင် မေမေကြီး ြ ည်ပေမယ့်လည်း ပိုး မလိုက်နာနိုင်ဘူးလို့ ပြောမှာပါ"

"ဟင်. . . ပိုး"

"ဟုတ်တယ် ကိုကို၊ နောက်ဆုံးပြောလိုက်မယ် ကိုကိုရယ်၊ ကိုစွမ်းထက်ကို ပိုးချစ်နေတာတောင် ကိုကို မကျေနပ်ဘူးဆိုရင် ပိုး နောက်ဆုတ်မယ် သိလား၊ ကိုကိုကသာ ပိုးကို မချစ်တာပါ"

ပိုး ငိုလေပြီ။

ကိုပြည့်ဝန်း ပြာသွားသည်။ ဘာလုပ်၍ ဘာပြောရမှန်း မသိတော့။ ချစ်ညီမလေး၏ မျက်ရည်စက်များကိုလည်း သူ မမြင်ရက်။

"မငိုပါနဲ့ ညီမလေးရယ်၊ ညီမလေး မငိုပါနဲ့ကွာ၊ ကိုကို မကြည့်ရဲဘူး"

"ဒါဖြင့် ပိုးမေးတာ ဖြေလေ"

ပါးပြင် ပြည့်ပြည့်တင်းတင်းလေးပေါ်မှ မျက်ရည်စများကို ကိုပြည့်ဝန်းက သူ့လက်ညှိုးနှင့် သုတ်ဖယ်ပေးပြီး မေးစေ့လေးကို ဆွဲမော့ပစ်လိုက်သည်။

ဤမျက်နှာလေးကို ကိုက်ငုံမျိုချပြီး ရင်ထဲမှာ သည့်ထားလိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးတ ရှုန်းဖယ်ပြီး သူ့လက်ခုံနှင့် သူ့မျက်ရည်များကို သုတ်ပစ်လိုက်သည်။

"ပိုး"

ပိုးတ ခေါင်းလေးဆတ်ပြီး ထူးဟန်ပြုသည်။ အသံတော့ ထွက်မလာ။

"စွမ်းထက်နဲ့ ပိုးကို ဘာကြောင့် သဘောမတူဘူးဆိုတဲ့ အကြောင်း ကိုကိုနှုတ်က ပြောလို့မထွက်ဘူးကွယ်၊ ဒါကြောင့် ကိုကို စာနဲ့ပဲ ရေးပြောမယ်၊ ပိုး ကျေနပ်လားဟင်"

ပိုးက နားလည်စွာ ခေါင်းညိတ်၏။

ပိုး နားလည်ပုံက တစ်မျိုး။ အစ်ကိုနှင့် ညီမကြားမှာ ပြော၍မကောင်းသော ပြစ်ချက်မျိုးကို စွမ်းထက်မှာ ရှိနေလို့ဟူ၍ ပိုးတ မှတ်ယူလိုက်ခြင်း ဖြစ်သည်။ ကမ္ဘာကို ပတ်လာသောသူဖြစ်၍ ကိုစွမ်းထက်၏ နောက်တွယ်မှာ ဘယ်လိုပြစ်ချက်မျိုးတွေ ရှိနေခဲ့သည် မသိနိုင်။

ပိုး၏အမြင်မှာတော့ ကိုစွမ်းထက်သည် ခင်မင်ချင်စရာကောင်းသော သူတစ်ယောက်ဖြစ်ပြီး ပိုးကိုလည်း သက်ညှာသူ ဦးစားပေးသူ တစ်ယောက်ပါ။

သူနှင့်အတူရှိနေခိုက် အချိန်မျိုးမှာ ပိုး ကြည်နူးပျော်ရွှင်ခဲ့သည်ဖြင့် အမှန်ပါ။ သို့သော်လည်း သူ့ကို နှလုံးသားထဲက နှစ်နှစ်ကာကာချစ်သော အချစ်မျိုး ပိုး၏ရင်ထဲမှာ မဖြစ်ထွန်းသေးပေ။

ဘာကြောင့်မှန်းမသိ။ ကိုကို့ကို ပိုး သိပ်ချစ်သည်။ ပြီးတော့ သိပ်သနားသည်။ ကိုကို ခိုင်းတာမှန်သမျှ အတုန်လုပ်ပေးချင်ပြီး



ကိုကို မကြိုက်တာ ရှိခဲ့လျှင်လည်း ပိုး ဘာကိုမှ ဇွတ်မတိုးချင်ပါ။

"မငိုနဲ့တော့နော် ညီမလေး၊ ကိုကို ဆူမိတာတွေ မေ့ပစ်လိုက် သိလား"

ပိုး ချစ်သည်၊ သနားသည် ဆိုခြင်းများထက် အဆပေါင်းမရေမတွက်နိုင်အောင် ချစ်ရ သနားရ ကြင်နာ မြတ်နိုးရသော ခံစားမှုများက ကိုပြည့်ဝန်း၏ ရင်နှင့်အပြည့်အလျှံ။

"ကိုကို ခုတစ်လော ဘာဖြစ်နေတာလဲ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အန်တီနွဲ့ကို ပြောလို့ ကိုကို ခုတစ်လော ညညဆို တစ်ညလုံးလိုပဲ မအိပ်ဘူးဆို"

"ဩော်. . . ဟော်. . ဒါလား"

ကိုပြည့်ဝန်းက ဟန်ဆောင်အပြုံးတုများကို ဖန်တီးလိုက်ပြီး. . .

"အိပ်မရတာက ဒါအတွက် ဥစ္စာချောက်နေလို့ပါ ညီမလေးရာ"

သူတို့အောက်ခြေရှိ အုတ်ဟောင်းများ ခင်းထားသည့်နေရာတို့ လက်ညှိုးထိုး၍ ပြောလိုက်တော့မှ ပိုးက ပြုံးလာပြီး. . .

"သူ့ဟာသူ မြေကြီးထဲမှာ အိပ်နေတာပဲဟာ၊ ကိုကိုလည်း ပျော်အောင်အိပ်ပေါ့"

"အ. . . ဟဲ. . . ဟဲ"

ရောစ၍သာ ရယ်လိုက်ရသည်။ ပိုး ပိုင်ဆိုင်သော ကြင်နာသေတ္တာအတွက် သူ သတိပင်မရလှ။ ဘယ်သူမှ မသိအောင် တွင်း

www.burmeseclassic.com

www.burmeseclassic.com



နက်နက်တူးပြီး မြှုပ်ထားခဲ့သည်မို့ ဒီထက်လုံခြုံစရာ မရှိတော့ပါ။ ဤနေရာသို့ သူ ရောက်လာတတ်လေတိုင်း ခြေရာလက်ရာ ပျက်ယွင်းသည့်ပုံစံ တစ်ခါမှ မတွေ့ရ။

"ကိုကို"

"ဟင်"

"အန်တီနွဲ့က ပိုးတို့အိမ်မှာလည်း ထမင်းလာမစားဘူး ကိုကိုလည်း မနေ့က လာမစားဘူးဆို၊ မညိုက ပြောတယ်"

"ကိုကို အပြင်က စားလာလို့ပါ"

"အန်တီနွဲ့ ကြည့်ရတာ ခုတစ်လော အမြဲအရေးကြီးနေသလိုပဲနော်၊ လမ်းချည်းထွက်နေတာပဲ၊ သူဘာတွေလုပ်နေတာလဲ ဟင် ကိုကို"

"မသိပါဘူး ညီမလေးရာ၊ မေမေ့ကိစ္စကို ကိုကို ဘယ်တော့မှ ဝင်မမေးဘူး"

ဒေါ်နွဲ့နွဲ့ဖိုးကို ဝင့်ထယ်ဂေဟာကြီးမှ ဘယ်သူမှ ကြည့်မရသို့သော်လည်း မေမေကြီးနှင့် ဦးဦးရွှေမောင်ဝင့်တို့က ဖေဖေ၏ မျက်နှာကို ထောက်ထားပြီး ဘာမှမပြောကြရှာပါ။

ပိုးမှာ စောစောက လှုပ်ရှားနေမိသော ခံစားမှုများ ငြိမ်လျော့သွားခဲ့ရပါပြီ။ ကိုကို နေမည်ဆိုသောစာကို ဖတ်ပြီးမှ အဖြေရမည်လေ။

ရိုးတံနီနီ ပွင့်ဖတ်ဖြူဖြူနှင့် ဆိပ်ဖလူးပန်းကြွေလေးများထံ ပိုး လိုက်ကောက်နေ၏။ လေတိုက်တိုင်း သက်ဆင်းလာသော ပွင့်ကြွေလတ်လတ်ကလေးများကို ကောက်ယူ၍ လက်တစ်ခုပ်စာအပြည့်မှာ အားပါးတရ နမ်းရှိုက်နေသည်။



အကြွေပန်းလေးတွေကိုလည်း မြတ်နိုးစုံမက်တတ်လေသောပိုး။

"သူလို သာမန်တေးရေးသူ စန္ဒရားဆရာတစ်ယောက်၏ သားကိုရော ပိုး မြတ်နိုးနိုင်ပါဦးမလားကွယ်"

ပိုး၏ လှုပ်ရှားမှုမှန်သမျှကို မလွဲတမ်း မလွတ်တမ်း လိုက်ကြည့်နေသော ကိုကို၏ အကြည့်စိမ်းများကြောင့် ပိုး၏ရင်မှာလည်း ခံစားမှုသစ်များဖြင့် လှုပ်လှုပ်ခုန်လျက်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

မြတ်သူမောင်သည် မည်းတောင်းထဲ ထည့်နေသော ပုလင်းခွံများကို ငေးကြည့်နေသည်။ သူ့အဖေ ဒီလောက်အရက်တွေ သောက်နေခြင်းကို သူစိတ်မချမ်းမြေ့နိုင်ပါသော်လည်း မည်းကဖြင့် ဘော်တယ်ကုလားကို ရောင်းရသမျှငွေအားလုံး သူရမည့်အတွက် ဦးရွှေမောင်ဝင့် အရက်များများသောက်လေ သူသဘောကျလေ ဖြစ်နေ၏။

ဖခင် အရက်သောက်တာ မကြိုက်သော်လည်း 'ဖေဖေ အရက်မသောက်ပါနဲ့' ဟု တစ်ခါမျှ မပြောဖြစ်။ ဒါက သူတို့၏နေ့များ တားမြစ်ရမယ့်ကိစ္စပဲလေ။ ဘာပဲဖြစ်ဖြစ် ဖေဖေ နောက်မိန်းမ မယူတာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

ဒေါ်နွဲ့နွဲ့စိုးလို မိန်းမကြီးမျိုးကို မမပိုး အမေတော်နေရသည်ကိုကြည့်ပြီး မြတ်သူမောင် စိတ်ညစ်မိ၏။

သူနှင့် ပိုးတို့က ဘဝတူ။

သူတို့လေးတွေကို လူပြည်ရောက်အောင် မွေးဖွားခဲ့ပြီးချိန်မှာ မိခင်များ သေဆုံးသွားခဲ့ကြသည်ဟု သိရသည်။

မြတ်သူမောင်၏ စာကြည့်စားပွဲမှာ 'ဒေါ်မြတ်မြတ်သူ' ၏



ဆံလာဆောင်နေ့က သတို့သမီးဝတ်စုံနှင့် တစ်ယောက်တည်း ရိုက်ထားသောပုံကို ထောင်ထားသလို. . .။

ထောက်ကြန့်ရောင်စုံပန်းခင်းထဲမှာ ရိုက်ထားသော 'ဒေါ်ပိုးဝါ' ၏ ရောင်စုံဓာတ်ပုံကိုလည်း ပိုး၏ စာကြည့်စားပွဲမှာ ထောင်ထားသည်။

ပိုးက ဖခင်ပါ ဆုံးသွားသော်လည်း ရင်းနှီးချစ်ခင်စရာ အစ်ကိုတစ်ယောက် ရှိနေသေးသည်။ သူ့မှာတော့ ဖခင်ရှိသော်လည်း အရင်းအခြာ မရှိ။

"မမပိုးကလည်း သူ့တို့ကိုကိုပဲ ချစ်တာပါ။ ငါ့ကို သိပ်မှမချစ်ဘဲ"

တစ်သက်လုံး အထီးကျန်နေခဲ့ရသော မြတ်သူမောင်အနေနှင့် ဘယ်သူ့ပေါ်မှလည်း သံယောဇဉ် မရှိလှ။ မချစ်တတ်၊ မခင်တတ်။ မေတ္တာမရရှိသော ကလေးတို့၏ ထုံးစံအတိုင်း စိတ်ရိုင်းဝင်တာ သူတို့ကလည်း ဘယ်သူ့အပေါ်မှ မကြင်နာတတ်ကြပေ။

မြတ်သူမောင်၏ မိခင်သည် ပိုး၏ဖခင် ဦးစိန်မောင်ဝင့်၏ အရှုပ်တော်ပုံကြောင့် နှလုံးကြေကွဲကာ သေဆုံးခဲ့ရရှာသလို. . .

ပိုး၏ဖခင် ဦးစိန်မောင်ဝင့်သည်လည်း မြတ်သူမောင်၏ ဖခင် ဦးရွှေမောင်ဝင့်၏ မတော်တဆ တွန်းလိုက်မှုကြောင့် လှေကားပေါ်မှ လိမ့်ကျ၍ သေခဲ့ရရှာသည်။

ဒေါ်မြတ်မြတ်သူ၏ အကြောင်းကို ပိုး တိတိကျကျ သိခွင့်ရသလို ဖခင်ကြောင့် ဦးစိန်မောင်ဝင့် သေဆုံးခဲ့ရရှာသည်ဆိုတာလည်း မြတ်သူမောင် မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဤမောင်နှမနှစ်ယောက် အသေးစိတ် မသိကြသော်လည် ကံကြမ္မာကတော့ တစ်ပတ်လှည့်လည် ပြီးခဲ့ပါပြီ။

မြတ်သူမောင်မှာ ဘာကိုမှ စိတ်ဝင်စားခြင်း မပြုတော့ပါ နိုင်ငံခြား သင်္ဘောလိုက်ဖို့သာ စိတ်စောနေ၏။

"မောင်လေး၊ ကော်ဖီသောက်ရအောင်လေ၊ ဒီနေ့လယ် ပူတင်းဖုတ်ထားတယ်တဲ့"

"သူငယ်ချင်းတွေနဲ့ မြို့ထဲက လက်ဖက်ရည် သောက်ခဲ့ ပြီ"

"ဒါဖြင့် မောင်လေးရဲ့ ရှယ်ယာကို ရေခဲသေတ္တာထဲ ထည့်ထားလိုက်မယ်နော်၊ ညကျတော့မှယူစား သိလား"

"အင်း"

ပိုး အောက်ထပ်သို့ ဆင်းလာသည်အထိ မြတ်သူမော ဘာစကားမျှ မပြော။ စပရင်ဆွဲရန် သူပြင်ဆင်နေ၏။

ပိုး အပေါ်ထပ်မှဆင်းပြီး နောက်ဖေးဘက်ဖြတ်အထွက် မေမေကြီး၏ သူနာပြုဆရာမ ဒေါ်ခင်အုန်းဝေက အခန်းအပြင် ထွက်လာပြီး. . .

"မေမေကြီးက ပိုး အားတော့ လာခဲ့ပါဦးတဲ့"

"အော်. . . ဟုတ်ကဲ့၊ ပိုး ကော်ဖီသောက်ပြီး လာခဲ့ပါမ"

"အန်တီလည်း ဒီနေ့ စောစောပြန်ရမယ်၊ မေမေကြီးလည် နေကောင်းပါတယ်"

"ဟုတ်ကဲ့၊ ပိုး အားနေပါတယ်၊ မေမေကြီးနားမှာ နေမှာ ဆရာမ ပြန်ပါနော်"



ပိုး ထမင်းစားခန်းထဲ ဝင်လာတော့ ဖော်မိုက်ကာ ဆုံလည်စားပွဲကြီးမှာ ကော်ဖီပန်းကန်တွေသာ အဆင်သင့်၊ သောက်မည့်သူသည်း မရှိ။

ပိုးက သူ့အတွက် ပန်းကန်ကိုလှန်ပြီး စတီးခရားထဲမှ ကော်ဖီကို ငှဲ့ထည့်လိုက်သည်။ ပူတင်းက နွေးနေဆဲမို့ မစားချင်သေး။ ရေခဲသေတ္တာထဲ ထည့်ပြီးမှ စားမည်။ ဆိတ်သားမုန့်တစ်ခုနှင့် ကော်ဖီသာ သောက်ဖြစ်လိုက်သည်။

ပိုးတို့ငယ်ငယ် ဖေဖေကြီး ဦးအောင်ဝင့် ရှိစဉ်က ညစာကို ဤစားပွဲကြီးမှာ မြိုင်မြိုင်ဆိုင်ဆိုင် စားကြရသည်။

ဟိုဘက်တိုက် ဒီဘက်တိုက်က ကြားသာအောင် လျှပ်စစ်ခေါင်းလောင်းတီး၍ ထမင်းစားရန် အချက်ပေးရသည်။ ဖေဖေတို့ငယ်ငယ်ကတော့ ဆင်စွယ်နှစ်ခုကြားမှာ တပ်ထားသော ငွေမောင်းကိုထု၍ ထမင်းစားရန် အချက်ပေးသည်ဟု မေမေကြီး ပြောပြဖူးသည်။

ဦးအောင်ဝင့်၊ ဒေါ်လှထယ်၊ ဦးရွှေမောင်ဝင့်နှင့် မြတ်သူမောင်၊ ဦးစိန်မောင်ဝင့်၊ ဒေါ်နွဲ့နွဲ့စိုး၊ ပိုးနှင့် ကိုကိုတို့ ညစာထမင်းစားပွဲကို စုံစုံညီညီ တက်ရောက်စားသောက်ရသည်။ ဒါက ဖေဖေကြီး၏ စည်းကမ်း။ ဖေဖေကြီး ဦးအောင်ဝင့်မှာ သားကြီးစိန်အောင်ဝင့် ငယ်စဉ်က တီတီကျကျ မဆုံးမမိလေခြင်းဟု နောင်တရကြောင်း မေမေကြီးကို အခါခါ ပြောသွားခဲ့ရှာသည်။

ယခုတော့ လူတွေလည်း လျော့တုန်ပြီ။

စုံစုံညီညီ စားသောက်သည့် အကျင့်လည်း ပျောက်သွားခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပိုးက ငယ်စဉ်ဘဝက အကြောင်းများကို စဉ်းစားပြီး နောက်ဆုံးလက်ကျန် ကော်ဖီကို မော့သောက်လိုက်၏။ ပြီးမှ စတီးဘောင်မှာ လက်ဆေး ပါးစပ်ဆေး၊ လက်သုတ်ပဝါသန့်သန့်နှင့် သုတ်ပြီး မေမေကြီး၏ အခန်းတွင်းသို့ ဝင်လာခဲ့သည်။

"ဒီခုတင်ပေါ် လာဦး ပိုး"

ဆရာမ ထွက်သွားမှ မေမေကြီးက လှမ်းခေါ်၍ သူ့အနား ကပ်ထိုင်လိုက်ရသည်။

"ဟို ကြေးသေတ္တာရော"

"ရှိတယ် မေမေကြီး"

"ဘယ်မှာလဲ"

"ပိုး သိမ်းထားတယ်"

"သွားယူ"

"ဟာ. . . မလွယ်ဘူး မေမေကြီးရဲ့၊ တွင်းတူးပြီး မြှုပ်ထားတာ"

"ဘယ်နားမှာလဲ"

"လက်ယာဘက် တိုက်နောက်ဖေးက ရေတွင်းပျက်ကြီးနားမှာ"

"ဟဲ့. . . အို၊ သူတို့အိမ်နောက်ဖေး ဘာလို့သွားမြှုပ်ရတာလဲ"

"ဒေါ်နွဲ့နွဲ့စိုး အပြင်သွားတုန်း လုပ်တာပါ။ ဒီဘက်မှာလူရှုပ်တယ်လေ၊ ဟိုနေရာက ဘယ်သူမှ မမြင်နိုင်ဘူး မေမေကြီးရဲ့"

"မောင်ပြည့်ဝန်းရော သိလား"



"ဟင့်အင်း"

"သူ တကယ်မသိဘူးလား"

ဒေါ်လှထယ်က သံသယမျက်ဝန်းနှင့် ပိုးကို ကြည့်လာသည်။ သူ အလွန်ချစ်သော သူ့အစ်ကို၏ တိုက်နောက်မှာ မြှုပ်သည့်အတွက် မောင်ပြည့်ဝန်း မသိဘဲ နေမည်မထင်။

"တကယ်မသိပါဘူး၊ မေမေကြီးကပဲ ဘယ်သူမှ မသိစေနဲ့ဆို၊ ပိုး ဘယ်သူ့ကိုမှ မပြောပါဘူး"

ပိုး၏ ပြောင်လိမ်ခြင်းကို ဒေါ်လှထယ်က ယုံကြည်သွားဟန်ရှိသည်။

"ပေအး. . . အဲဒါတွေ ပြန်ဖော်ထုတ်တော့၊ သမီး စေ့စပ်ပွဲနေ့ကျရင် ဝတ်ရမယ်၊ မိန်းကလေးဘက်က ဒါတွေ ပါတယ်လို့လည်း ကြေညာမလို့"

"ဟင်. . ."

"သူတို့ဘက်တလည်း ဟိုနေ့က သမီးတို့စီးတဲ့ကားကို သမီးနာမည်နဲ့လွှဲပြီး လက်ဖွဲ့မှာတဲ့"

ပိုး ရင်တွေလှုပ်လှုပ်ခုန်သွားသည်။ ကိုကို့ထံမှ ဆုံးဖြတ်ချက်မရသေး။ မေမေကြီးကိုလည်း ဘာပြောရမှန်း မသိသဖြင့် ပိုး၏ စိတ်မချမ်းမြေ့ခြင်းများကို ရင်တွင်းမှာသာ သိမ်းဝှက်နေရဆဲပါ။

"အင်း. . . မေမေကြီးလည်း ကိုယ့်ကိုယ်ကို အားလျှော့အားလိုက်တာ၊ သေမယ်ပဲထင်တာ၊ ကံကောင်းချင်တော့ အနာတွေသည်းကျက်ပြီး ဆီးချိုကလည်း ကျသွားပြီ၊ ဒါကြောင့် သမီးရဲ့ မင်္ဂလာပွဲတိုတောင် မေမေကြီး ဆင်နွဲနိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ပိုး ချက်ချင်းမင်္ဂလာဆောင်ရတော့မယ်၊ ဟုတ်လားဟင်"

"မင်္ဂလာက ချက်ချင်းမဆောင်ရသေးပါဘူး။ စေ့စပ်ထားရုံပါ"

"အဲဒါ ဘယ်. . . ဘယ်တော့လဲဟင်"

"နောက်အပတ် တနင်္ဂနွေနေ့ ရက်ကောင်းသတဲ့ မြသီတာရဲ့"

ပိုး ထိတ်လန့်တုန်လှုပ်စွာ ဒေါ်လှထယ်ကို ကြည့်နေမိသည်။ ဘာပြောလို့မှမဖြစ်။ သူ့အနေနှင့် ပြောစရာစကားလည်း မရှိ

ကိုကိုကသာ မကန့်ကွက်ဘူးဆိုခဲ့လျှင် စေ့စပ်ရုံမက လက်ထပ်ပွဲ လုပ်မယ်ဆိုလည်း ပိုး ငြင်းမနေတော့ပါ။ မေမေကြီး၏ စကားကို နားထောင်ရမည်သာ။

"သမီး စိတ်အေးအေးထားနော်၊ ဗိုလ်ခေတ်မှာ လူလိမ် လူကောက်တွေက များပါဘိသနဲ့၊ ခုလို မျိုးကောင်း နိုးကောင်း၊ ဂုဏ်ရည်တူလေးနဲ့ ပေးစားခွင့်ရတာ မေမေကြီး ဝမ်းသာနေတာ ပိုးရဲ့ မောင်စွမ်းထက်နဲ့ ပိုးနဲ့လည်း ရင်းနှီးနေကြပြီပဲကွယ်"

မြေးမလေး၏ မင်္ဂလာပွဲအတွက် ဒေါ်လှထယ် တက်ကြွနေရှာသည်။

ပိုးနှင့် ကိုစွမ်းထက်တို့၏ ဆွေးနွေးမှု၊ ခံစားမှု၊ နားလည်မှု လွှတ်ထားမှုများကိုဖြင့် ဒေါ်လှထယ် မသိနိုင်သေး။

"ဟဲ. . . သမီး၊ အရေးကြီးတာက ဟိုပစ္စည်းကို ဘယ်သူမှ မသိအောင် ပြန်တူးပြီး မေမေကြီးအခန်းထဲပဲ ပြန်ယူလာခဲ့ရော ကြားလား"



"ဟုတ်ကဲ့ပါ မေမေကြီး"

မေမေကြီး ပြောသမျှ တွေဝေငေးငိုင်ရင်း ပိုးမှာ ခေါင်းတညိတ်ညိတ်နှင့်သာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

"အန်တီနွဲ့၊ ပိုးကို ခေါ်တယ်ဆို"

"ဟုတ်ပါတယ် ပိုး၊ ပိုး အားလားဟင်၊ ပိုးကို လေးလေးနက်နက် ပြောစရာစကားတွေ ရှိလို့ပါ"

"ပြောပါ အန်တီနွဲ့၊ ပိုး အားနေပါတယ်"

ဒေါ်နွဲ့နွဲ့စိုးသည်လည်း စိတ်လှုပ်ရှားလွန်းသော မျက်ဝန်းများနှင့် ပိုးကို အကြာကြီး စိုက်ကြည့်ပြီးမှ. . .

"ပိုးရဲ့ ကိုကိုဟာလေ ပိုးတို့ ညီမလေးအရင်းလို သိပ်ချစ်ခဲ့တာ ပိုး အသိပါကွယ်၊ ညီမကို သိပ်ချစ်တဲ့ အစ်ကိုတိုင်းဟာ ဘယ်ယောကျ်ားလေးနဲ့မှ သဘောမတူတတ်ကြတာလည်း သဘာဝပါ"

ဒေါ်နွဲ့နွဲ့စိုး ဘာကိုဆိုလိုမှန်း ပိုး ရိပ်မိလာပါပြီ။

"အဲဒီသဘာဝတရားအရလည်း သားဟာ ပိုးအတွက် ခံစားနေရတယ်၊ ပြီးတော့ သူ့ရင်ထဲမှာပဲ ကျိတ်မြိုခံစားနေတဲ့ ကြေကွဲမှုလည်း ရှိပါတယ်"

"ရှင်. . . အဲဒါ ဘာလဲဟင်"

"ဘာပဲဖြစ်ဖြစ် ပိုး မသိစေရဘူးတဲ့၊ သူ့ခံစားချက် ပြင်းထန်



လွန်းလို့ သူ့နှလုံးတွဲကြေသွားရင်လည်း သူခံပါ့မယ်တဲ့၊ ဒီတိုစ္စကို အသက်နဲ့အမျှ သူစောင့်စည်းပြီး သိက္ခာတရားကို ထိန်းသိမ်းသွားပါမယ်တဲ့ကွယ်"

"ဟင်. . . ဘာကိုလဲ အန်တီနွဲ့"

"သူ ပိုးကို ဘယ်လောက်ချစ်ချစ် ဖွင့်မပြောဘဲ ရင်ထဲမှာပဲ တစ်သက်လုံး သိမ်းထားမှာပါတဲ့ ပိုးရယ်"

"အို. . . အန်တီနွဲ့၊ ဘာတွေပြောနေတာလဲ"

"သားကြီးကို သနားလွန်းလို့ပါ။ သားကြီးက ဘယ်သောအခါမှ ဖွင့်မပြောဘူး၊ ညီမလေးအဖြစ်နဲ့ပဲ သန့်စင်စွာ ချစ်နေမယ်ဆိုတာကိုပဲ ပိုး သိနေပါစေတော့တဲ့၊ သူ့ရင်ထဲက အဖြစ်မှန်ကို ဖွင့်မပြောရက်ဘူးတဲ့"

"ပိုး စိတ်မရှုပ်တော့ဘူး၊ ကိုကိုနဲ့ ပတ်သက်ပြီး အန်တီနွဲ့ ဘာပြောချင်တာလဲဟင်"

"ကဲ. . . ရှင်းရှင်းပဲ ပြောတော့မယ် ပိုး၊ သားကြီးပြည့်နဲ့ ပိုးနဲ့ဟာ ဘာမှမတော်ဘူး၊ သားကြီးဟာ အန်တီနွဲ့ရဲ့သား၊ ဦးစိန်မောင်ဝင့်ရဲ့သား မဟုတ်ဘူး၊ ဒါကြောင့် ပိုးတို့ချင်း မောင်နှမအရင်း မဟုတ်ဘူး"

"အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး"

"မဟုတ်ရပါစေနဲ့ရှင်"

◆

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဟာ ငါ့အစ်ကိုအရင်း မဟုတ်ဘူးတဲ့"

"လူစိမ်းတဲ့"

"ဘာမှမတော်ဘူးတဲ့"

"ငါ့ကို သိပ်ချစ်တယ်တဲ့"

"အမယ်လေး. . . ဘုရား. . . ဘုရား၊ မဟုတ်ပါနဲ့၊ မဟုတ်လိုက်ပါနဲ့"

ဟုတ်နေပြီဆိုတာ သိနေပါလျက် အသည်းနှလုံးထဲက မဟုတ်ချင် မဖြစ်ချင်၍ ပိုးဆန္ဒတွေကို အရှုးလို မြည်တမ်းရင်း သည်းထန်လှိုက်လှဲလွန်းသော ငိုကြွေးခြင်းများဖြင့် ပြန်ပြေးလာခဲ့ပြီး. . .

ပိုးတစ်ယောက်တည်း ခုတင်ပေါ်မှာ လှိမ့်၍ငိုကြွေးပစ်လိုက်ပါတော့သည်။

◆

မျက်စိမှိတ်ထားပါလျက် အသိအာရုံ အကြားအာရုံထဲတွင် မြင်နေရသည်က ဝဲလှည့်ဝိုင်းလည်နေသည့် သဏ္ဌာန်များ၊ အားလုံး လှုပ်ရှားနေကြသည်။ စကားပြောနေကြသည်။

"ဒေါ်နွဲ့နွဲ့စိုးနဲ့ ကိုကိုတို့ သားအမိ"

"မေမေကြီးနဲ့ ကိုစွမ်းထက်"

"မေမေ့ဓာတ်ပုံ"

"ဖေဖေ ဦးစိန်မောင်ဝင့်"

"ဦးဦးရွှေမောင်ဝင့်"



"ဖေဖေနှင့် စကားများကြစဉ်က ဦးဦး၏ ဒေါသမျက်နှာ"

"ကြောက်လန့်တကြား မျက်လုံးကြီးအပြူးသားနှင့် ခြေတားယား လက်ကားယား လိမ့်ကျသေဆုံးသွားသော ဖေဖေ၏ နောက်ဆုံးမျက်နှာနှင့် အော်သံများ"

"ကိုကိုနဲ့ ပိုးဟာ ဘာမှမတော်ဘူး"

"ဘာသွေးမှ မစပ်ဘူး၊ သိလား. . . သိလား"

ဝိုင်းအုံလှည့်အော်နေကြသော မျက်နှာများစွာ. . .

ပိုး၏ရင်ထဲမှ စူးစူးဝါးဝါးကြီး အောင့်လာသည်။

"အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး"

"ဘာမှမမြင်ချင်ဘူး"

"ဘာမှမကြားချင်ဘူး၊ သွားကြ. . . သွားကြ. . . သွားကြ၊ အား. . ."

"ဝုန်း. . . ဒုန်း. . . ဒုန်း"

ဆိုသော အသံများက တစ်ဆက်တည်း။

ခုတင်ပေါ်မှာ မျက်စိစုံမှိတ်၊ နားကို လက်နှစ်ဘက်နှင့်ပိတ်၍ လှိမ့်အော်ရင်း ငိုနေသော ပိုးမှာ ခုတင်စွန်းမှတစ်ဆင့် ကြမ်းပေါ်သို့ အရှိန်ပြင်းစွာ လိမ့်ကျသွားခဲ့သည်။

ဟည်းသွားသော အသံကြီးကြောင့် အိမ်ပေါ် ပြေးတက်လာကြချိန်မှာ ပိုးကို ခုတင်အောက်ကြမ်းပြင်ပေါ်၌ ခွေခွေလေး လဲကျနေသည်ကိုသာ တွေ့လိုက်ကြရတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

“သက်တံရောင်စဉ်”

ဆိုသော စာတမ်းလေး၊ အောက်ခံမှာ သက်တံရောင်ခုနစ်မျိုးဖြင့် ဂီတသင်္ကေတလေးများစွာနှင့် ရေးချိတ်ထားသော ဆိုင်းဘုတ်ငယ်တစ်ခု။

“ဒါ စန္ဒရားသက်မော်ရဲ့ အိမ်လားဟင်”

အိမ်ထဲမှ ထွက်လာသော လူငယ်လေးတစ်ယောက်ကို မေးကြည့်လိုက်တော့. . .

“ဟုတ်တယ်၊ ဆရာကိုသက်မော်က အော်ဂဲန်သက်မော်ပါဗျ”

ဂီတချစ်သူ လူငယ်လေးတစ်ယောက်၊ ကိုသက်မော်၏ တပည့်ဖြစ်မည်။ ယခင်ကတော့ စန္ဒရားဆရာ။ ယခု အော်ဂဲန်ခေတ်ကျတော့ အော်ဂဲန်သက်မော် ဖြစ်နေပြီ ထင်သည်။

စန္ဒရားမှ အော်ဂဲန် ပြောင်းတီးရလျှင် အစိမ်းသက်သက်တို့တော့ ခက်မည်မထင်။ ကိုသက်မော်ကတော့ ဂီတကို ကျွမ်းကျင်ပြီးသား။ ဝါသနာလည်း ကြီးလွန်းသူမို့ ဂီတတူရိယာများကို သူ လွယ်ကူစွာ တီးခတ်တတ်ပါလိမ့်မည်။



စမ်းချောင်းရပ်ကွက်တွင်းမှ သင့်တင့်သပ်ရပ်သော ပျဉ်ထောင်အိမ်လေးတစ်ခန်း ဖြစ်သည်။

“ကိုသက်မော်နဲ့ တွေ့ချင်လို့ပါ”

အဝတ်လျှော်နေသော အသက်သုံးဆယ်ခန့် မိန်းမတစ်ယောက်ကို အိမ်ရှေ့ရေစည်ဘေးတွင် တွေ့လိုက်ရသည်။ အမျိုးသမီးက အိမ်ဘက်သို့ လှည့်ဆန့်ပြီး အသံကျယ်ကျယ်နှင့် အော်လိုက်သည်။ တိုးတိုးပြော၍လည်း မကြားသာနိုင်။

“သားရေ၊ နင့်အဖေကို ပြောလိုက်၊ ဧည့်သည်လို့”

သူ့ကိစ္စပြီးသွားသလို အဝတ်များ ဆက်လျှော်နေသည်။ သူ့အဝတ်ပုံထဲ၌ အနှီးများလည်း ပါနေသဖြင့် သားကြီးသာမက ရင်ခွင်ပိုက်ရွယ်ကလေးလည်း ရှိနေပြီပဲ။

“လာ. . . ထိုင်ပါ၊ ဘာကိစ္စလဲ”

ကိုင်းနက် ပါဝါမျက်မှန်ကို တပ်ထားသည်။ ကိုယ်ခန္ဓာကလည်း အတော်လေး ဝဖြိုးနေ၏။ အသက်ကလည်း လေးဆယ်ကျော် ငါးဆယ်တွင်းလေး၊ အရင်ကနဲ့တော့ တခြားစီပါပဲလား။ ဟိုတုန်းက ပိန်ပိန်ရှည်ရှည် ခပ်နွဲ့နွဲ့နှင့် အရာခပ်သိမ်းကို ပြင်းပြစွာ ခံစားတတ်ခဲ့သောအရွယ်၊ အခုတော့ ရင့်ကျက်တည်ငြိမ်ခြင်းများဖြင့် လူကြီးရင့်နေပေပြီ။

“ကိုသက်၊ နေကောင်းရဲ့လား”

နေကာမျက်မှန်ဝိုင်းကြီးကိုချွတ်ပြီး ဒေါ်နွဲ့နွဲ့စိုးက မေးလိုက်သော့ ဦးသက်မော် ကြောင်ပြီး လှုပ်ရှားမှုများ ရပ်တန့်သွားသည်။ မျက်ဝန်းနက်ပင် ရွေ့လျားခြင်းမရှိ။ ဒေါ်နွဲ့နွဲ့စိုးထံမှ အကြည့်ကိုမရွေ့။

www.burmeseclassic.com

www.burmeseclassic.com



"နွဲ့ကို မမှတ်မိတော့ဘူးလား ကိုသက်ရယ်"

"ဟင်. . . နွဲ့. . . မင်း. . . မင်း. . . ငါ့ဆီကို ပြန်လာရဲသေးတယ် ဟုတ်လား"

"နွဲ့ ပြောစရာစကားဆုံးရင် ပြန်မှာပါ"

"ငါ ဒီမှာရှိတယ်လို့ မင်း ဘယ်လိုလုပ်သိလဲဟင်"

"နာမည်ကျော် တေးရေးဆရာတစ်ယောက်ကို ရှာရတာ မခဲယဉ်းပါဘူးလေ၊ ဘားလမ်းက တေးသံသွင်းဆိုင်ကို တယ်လီဖုန်းလေးနဲ့ မေးရုံနဲ့ ရောက်လာနိုင်တာပါ"

"ငါ မိန်းမရနေပြီ၊ ကလေးသုံးယောက်နဲ့၊ ငါ့ဘဝကို မင်း ထပ်ပြီးဒုက္ခမပေးပါနဲ့တော့"

"နွဲ့လည်း ယောကျ်ားရနေပါပြီ၊ ဝင်ဒါမီယာမှာ နေပါတယ်"

"ကဲ. . . ပြော၊ မင်း ဘာကိစ္စနဲ့ လာတာလဲ"

"သားအတွက်"

"ဘာ. . ."

"သားလေး မောင်ပြည့်ဝန်းအတွက် ကိုသက် လိုအပ်တာ လို့"

"ဟင်. . ဘာပြောတယ်၊ ငါ့သား. . . ငါ့သား သေပြီဆိုလို့"

"ဟုတ်တယ်၊ သားတို့လည်း သူ့အဖေ သေပြီလို့ ပြောထား တာပဲ"

"နွဲ့ရာ၊ မင်းဟာ အခုအချိန် အခုအရွယ်အထိ တောင် ကျစ်ယုတ်မာတုန်းပါလား"

"ဒါတွေ ဘာမှပြောနေဖို့ မလိုတော့ဘူး ကိုသက်"



"ဒါဖြင့် အခု ငါ့သား ဘယ်မှာလဲ"

"တွေ့ရမယ်လေ"

"ကိစ္စရှိလို့ ဆိုတာကရော ဘာလဲ"

"မောင်ပြည့်ဝန်းဆိုတာ ကျွန်တော့်ရဲ့ သားအရင်းပါလို့ လိုက်ပြောပေးရုံပဲ"

"ဘယ်သူ့ကို ပြောရမှာလဲ၊ ဘာအတွက် ပြောရမှာလဲ"

"ရှင့်သား သူဌေးမလေးနဲ့ ရဖို့အတွက် ပြောပေးရမှာ"

"မင်းပြောရုံနဲ့ ငါ ဘာမှလုပ်မပေးနိုင်ဘူး၊ ငါ့သားကို ငါ တွေ့ချင်တယ်"

"တွေ့ရမှာပါ၊ ရှင့်သားနဲ့တွေ့ပြီးမှ ဒီကိစ္စကို ဆွေးနွေး တိုင်ပင်ပြီးမှ လုပ်ရမှာပါ"

"ငါ့သားလေး ဘယ်မှာလဲ၊ ငါ အခုပဲ တွေ့ချင်တယ်"

"ကောင်းပြီ၊ တွေ့ရစေမယ်၊ တွေ့ပြီးရင်ရော အဲဒီလို လိုက် ပြောပေးနိုင်မလား၊ ရှင့်မိန်းမက ရပ့်မလား"

"ဒီမှာ နွဲ့၊ ဒါတွေ မင်းအလုပ် မဟုတ်ဘူး၊ ငါ့သားနဲ့ ငါ တွေ့ပြီးမှ ငါ့သားဖြစ်စေချင်တာ ငါ အကုန်လုပ်ပေးမယ်"

"ကောင်းပြီ၊ ဒီလိုကြားရရင် နွဲ့ လာရင်းကိစ္စပြီးပြီ၊ သွား မယ်"

"နေဦးလေ၊ ငါ့သား အခုဘာဖြစ်နေလဲ၊ ဘယ်အရွယ်လဲ၊ ဘယ်ငယ်က ငါနဲ့သိပ်တူတာ၊ ပြော်. . . ပြီးတော့ ကျောင်း ကောင်း နေရရဲ့လား"

"ဝင်ဒါမီယာက သူဌေးကြီး ဦးအောင်ဝင့်ရဲ့ မြေးအဖြစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်သီးခြားတိုက်ကြီးနဲ့၊ ကိုယ်ပိုင်ကားနဲ့၊ တက္ကသိုလ်ကျောင်းသားပါရှင်၊ ကိုသက်ထက် ဆယ်ဆသာအောင် ထားနိုင်ခဲ့တယ် သိလား၊ ကဲ. . . ဒါပဲ၊ မကြာခင်မှာပဲ ရှင့်သားကိုယ်တိုင် ရောက်လာပါလိမ့်မယ်၊ နွဲ့ သွားမယ်"

နေကာမျက်မှန်နက်ကို ပြန်ကောက်တပ်လိုက်ပြီး ကြော့ကော့နေအောင် ဟန်လုပ်လျှက် အိမ်ပေါ်မှ ခပ်တည်တည်ပင် ဆင်းသွားတော့သည်။

အမိုးမတင်ရသေးသော အိပ်တီးဖိုးမော်ဒယ် ဆန်နီပစ်တင် ကားလေးပေါ်သို့ ခွေ့ခနဲ တက်ထိုင်လိုက်သည်။

ကားမောင်းသူက ဒေါ်နွဲ့နွဲ့စိုး၏ တတိယဘဝကို စတင်ဖြည့်ဆည်းမည့်သူ နိုင်ငံခြားမှ ပြန်ရောက်လာတာ မကြာသေးသော သဘော်သား 'သူရိန်ထွန်း'။

သူရိန်ထွန်းကလည်း လူလည်။ သူ့ငွေးကတော် မုဆိုးမ သိန်းပေါင်းများစွာ အပိုင်ကြံရန် ကပ်နေခြင်း ဖြစ်သည်။

ဒေါ်နွဲ့နွဲ့စိုးကလည်း ခေတ်စားနေသော သဘော်သားကတော် လုပ်ချင်ပြီး ကားသစ်စီးချင်သော ရောဂါရှိနေသူ။ ပြီးတော့ အတွဲမရှိလျှင် မနေတတ်သော မိန်းမမျိုး။ အမွေမရမှာစိုး၍ သူရိန်ထွန်းကို အတည်မယူသေး။ ဒီကောင်လေးကိုဖြင့် အစွဲကြီး စွဲနေပြီ။

သူရိန်ထွန်းဘက်ကလည်း ဘွဲ့ရစ အချောအလှလေး ရမလား၊ အနုအလှလေး ယူမလား ရနိုင်သည့် အခြေအနေ ရှိလျှက်နှင့်. . .

ဤမိန်းမကြီးမျိုးကို ကပ်နေခြင်းမှာ တကယ့်ကို မဟာအချိုး အစည်ကြောင့်. . .



ဘာမှမဖြစ်ခဲ့ဖူးသလို ခံစားမှုမဲ့သောမျက်နှာနှင့် ဒေါ်နွဲ့နွဲ့စိုးတ ဆင်းသွားပြီး သူရိန်ထွန်းကားနှင့် ပြန်သွားချိန်မှာ. . .

နှလုံးသားအိုတစ်ခုလုံး သွက်သွက်လည်အောင် လှုပ်ခါ ကျန်ရစ်ခဲ့ရသူက ဦးသက်မော်။

"သားလေး. . . သားလေး မောင်ပြည့်ဝန်း ရှိနေသေးတယ် ဆိုပါလား"

နှစ်နှစ်ကျော်ရှယ် စကားတတ်ကာစ ဖခင်၏ အသည်းစွဲ ရင်နှစ် ဖြစ်နေချိန်ကာလမှာ လင်မယားချင်း စိတ်ဆိုး၍ သားလေးကို တောက်ချီဆင်းသွားသည့်နေ့မှစပြီး သားကို မမြင်ရ မတွေ့ရသည်မှာ ယနေ့ထက်တိုင်အောင်။

ကိုသက်မော်၏ ဘဝထဲသို့ တေးဂီတ မြတ်နိုးသူပါဟု ဆိုကာ ဝင်ရောက်လာသော နွဲ့နွဲ့စိုးမှာ တကယ်တော့ ဂီတကို လေးစားမြတ်နိုး၍ မဟုတ်။ အဆိုတော် ဖြစ်ချင်သည်။ အောင်မြင်ကျော်ကြားချင်ခြင်းသာ ဖြစ်သည်။

လက်ထပ်ရန် မရည်ရွယ်သေးပါဘဲနှင့် ချစ်သူဘဝမှာ အလည်လွန်၍ အိမ်မပြန်ရဲပါဟုဆိုကာ ကိုသက်မော်၏ ဘဝထဲသို့ အလွယ်တကူ ဝင်ရောက်လာခဲ့သော နွဲ့နွဲ့စိုး။

ထိုစဉ်က ဂီတသမား ဆိုသည်က ငွေကြေးနှင့် အလှမ်းဝေးကြသည်။ စတူဒီယိုခေတ်ဦး ဖြစ်သဖြင့် ကော်ပီတေးလောက်သာ ဆွဲ့သီဆိုကြသည်။ ကိုယ်ပိုင်သံစဉ်များ ခေတ်မစားသေး။

တေးရေးဆရာတို့မှာ မြန်မာ့အသံကိုသာ အားပြုနေရသဖြင့် ဝင်ငွေက မဖြစ်စလောက်။

www.burmeseclassic.com

www.burmeseclassic.com



ဤကာလများအတွင်းမှာ 'မှောင်ခိုကုန်ကူးခြင်း' ဆိုသော လုပ်ငန်းတစ်ရပ်က ခေတ်စားလာခဲ့သည်။

မှောင်ခိုမယ်မို့ ခရီးသည်ချင်းလည်း မလေးစား။ မှောင်ခိုယောကျ်ားများနှင့်လည်း ပြေးကြ၊ လွှားကြ၊ သယ်ကြ၊ ပုန်းကြ၊ ရှောင်ကြ၊ တိမ်းကြရ၍ ရင်းနှီးထိတွေ့မှုများက လိုအပ်သည်ထက် ပိုမိုလာခဲ့၏။ လင်နှင့်ခွဲလာသူ၊ မယားနှင့်ခွဲလာသူတို့ချင်းတွေ့ပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရသည်က အနန္တ။ တချို့ အိမ်ထောင်မဲ့ မိန်းကလေးများလည်း ဘဝပျက်တာသာ အဖတ်တင်၍ ကျန်ရစ်ခဲ့သော ကာလမျိုးမို့. . .

"မှောင်ခိုကုန်တော့ မကူးပါနဲ့ နွဲ့ရယ်၊ ကိုသက် သင်္ဘောဆိပ်မှာ ကုန်ထမ်းကျွေးပါ့မယ်"

"ရှင့်လို ကန္တကလျ ဂီတသမားလား ဒါမျိုးဖြစ်မှာ၊ ကုလီဆိုတာ ထမ်းချင်တိုင်း ဝင်ထမ်းလို့ရတာ မဟုတ်ဘူး၊ သူ့အဖွဲ့နဲ့သူ သိရဲ့လား"

"ဒါဖြင့်လည်း အဲဒီမှောင်ခိုလမ်း ဆိုတာကို ကိုသက် သွားမယ် နွဲ့ချယ်"

"တော်စမ်း ကိုသက်၊ ရှင့်လို မထုံတက်တေးနဲ့လူလား ဒီလိုစီးပွားရေးသမား လုပ်လို့ရမှာ"

"ကိုသက် သီချင်းတွေလည်း ရုပ်ရှင်ထဲမှာ ထည့်သုံးဖို့ စကားကမ်းလှမ်း. . ."

"တော်စမ်း. . . တော်စမ်းပါ၊ ဒီလိုထမင်းမဝတဲ့ အထက်ပညာနဲ့ လူကို အထင်မကြီးဘူး၊ ဆင်းရဲရမယ့်ဘဝထဲမှာလည်း ငါ မြုပ်မနေနိုင်ဘူး"



"နွဲ့နော်. . . ကိုသက်ကို စော်ကားချင် စော်ကား၊ ပညာကိုတော့ မစော်ကားနဲ့"

"ဟား. . . ဟား. . . အဖိုးတန်လိုက်တဲ့ ပညာရှင်ကြီးရယ်"

နွဲ့နွဲ့စိုးက လှောင်ပြောင်ခြင်း၊ မထီမဲ့မြင်ပြုခြင်းများစွာကို လုပ်ခဲ့ရုံမက ခင်ပွန်းသည် မကြိုက်သော မော်လမြိုင် မှောင်ခိုကုန်ကူးနေခြင်းမှာလည်း အကြိမ်ပေါင်းများစွာ၊ မီးရထားရဲများ၊ မီးရထားဝန်ထမ်းများ၊ မှောင်ခိုသမားများစွာတို့နှင့် နွဲ့နွဲ့စိုး သွားလိုက်ကြ လာလိုက်ကြ။

"သားလေးရယ်. . . ဖေဖေ့သားလေး မောင်ပြည့်ဝန်းရယ်"

သူ့ဘဝ၏ တစ်ခုတည်းသော တွယ်တာမြတ်နိုးရာဖြစ်သည့် သားလေးကိုသာ ရင်၌ပိုက်ပွေ့ရင်း ဇနီးသည်ကို လက်လျှော့ထားခဲ့ရသည်။ 'မောင်ပြည့်ဝန်း' ဆိုသော အမည်ကို သူကိုယ်တိုင် ရွေးပေးခဲ့ခြင်း ဖြစ်သည်။ သားလေး ကြီးလာရင် အောင်မြင်ကျော်ကြားသော အနုပညာရှင်တစ်ယောက် ဖြစ်စေချင်သည်။

သွားလေရာ သားလေးကို ခေါ်သွားပြီး သားအဖနှစ်ယောက် အချစ်ကြီး ချစ်နေချိန်မှာ. . .

'ဒီဘက်က သိပ်မဟန်ဘူး၊ တောင်ကြီး၊ ကျိုင်းတုံလိုင်းပြောင်းမှာမို့ သားကိုပါ ခေါ်သွားမည်' ဟု ပြောလာချိန်မှာ ကိုသက်တင်နှင့် အကြီးအကျယ် ပြဿနာတက်ခဲ့ကြသည်။

ကွာမယ် ရှင်းမယ်အထိ ဖြစ်ခဲ့ကြပြီး နောက်ဆုံး စိတ်ကုန်လွန်း၍ နွဲ့နွဲ့စိုး၏ ဆန္ဒအတိုင်း တရားရုံးမှာ တရားဝင် ကွာခဲ့သည်။

မြန်မာပြည်မှာက ကလေးကို သူ့ရထိုက် ငါရထိုက်ဟု တရားရုံးမှာ တောင်းကြရိုး ထုံးစံလည်းမရှိ။ အဖေနှင့် အမေကွဲလျှင်

www.burmeseclassic.com

www.burmeseclassic.com



မိခင်ထံသို့ သားသမီးများပါသွားကြသည်က ထုံးစံတစ်ခုလို ဖြစ်နေခဲ့သည်။

ကိုသက်မော်ကိုယ်တိုင်လည်း အကြီးအကျယ် စိတ်ညစ်ကာ အရက်တွေသောက်၊ တွေ့ရာအိမ် အိပ်နေခဲ့သဖြင့် ကလေးက နွဲ့နွဲ့စိုးနှင့် ပါသွားခဲ့သည်။

ရှမ်းပြည်နယ် ၊ ကျိုင်းတုံမြို့သို့။

နွဲ့နွဲ့စိုး ထွက်သွားပြီး နှစ်နှစ်လောက်ကြာချိန်မှာ. . .

"သား မောင်ပြည့်ဝန်း အပြင်းဖျား၍ သေဆုံးသွားပြီ"

ဆိုသော စာတစ်စောင်ကို ဒေါ်နွဲ့နွဲ့စိုး ရေးသားပေးပို့ခဲ့သည်။

အမှန်မှာ ရန်ကုန်မှ တမင်လွှင့်လာသော ဦးစိန်မောင်ဝင့်နှင့်တွေ့ပြီး ဦးစိန်မောင်ဝင့်၏ သားလုပ်ကာ ဝင့်ထယ်ဂေဟာကြီးသို့ ပြန်ရန် ရည်ရွယ်ချက်ကြောင့် မောင်ပြည့်ဝန်းကို ဖခင်ဖျောက်လိုက်ခြင်းသာပင်။

ကိုသက်မော်မှာ သူ့ဘဝကို ဂီတနယ်တွင်းမှာပင် မြှုပ်နှံ၍ သီချင်းများစွာ ရေးသားရာမှ စတူဒီယိုတေးရေးဆရာတစ်ယောက် ဖြစ်လာခဲ့တော့သည်။

စန္ဒရားသာမက အော်ဂဲန်ကိုပါ ပိုင်နိုင်စွာ တီးခတ်နိုင်သဖြင့် စတိတ်ရှိုးများ၊ မင်္ဂလာဆောင်ကြီးများ၊ မြို့နယ်များသို့ လိုက်ပါတီးခတ်ပေးခဲ့သည်။ တေးရေးခ,များကလည်း ရာဂဏန်းမှ ထောင်ဂဏန်းအထိ ရလာသဖြင့် ဘဝ၏ သာယာစိုပြည်မှုကို ပြန်လည်ရရှိလာချိန်မှာ အိမ်ထောင်သစ်တစ်ခု ထူဖြစ်ခဲ့လေသည်။ မိန်းမပီသသော၊ ခင်ပွန်း၏ အနုပညာကို လေးစားမြတ်နိုးသော ဇနီးသည်နှင့်



ကိုသက်မော်၏ ဘဝလေး ပြည့်စုံလာခဲ့ပြီ။ ဝင်ငွေကလည်း သင့်တင့်မျှတနေ၍ မိသားစု အဆင်ပြေနေချိန်ကျကာမှ. . .

"ငါ့သားကြီး မောင်ပြည့်ဝန်း အသက်ထင်ရှား ရှိနေသေးသတဲ့"

"ငါ့ရင်တွေ ဘာကြောင့် ဒီလောက်လှုပ်ခတ်နေရပါလိမ့်"

"ဒါ ဝမ်းသာစရာ၊ ဝမ်းသာစရာပါ"

"ငါ့ဇနီး မူမူကလည်း အကြောင်းစုံ သိပြီးသားမို့ ပြဿနာရှိစရာ မရှိပါဘူး"

"သားကြီးကို တွေ့ချင်လှပါပြီ"

"ဒီမိန်းမဟာ ငါ့ကို အခုအချိန်အထိ လှည့်ဖျားတုန်း"

"သား ဘယ်မှာလဲလို့ ငါကလည်း မမေးလိုက်မိဘူး ထင်ပါရဲ့၊ သား ရောက်လာမယ်ဆိုတဲ့ အချိန်ကို ငါ ထိုင်စောင့်ရုံပဲလေ၊ ဒါကလွဲလို့ ငါ ဘာမှမတတ်နိုင်ဘူး"

"သားရယ်၊ ဖေဖေ့သားကြီး မောင်ပြည့်ဝန်းကို ဖေဖေ တွေ့ချင်လှပါပြီ"

ဦးသက်မော်သည် ကာလများစွာက အဖြစ်များကို မှန်းမျှော်လျက် ရင်၌ဖြစ်သော သားချစ်ကို တမ်းတမ်းတတရှိရင်း မျက်ရည်ကြည်များ ဝိုင်းစို့လာ၏။

အနုပညာသမားတို့၏ နှလုံးသားသည် သာမန်လူသားတို့ထက် ပို၍များ နူးညံ့သိမ်မွေ့နေလေရော့သလား။

ထိခတ်လွယ် လှုပ်ရှားလွယ်၍. . .

သာမန်ထက်ပိုပြီး ခံစားမှု ပြင်းပြတတ်ကြပါလားကွယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

"တယ်လီဖုန်း လာနေတယ်၊ ပိုးနဲ့ စကားပြောချင်လို့တဲ့ ခွမ်းထက်တဲ့"

"ပိုး မပြောချင်ဘူး မညို၊ အိပ်နေတယ်လို့ သွားပြီး. . ."

"ပိုး"

ပိုး၏စကား မဆုံးဖြစ်မီ မေမေကြီး၏ ခေါ်သံက ဘုန်းမှိန် မြင့်မားလွန်းလှချေသည်။

"နေ့ခင်းက လာတော့လည်း အိပ်နေတယ်၊ ခုကျတော့ လည်း မပြောလို့ ကောင်းမလား၊ သွားပြောလိုက် ပိုး"

ထမင်းစားခန်းသို့တိုင် ထွက်နိုင်နေပြီဖြစ်သော မေမေကြီး ၏အမိန့်ကြောင့် အိမ်ရှေ့သို့ထွက်ပြီး ပိုးက တယ်လီဖုန်းကို ကောက် ကိုင်လိုက်ရသည်။

"ပိုးပါ"

"ဟာ. . . ပိုး၊ နေ့ခင်းက ခွမ်း လာသေးတယ်၊ ပိုး အိပ်နေ တယ်ဆိုလို့ ပြန်လာခဲ့တာ"

"ဟုတ်တယ်"



အမှန်တော့ ခွမ်းလာတာ ပိုး အားလုံးကြားပါသည်။ စကား မပြောချင်၍ အိပ်ချင်ဟန်ဆောင်နေခဲ့ခြင်းပါ။

"ပိုး နေကောင်းရဲ့လားဟင်"

"ကောင်းသွားပါပြီ"

"ခွမ်းလာမှ သိတာ၊ မေမေကြီးတ ပြောတယ်၊ ပိုး နေ မကောင်းလို့ ဆရာဝန်တောင် ခေါ်ရတယ်ဆို၊ ခွမ်း တအားစိုးရိမ်သွား တာပဲ သိလား၊ အခု ပိုး နိုးလောက်ပြီဆိုပြီး ဖုန်းဆက်ကြည့်လိုက်တာ"

"အင်း"

"နေမကောင်းတာ ဖျားတာလားဟင်"

"မဟုတ်ပါဘူး၊ ခုတင်ပေါ်က လိမ့်ကျလို့၊ မေမေကြီးတို့က စိုးရိမ်ပြီး ခေါ်တာပါ"

"ဟာ. . . ခုတင်ပေါ်က လိမ့်ကျတယ် ဟုတ်လား၊ နေ့ခင်း ကြီး အိပ်လို့လား"

"အို. . . အိပ်နေကျပဲ၊ အိပ်ရင်း လိမ့်ကျပုံမလား၊ ချော်လိမ့် ကျတာပါ"

"ဘယ်နာသွားသေးလဲဟင်"

"ခေါင်းထိလို့ မူးသွားတာပါ၊ ဆရာဝန်က နှလုံးငြိမ်ဆေး ပေးခဲ့လို့ အိပ်နေတာ"

"ခုရော ကြည်ကြည်လင်လင် ရှိသွားပြီလား ပိုး"

"အင်း. . . ကောင်းသွားပါပြီ"

"လန်းသွားအောင် ကားလျှောက်စီးမလားဟင်၊ အင်းလျား လေ့လျှော်အသင်းဘက် သွားရအောင်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုး အပြင်မထွက်ချင်သေးဘူး"

"ဒါဖြင့် စွမ်း လာခဲ့မယ်၊ ပိုးနဲ့ အရမ်းတွေ့ချင်နေတယ်ဗျ"

"ဟင်. . . ပိုးလေ. . . ပိုး"

"ပြောလေ၊ ဘာဖြစ်တာလဲ"

"ခေါင်းအရမ်းမူးနေလို့"

"စွမ်း မလာရဘူးပေါ့ ဟုတ်လား"

"အင်း. . . ဒီနေ့ပါ"

"ဒါဆို နက်ဖြန် ကျိုးကန်းတွေနဲ့အတူ အိပ်ရာထပြီး လာခဲ့မှာနော်"

"ဟာ. . . အဲဒီအချိန်က ပိုး အိပ်တုန်း"

"ဟား. . . ဟား. . . အလကားစ,တာပါ ပိုးရယ်၊ အဲဒီအချိန်ကြီး ထလာရင် ရိုက်ထုတ်ခံရမှာ"

"မရိုက်ပါဘူး၊ မေမေကြီးက စွမ်းကို ကြည်ပြီးသား"

"မေမေကြီး မဟုတ်ဘူး ပိုးရဲ့၊ ပိုးရဲ့ကိုကိုက စွမ်းကို လုံးဝကြည်တာ မဟုတ်ဘူး၊ သူ စွမ်းကို ကြည့်ပုံက ထဖိုက်တော့မယ့်အတိုင်း"

"ဟုတ်ပါဘူး"

"တကယ်ဟုတ်တာ၊ စွမ်း တကယ်လန့်တာ သိလား၊ အဲဒါကို မာမီ့ပြောပြတော့ အစ်ကိုဆိုတာ ဒီလိုပေါ့ သားရယ်တဲ့၊ ဘယ်အစ်ကိုကမှ သူ့ညီမဆီလာတာ မကြိုက်ဘူးတဲ့၊ ဟုတ်လား ပိုး"

"မသိဘူးလေ"

"နောက်ဆို ဖုန်းဆက်ပြီးမှ လာခဲ့မယ်၊ ပိုး ကိုကို မရှိတဲ့အချိန်"



ပိုး ဘာမှမပြန်ကြားဖြစ်။ ရင်ထဲမှာလည်း ပြည့်နင့်နေသည်။ စွမ်းနှင့်လည်း မတွေ့ချင်သေး။ ကိုကို့ကိုလည်း ပိုး ရှောင်နေခဲ့သည်။

"ပိုး"

"အင်"

"ဘာငြိမ်နေတာလဲ"

"ပိုးမှ ဘာမှပြောစရာ မရှိတာ"

"ပိုးက စွမ်းကို စိမ်းသွားသလိုပဲ"

"မဟုတ်ပါဘူး"

"စွမ်းကတော့ ပိုးကို တွေ့ချင်နေတယ်၊ တွေ့ခွင့်မရလည်း ခုလိုစကားပြောနေချင်တယ် ပိုးရယ်"

"ပိုး ဒီနေ့ နေမကောင်းလို့ပါ"

"အာ. . . ဟုတ်သားပဲ၊ ခုတင်ပေါ်က လိမ့်ကျတယ်ဆိုတော့ ခေါင်းမူးနေတုန်းပဲလားဟင်"

"အင်း. . . နည်းနည်းတော့ မူးသေးတယ်"

"ဒါဖြင့်လည်း ပိုး နားပါ၊ နားနေပါနော်"

"ကျေးဇူးပဲ စွမ်း"

"ဒီနေ့တော့ မလာတော့ပါဘူး၊ နက်ဖြန်တော့ စွမ်း လာခဲ့ပါရစေနော်"

"အင်း. . . လာလေ"

"စွမ်းကိုရော လာစေချင်သေးရဲ့လား ပိုး. . . ဟင်"

"အပိုတွေ"

"ဟာ. . ဘယ်ကအပိုရမှာလဲ၊ တကယ်ပြောတာပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



“မမေကြီးက သူ့ကို အမြဲလာစေချင်တဲ့ဟာကို”

“ဟာ. . . သွားပြီ၊ ဘာဆိုင်လဲ၊ အသွားကြီး လာစေချင်လို့ လာရတာ အောက်လှပါတယ် ပိုးရာ၊ ပိုး လာစေချင်မှ”

“အင်းပါ. . . လာခဲ့ပါ”

“နက်ဖြန်နော်၊ ဘယ်အချိန်လဲ”

“ကြိုက်တဲ့အချိန်၊ အဲ. . . နေ့လယ်ဆို ပိုကောင်းတာပေါ့”

“ကိုပြည့်ဝန်း မရှိတဲ့အချိန်လား”

“အင်း”

“ကောင်းပြီ၊ အဲဒီအချိန် မြန်မြန်ရောက်ပါစေလို့ စွမ်းဆုတောင်းပြီး စောင့်နေမယ်နော် ပိုးနော်”

“ကောင်းပါပြီ၊ ဒါပဲနော် စွမ်း”

တယ်လီဖုန်းကို ပြန်ချပြီး မမေကြီး ရှိရာသို့ ပြန်လာခဲ့ရသည်။

“ဘာတဲ့လဲ မောင်စွမ်းထက်က”

“နက်ဖြန်နေ့လယ်မှ သူလာခဲ့မယ်တဲ့”

“မမေကြီးကို ပြောသွားတော့ ခုညနေ ပိုး နိုးချိန်ကျမှ ပြန်လာခဲ့မယ်ဆိုပါလား”

ဒေါ်လှထယ်က မသင်္ကာဟန်နှင့် ကြည့်သော်လည်း သူ့မျက်နှာ ကြည်လင်နေပါ၏။ ကိုစွမ်းထက်နှင့် ပတ်သက်လေတိုင်း သူသဘောကျ နှစ်ခြိုက်နေတတ်သည်ချည်းပါ။

“ကဲ. . . မမေကြီးတို့ အိပ်ခန်းထဲ ပြန်သွားရအောင်၊ သမီးကို ပြောစရာရှိလို့”



ရင်တထိတ်ထိတ်နှင့် မမေကြီးကို တွဲပြီးလျှောက်ခဲ့ရသည်။ ပိုး ရှုံ့ထိတ်သည့်အတိုင်းပင်။

“ပိုးစိတ်ကတော့ ဖြူစင်ပြီးသား၊ အမှောင့်ပယောဂ ဖုံးကပ်နေလို့”

“ရှင်. . . မမေကြီး ပြောတာ ပိုး နားမလည်ဘူး”

“ငါ့မြေး ပိုး နားလည်အောင် ရှင်းရှင်းပြောမယ်၊ ပိုး စိတ်ရင်းအတိုင်းဆိုရင် မောင်စွမ်းထက်ကို ငြင်းမှာမဟုတ်ဘူး၊ ငြင်းစရာလည်း အကြောင်းမရှိဘူး၊ ဟို. . . သားအမိကြောင့်”

“ရှင်”

“ဟိုကောင် ဝင်နှောင့်ယှက်နေလို့ ငါ့မြေး ဒီကိစ္စကို တွေဝေသွားတာ”

ပိုး စိုးရိမ်ထိတ်လန့်လွန်းစွာ ဒေါ်လှထယ်ကို ကြည့်နေမိသည်။ ‘မမေကြီး သိသွားပြီ’ ဆိုသော အသိစိတ်ကြောင့် ရင်သည် လှုပ်လှုပ်ခုန်၏။

“မနေ့က သမီး မေ့မတတ် လဲကျသွားရတာ ဟိုကောင် စာရေးလိုက်လို့ မဟုတ်လား”

“ဟာ. . . မမေကြီး”

“ဟုတ်တယ်မဟုတ်လား ပိုး၊ ဒီစာမဖတ်ရပေမယ့် မမေကြီး သိပါတယ်”

ပိုး၏မျက်ဝန်းမှ မျက်ရည်များ လိမ့်ဆင်းလာတော့သည်။ မမေကြီးကို ဖြေရှင်းရန် စကားလုံးများ မရှာဖွေတတ်။ အမ်ဖော် မညီမှုတစ်ဆင့် ကိုကို စာပေးလိုက်သည်ကို မမေကြီး သိသွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို၏ ဘဝမှန်ကို မေမေကြီး သိသွားပြီမို့ ကိုကိုတို့သား အမိကို နှင်ချလိုက်တော့မည်လား။

"အစောကြီးကတည်းက ဒီမိန်းကလေး သိပ်လည်တယ်ဆိုတာ မေမေကြီး ရိပ်မိပြီးသား ပိုး၊ ဒီဇာတ်လမ်းကိုလည်း သူထွင်တာ၊ ပြည့်က သူခိုင်းတဲ့အတိုင်း လုပ်ရတာ"

ရှေ့ကကျော်၍ မြင်တတ်သည်ဆိုသော လူကြီးများ၏ စကားကို ပိုး လိုက်မမီ။

"ပိုးက ပြည့်ကို သိပ်ချစ်တယ်မဟုတ်လား၊ အဲဒါသိလို့ သူ့သားကို သူက တားခိုင်းတာ"

"ရှင်"

"မောင်စွမ်းထက်နဲ့ ပိုး လက်ထပ်လိုက်ရင် သူတို့ရမယ့် အမွေထဲက မျှော်လင့်ချက် နည်းသွားနိုင်တယ်၊ ဒါကြောင့် ဒီကိစ္စကို ဖျက်ပေးပါ။ မင်းညီမလေးက မင်းကို သိပ်ချစ်တာ၊ မင်းပြောရင် ရမှာပါလို့ သူပြောမှာ တတ်အစ်ပဲ"

စောစောကထက်ပင် ပိုး ပို၍အုံ့ဩသွားရပါပြီ။

မေမေကြီး ဒေါ်လှထယ် လူငယ်တွေလောက် မလည်သေးပါလား၊ သူထင်တာ တခြား၊ ဖြစ်နေတာက တခြား။

ဘာပဲဖြစ်ဖြစ် ပိုးရင်ထဲမှာတော့ စောစောကလောတ်တင်းကျပ် ခြင်း မရှိတော့ပါ။

"မေမေကြီးကို မှန်မှန်ပြောစမ်း မောင်စွမ်းထက်နဲ့ သဘောမတူဘူး၊ မယူပါနဲ့လို့ ပိုးရဲ့ကိုကိုက စာရေးလိုက်တာ မဟုတ်လားဟင်၊ မောင်နှမအရင်းချင်းဆိုတော့ နှုတ်နဲ့ပြောလို့ မကောင်းလို့ စာနဲ့ပြောတာ ဖြစ်မှာပေါ့"



မျက်ရည် မခြောက်သေးသော ပိုးမှာ မပြုံးမိအောင် သတိထား၍. . .

"ကိုစွမ်းထက်နဲ့ သဘောမတူလို့ မဟုတ်ပါဘူး၊ ပိုးငယ်သေးလို့တဲ့၊ စာမေးပွဲကလည်း အောင်နေလို့ ကျောင်းဆက်တက်စေချင်သေးတယ်တဲ့၊ ဘွဲ့ရတော့ အဲဒီလူကိုပဲ ယူလည်းဖြစ်တာပဲတဲ့၊ ကိုကိုက စေတနာနဲ့ ပြောတာပါ မေမေကြီးရယ်"

သူပြောချင်သောစကား၊ သူဖြစ်စေချင်သောဆန္ဒများကို ကိုကို့နေရာမှနေ၍ ပြောချပစ်လိုက်တော့သည်။ အကွက်ကလည်း ဝင်ချိန်လေ။

"သူတို့ နားလည်တာ နည်းနည်းပါ။ ပြီးတော့ ဒါ နွဲ့နွဲ့စိုးရဲ့ စနက် ဖြစ်ကို ဖြစ်ရမယ်"

ဒေါ်လှထယ်က ပြတ်သားထက်မြက်သော မျက်ဝန်းများဖြင့် ပိုးကို ကြည့်ပြီး. . .

"မောင်စွမ်းထက်တို့ဟာ မျိုးကြီးဆွေကြီးတွေ၊ ပြီးတော့ သူကိုယ်တိုင်က နိုင်ငံတကာကို ဝင်ဆံ့နေပြီ၊ ဒီမှာပဲနေနေ၊ နိုင်ငံခြားပဲ ပြောင်းပြောင်း ငါ့မြေးလေး ပိုးဟာ ချမ်းချမ်းသာသာ နေရမှာ အမှန်ပဲ၊ ဒါကြောင့် မေမေကြီး စီစဉ်တာကို နာခံစမ်းပါ ပိုး၊ ဟိုသားအမိ ပြောတာကို နားထောင်မနေစမ်းပါနဲ့"

နှုတ်က မလိုက်လျောချင်၍ ခေါင်းညိတ်ပြလိုက်ရသည်။

"တို့မိသားစုပဲကြည့်၊ ကိုအောင်ဝင့်ကတော့ အရွယ်တိုင်လို့ သေရတယ်ပဲထား၊ သားကြီး စိန်မောင်ဝင့်နဲ့ ချွေးမလေး မြင့်မြတ်သူတို့ဟာ မသေသင့်ဘဲ အရွယ်မတိုင်ခင် သေသွားခဲ့ကြရရှာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီဝင့်ထယ်မိသားစုကြီးဟာ စည်းဝါးပြယ်သလို ဖြစ်ခဲ့ကြရ တယ် သမီး"

ဒေါ်လှထယ်က အတိတ်ဆိုးများကို ပြန်လှန်နေရ၍ ရင်နာ ကြေကွဲနေဟန် ရှိလေသည်။

"ကျန်ရစ်တဲ့ ရွှေမောင်ဝင့်နဲ့ နွဲ့နွဲ့စိုးတို့ဟာလည်း သမီး အပေါ်မှာ စေတနာ ကြီးမားကြသူတွေ မဟုတ်ဘူး၊ မေမေကြီးဟာ လည်း ကျန်းမာလာပြီဆိုပေမယ့် အရွယ်ကအိုရောဂါကရင့်နေတော့ မပြောနိုင်ဘူးလေ၊ ဒါကြောင့် ငါ့မြေးလေး ပိုးအတွက် ကြီးမားတဲ့ စေတနာနဲ့ စီစဉ်ပေးတာကို နားခံစမ်းပါကွယ်"

မေမေကြီးကို လေးစားစွာ ကြည့်မိသည်။ ဤအဘွား ကြောင့်ပင် ပိုးသည် ဤဝင့်ထယ်ဂေဟာ၏ မျိုးဆက်သွေးအဖြစ် အသက်ထင်ရှားခွင့် ရခဲ့ခြင်းပါ။ မေမေကြီး၏ ကျေးဇူးကား ကြီး လှပါပေသည်။

ဤကျေးဇူးတရားကို မိမိ၏နှလုံးသားနှင့် စက်လဲ၍ ဆ ဆပ်သင့်ပါသည်လား။ ပိုး မသိ။ ဒီအထိလည်း မတွေးချင်၊ လော ဆယ်ပြေလည်ဖို့အတွက်. . .

"စေ့စပ်ဖို့ကိစ္စကို ပိုးကိုယ်တိုင် စွမ်းနဲ့ တိုင်ပင်လိုက်ပါ့မယ် မေမေကြီး"

"ကောင်းတယ်. . . ကောင်းတယ်. . . မေမေကြီး ဝမ်း ပါတယ် ပိုး"

ဒေါ်လှထယ်သည် နှစ်သိမ့်ကျေနပ်သော အပြုံးတို့ဖြင့် အိပ်ရာပေါ်သို့ သာသာညင်းညင်း လဲလျောင်းလိုက်ပြီးချိန်မှာ—



"ဟိုကိစ္စကို လုပ်ဦးလေ ပိုး"

"ရတနာသေတ္တာ ပြန်ယူဖို့ မဟုတ်လား"

"အင်းပေါ့"

"နေမကောင်းဖြစ်သွားတာနဲ့ မေ့ဖြစ်လိုက်တာပါ။ ဒီညနေ ခေါ် နွဲ့နွဲ့စိုးတို့ မရှိရင် သွားပြန်ဖော်ပါ့မယ်၊ ရှိနေရင်တော့ နက်ဖြန် ပေါ့၊ သူက နေ့တိုင်း လမ်းထွက်နေတာပါ"

"အဲဒီအတွက် မေမေကြီး စိတ်ပူနေတယ် ပိုး"

"မပူပါနဲ့ မေမေကြီးရဲ့၊ ပိုင်ပါတယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ကိုကိုနှင့်လည်း ရင်မဆိုင်ချင်၍ ကိုကို့အရိပ်အရောင်ကို မတွေ့ရမှ ပိုး ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဆိပ်ဖလူးပန်းကြွေများရှိရာ ရေတွင်းအိုဆီသို့ ပိုး လာခဲ့ပြီး အုတ်ချပ်ပေါင်းများ ခင်းထားသည့် နေရာမှာ ပိုး ဆောင့်ကြောင့် ထိုင်၍ ကြည့်လိုက်သည်။

ဘာမှအရာမယွင်း။ အားလုံး နေသားတကျပါပဲ။

ပိုးက အုတ်တစ်ချပ်ကို ဖယ်ထုတ်လိုက်တော့ ရေညှိနှင့် မြေကြီးများ လက်မှာ ပေကျံကုန်၍ လက်ဝါးလေးနှစ်ဘက်ကို ပွတ်၍ ချနေမိသည်။ တီကောင်တစ်ကောင်က တွန့်တွန့် တွန့်တွန့်နှင့် လူးလိမ့် အုတ်ချပ်တစ်ခု၏ အောက်ထဲသို့ ဝင်သွား၏။ နောက်ထပ် အုတ် တစ်ချပ်ကို မ,ဖယ်ရန် ပိုး ဝန်လေးနေသည်။ တီကောင်ကိုမြင်ထိုင်း ပိုး အသည်းယားတတ်သည်။ ထိဖို့ ကိုင်ဖို့ သတ္တိမရှိ။

သို့သော်လည်း ဤကိစ္စက မလုပ်၍ ဖြစ်မည်မဟုတ်။ ထိုင်းကိုလည်း မခေါ်ချင်၍ ပိုး ဖြစ်အောင်တူးဖော်ရပါတော့မည်။ သည် ဖွေသွင်းကာ နောက်အုတ်တစ်ချပ်ကို မ,ယူဆဲမှာ. . .



"ဘာမှ မလုပ်နဲ့ဦး ပိုး"

"ဟင်"

"မေမေ ရှိတယ်၊ ကြည့်နေတယ်၊ ဒါကြောင့် ကိုကို ဆင်းလာခဲ့တာ"

ကိုကို့အသံများလည်း လှိုင်းခတ်လို့ပါလား။

ပိုးက ခိုးမော့၍ ကြည့်လိုက်တော့ ကိုကိုက မျက်နှာလွှဲထားသည်။ ပိုးကို မကြည့်။

သောက၏ ဒဏ်ချက်များကို နှစ်လရှည်လျားစွာ ခံစားထားရသူတစ်ယောက်ကဲ့သို့ ကိုကို၏ မျက်နှာသည် အားပျော့သိမ်ငယ်စွာ မှိုင်းညှို့ရီဝေနေပေသည်။

ပိုးက ထိုင်ရာမှ ဖြည်းဖြည်းချင်းထပြီး ကိုကိုနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သော်လည်း တစ်ယောက်နှင့်တစ်ယောက် မကြည့်ဖြစ်ကြ။

ပိုးထက်ပို၍ ကိုကိုက လှုပ်ရှားနေရှာသည်။ သူ့ရင်ကျွမ်းမတတ် အလူးအလဲ ခံစားနေရကြောင်းကိုလည်း ကိုကို့မျက်နှာမှာ အထင်းသား။

"ပိုး ကိုကို့ကို ပြောစရာရှိမယ်ဆိုရင်တော့ ဒီနေရာလေးမှာ ထိုင်ပါဦးကွယ်၊ ဘာမှပြောစရာ မရှိဘူးဆိုရင်တော့ ပိုး ပြန်နိုင်ပါပြီ"

သူ့စကားဆုံးတော့ ပိုးက ခေါင်းငုံ့၍ တစ်လှမ်းချင်း လျှောက်သွားပြီး ခုံတန်းလျားလေးမှာ ထိုင်သည်။ ကိုကိုလည်း ခေါင်းငိုက်စိုက် လျှောက်၍ ပိုးနှင့် အဝေးဆုံးဖြစ်အောင် ခုံ၏ထောင့်စွန်းမှာ ထိုင်၏။

ဆိပ်ဖလူးပွင့်ကြွေနှင့် ရွက်ကြွေတို့သည် သူတို့၏ ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



မှာ တလွင့်လွင့်။ သူတို့နှစ်ဦးကတော့ ယခုအချိန်အထိ စကားမပြော ဖြစ်ကြသေး။

ပိုးက သူ့ပေါင်ပေါ်သို့ ကျလာသော ဆိပ်ဖလူးပန်းပွင့်၏ ရိုးတံနီနီလေးကို လက်ညှိုးလက်မကြားမှာထား၍ လှိမ့်လှည့်နေသဖြင့် ပွင့်ဖတ်စများက စကြာလေးလို လည်နေသည်။

"ပိုး"

မနည်းအားယူ၍ ပြောလိုက်ရသလို ကိုကို၏အသံက တိမ်ဝင်နေသည်။ ပိုး မထူးဖြစ်သေး။

"ပိုး"

"ဟင်"

"ပိုး ကိုကို့ကို စကားပြောချင်သေးရဲ့လားဟင်"

ပိုး မဖြေမိ။

"ဖြေပါဦး ပိုးရယ်"

"စကားမပြောချင်တာ မဟုတ်ပါဘူး။ ပြောစရာစကား မရှိ တာပါ"

"ကိုကို့ရင်ထဲမှာတော့ ပြောချင်စရာတွေ ပြည့်သိပ်နေပါ တယ် ပိုး၊ ဒါပေမဲ့ ဘာမှမပြောပုံတော့ပါဘူး ပိုးရယ်"

စကားသံများ တုန်ခိုက်နေ၍ ကိုကို ငိုများနေပြီလား ပိုး ခိုးကြည့်လိုက်တော့ ကိုကို ငိုတော့မနေပါ။ ဒါပေမဲ့ ကိုကို့မျက်ဝန်း မှာ မျက်ရည်တို့ဖြင့် ပြည့်ဝိတ်နေပြီ။

"ကိုကိုက ကျိတ်မြှုံထားခဲ့ပေမယ့် မေမေက ဖွင့်ပြောလိုက် တာ သိပ်မှားသွားပြီ ထင်တယ်နော်"



ပိုး မဖြေတတ်။ သူ့အမေးတော ဖြေဖို့လည်း မလို။ ငြိမ်သက် ခြင်းများဖြင့် စက္ကန့်များစွာကို ဖြတ်သန်းပြီးမှ. . .

ခုလို ဖွင့်ပြောမိတာ မှားလား မှန်လားလည်း ကိုကို မဆုံး ဖြတ်တတ်တော့ဘူး၊ ကိုကို သိပ်ကြောက်နေတာ တစ်ခုပဲရှိတယ်။ ညီမလေးနဲ့ ခွဲရမှာကို. . .

ပူလောင်ပြင်းပြသော နှလုံးသား၏ အငွေ့ပျံခြင်းများသည် မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်အဖြစ်နှင့် စုခိုနေလေသလား။

"ခုတော့ ကိုကိုဟာ ဝင့်ထယ်မိသားစုနဲ့ ဘာမှမသက်ဆိုင်တဲ့ သူစိမ်းပြင်ပြင်ပါပဲ၊ ဒါကိုလည်း ခုမှ သိခွင့်ရတယ်ဆိုတာ ကိုကို ကျိန် ပြောဝံ့ပါတယ် ပိုးရယ်"

ပိုး ယုံကြည်နေပါပြီ ကိုကို၊ ကျိန်ပြောစရာမလိုပါဟု ရင်ထဲ တာပဲ ပြောနေမိသည်။

"ကိုကိုလေ ပိုးကို ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ရတာ ပါ။ ပိုးကို ချီပိုးရတဲ့ အရွယ်တတည်းက ညီမလေးလို သိပ်ချစ်ခဲ့ရ တာပါ"

"ကိုကို့ရင်ထဲက သံယောဇဉ်ကြိုးတွေဟာ ကိုကို့နှလုံးသား ကို ပတ်ချည်ထားနေပါတယ် ပိုး၊ ပိုးကို ဥပေက္ခာပြုနိုင်ဖို့ ဒီသံယော ဇဉ်တာ ရုန်းထွက်နိုင်ဖို့ ကြိုးစားတိုင်း နှလုံးသားဟာ လှီးဖြတ်ခံရသလို နာကျင်လှစွာ အက်ကြောင်းထင်ခဲ့ရပါတယ် ပိုးရယ်"

ကိုကို့တင်စားမှုကြောင့် ပိုး၏နှလုံးသားမှာလည်း ကိုကို့ အတွက် သံယောဇဉ်များဖြင့် ရစ်ဖွဲ့ချည်နှောင်ထားပြီဟု နားလည်ရ ပြီ။ ပိုး၏ရင်မှာလည်း နာကျင်မွန်းကျပ်လှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဒီအိမ်က သွားရတော့မယ် ပိုး၊ နေလည်း မနေသင့်တော့ပါဘူးလေ"

"ကိုကို"

"ဟင်. . . ပိုး"

"ဒီကိစ္စကို မေမေကြီးတို့ ဘာမှမသိကြသေးပါဘူး ကိုကို"

"မသိပေမယ့်လည်း ကိုကိုကိုယ်တိုင်က ဆက်မနေရဲတော့ပါဘူး ပိုးရယ်၊ ပိုးကို စွဲလမ်းရတဲ့အထဲမှာ ပိုး ချမ်းသာလို့ဆိုတာ လုံးဝမပါ,ပါဘူး၊ အဲဒါကိုတော့ သံသယရှင်းစွာ ပိုး ယုံကြည်ပေးပါ"

သက်ပြင်းချသံ ရှေ့ဆင့်နောက်ဆင့် ထွက်လာသော်လည်း ဘယ်သူ့ရင်မှ ပေါ့ပါး၍ မသွားပါလား"

"ပိုး"

"ကိုကို"

"ကိုကို သွားရတော့မယ်"

ယခုမှ မျက်ဝန်းချင်း ဆုံဖြစ်ကြသည်။ မျက်ရည်ပဝါခြား၍ အမြင်တို့က ပိုးတဝါး။

"ဒီလိုချမ်းသာကြွယ်ဝမှုတွေကို စွန့်ခွာစေပြီး ပိုးကို ခေါ်ထုတ်မသွားရက်ဘူး၊ အဲဒီဆန္ဒနဲ့ တစ်ဆက်တည်းပဲ ပိုးကို ထိုးမခွဲနိုင်ဘူး ညီမလေးရယ်"

"ကိုကိုရယ်"

"ပိုးနဲ့ ဝေးလံတဲ့အရပ်မှာ ကိုကို မနေနိုင်ဘူး"

ပိုး၏မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်တို့က အရင်ဦး ဆင်းလာတော့သည်။



"ကိုကို"

"ပိုးကို ညီမအရင်းလေးလို သန့်စင်စွာ ချစ်နေတဲ့စိတ်ကလည်း ရင်ထဲမှာ အရင်အတိုင်းပါပဲ ပိုးရယ်၊ ပိုးကို ကိုကို ခေါ်မသွားရက်ဘူး၊ ခေါ်သွားလို့လည်း မဖြစ်ဘူး၊ ဒါပေမဲ့ ထားလည်း မထားခဲ့နိုင်ဘူး၊ ပိုးကို မခွဲနိုင်ဘူး၊ အဝေးမခံနိုင်ဘူး၊ အဲဒီဆန္ဒနှစ်ခုဟာ ကိုကို့ရင်ထဲမှာ ထပ်တူဖြစ်နေတယ် ပိုး၊ ကိုကို ဘာလုပ်ရမလဲ၊ ကိုကို ဘာလုပ်ရမှာလဲ ညီမလေးရဲ့"

နောက်ဆုံး စကားသံက နှလုံးသားကို ကြိတ်ချေရာမှ ဆါက်ကွဲလာသော ရှိုက်သံများမှ စကားလုံးများပင် မပီပြင်။

ကိုကို ငို၍ ငိုရှိုက်နေလေပြီ။

ပိုးက သူ့ဘက်တည့်တည့်လှည့်ပြီး သူ့ပခုံးကို လှမ်းကိုင်ရန် အတ်ရွယ်ဆဲမှာပင် သူက ဆတ်ခနဲထပြီး. . .

"ကိုကို ပြန်တော့မယ် ပိုး"

"ကိုကို ပြောချင်တာတွေ တစ်ဘက်သတ် ပြောမသွားပါနဲ့လား"

"ဟင်. . ."

ပိုးလည်း သံယောဇဉ်ဆိုတာ တွယ်တတ်စအရွယ်ကစပြီး ကိုကို့ကို ချစ်ခဲ့ရတာပါ။ ကိုကို့လို ချစ်တာ ဟုတ်,မဟုတ် ဆိုတာတော့ မသိဘူး။ ပိုးရင်ထဲမှာ မေတ္တာရောင်စဉ်တွေ ရှုပ်ထွေးနေမယ် ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် ပိုးလည်း ကိုကို့ကို မခွဲနိုင်ဘူးလို့ ထင်ပါတယ်"

"ပိုးရယ်. . ."

"ပိုးဘက်က ဘာမှ မပြတ်သားသေးခင် ကိုကိုပိုးကို ခွဲ

www.burmeseclassic.com

www.burmeseclassic.com



မသွားပါနဲ့ဦးနော်၊ ပိုး ပြန်တော့မယ် ကိုကို”

ရှက်တရက်ထပြီး ရပ်တန့်သွားသည်။ နောက်ကိုဖြင့် လှည့်မကြည့်ရဲ။

“ကိုသေတ္တာကို ဒီညဖြစ်ဖြစ် မနက်အစောကြီးဖြစ်ဖြစ် တူးပြီး ကိုကို ညီမလေးဆီ လာပို့မယ် သိလား”

“ဟုတ်ကဲ့”

ပိုးက ဘာထပ်ပြောမလဲဟု ဆက်၍ရပ်နေဆဲမှာ. . .

“ကိုကို့အတွက် ဘာမှစဉ်းစားမပေးပါနဲ့၊ စိတ်ချမ်းသာအောင်သာနေပါ ညီမလေး၊ တဲ. . . ပြန်တော့နော်”

ပိုး ခေါင်းညိတ်ပြီး ဆက်လျှောက်လာခဲ့သည်။ စိတ်ချမ်းသာအောင် နေပါဆိုသော ကိုကို့ညီမလေးရဲ့ မျက်နှာမှ မျက်ရည်စတ်များကို ကိုကို့ကို မမြင်စေချင်။

ကိုပြည့်ဝန်းသည်လည်း ဝင့်ထယ်ဂေဟာ၏ ပင်မတိုက်ကြီးအတွင်းသို့ ဝင်သွားသော ပိုး၏ အရိပ်တလေး ပျောက်သွားသည်အထိ လိုက်ကြည့်ရင်း ကျန်ရစ်၏။

သူ့နှလုံးသား ကြေကွဲရပါစေသည်။ ညီမလေးကို သန့်စင်စွာ ချစ်နေဝါတော့မည်ဟု ဆုံးဖြတ်လိုက်ပါပြီ။

ရင်ထဲမှ နှလုံးသားစက် လည်ပတ်နှုန်း မြင့်လိုက်သည်နှင့် ရင်ခုန်နှုန်းက မြန်လှချေသည်။

တစ်ချိန်တည်းမှာပင် မိခင်ကြီး၏စကားကိုလည်း ပြန်ကြားလိုက်ရသည်။

“ဒီညနေ မင်းဖေဖေက သူ့အိမ်မှာ စောင့်နေမယ်



သားကြီးပြည့် ဆက်ဆက်သွားတွေ့မှ ဖြစ်မယ်”

ဖခင်ရင်းကို တွေ့ရမည်ဆိုသော အသိစိတ်ကြောင့် ဝမ်းနည်းကြေကွဲခြင်းသာ ရင်မှာ လျှံပြည့်၏။ ဝမ်းသာခြင်းများ ဖြစ်ထွန်းမလာ။

ဘဝအတွက် အချစ်အတွက် တစ်ချိန်တည်းမှာ ရုပ်ပြုဆုံစည်းလာ၍ ကိုပြည့်ဝန်း၏ နှလုံးသားသန့်သန့်လေးမှာ ခံနိုင်ရည်မှ ရှိပါတော့မလား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၉)

အသက်နှင့်အမျှ မိမိကို စွန့်ပစ်ထားသော ဖခင်တစ်ယောက်အဖြစ် နာကျည်းစိတ်ကို ရင်ထဲဖြည့်လိုက်တော့မှ ကိုပြည့်ဝန်း၏ မျက်ဝန်းမှ စို့စမျက်ရည်တို့ ရပ်တန့်သွား၏။

ဖေဖေ 'ဦးသက်မော်' ၏ အိမ်ခန်းလေးမှာ မခမ်းနားလှသော်လည်း ပြည့်စုံစွာ ဖွဲ့စည်းထားသည်။ ကုလားထိုင်စုံအသစ်၊ ရှိုးကေ့စ်တွင်းမှ အိမ်သုံးပစ္စည်းသစ်များ၊ တူရိယာပစ္စည်း၊ ကက်ဆက်နှင့် ဆယ့်လေးလက်မ တီဗွီလေးတစ်လုံး။

နံရံမှာလည်း ကလေးသုံးယောက် ခြံရံ၍ ပြုံးနေကြသော ဖေဖေ ဦးသက်မော်နှင့် ဇနီးတို့ မိသားစု ဓာတ်ပုံကြီးကိုလည်း ချိတ်ဆွဲလျက်။

မိသားစု ဖွဲ့စည်းမှုလေးက ပြီးပြည့်စုံပြီးသား။

ကိုပြည့်ဝန်းအနေနှင့် ဤမိသားစုအတွင်းသို့ ဝင်ရောက်ရန် နေရာမရှိ။

မေမေကလည်း သူ့ရိန်ထွန်းဆိုသော သဘော်သားနှင့် အချိန်ပြည့် တွဲနေသည်။ မကြာမီ ဝင့်ထယ်ဂေဟာကြီးမှ သူထွက်ခွာသွားရန် စီစဉ်နေပြီဖြစ်ကြောင်း ကိုပြည့်ဝန်း သိပါ၏။



မိဘတို့၏ မေတ္တာရိပ်ဆိုသော အေးမြမှု ပျောက်ဆုံးလျက် အပူရှင်ဖြင့်သာ အနာဂတ်လမ်းကို လျှောက်ရတော့မည့် ပြည့်ဝန်းပါလား ဟူသော အသိကြောင့် အပူနှုန်းက ပို၍မြင့်လာသည်။

"ဘယ်စကားက စပြောရမှန်းတောင် မသိတော့ပါဘူး သားကြီးရယ်၊ နွံ့က သားဆုံးသွားပြီလို့ စာရေးလိုက်လို့ပါ"

"မေမေ ညာတတ်တာ မသိဘူးလား"

"တုတ်ပဲ့မလားလို့တော့ တွေးမိသား၊ ဒါပေမဲ့ သူက ကျိုင်းတုံမှာ ဆိုတော့ စုံစမ်းဖို့ လက်လှမ်းမမီဘူးလေ"

"ဒါပဲ ကောင်းပါတယ်၊ တွေ့နေရင် တာဝန်ယူနေရဦးမယ်"

အရိုးဝေလာသော မျက်မှန်ကိုချွတ်၍ ပုဆိုးနှင့်သုတ်ရင်း သူ့သားကြီးကို ဦးသက်မော် ကြေကွဲရင်နင့်စွာ စိုက်ကြည့်နေပြီးမှ. . .

"ဖေဖေ့ကို စိတ်နာနေသလား သား"

"ဘာကြောင့် ဒီလိုအဖြစ်မျိုးနဲ့ မွေးဖွားလာရသလဲလို့ ကိုယ့်ဘဝကိုပဲ စိတ်နာပါတယ်"

"သားရယ်"

ဦးသက်မော်က မျက်နှာချင်းဆိုင် ထိုင်နေရာမှ ကိုပြည့်ဝန်းနှင့် ဘေးချင်းယှဉ်နေသော ကုလားထိုင်ဘက်သို့ ပြောင်းရွှေ့လျက် ကိုပြည့်ဝန်း၏ လက်ခုံကို ဆုပ်ကိုင်လိုက်ပြီး. . .

"ဖေဖေ့သားကြီး ဒီလောကမှာ အသက်ရှင်လျက် ရှိနေမှန်း မသိလို့ ဝတ္တရားပျက်ကွက်ခဲ့ရတဲ့ ဖေဖေ့ကို ခွင့်လွှတ်ပေးပါ သားရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်မော်၏ စကားသံတို့သည် ခံစားမှုအပြည့်ဖြင့် ချော ပြေသိမ်မွေ့နေပေသည်။

"အခုအချိန်ကစပြီး သားအတွက် ဖေဖေ အားလုံးတာဝန် ယူပါ့မယ်၊ ဖေဖေ တတ်နိုင်တဲ့အတိုင်းအတာကနေပြီး သားအတွက် ဖြည့်ဆည်းဆောင်ရွက်. . ."

"နေပါစေ၊ အခု ကျွန်တော်လာတာ အကူအညီတောင်းရ အောင် လာတာမဟုတ်ပါဘူး၊ မင်းအဖေက တွေ့ချင်တယ် သွား လိုက်ဆိုလို့ လာခဲ့တာပါ"

"ဖေဖေ စကားများ မှားသွားသလား သား"

ကိုပြည့်ဝန်း၏အကြည့်က ဘယ်မှမရွေ့။ စကားအဖြစ် လည်း မဖြေကြား။

"သားမေမေက သား မိန်းမတောင်းဖို့ကိစ္စမှာ ဖေဖေ့အကူ အညီ လိုအပ်တယ်လို့ ပြောလို့ပါ သား၊ သားကြီးပြည့်ဟာ ဖေဖေ့ရဲ့ သားအရင်းပါ၊ ဦးစိန်မောင်ဝင့်နဲ့ ဘာမှမဆိုင်ပါဘူးလို့ပြောပြီး ပိုးဆိုတဲ့ မိန်းကလေးနဲ့. ."

"တော်ပါပြီ၊ အဲဒါတွေက လူငယ်တွေရဲ့ကိစ္စပါ၊ လူကြီးတွေ ဝင်ပေးဖို့ မလိုအပ်ပါဘူး"

"မသိပါဘူး၊ နွဲ့က ပြောသွားလို့ ဖေဖေတောင် သားလေး ငယ်ငယ်က ချိုရိုက်ထားတဲ့ ဓာတ်ပုံရယ်၊ သား တစ်နှစ်ပြည့်မွေးနေ့ လုပ်ပေးတုန်းက ဖိတ်စာကတ်ကလေးရယ် ရှာထားသေးတယ်၊ ပြီး တော့ နွဲ့နဲ့ လက်ထပ်တဲ့ ကြော်ငြာသတင်းစာ အဲဒါတွေအားလုံး စုထားပြီးပြီ၊ သားလာရင် ဒေါ်လှထယ်ဆိုတဲ့ အဘွားကြီးဆီကို လိုက်



ပြီးပြောပြရမယ်လို့ သားမေမေက ဒုတိယတစ်ခေါက်လာပြီး ပြော သွားလို့ပါ"

"အဲဒါတွေ ဘာမှ လုံးဝမလိုအပ်တော့ပါဘူး"

"ပိုးဆိုတာ သားရဲ့ချစ်သူ မဟုတ်ဘူးလား"

ဝေသီသောအကြည့်များ စူးစိုက်ထားရင်းက ခေါင်းခါပြလိုက် သည်။

"ဝင့်ထယ်ဂေဟာကြီးရဲ့ မြေးအဖြစ် နှစ်ပေါင်းများစွာ လိမ် ညာပြီး နေခဲ့ရတဲ့ဘဝက ညီမလေးအဖြစ်နဲ့ ချစ်ခဲ့ရတဲ့ မိန်းကလေးပါ"

"သားမေမေ ပြောတုန်းက သားကလည်း သိပ်ချစ်တယ်၊ တိုမိန်းကလေးကလည်း သားကို သိပ်ချစ်တာပဲဆို"

"အဲဒါက ကျွန်တော်တို့ကိစ္စပါ၊ လူကြီးတွေနဲ့ ဘာမှမဆိုင်ပါ ဘူး၊ ဘာမှဝင်ပြောဖို့လည်း မလိုဘူး၊ ဘာလုပ်ပေးလို့မှလည်း မရဘူး"

သားကြီးသည် သူငယ်စဉ်ကကဲ့သို့ပင် အချစ်နှင့် ပတ်သက် ၍ ခံစားမှုပြင်းပြလွန်းတတ်သော နှလုံးသားကို ပိုင်ဆိုင်ထားသူပါ လားဟု ဦးသက်မော် သိလိုက်ပါပြီ။

"ကဲ. . . သား၊ ဒီလိုဆိုရင် ဒီကိစ္စ ဖေဖေ ဘာမှမပြော တော့ပါဘူး၊ ဖေဖေ့စိတ်ထင်က သား ဒီကိစ္စနဲ့ လာတယ်ထင်လို့ပါ"

"မဟုတ်ဘူး၊ မေမေ သွားခိုင်းလို့ လာတာ"

"ကဲ. . . ထမင်းစားရင်း တခြားစကားပြောရအောင်၊ လာ. . . သား"

"ဟာ. . . ကျွန်တော် မစားချင်ဘူး"

"လာပါ သားရယ်၊ ဖေဖေကိုယ်တိုင် သားမလာခင်လေး

www.burmeseclassic.com

www.burmeseclassic.com



တင် သွားဝယ်ထားတာပါ။ လာ. . . သား"

အတင်းဆွဲခေါ်တော့ ထလိုက်ခဲ့ရသည်။ ခုတင်များ တန်းစီချထားသော အိပ်ခန်းကို ဖြတ်ဝင်လာတော့ မီးဖိုချောင်လေးထဲ သပ်သပ်ရပ်ရပ်။ ပလတ်စတစ် စကာကို ဖွင့်လိုက်တော့ တရုတ်ဆိုင်မှ ဟင်းလျာက သုံးလေးမျိုး။

"အိမ်သားတွေရော"

"သူတို့အဘိုးအိမ် သွားကြတယ်၊ ညအိပ်နိုင်းထားတယ် သားများ ဒီညအိပ်နိုင်မယ်ဆိုရင် ဖေဖေတို့သားအဖ စကားတစ်ဝကြီး ပြောနိုင်အောင်၊ ပြီးတော့ သား မျက်စိရှုပ်မှာလည်းစိုးလို့ သွားပို့ထားတာပါ"

လက်ဆေးရေ ကိုယ်တိုင်ခပ်၊ ဟင်းတွေ အတင်းထည့်ပေး နေသော ဦးသက်မော်ကို သနားသလိုလို ဖြစ်လာသည်။

"သူမှာ အပြစ်မရှိပါဘူးလေ၊ ဒီမိသားစုကို ကွဲအောင် ဖျက်တဲ့သူဟာ မေမေပဲ ဖြစ်မှာပါ။ သူက အတော်တည်ငြိမ်တာပဲ၊ ငါနဲ့ဝယ် သက်လို့ တကယ်ခံစားနေရသလိုပါပဲ"

"ဟင်းများများ စားစမ်းပါ သားရယ်၊ ဘယ့်နှယ်လဲ၊ ဒီည ဖေဖေ့အိမ်မှာ သားအိပ်မလားဟင်"

"မဖြစ်သေးဘူး၊ ကျွန်တော့်မှာ ကိစ္စရှိသေးလို့ပါ"

ကိစ္စဆိုသည်မှာ ရတနာသေတ္တာကိုတူး၍ ပိုးထံ အပ်နှံရန် ကိစ္စ ဖြစ်သည်။

"ဒါဖြင့်လည်း ပြန်ပါလေ၊ ဖေဖေ နောက်ရထားတဲ့ သားသမီး သုံးယောက်နဲ့လည်း သား တွေ့ပါဦး၊ မိန်းကလေးနှစ်ယောက်



ယောကျ်ားလေးတစ်ယောက်ပါ။ ပိုးငယ်ငယ်က သားချစ်ခဲ့သလိုပဲ သားရဲ့ ညီ၊ ညီမ အရင်းလေးတွေကိုလည်း သား ချစ်မှာပါ"

"ဟုတ်ကဲ့၊ တွေ့တာပေါ့"

"အကြောင်းကြောင်းကြောင့် ဝင်ဒါမီယာအိမ်မှာ သား နေလို့ မဖြစ်ဘူးဆိုခဲ့ရင် ဖေဖေ့အိမ်ကို လာခဲ့ပါ သား၊ လာနေပါနော်"

စားလက်စထမင်းကိုရပ်ပြီး ပြောတော့မည့်ဟန်ပြင်ပြီးမှ စကားလုံးများကို ပြန်မျိုပစ်လိုက်ရသည်။ စေတနာပါသော စကားဟု နားလည်စွာဖြင့် ခေါင်းညိတ်ပြလိုက်ရပါသော်လည်း. . .

"ဒီလိုအရွယ် သားတစ်ယောက် ရောက်လာတယ်ဆိုရင် ဘယ်လိုမိထွေးကမှ ကြည်ဖြူမှာ မဟုတ်ဘူးဆိုတာ နားလည်တဲ့ အရွယ် ရောက်နေပါပြီလေ၊ သူများမိသားစုလေး အေးချမ်းနေတာ ငါ့ကြောင့် ပြဿနာ မတက်ကြပါစေနဲ့တော့"

ဖေဖေ ပိုင်သည်ဆိုသော ဤအိမ်ခန်းလေးမှာ ဘယ်သော အခါမှ လာရောက်နားခို၍ မဖြစ်နိုင်ပါဆိုသော အသိများ နှလုံးသားမှာ စွဲမှတ်ထားလိုက်ပါပြီ။

ထမင်းပိုင်း၌ ဟင်းတို့ဖြင့် ဖုံးမတတ် သား၏ပန်းကန်တွင်းသို့ ဟင်းများ ခပ်ခပ်ထည့်ပေးနေသော်လည်း ကိုပြည့်ဝန်း မစားနိုင်ပါ။

ဦးသက်မော်သည် သားကြီးကို တွေ့စက စကားတွေ တုံ့ဆိုင်းစွာ ကြေကွဲနေပုံရသော်လည်း နောက်ပိုင်းမှာ ရွှန်းဝေနေသော စကားလုံးများဖြင့် သူ ပျော်မြူးကြည်နူးနေပုံရပေသည်။

နောက်ထပ် သူ့အိမ်ကို လာခဲ့ဖို့ အခါခါ မှာကြားရင်း 'ဖေဖေ' ဆိုသော စကားလုံးချင်း ထပ်နေရှာသော ဦးသက်မော်. . . ဆီ့. . .

www.burmeseclassic.com

www.burmeseclassic.com



ကိုမြည့်ဝန်းသည် တစ်ခါမှ မခေါ်ဖြစ်သေးသော အခေါ် ဝေါ်ဖြင့် ဦးသတ်မော်၏ ဂီတသိုက်မြုံလေးမှ ပြန်၍ထွက်လာခါနီး တွင်မှ. . .

"ကျွန်တော် ပြန်တော့မယ် ဖေဖေ"

◆ ◆ ◆

## အခန်း(၃၀)

ကြောင်လိန်လှေကားဖြင့် ဆင်းနိုင်ရန် တိုက်၏နောက်ဘက်တွင် အပေါက်တစ်ခုရှိသည်။ ထိုအပေါက်၏ဘေး၌ စတိုခန်းတစ်ခု ရှိပါ၏။ အပေါ်ထပ်စတိုခန်းတွင် မော်တော်ပေါင်းများ၊ စက်များမှာ လိုအပ်လျှင် သုံးရန် သိမ်းထားသော သံတိုသံစပေါင်းများ. . . ဆူး ဆောက်၊ တူ၊ လွှ၊ သံပိုက်လုံးများ စသော သံထည်များ ထားရှိသည့် အခန်းတစ်ခု ရှိပါ၏။

ထိုအခန်းထဲမှ အမှိုက်သရိုက်များ ကပ်ပေလာသော ခန္ဓာကိုယ်ဖြင့် ဦးရွှေမောင်ဝင့် ထွက်လာသည်။

သူဦးစီးနေသော ဂျွဲဝင့်ထယ်ဂေဟာကြီးရှိ အခန်းပေါင်းစုံမှ သူ ထွက်လာ ဝင်သွားသည်မှာ မဆန်း။

ယခုတော့ ဦးရွှေမောင်ဝင့်ကို ထူးဆန်းစွာ ပိုး မြင်လိုက်ရသည်။

"သူ့လက်မှာ အဝေးကြည့်မှန်ပြောင်းနှင့်"

သူထွက်လာချိန်မှာ ပိုးကလည်း အပေါ်ထပ် တက်လာချိန် ဖြစ်သဖြင့် မျက်နှာချင်းဆုံဖြစ်လိုက်စဉ် ဦးရွှေမောင်ဝင့် မျက်နှာ ခပ်ချက် ပျက်သွားသည်။ ပြီးမှ သူက ဘာမှမဖြစ်သလို ပိုးကို ပြုံး၍

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လိုက်ပြီး သူသွား မြတ်သူမောင်၏ အခန်းတွင်းသို့ ဝင်သွား၏။

"ဦးဦးရွှေမောင်ဝင့် ဘာလုပ်တာပါလိမ့်"

ပိုးက အခန်းထဲ မဝင်သေးဘဲ စာကြည့်ခန်းအတွင်းဝင်ပြီး ကြက်မွေးတစ်ချောင်းနှင့် ဖုန်ခါရင်း ဦးရွှေမောင်ဝင့်၏ အရိပ်အခြည်ကို စောင့်ကြည့်နေမိသည်။

အပေါ်ထပ်တွင် မြတ်သူမောင်က တစ်ခန်း၊ ပိုးက တစ်ခန်း အိပ်ကြသည်။ ဦးရွှေမောင်ဝင့်ကတော့ အောက်ထပ်မှာ အိပ်၏။

သူ့ကို အပေါ်ထပ်မှာ တွေ့ရခဲ့သည်။ ခဏကြာတော့ သူ အောက်ဆင်းသွားသော်လည်း သူ့လက်မှာ ဘာပါလဲဟု ပိုး မမြင်လိုက်ရ။

ပိုးလည်း သူထွက်လာရာ စတိုခန်းသို့ ချက်ချင်းလိုပင် ဝင်ကြည့်ဖြစ်သည်။ သံကိရိယာတွေက စနစ်တကျထားခြင်း မရှိ၍ ကျော်လွှားဝင်ပြီးမှ ပြတင်းပေါက်ကို ဖွင့်လို့ရသည်။

ပြတင်းပေါက်မှတစ်ဆင့် ခြံတွင်းသို့ လှည့်ပတ်ကြည့်ရှုသော်လည်း ပထမ သဘောမပေါက်နိုင်သေး။ ခဏကြာတော့မှ...

"အို... ဟုတ်ပြီ၊ ဒီကနေ ကြည့်ရင် ကိုကိုတို့တိုက်ရဲ့ အိပ်ခန်းတစ်ခုကို လှမ်းမြင်နေရတာပဲ"

ပိုးနေသော နှစ်ထပ်တိုက်ကြီးနှင့် ဦးရွှေမောင်ဝင့်အတွက် ဆောက်ပေးထားသော တစ်ထပ်တိုက်နှစ်လုံးက ဘေးချင်းယှဉ်လျက်...

ဖေဖေ ဦးစိန်မောင်ဝင့်အတွက် ဆောက်ပေးထားသော



တစ်ထပ်တိုက်က ခြံ၏အရှေ့ဘက်တိုးပြီး တင်းနစ်ကွင်းဘက်သို့ မျက်နှာလှည့်ထားသည်။ တိုက်သုံးလုံးက အင်္ဂလိပ်စာလုံးအယ်လ်(L) ပုံသဏ္ဌာန် ဖြစ်နေပါ၏။

"ဒီဘက်က အိပ်ခန်းဟာ အန်တီနွဲ့ရဲ့အိပ်ခန်းပဲ၊ အန်တီနွဲ့က ဦးရွှေမောင်ဝင့်နဲ့ စကားပြောရင် ရုပ်ရှင်ထဲက မိန်းမကြီးတွေအတိုင်းပဲ၊ အမူအရာ သိပ်များတာ၊ အဲဒီအရွယ်ကြီးတွေချင်း ကြိုက်များနေကြသလား မသိဘူး"

"အို... မဟုတ်နိုင်ဘူး ထင်တယ်"

"အန်တီနွဲ့ကသာ ပိုစ်တွေပေးနေတာ၊ ဦးက ခပ်တည်တည်ပဲ၊ ဒီမိန်းမကြီးက လှလည်း မလှဘူး၊ ဦးက ကြိုက်မယ်မထင်ပါဘူး"

"ဒါဖြင့် ဦးရွှေမောင်ဝင့်က ဘာလို့ကြည့်တာလဲ"

"ဒီနားမှာ သစ်ပင်တွေကလွဲရင် ကြည့်စရာဆိုလို့ အဲဒီတိုက်ပဲ ရှိတာ"

ပိုးသည် ဖုန်များနှင့် ပေနေသော ပြတင်းဘောင်ကိုကိုင်ပြီး တွေးကြည့်နေမိသည်။

"ဟာ... ကြည့်စမ်း"

"ငါနဲ့ ကိုကိုနဲ့ ထိုင်နေကျ ရေတွင်းပျက်ကြီးဘေးကိုလည်း ညည်းနည်းတော့ မြင်ရတာပဲ"

"အဲဒီကိုများ ဦးဦး ကြည့်တာလား"

"တို့လည်း မထိုင်ဘဲနဲ့ ဘာကိုကြည့်တာလဲ"

"မြေကြီးထဲကိုတော့ မှန်ပြောင်းနဲ့ ကြည့်လို့ရနိုင်တာမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ တို့နှစ်ယောက်မြှုပ်ထားတဲ့ ကီစွတိုလည်း သူ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး၊ သူရော အန်တီနွဲ့ပါ အပြင်သွားချိန်ကို စောင့်ပြီးမှ ငါနဲ့ ကိုကို ရတနာသေတ္တာကို မြှုပ်ခဲ့ကြတာပါ"

"သူ ဘာကြည့်တာပါလိမ့်၊ ငါတို့နဲ့ပဲ ပတ်သက်သလား အန်တီနွဲ့နဲ့ပဲ ပတ်သက်သလား"

"ခြံထဲကို ကြည့်တာလား၊ ကောင်းကင်ကို ကြည့်တာလား သူ ဘာလုပ်တာပါလိမ့်"

"ပိုးရေ၊ ဟင် . . . အိပ်ခန်းထဲမှာလည်း မရှိပါလား"

မညို၏ ခေါ်သံကြောင့် တံခါးကို အသံမမြည်အောင် ပိတ်ပြီး ခြေဖော့နင်းလျက် သူခိုးဟန်နှင့် ထွက်လာခဲ့ရသည်။

"ဟင် . . . ပိုးက နောက်ဖေး ကြောင်လိန်လှေကားကနေ တက်လာတာလား"

"ပိုးကို ဘာလို့ခေါ်တာလဲ"

"ဧည့်သည်ရောက်နေလို့"

"ဘယ်သူလဲဟင်"

"ပိုးအတွက်လာတဲ့ ဧည့်သည်တာ ဘယ်သူရှိဦးမလဲ"

"ကိုစွမ်းထက်လား"

"ဟုတ်တယ် ပိုး"

"ပိုး လာခဲ့ပါ့မယ်၊ မညို အအေးဖျော်ထားပေးနော်"

မညိုက ခေါင်းညိတ်လျက် ပြုံးပြပြီး ပြန်ဆင်းသွားလေသည်။

အပေါ်ထပ်ရှိ ရေချိုးခန်းတွင်းသို့ဝင်၍ ကြွေဇလုံပြီ



အတွင်းမှာ ပိုးလက်ကို စင်စင်ဆေးရင်း မှန်တိုကြည့်လိုက်တော့ . . .

"ခစ် . . . ခစ် . . . ခစ်"

ပိုး တစ်ယောက်တည်း ရယ်ဖြစ်သည်။ ခေါင်းမှာ ပင့်ကူအိမ်များ ကပ်နေပြီး နှုတ်ခမ်းပေါ်မှာ စက်ဆီချေးတွေ ပေနေသဖြင့် ကြောင်ချေးရုပ် ပေါက်နေသည်။ အခန်းထဲကို စမ်းဝင်ရာမှ ဘာကို တိုင်မိပြီး ဘယ်အချိန်က နှာခေါင်းကို ပွတ်လိုက်မိသည် မသိ။

မျက်နှာပါ သစ်ပစ်လိုက်ရတော့ သနပ်ခါး ပြန်လိမ်းရတော့မည်။ ဘာပဲဖြစ်ဖြစ် ကိုစွမ်းထက်ရှေ့မှာ အစုတ်ပလုတ်ပုံစံမျိုးနှင့် ပိုး မနေချင်။

ပိုးအတွက် အထူးဧည့်သည်ဆို၍ ပိုး၏တစ်ဘဝတာ အတွင်းမှာ ကိုစွမ်းထက်တစ်ယောက်သာ ရှိပါ၏။

ပိုးမှာ ဤဝင့်ထယ်ဂေဟာကြီး၏ မိသားစုဝင် ဆိုသော်လည်း ငယ်စဉ်ကတည်းက မိဘနှင့် မနေခဲ့ရ။ ဦးလေးဖြစ်သူကလည်း ပိုးကို ရန်သူလို ဆက်ဆံနေခဲ့၍ ပိုး၏အိမ်သို့ ဘယ်သူငယ်ချင်းကိုမှ မခေါ်ခဲ့ရဲ။

ယခုတော့ ပိုး၏ အထူးဧည့်သည်တော်အဖြစ် ကိုစွမ်းထက် ရောက်လာခဲ့ပြီ။

ဘဝအတွက် မရည်ရွယ်နိုင်ပါဟု ဆိုခဲ့သည့်တိုင်အောင် ကိုစွမ်းထက်သည် မုန်းစရာကောင်းသောသူတစ်ယောက် မဟုတ်ခဲ့ပါ။ ခင်မင်ချင်စရာကောင်းသော မိတ်ဆွေတစ်ယောက်တော့ ဖြစ်ပါ၏။

သို့သော်လည်း စွမ်း ကိုကိုနှင့် ယှဉ်လိုက်တိုင်း စွမ်းသည် ပိုးနှင့် ဝေးလံသောအရပ်မှာ ကျန်ခဲ့ပြီး ကိုကိုသည် ပိုး၏ အနီးမှာ

www.burmeseclassic.com

www.burmeseclassic.com



အမြဲရှိနေသလို ပိုး ခံစားရပါသည်။ နှစ်ရင့် သံယောဇဉ်ကြောင့်ပဲလား တော့ မသိ။ အစ်ကိုအရင်းဆိုသော ချစ်ခင်အားကိုးစိတ်ကလည်း ပိုးရင်ထဲမှာ ကြွင်းကျန်နေဆဲပါ။

မညို လာခေါ်ပြီး ဆယ်မိနစ်လောက်ကြာမှ အပေါ်ထပ်တ ပိုး ဆင်းလာဖြစ်သည်။

စွမ်းတစ်ယောက်တည်း မဟုတ်။ ဘေးမှာ ဒေါ်မြသီတာ ဆိုသော စွမ်း၏မာမီလည်း အတူပါရှိလာပါလား။

"ပိုး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ အန်တီ. . . နေကောင်းပါပြီ၊ ပိုးက အန်တီ ပါလာမှန်းမသိလို့"

"သိရင် မုန့်တွေ အများကြီး ဝယ်ထားမယ်ပေါ့"

စွမ်းထက်က ဝင်နောက်သည်။

"စွမ်းက ကပ်စားချင်လို့လား"

ဒေါ်မြသီတာက နှစ်သက်သဘောကျစွာ ရယ်မောနေသည်။

"ဟုတ်တယ် ပိုးရဲ့၊ ကပ်ပြီးစားချင်လို့"

အတူပူးကပ်ပြီး စားချင်လို့ဟူသော အဓိပ္ပာယ်သက်ရောက် မှုကြောင့် ပိုး၏မျက်စောင်းက ဇွေခနဲ စွမ်းထံ ရောက်ဖြစ်၏။

စွမ်းက တအားရယ်မောနေသော်လည်း ပိုးက သူ့ကို ထပ် ၍ လှည့်မကြည့်တော့ပါ။

"မေမေကြီးကို သွားပြောလိုက်ဦးမယ်နော်"

"ဘာအတွက်လဲ ပိုး"

ဒေါ်မြသီတာ လှမ်းမေး၍. . .



"သြော်. . . အန်တီတို့ ရောက်နေတယ် ဆိုတာကိုပါ"

"နှုတ်ဆက်ပြီးပြီ ပိုးရဲ့၊ ဆရာမက ရေပတ်တိုက်ပေးနေလို့ လာခဲ့မယ်တဲ့၊ ဒေါ်ဒေါ်ထယ်လည်း အတော်နေကောင်းသွားပြီနော်"

"ဟုတ်ကဲ့"

ပိုးက ဒေါ်မြသီတာ ပါလာသည့်အတွက် အနေအထိုင် ခက်သလို ဖြစ်နေရသည်။ မေမေကြီး ရှိနေလျှင်လည်း အကောင်း သား။

စွမ်းတို့သားအမိကို တစ်ခုခုတိုက်ကျွေးရန် ထိုင်ရာမှ ထလိုက် စဉ် မညိုက စတီးလင်ဗန်းဖြင့် လိမ္မော်ရည်များကို ယူလာနှင့်နေပြီ။

"သောက်ပါဦး အန်တီ"

ဒေါ်မြသီတာရှေ့သို့ လိမ္မော်ရည်ဖန်ခွက်ကို ချပြီးလှမ်းကြည့် မိသည်။

ဖြူဖြူသွယ်သွယ်နှင့် ထက်မြက်စွမ်းဆောင်နိုင်မည့် အမျိုး သမီးကြီးတစ်ဦးဖြစ်ကြောင်း တွေ့လိုက်ရသည်။ စွမ်းနှင့် မရင်းနှီးခင် က ဒေါ်မြသီတာကို မြင်ဖူးခဲ့သော်လည်း ယခုလို စိတ်လှုပ်ရှားခြင်းမျိုး မရှိခဲ့။

သူ့သားနှင့် သဘောတူထားသော မိန်းကလေးအဖြစ် ဒေါ်မြသီတာ၏ ပိုင်စိုးသော အကြည့်ကို ပိုး ရင်မဆိုင်ရဲ။

"ပိုးတစ်ယောက်တည်း ပျင်းနေရင် အန်တီတို့အိမ် လာ လည်ပါလား၊ စွမ်းတို့ငယ်ငယ်က နိုင်ငံခြားမှာ ရိုက်ထားတဲ့ ဓာတ်ပုံ တွေလည်း ကြည့်ရအောင်ပေါ့"

"နေနေကျတော့လည်း ပျင်းတယ်လည်း မဟုတ်ပါပါဘူး အန်တီရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပိုးက ဖျင်းရင် သူ့ကိုကို ကိုပြည့်ဝန်းကို အမျိုးမျိုးခိုင်းပြီး ကစားချင် ကစားနေတတ်တာ မာမီရဲ့"

"အေးပေါ့၊ ဒီမောင်နှမ နှစ်ယောက်တည်းရှိတာ အစ်ကိုက လည်း ဒီညီမချောလေးကို ချစ်မှာပေါ့ကွယ်"

စိတ်က သူတို့သားအမိ ရှိရာ၌ စုစည်းနေဆဲ ကိုကို့ထံသို့ အလျှင်နှုန်းမြန်စွာ သက်ရောက်သွားပြန်တော့သည်။

အိမ်ရှေ့မှာ ဆိုက်ထားသောကားကို ကိုကို လှမ်းမြင်ရုံဖြင့် စွမ်း ရောက်နေပြီဟု ကိုကို သိလိမ့်မည်။ ကိုကို့ရင်မှာ ဘယ်သို့ခံစား နေရမည် ဆိုသည်ကို ပိုး မှန်းဆနိုင်ပါ၏။

ဤလောကကြီးသည် ဘယ်သူ့ကိုမှ အားနာစရာ ငဲ့ကွက် စရာ မလိုသော လောကကြီးဖြစ်ပြီး ပိုးကလည်း လုပ်ချင်ရာ လုပ်နိုင် စွမ်းရှိသော လူသားတစ်ဦးသာ ဖြစ်ခဲ့ပါလျှင် သူတို့သားအမိကို ထား ရစ်ခဲ့ကာ ကိုကို့ဆီသို့ ခုချက်ချင်း ပြေးသွားလိုက်ချင်ပါသည်။ ထား တော့. . .

"လိမ္မော်ရည် သောက်လိုက်ပါဦး အန်တီ၊ စွမ်းလည်း သောက်လေ"

"ပိုး ဓာတ်ပုံတွေကြည့်ချင်ရင် ယူလာပြမယ်လေ"

"အဲဒါနဲ့ပဲ ပိုးက အိမ်လာမလည်ဖြစ်ဘဲ နေပါဦးမယ် သား ရယ်"

ဘာပြန်ပြောရမှန်း မသိ၍ ပိုးက ပြုံး၍နေရဆဲ. . .

"ဓာတ်ပုံတွေထဲမှာတော့ ပိုး တွေ့ရပါလိမ့်မယ်၊ နိုင်ငံခြား အထင်ကြီးစရာ အကွက်တွေ"



"ရှင်"

"ရှုခင်းလှလှတွေ၊ ဟိုတယ်ကြီးကြီးတွေ၊ သန့်ရှင်းကျယ်ဝန်း ပြီး ပြန့်ပြူးနေတဲ့ လမ်းမကြီးတွေ"

"ပျော်စရာကြီး နေမှာပဲနော်"

"ဟုတ်တယ်၊ ပျော်စရာတော့ ကောင်းပါတယ်၊ နေဖို့တော့ မသင့်ပါဘူး ပိုး"

"အို. . ပျော်စရာကောင်းတယ်ဆိုရင် နေချင်စရာလည်း ကောင်းရမှာပဲပေါ့ အန်တီရယ်"

"ဒီလိုမဟုတ်သေးဘူး သမီး"

"ရှင်"

"ဥရောပနိုင်ငံ တော်တော်များများမှာ မိသားစု ဖွဲ့စည်းနေ ထိုင်တဲ့စနစ် မရှိသေးဘူး။ အရွယ်ရောက်လာတာနဲ့ ကိုယ့်အိုးကိုယ်ချွန် တယ် ဆိုတာကို ဂုဏ်ယူပြီး မိဘရင်ခွင်က ခွာထွက်ကြတာပဲ၊ မိန်း ကလေးတွေ ဘဝပျက်လည်း နှမြောစရာရယ်လို့ မသတ်မှတ်ဘူး၊ ယောကျာ်းလေးတွေ ဖြစ်ချင်ရာ ဖြစ်ကြရင်လည်း မိဘက သိပ် တာဝန်မယူကြဘူး ပိုး"

ဒေါ်မြသီတာ၏ စကားကို ပိုး ငေးစိုက်နားထောင်နေမိ သည်။ လေယူလေသိမ်း၊ စကားအဖြတ်အတောက်တို့က နားထောင် သူ၏ရင်၌ စွဲငြိစေသော တန်ခိုးသတ္တိ ရှိပါ၏။ ဒေါ်မြသီတာ ဘာ စကားပဲပြောပြော နားထောင်သူတို့ ငြီးငွေ့ခြင်း ရှိလိမ့်မည် မဟုတ် ပေ။

"သူတို့ဆီမှာ အလုပ်က သိပ်ပေါတယ်၊ ပြဿနာကလည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်များတယ်၊ အလုပ်ကိုလည်း တိတိကျကျ ပင်ပင်ပန်းပန်း လုပ်ရတယ်၊ နည်းနည်းလေးမှားတာနဲ့ ဘယ်အလုပ်ရှင်ကမှ ခွင့်မလွှတ်ဘူး၊ သတ်မှတ်ထားတဲ့ စည်းကမ်းကို တစ်ခါကျော်မိတာနဲ့ အလုပ်ပြုတ်ရောပဲ"

"ဪ"

"တချို့လည်း ထူးချွန်ပြီး လုပ်ငန်းရှင်ဘဝရောက်အောင် တိုးတက်သွားကြတယ်၊ တချို့လည်း ဆေးစွဲ၊ ဓားပြတိုက်၊ လူသတ်သမားဖြစ်၊ ထောင်ထဲရောက် စတဲ့ အဆုံးစွန်ရောက်အောင် ကျဆင်းသွားတတ်ကြတယ်"

"ဟုတ်ကဲ့"

"အဲဒီကျတော့ ဘာဖြစ်လာသလဲဆိုတော့ ပိုးရေ. . ."

"ဟုတ်ကဲ့. . . အန်တီ"

"ချမ်းသာသွားတဲ့ လူကလည်း ငါ့ဟာငါ ကြိုးစားလို့ အောင်မြင်တာ၊ ငါ့မိဘက ဘာမှပြန်ကြည့်တာ မဟုတ်ဘူး၊ ထောင်ကျသွားတဲ့လူကလည်း ငါ့ကို မိဘက ဘာမှမကူညီလို့ ဒီလိုဖြစ်ရတာဆိုပြီး မိဘအပေါ် ရန်ငြိုးဖွဲ့ပြီး မေတ္တာတရားဆိုတာ လုံးဝကွယ်ပျောက်နေတတ်ကြတာကို အန်တီတို့ တွေ့ရဖူး၊ ကြုံရဖူးပါတယ် ပိုး"

"ဟုတ်ကဲ့"

"ဟိုနိုင်ငံတွေမှာ ချမ်းသာကြီးပွားဖို့ ပဓါနယည်းလှဘူး၊ အဲဒီလို ချမ်းသာလာတာနဲ့အမျှ ရှုပ်လိုက်တဲ့အလုပ်တွေ၊ တစ်ပတ်နေလို့တောင် တစ်ခါ မိသားစုနဲ့အတူ ထမင်းစားခွင့် မရဘူး"

"ဪ"



"အဲဒါကြောင့် အန်တီတို့ရဲ့အမြင်မှာ လူသားတစ်ယောက်ရဲ့အဓိပ္ပာယ် ပျောက်ဆုံးနေတယ်"

"ရှင်"

"ဒီလိုပါ ပိုး၊ လူဆိုတာ အစာရေစာကို အမြဲတစေ ဆာလောင်မွတ်သိပ်တတ်ကြပါတယ်၊ အဲဒီအစာရေစာထက် ပိုပြီး လူသားတွေ ဆာလောင်မွတ်သိပ်တတ်တဲ့အရာ ရှိပါတယ်၊ အဲဒါက မေတ္တာတရားကိုပဲ"

စွမ်းက သူ့မိခင် လေကြောရှည်၍ ပိုးကို အားနာသလိုလှမ်း၍ ကြည့်လိုက်သည်။ ပိုးကတော့ ဒေါ်မြသီတာ ရှင်းပြနေသောစကားများကို များစွာစိတ်ဝင်စားလျက်ပါ။

"လူဆိုတာ ကိုယ်က ချစ်ရခင်ရ သံယောဇဉ်တွယ်ရတဲ့လူရှိနေတတ်ကြသလို ကိုယ့်ကိုလည်း ဂရုတစိုက်နဲ့ ကူညီဖေးမပြီး အမြဲမေတ္တာပေးအပ်နေတတ်တဲ့သူကို မြတ်နိုးစေချင်တာပဲ၊ မေတ္တာအပေးအယူထက် ကောင်းတဲ့ဆက်သွယ်မှုမျိုး လူသားတွေအတွက် မရှိသေးပါဘူး ပိုး"

ပိုးကိုကြည့်၍ ပြောနေသဖြင့် ပိုး ခေါင်းညိတ်၍ပြလိုက်ရပါသည်။

"ပြီးတော့ သူတို့ဆီမှာ အနစ်နာခံတယ်ဆိုတဲ့ စကားရပ်မရှိသေးဘူး၊ ဘယ်သူကမှလည်း အဲဒီလို အနစ်နာခံပြီး မကူညီတတ်ကြပါဘူး၊ ဒီမှာကတော့ ကိုယ့်သားသမီးအတွက် ကိုယ့်မိဘအတွက် ကိုယ့်ချစ်သူအတွက် အနစ်နာခံပေးတတ်ကြပါတယ်၊ အဲ. . . ဒီလို အနစ်နာခံရတာကိုပဲ ဂုဏ်ယူစရာအဖြစ် ဂုဏ်တတ်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . အန်တီ"

"ပြီးတော့ အိမ်ထောင်တစ်ခုမှာ ခင်ပွန်းကပဲဖြစ်ဖြစ်၊ ဇနီးကပဲဖြစ်ဖြစ် ထိခိုက်ဒဏ်ရာရမယ်၊ ရောဂါဘယဖြစ်မယ်ဆိုရင် တစ်ယောက်က တစ်ယောက်ကို ပိုပြီးသနားကြင်နာစွာ ဂရုစိုက်တတ်ကြတာ အန်တီတို့ မြန်မာတွေရဲ့ ဓလေ့ပဲ"

"ဟုတ်ကဲ့"

"သူတို့ဆီမှာတော့ တစ်ယောက်က အဲဒီလိုဖြစ်တာနဲ့ တရားရုံးရောက်ပြီ၊ ကွာရှင်းဖို့ လျှောက်လွှာတင်ပြီ"

"ဪ"

"ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုကတော့ ရှိတာအမှန်ပါပဲ၊ ဒါပေမဲ့ လူသားတွေရဲ့နှလုံးသား ဖွံ့ဖြိုးမှုကတော့ သုညမကဘူး အနုတ်လက္ခဏာ"

"ရှင်"

"သူတို့နှလုံးသားကို ညှစ်ကြည့်၊ မေတ္တာရည် တစ်စက်မှ ထွက်မလာဘူး"

"မာမီကလည်း"

"ဟုတ်တယ်လေ သားရဲ့၊ လူဆိုတာ မိသားစုလေး အုပ်စုဖွဲ့ပြီး ချစ်ခင်ကြင်နာစွာ တစ်ယောက်ကိုတစ်ယောက် ညှာကြ၊ အနစ်နာခံကြ၊ ကူညီဖေးမကြ ဆိုတဲ့ ဓလေ့စရိုက်လေးဟာ ဘယ်လောက်များချစ်ဖို့ကောင်းလဲ"

"ဟုတ်တယ်နော် အန်တီ၊ ပိုးတောင်မှ ဖေဖေ့မေတ္တာကို ခံယူခွင့် ရလိုက်ချိန်က ရင်ထဲမှာ သိပ်ပြီး အေးမြကြည်နူးခဲ့ရပါတယ်"



"သိပ်မှန်ပါတယ် ပိုး၊ အဲဒီလို မိသားစုမေတ္တာမျိုးဟာ ဒို့မြန်မာနိုင်ငံမှာသာ ရနိုင်ပါတယ်ကွယ်"

စွမ်းက လိမ္မော်ရည် တစ်ဖန်ခွက်ကုန်၍ ဒေါ်မြသီတာက မသောက်ဖြစ်သေး။

"ဒါကြောင့် နိုင်ငံခြားကို အထင်ကြီးစပြုနေတဲ့ သားလေး စွမ်းကို အန်တီ မြန်မာပြည် ပြန်ခေါ်လာခဲ့တာပဲ"

ပိုးက စွမ်းကို ပြုံး၍ ကြည့်ဖြစ်သည်။

"အန်တီထက် သူ့အဖေက ပိုဆိုးသေးတယ်"

"ရှင်"

"သူ့တို့အဖေက အညာသားလေ၊ ရိုးသားတယ်၊ သစ္စာကြီးမားတယ်၊ လူကြီးမိဘကို ရိုသေမြတ်နိုးတဲ့စရိုက် ရှိတယ်"

"ဟုတ်ကဲ့"

ပိုး မသိပေမယ့် ဟုတ်ကဲ့ဟုသာ အလိုက်သင့် ဖြေလိုက်ရသည်။

"အညာမြေဆိုတာက ဘိုးဘေးဘီဘင် လက်ထက်ကတည်းက မြန်မာ့သွေးစစ်တွေ များတယ်လေ၊ နိုင်ငံခြားသားနဲ့ အိမ်ထောင်ပြုခဲ့လို့ သွေးရောနှောမှု မရှိကြဘူး၊ ဒါကြောင့် မြန်မာ့စရိုက် ပိုပြီး ပီပြင်တယ်"

"ဟုတ်ကဲ့"

"သူ့အဖေက သူ့သားကို မြန်မာ့ဓလေ့ မြန်မာ့စရိုက်ပဲ ဝင်စေချင်တယ်၊ ဒါကြောင့် ဒီကိုပြန်လွှတ်လိုက်တာ"

စွမ်းက ခေါင်းပုပြီး ပခုံးတွန့်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုးကတော့ သိပ်ပြီးမြန်မာဆန်တဲ့ ဘုရား တရား ကြည်ညိုတဲ့ ဒေါ်ဒေါ် ဒေါ်လှထယ်ရဲ့ မြေးမလေးဆိုတော့ သိမ်မွေ့ပြီးသားဖြစ်မှာပါ၊ ဒါကြောင့် နိုင်ငံခြားကို အထင်ကြီးစပြုနေတဲ့ သားလေးစွမ်းကို မြန်မာမှုပြုပေးစမ်းပါလို့ ပိုးကို အပ်ပါတယ် ပိုး"

ပိုးက ပြုံးပြလိုက်ရသော်လည်း ရှက်စိတ်က ရင်ထဲမှာ လှိုက်လာသည်။

ဒေါ်မြသီတာက လိမ္မော်ရည်ကို အခုမှသောက်ပြီး စောစောကလို စကားတွေ တသီကြီး မပြောတော့ပါ။ သူ့စကားတိုင်းမှာ ပိုးနှင့်စွမ်းတို့ ပါဝင်စေသော မေးခွန်းများပါသည့် စကားမျိုးကိုသာ သူရွေး၍ ပြောသွားတော့သည်။

သနပ်ခါးရေကျဲလေးလိမ်းကာ ကျက်သရေရှိစွာ ထွက်လာသော ဒေါ်လှထယ်က ညှို့ခန်းမှာ ဝင်ထိုင်တော့ စကားဝိုင်းက ပိုမိုစိုပြည်လာ၏။

စွမ်းကတော့ အဘွားကြီးတွေ လေရှည်နေကြသည်ကို စိတ်ရှည်ပုံမရ။ စွမ်းက ပိုးနဲ့နှစ်ယောက်ချင်းပဲ စကားပြောချင်သူလေး။

စွမ်းက စိတ်မရှည်နိုင်တော့သလို သူတို့သားအမိ၏ လာရင်းကိစ္စကို အမြန်ပြောပြီး ဒေါ်မြသီတာကို ပြန်နှင့်စေချင်၍. . .

"မာမီ. . . ဟိုကိစ္စ ပြောလိုက်ဦးလေ"

"ဘယ်ကိစ္စလဲ သားရဲ့"

"မာမီကလည်း ကားအကြောင်း ပြောမယ်ဆို"

"အာ. . . ဟုတ်ပါရဲ့၊ စွမ်းကို ဘာလို့မြန်မာပြည်မှာ နေစေချင်ရတယ်ဆိုတဲ့ အကြောင်းတွေ ပြောနေရတာနဲ့ပဲ လာရင်းတို့



တောင် မေ့သွားပြီ ဒေါ်ဒေါ်ထယ်ရယ်"

"ဘာများပါလိမ့် မြသီတာ"

"ဩော်. . . အခု နောက်ဆုံးသွင်းလာတဲ့ ကားကို ပိုးရဲ့နာမည်နဲ့ ထားပါရစေလို့"

"ဟင်. . . အဲဒါက မြသီတာတို့ရဲ့သားကြီး 'မောင်စွမ်းအောင်'ရဲ့ကား မဟုတ်လား၊ သူနိုင်ငံခြားမှာ အလုပ်လုပ်နေတာကြာပြီပဲ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်ထယ်"

"ဒါနဲ့ ဘာဖြစ်လို့. . ."

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီကားကို ကျွန်မကပဲ ဝယ်လိုက်လို့ပါ"

"ဩော်. . ."

"ငွေကို သားကြီးမောင်စွမ်းအောင်အတွက် ဘဏ်မှာအပ်ထားပြီးသားပါ၊ ဒါကြောင့် ဒီကားကို သားငယ်စွမ်းလေးရဲ့ မင်္ဂလာလက်ဖွဲ့အဖြစ်. . ."

"ဒါဆိုလည်း မောင်စွမ်းထက်ရဲ့ နာမည်နဲ့သာ ထားပါဦးလေ"

ဒေါ်လှထယ်က သိပ်ပြီးသဘောတူဟန် မပြ၍ ဒေါ်မြသီတာက ဘာမှဆက်မပြောတော့ပေ။ စွမ်းထက်ကတော့. . .

"မေမေကြီး ခွင့်ပြုလိုက်ပါ၊ ပိုးနာမည်နဲ့ပဲ ထားပါရစေ"

"မလိုအပ်သေးလို့ပါ ငါ့မြေးရယ်၊ မင်းနာမည်နဲ့ထားလည်း အတူတူပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှထယ် ဆိုသော အဘွားအိုး၏ အရှိန်အဝါက ကြီးမားဆဲမို့ စွမ်းလည်း ဘာမှထပ်ပြီး မပြောဝံ့။

ခဏမျှ စကားတွေ ပြောဖြစ်ကြသေးသည်။

"တဲ့. . . မာမီ ပြန်ဦးမှပဲ၊ ဒီမှာ နေခဲ့မလား စွမ်း"

သား၏ဆန္ဒကို မေးနေသော ဒေါ်မြသီတာကို ရွှန်းဝေသော အပြုံးဖြင့် လှမ်း၍ကြည့်လိုက်ပြီး ဘာမှအဖြေမပေးဘဲ. . .

"ရော့. . . မာမီ"

ကားသော့ကို လှမ်းပေးလိုက်၏။

ဒေါ်မြသီတာသည် တိုယိုတာခရက်စီဒါ ကားအသစ်ဖြူဖြူ ဖွေးဖွေးလေးကို ကျင်လည်စွာဖြင့် ကြော့နေအောင် မောင်း၍ ထွက်သွားတော့သည်။

ဒေါ်လှထယ်ကလည်း ရေဖတ်တိုက်ထား၍ ချမ်းလာသည် ဟုဆိုကာ သူ့အခန်းတွင်းသို့ ပြန်ဝင်သွားတော့သည်။

ညှိခန်းမှာ စွမ်းနှင့် ပိုးတို့ နှစ်ယောက်တည်း။

◆ ◆ ◆

## အခန်း(၃၁)

"ပိုးကို စွမ်း သိပ်ချစ်တယ် သိလား"

"ပိုးက သိပ်လှတော့ ပိုးအနားမှာ စွမ်း နေချင်တယ်၊ ဟိုနေ့ တလို စွမ်းကို နှင်မထုတ်ရဘူးနော်"

ပိုး ပြုံး၍သာနေသည်။

"ပိုး ကြည့်ရတာ အားမရလိုက်တာ ချစ်ရာ၊ စွမ်းကို ပိုး ချစ်လား"

ပိုး ဘာမှမဖြေ။

"ဒါဖြင့် နောက်တစ်ခုမေးမယ်"

"အင်"

"စွမ်းကို ပိုး မုန်းသလား"

"စွမ်းကို မုန်းစရာအကြောင်းမှ မရှိတာ၊ ဘာလို့မုန်းရမှာလဲ"

"ဒါဖြင့်လည်း ရှင်းနေတာပဲ ပိုးရာ၊ မမုန်းတာ ချစ်လို့ပဲပေါ့"

စွမ်း တွက်ချက်၍ ထွက်လာသောအဖြေသည် အဖြေမှန် ဟုတ်နိုင်ပါ။

လူတစ်ယောက်အပေါ်တွင် မုန်းခြင်း ချစ်ခြင်း နှစ်မျိုးတည်း သာ ခံစား၍ရသည်မဟုတ်။ မချစ်ရုံနှင့် မုန်းခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



မမုန်းခြင်းကြောင့်လည်း ချစ်သွားပြီဟု မဆိုသာနိုင်။ စွမ်းလည်း သိမှာပါလေ။

"ချစ်ရယ်၊ ဘာဖြစ်လို့ စွမ်းကို ခုလို အေးတိအေးစက်ကြီး ဆက်ဆံနေရတာလဲဟင်၊ ပြောစမ်းပါဦး"

"ဘာမှမဖြစ်ပါဘူး၊ ပိုးဘက်ကလည်း စဉ်းစားပါရစေဦး"

"ဟာ. . . ပိုးရာ၊ ဘာစဉ်းစားစရာ လိုတော့လို့လဲ၊ လူကြီးတွေချင်း ဒီလောက်ပြေလည်နေပြီပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"လူကြီးချင်းလည်း ပြေလည်တယ်၊ ပိုးကိုလည်း စွမ်း သိပ်ချစ်တယ်၊ အချစ်အိမ်ဆောက်ဖို့ လေးဘက်လေးတန်မှာ သုံးဘက်သုံးတန် ကာရံအခြေစိုက်ပြီးပြီပဲ ပိုးရယ်၊ ပိုး စွမ်းကို ဘာဖြစ်စေချင်သလဲ၊ ပိုး မကြိုက်တာ ဘာရှိနေသလဲ၊ ပြောစမ်းပါ ပိုး"

"မဟုတ်ပါဘူး၊ ပိုးကို ဒီလိုမေးခွန်းတွေ တသီကြီး မမေးပါနဲ့ စွမ်းရယ်"

"ပိုးကလည်းကွာ"

"ပိုးကို အချိန်နည်းနည်း ထပ်ပေးပါ စွမ်း"

"ဒီမှာ စွမ်း တစ်ခုပဲမေးမယ်"

"မေးပါ"

"ပိုးမှာ ချစ်သူ ရှိသလား၊ ရည်းစား ရှိသလားဟင်"

ပိုး ခေါင်းသွက်သွက် ခါပြလိုက်မိသည်။

စွမ်းက စိတ်ချယုံကြည်သွားသော အမူအရာနှင့်သာ ပိုးကို ကြည့်နေသည်။ ဘာမှမပြောတော့ပါ။



ပိုး၏ရှေ့မှာ စွမ်းတစ်ယောက်လုံး ထိုင်နေပါလျက် မျက်စိထဲတွင် ညှိုးငယ်နေသော ကိုကို့ရုပ်သွင်ကိုပဲ မြင်နေမိသည်။

"ကိုကို"

"ကိုကိုနဲ့ စွမ်း"

သူတို့နှစ်ဦး ပိုးပေါ် ထားရှိသည်ဆိုသော မေတ္တာတရားများကို နှိုင်းယှဉ်နေမိသည်။

စွမ်းသည် ပိုးကို တကယ်ချစ်ရှာသူဟု ပိုး ယုံကြည်ပါ၏။ သို့သော်လည်း စွမ်း၏အချစ်သည် သံယောဇဉ် မြစ်ဖျားခံ၍ စီးသွယ်လာသော မေတ္တာတရားများ မဟုတ်။ အကြောင်းနာကမ်းခြေကို ဖြတ်သန်းစီးဆင်းလာခြင်း မရှိ။

ပိုး သိပ်လှ၍ သိပ်ချစ်သည်ပဲ ဖြစ်၏။

ဒေါ်မြသီတာအနေနှင့်လည်း အကယ်၍ ပိုးသည် ထောက်ကြန့်ခြံမှ 'အဘကြွယ်' ၏မြေး၊ 'ဒေါ်ပိုးဖြူ' ၏ တူမ ခြံအလုပ်သမားလေး ပိုး ဖြစ်နေခဲ့လျှင် ပိုး သည်အတိုင်းပဲ လှပါစေ သဘောတူလိမ့်မည် မဟုတ်ပါ။

သူဌေးကြီး ဦးအောင်ဝင့် ဒေါ်လှထယ်တို့၏ မြေးမလေးဖြစ်ပြီး ဝင့်ထယ်ဂေဟာ၏ အမွေဆက်ခံရမည့်သူဖြစ်၍သာ အတင်းကြီး သဘောတူနေခြင်း ဖြစ်မည်။

ပိုး လှ၍ စွမ်းကချစ်ပြီး ပိုး ချမ်းသာ၍ ဒေါ်မြသီတာက သဘောတူနေခြင်းဖြစ်ကြောင်း ဒီလောက်တော့ ပိုး တွေးတတ်ပါ၏။

"ကိုကို"

ကိုကို့မှာတော့ ဘာစွမ်းပကားမှ မရှိရှာ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝ ငယ်စဉ်ကစ၍ အမြစ်တွယ်ခဲ့သော သံယောဇဉ် အကြွင်းနှင့် အတူမဲ့ မေတ္တာတရားက လွှဲ၍. . .

ပိုးကို စက်လဲရယူနိုင်စေသော ဂုဏ်မနေအင်အား မရှိရှာသူ

စိတ်ခိုင်သော ကိုကို့ကို ပိုးနှင့် ပတ်သက်လေတိုင်း မျက်ရည်ဝေနေသည်ကို တွေ့ရတတ်မြဲပါ။

စွမ်းသည် ကိုကို့ထက် အဆပေါင်းများစွာ မယှဉ်သာအောင်သာနေကြောင်း ပိုး သိပါသည်။ အိမ်ထောင်ဖက်အနေနှင့်လည်း စွမ်းသည် ပြင်းစရာမရှိဟု ဦးနှောက်က သိပါ၏။

ကိုကို့တို့တော့လေ. . .

အစ်ကိုတစ်ယောက်လိုဖြစ်ဖြစ်၊ ကိုကို ချစ်နေသည်ဆိုသော အချစ်မျိုးနှင့်ဖြစ်ဖြစ် ချစ်မိနေဦးတော့ ပိုး နောက်ဆုတ်နိုင်ကောင်း နောက်ဆုတ်နိုင်ပါလိမ့်မည်။

ယခုတော့. . .

ပိုး ကိုကို့ပေါ်မှာ ထားရှိနေမိသော နှလုံးသားတွင်းမှ ခံစားချက်က အချစ်ချည်း မဟုတ်။

"ကရုဏာ"

"သနားတယ်၊ ကိုကို့ကို သိပ်သနားတယ်"

"ပိုးကို ရင်တွဲမတတ် ချစ်နေတယ်ဆိုတဲ့ ကိုကို့ကို ပိုး ရက်ရက်ပါ့မလားကွယ်"

"ဘာပဲဖြစ်ဖြစ် စွမ်းအတွက် အချစ်သစ်ရှာဖို့ ခဲယဉ်း မဟုတ်ပါဘူးလေ၊ သူ့လိုလူမျိုးကို ချစ်နိုင်မယ့် ကောင်မလေး ဝိုင်းဝိုင်းလည်နေမှာပါ"



"ကိုကို့နှလုံးသားမှာတော့ ပိုးကလွဲပြီး ဘယ်သူ့ကိုမှ အခင်မခံတော့ဘူးဆိုတာ ပိုး သိပါတယ်၊ ကိုကို့တစ်သက်မှာ ပိုးမှပိုး တစ်ယောက်တည်းသာ ချစ်သွားမှာဆိုတာ ပိုး သိပါပြီ ကိုကို့ရေ"

ဒါကြောင့်. . .

ပိုးကလည်းလေ. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၂)

မိမိရင်မှ နှလုံးသားသည် တူးထားသော တွင်းထဲသို့ ပြုတ်ကျသွားပြီ ထင်လိုက်၏။

ကိုပြည့်ဝန်းကိုယ်တိုင် မြှုပ်နှံထားသော ရတနာသေတ္တာ မရှိတော့။

မှား၍ တူးမိစရာလည်း မရှိ။ သည်နေရာမှ သည်နေရာ စစ်စစ်။

"ကြည့်စမ်း၊ သေတ္တာပေါ်မှာ ငါကိုယ်တိုင် အုပ်ထားခဲ့တဲ့ ပလတ်စတစ်အပြာပွင့်လေးက ဒီအတိုင်းပဲ"

"သွားပြီ. . . ပါသွားပြီ"

"သိန်းပေါင်းစွာတန်တဲ့ ပိုးရဲ့ ရတနာသေတ္တာလေးတော့ တစ်ယောက်ယောက် ခိုးသွားပြီ"

"တစ်ယောက်ယောက် ခိုးသွားပြီ"

"အဲဒီတစ်ယောက်ယောက်ဟာ. . ."

တစ်ကိုယ်လုံး ချွေးများနစ်ကျလာ၏။ အလွန်ကြောက်ရွံ့ဖွယ် ခံစားမှုမျိုးကို ခံစားရသည့်အခါ ဖြစ်လေ့ရှိသော ဇောချွေးများ ကိုပြည့်ဝန်း၏ တစ်ကိုယ်လုံး နစ်နေပြီ။



တွင်းနှုတ်ခမ်းမှ ဒူးထောက်ရင်း ရှေ့တည့်တည့်ကို ကြည့်လိုက်တော့ သူတို့တိုက်မှ ဒေါ်နွဲ့နွဲ့စိုး၏ အိပ်ခန်းပြတင်းတံခါး ဖွင့်နေသည်။

ကိုပြည့်ဝန်းက ဂေါ်ပြားကို ကြမ်းတမ်းစွာ လွှင့်ပစ်လိုက်ပြီး သူ့တိုက်ရှိရာသို့ အားကုန်ပြေး၏။

"ဟဲ့. . . ဟဲ့ ဘာဖြစ်တာလဲ"

"မေ. . . မေမေ. . . မေ"

"အမယ်လေး အမောဆို့ပြီး လဲသေသွားတော့မယ့်အတိုင်းပဲ ဘာဖြစ်လာတာလဲ ဒါက. . ."

"ဘာဖြစ်ရမလဲ. . . ဘာဖြစ်ရမလဲ မေမေရဲ့၊ ရတနာ. . . ရတနာသေတ္တာ ဘယ်မှာလဲ"

"ဘာလဲ ရတနာသေတ္တာ ဆိုတာ"

"ပိုးရဲ့ ရတနာသေတ္တာ ကျွန်တော်ကိုယ်တိုင် မြှုပ်ထားခဲ့တာ"

"ဟုတ်လား. . . ဘယ်တုန်းကလဲ"

"ဒီမှာ မေမေ"

"ဘာလဲ သား"

"အဲဒါ မေမေကလွဲလို့ ဘယ်သူမှ မယူနိုင်ဘူး၊ အဲဒီသေတ္တာ အခု ပြန်ပေးပါ မေမေ"

"အမယ်လေး. . . ဘုရားရေ စွပ်စွပ်စွဲစွဲတော်"

"အဲဒါ ကျွန်တော့်အသက်နဲ့ လဲချင်လဲပါရစေ၊ ပြန်ရမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို. . . အဲဒါ ငါနဲ့ဘာဆိုင်လဲ"

"ဒီနေရာမှာ မြှုပ်ထားတာ မေမေကလွဲလို့ ဘယ်သူမှ မမြင်နိုင်ဘူး၊ မသိနိုင်ဘူး"

"ဒုက္ခပါပဲကွယ်"

"မေမေပဲ ယူမယ့်သူ ရှိတယ်၊ အဲဒါ အခုချက်ချင်း ပြန်ပေးပါ"

"ဖြန်း"

ကိုပြည့်ဝန်း စကားဆုံးသည်နှင့် ဒေါ်နွဲ့နွဲ့စိုးက ပါးကို တအားလှမ်းရိုက်ပစ်လိုက်သည်။

"မအေကိုများ သူခိုးမလို့ မင်းမို့ စွပ်စွဲရက်တယ်၊ ရှာကြည့် တစ်အိမ်လုံး ရှာကြည့်၊ တွေ့ရင် ငါ့ကို လာသတ်လှည့်"

ဒေါ်နွဲ့နွဲ့စိုးကလည်း အသားများ ဆတ်ဆတ်တုန်ကာ မျက်နှာနှင့် နားရွက်များ နီမြန်းနေသည်။

ဤနေရာနှင့် အနီးစပ်ဆုံးသူမှာ သူကလွဲလျှင် သူ့မိခင်သာ ဖြစ်သည်။ သူနဲ့ ပိုးတို့နှစ်ယောက် ဒီနေရာမှာ ထိုင်ကြ၊ တွင်းတူးကြ မြှုပ်ကြသည်ကို မြင်နိုင် သိနိုင်သူမှာ သူ့မိခင်ကလွဲ၍ မရှိနိုင်ဟု ယူဆကာ တပ်အပ်စွပ်စွဲမိခဲ့သည်။

"အဲဒီနေရာနားကို ဟိုသားအဖလည်း ငါတို့လစ်တာနဲ့ လာတာပဲ"

"ဘယ်သားအဖလဲ"

"ဘယ်သူရှိရမှာလဲ၊ ရွှေမောင်ဝင့်နဲ့ သူ့သားပေါ့"

ကိုပြည့်ဝန်း၏ ကိုယ်မှာ ချွေးစေးများ စီးကျလာခဲ့သည်။ နှလုံးခုန်နေသည်မှာလည်း ကွဲထွက်တော့မတတ်။



"ဒါဖြင့် မေမေ တကယ်မယူဘူးပေါ့ ဟုတ်လား"

"မင်း မယုံရင် တစ်အိမ်လုံးရှာ၊ တွေ့ရင် ငါ့ကို သတ်ပစ်လို့ ပြောပြီးပြီပဲ၊ မင်းတို့ ဒီနေရာမှာ ဒီပစ္စည်းတွေ မြှုပ်ထားတယ်ဆိုတာ မင်း အခုပြောမှပဲ ငါ စ,ကြားဖူးတာ"

"ဒါ တကယ်ပဲပေါ့နော်"

"ယောက္ခမတွေ၊ မတ်တွေက စွပ်စွဲရင် ခံသာပါသေးတယ် သားရယ်၊ အခုတော့ မေမေ့သားကိုယ်တိုင်က သူခိုးမလို့ စွပ်စွဲခံရတာ မေမေ ဝမ်းနည်းလှချည်ရဲ့ သားကြီးပြည့်ရယ်"

ဒေါ်နွဲ့နွဲ့စိုးက ပြောပြီး ရှိုက်ငိုပြန်တော့လည်း ကိုပြည့်ဝန်း စိတ်မကောင်းနိုင်တော့ပါ။

"မငိုပါနဲ့ မေမေရာ"

သည်မျှသာ နှစ်သိမ့်နိုင်၏။ မယူလည်း ပြီးရောပေါ့ဆိုသော စကားမျိုး မပြောနိုင်ခဲ့။ မေမေ မယူရုံနှင့် မပြီး။ ဘယ်သူ ယူသလဲဆိုသည့်ကိစ္စက အရေးကြီးလှသည်။

"မေမေ မယူဘူးဆိုရင် ဘယ်သူ ယူမလဲ၊ ဘယ်သူ ဖြစ်နိုင် သလဲဟင် မေမေ၊ မတွေ့လို့ မဖြစ်ဘူး၊ မရလို့ မဖြစ်ဘူး၊ အဲဒီသေတ္တာ ကို သားအသက်နဲ့ လဲရမယ်ဆိုလည်း လဲယူရလိမ့်မယ်"

ရူးတော့မတတ် ချောက်ချားနေရှာသော ကိုပြည့်ဝန်းကို ကြည့်ပြီး ဒေါ်နွဲ့နွဲ့စိုး ငိုချင်လာသည်။ မိခင်စိတ်နှင့် သားကို ကြင်နာငဲ့ ညှာစွာ ကြည့်နေပြီး ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။ အိပ်ခန်း ထဲသို့ ပြေးဝင်သွားပြီး မကြာမီမှာ ပြန်ထွက်ပြေးလာပြန်သည်။ ပြေးသွားစဉ်က မျက်နှာနှင့် မတူတော့။ အတွေးသစ်တစ်ခု ရခဲ့ဟန်ဖြင့် မျက်နှာ ဝင်းတက်ကြွလာစွာ. . .

www.burmeseclassic.com

www.burmeseclassic.com



"မေမေ တွေးမိပြီ သားရေ"

"ဟင်. . . ဘာလဲ"

"ပြီးခဲ့တဲ့ အင်္ဂါနေ့က မေမေကလည်း အပြင်က ပြန်အလာ၊ ရွှေမောင်ဝင့်ကလည်း သဲတွေ မြေကြီးတွေ ပေပြီး နောက်ဘက်က တက်လာတယ်၊ သူ့သား မြတ်သူမောင်က မွေ့ရေခွံ လက်ဆွဲအိတ်ငယ်လေးကိုဆွဲပြီး ဟိုဘက်ကို ကွေ့ပြန်သွားတယ်၊ အဲဒီအိတ်က အတော်လေးပုံရတယ်၊ အထဲမှာ သံသေတ္တာအငယ်စားလေးကို မြင်လိုက်သလိုပဲ"

"ဟာ. . ဟုတ်တယ်. . ဟုတ်တယ် မေမေ၊ ကြေးသေတ္တာ ခပ်သေးသေးလေး"

"အေး. . . ဒါဖြင့် သူတို့သားအဖ တူးယူသွားကြပြီ"

"ဖြစ်နိုင်တယ်၊ သား တွင်းစ,တူးတုန်းက မြတ်သူမောင်တသူတင်းနှစ်ဘောလုံး ဒီဘက်ရောက်လို့ လာကောက်တယ်ဆိုပြီး ရောက်လာဖူးတယ်"

"ဟုတ်ပါပြီ၊ သေချာပါပြီ၊ သင်းတို့သားအဖ လက်ချက်ပါ"

"ကဲ. . . ဒီကိစ္စ အခုပဲ သွားရှင်းမယ်"

ကိုပြည့်ဝန်းက လေလို လျင်သောအဟုန်ဖြင့် အိမ်ပေါ်တဆင်းသွားစဉ် ဒေါ်နွဲ့နွဲ့စိုးက အတင်းလိုက်ဆွဲရင်း. . .

"ဟဲ့. . . နေစမ်းပါဦး သားရယ်၊ စဉ်းစဉ်းစားစားလည်း လုပ်စမ်းပါ၊ သားက ခုလို ဒေါသနဲ့သွားပြီး ဦးဦး ယူထားတဲ့သေတ္တာ ပြန်ပေးဆိုရင် အေးကွာ. . . ရော့ ဆိုပြီး လွယ်လွယ်ကူကူ ပြန်ပေးမယ်တဲ့လား သားရဲ့"



"ဟင်. . . ဒီလိုဆို ကျွန်တော် ဘာလုပ်ရမှာလဲ"

"အခြေအနေကိုကြည့်ပြီး အပိုင်လုပ်မှ ဖြစ်မှာပေါ့"

"ရဲစခန်းတိုင်ပြီး ရဲနဲ့ ရှာရင်ရော"

"ပိုင်ပြီဆိုရင်တော့ တိုင်ပြီးလုပ်ရမှာပဲ၊ ခုနေ တိုင်လို့ကတော့ အခြေအနေတွေ ရှုပ်ထွေးလာတာပဲ အဖတ်တင်မယ်၊ ရွှေမောင်ဝင့်က ဒီသေတ္တာကို လုံခြုံတဲ့နေရာမှာ သိမ်းလိုက်ပြီးရောပေါ့ကွယ်"

"အင်း. . . ဒါလည်း ဟုတ်တာပဲ၊ ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ မေမေ၊ ကျွန်တော် ရူးလိမ့်မယ်"

"ပိုးနဲ့ တိုင်ပင်ရင် မကောင်းဘူးလား"

"မကောင်းဘူး မေမေ၊ သူ မသိစေချင်ဘူး၊ ကျွန်တော်လည်း ပြောလို့မထွက်ဘူး၊ ကျွန်တော့်ကို ယုံကြည်ရှာလွန်းလို့. . ."

ကိုပြည့်ဝန်းက ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဒေါ်နွဲ့နွဲ့စိုးက သား၏ ကုလားထိုင်ဘေးမှာ ကပ်ထိုင်ပြီး. . .

"သိပ်လည်း စိတ်မဆင်းရဲပါနဲ့ သားရယ်၊ အမှန်တရားဟာ တစ်နေ့ ပေါ်လာမှာပါ၊ အဲဒါ ပိုး ပိုင်တဲ့ပစ္စည်းတွေလား"

"ဟုတ်တယ်၊ မေမေကြီးက သူ့ကိုယ်သူ သေမယ်ထင်ပြီး ပိုးကို တိတ်တိတ်ပေးခဲ့တဲ့ စိန်တွေ ရွှေတွေ"

"အခု သားက ဘာလို့ပြန်ဖော်တာလဲ"

"အဘွားကြီးက နေကောင်းသွားပြီလေ၊ ပြီးတော့ ဟိုကောင်နဲ့ စေ့စပ်ရင် တရားဝင် ပေးအပ်ဖို့တဲ့"

"အဲဒီစေ့စပ်ပွဲ မဖြစ်ပါဘူး သားရယ်၊ ကြည့်နေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သား စိတ်ချ၊ ပိုးဟာ မောင်စွမ်းထက်ကို မယူပါဘူး။ မောင်စွမ်းထက်မှ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှလည်း ယူမှာမဟုတ်ဘူး"

"ဘာ. . . ဘာ. . . ဖြစ်လို့လဲ မေမေ"

"ပိုးဟာ သားကို သိပ်ချစ်နေပြီ"

"ဟာဗျာ. . . မဟုတ်သေးပါဘူး"

"သိပ်ဟုတ်တာပေါ့ သားရယ်၊ မေမေ သိတာပေါ့၊ ငါ့သား ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် သားဘက်က ပိုး ရပ်မှာပဲ၊ စိတ်ချ၊ ကဲ. . . မေမေ မေးမယ်၊ သား ပိုးကို ဘယ်လောက်ချစ်လဲ"

"ကျွန်တော့်အသက်ထက် ပိုချစ်တယ်၊ အဲဒီလို ပြောနိုင်တာထက်လည်း ပိုချစ်တယ်"

"အေး. . . ပိုးကလည်း သားချစ်တဲ့အတိုင်း သားကို ချစ်နေပါတယ်"

မိခင်ကို စိုက်ကြည့်နေသော်လည်း မြင်ဟန်မတူ၊ ကြောင်ကြောင်ငေးငေးကြီးနှင့်. . .

"ဒါကြောင့် ပိုးပိုင်တဲ့ ပစ္စည်းဟာ သားပိုင်တဲ့ ပစ္စည်းလို့ပဲ သဘောထားပြီး စိတ်အေးအေးနဲ့ ရှာဖွေဖော်ထုတ်ပါ၊ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်၊ ဒီပစ္စည်းတွေကို ရွှေမောင်ဝင့် ယူသွားစေဦး ပိုးအတွက် အများကြီးမှ အများကြီး ကျန်ပါသေးတယ်"

"ကျွန်တော် အဲဒါတွေမက်လို့ ပိုးကို ချစ်တာမှ မဟုတ်တာ မေမေရဲ့"

"မေမေ သိပါတယ်၊ ပစ္စည်းပျောက်တာကို အလောတကြီး



လုပ်လိုက်ရင် မှားသွားမှာစိုးလို့ပါ၊ သားအတွက် အရေးအကြီးဆုံး လုပ်ရမှာက ပိုးကို ပိုင်ဆိုင်ဖို့ပဲ"

"ဟင်"

"ဟိုကောင့်လက်ထဲ မပါခင် သား ပိုးကို ရအောင်ယူပါ သားရယ်၊ ပိုးလေးခမျာလည်း သားနဲ့ ဝေးရရင် မသေရုံ ခံစားရမှာပါ"

"အဲဒါက ခဏထားပါဦး၊ အခု ပစ္စည်းပျောက်တဲ့ ကိစ္စကို ကျွန်တော် ဘယ်လိုလုပ်ရမှာလဲ"

ဒေါ်နှံ့နှံ့စိုးက ချင့်ချိန်စဉ်းစားဟန်ဖြင့် အောက်နှုတ်ခမ်းကို တိုက်ထားလိုက်ပြီးမှ. . .

"သားက ပိုးကို အသိမပေးချင်သေးဘူး ဆိုပါတော့"

"ဟုတ်တယ်"

"ဒါဖြင့် ဒီလိုလုပ်"

"အင်း"

"နောက်ဖေးက မြေတွင်းကို မြေပြန်ဖို့ပြီး လက်ရာမပျက် ဖြန်ထားခဲ့ပြီးတော့ သားက မေမေနဲ့ လိုက်ခဲ့"

"ဘယ်ကိုလဲ"

"မေမေ ခရီးသွားစရာလေးတစ်ခုရှိလို့ သွားရင်းနဲ့ မြို့ထဲမှာ မေမေ့မိတ်ဆွေ ရဲမှူးတစ်ယောက် ရှိတယ်၊ တရားဝင် အမှုဖွင့်တာ ထုတ်သေးဘဲ ဒီကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ သွားပြီးတိုင် ပင်ရအောင်၊ မေမေတို့ထက်ပိုပြီး သူက စဉ်းစားတတ်မှာပါ"

"ကျွန်တော်တော့ ခေါင်းတွေ သိပ်ပူနေပြီ မေမေ ကြာရင် [illegible]ဘတ်တွေ အရည်ပျော်ပြီး ရူးဖို့ပဲ ရှိတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ရှုးရမှာလဲ သားရယ်၊ ယောက်ျားပဲ၊ ကဲ. . . လာ၊ မြေပြန်ဖို့ရအောင်၊ ပြီးတော့ ရွှေမောင်ဝင့်အခြေအနေကို မေမေကိုယ်တိုင် သွားအကဲခတ်ကြည့်ပါဦးမယ်"

ဒေါ်နွဲ့နွဲ့စိုးသည် သူ့သားကြီးပြည့်၏ ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်လျက်. . .

"မေမေ ကူညီပါ့မယ် သားကြီးပြည့်ရာ၊ စိတ်အေးအေးထား. . . စိတ်အေးအေးထား သား"

◆ ◆ ◆

## အခန်း(၃၃)

ကိုကို့ကို သွားခေါ်ခိုင်းလိုက်သော မညို ပြန်ရောက်လာပြီး. . .

"အစ်ကိုပြည့်က မှာလိုက်တယ်၊ အန်တီနွဲ့ မြို့ထဲသွားမှ သူလာခဲ့ပါ့မယ်တဲ့"

"ဟာ. . . တယ်ခက်တဲ့ ကိုကိုပဲ၊ စွမ်း မလာခင် သူ့ကို တွေ့ချင်လို့ တမင်ခေါ်ခိုင်းကာမှ. . ."

မညို၏ရှေ့မှာ ညည်းမိတော့ မညိုက ပြန်ထွက်မသွားသေးဘဲ ရပ်နေလျက်က. . .

"အစ်ကိုပြည့် ကြည့်ရတာ တစ်ကိုယ်လုံးလည်း မြေကြီးတွေပေလို့၊ မျက်နှာကလည်း ငိုထားသလိုပဲ၊ သနားပါတယ်"

"အန်တီနွဲ့နဲ့ အဆင်မပြေလို့ ဖြစ်မှာပေါ့။ ကဲ. . . သွားသွား၊ ကျေးဇူးပဲ မညို"

မညို ထွက်သွားတော့မှ ပိုးလည်း သက်ပြင်းမောကြီးကို ချစ်လိုက်သည်။

"ပိုး သိပါပြီ ကိုကိုရာ၊ ဟိုသေတ္တာ ကိုကို တူးပြီးလို့ ပေရေနေတာ ဖြစ်မှာပါ။ ဘယ်လောက်ပဲ ပေပေတူးတူး ပိုးဆီကို တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တည်း လိုက်လာခဲ့ရောပေါ့ ကိုကိုရယ်၊ တော်ကြာ စွမ်းက လာတော့မှာ"

"စောစောက စွမ်း ဖုန်းဆက်သည်။ သူ လာခဲ့ပါရစေတဲ့၊ မေမေကြီးအတွက် သူ့မာမီက ငါးပေါင်း ပို့ခိုင်းလို့တဲ့"

"မေမေကြီး ထမင်းစားပြီးသွားပြီမို့ ညစာမှ စားရမှာ၊ ပိုး လည်း ရေမချိုးရသေးလို့ နောက်တစ်နာရီလောက်မှ လာပါလို့ စွမ်းကို တားပြီး ကိုကို့ကို အရင်ခေါ်ခိုင်းကာမှ ဟောဒီ ကိုကိုကလေ"

ကိုကို့ရှေ့မှာ ရှိနေသလို ပိုးက နှုတ်ခမ်းကိုစူ၍ မျက်နှာကို ပုပ်ပစ်လိုက်သည်။

ပိုး စိတ်ကောက်လေတိုင်း ကိုကိုက လျှောင်ပြောင်တတ်သည်။ ပို၍ကောက်ပြလိုက်တော့လည်း နည်းမျိုးစုံနှင့် ချော့တတ်လေသော ကိုကို။

ပိုးသည် ဘယ်သောအခါကမှ ကိုကို့အတွက် မဖြစ်ဖူးခဲ့။

ကိုကိုသည်သာ ပိုးအတွက် ထာဝရ ဖြစ်ပေးခဲ့သူပါ။

ပိုး ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ၊ တတ်စွမ်းသမျှ ပို၍ ဝီရိယ စိုက်ထုတ်ကာ ပိုးအတွက် ဆောင်ရွက်ပေးနေကျ။

ကိုကိုသည် ညီမလေးအရင်းဟု ထင်ဆဲကာလက ချစ်ခဲ့ရသော မေတ္တာနှင့် ထားခဲ့ရသော သံယောဇဉ်များမှာ သူ့ရင်ထဲ၌ ကုန်ခမ်းသွားလိမ့်မည် မဟုတ်ပါ။

ယခုလို အဖြစ်မှန်ကို သိပြီးချိန်ကျပြန်တော့လည်း အချစ်သစ်တစ်မျိုး သူ့နှလုံးအိမ်အတွင်းမှာထပ်၍ တိုးလာခဲ့သည်ဟု ပိုး သိနေပါ၏။



အကယ်၍. . .

ကိုကိုသည် ပိုး၏အစ်ကိုရင်းလည်း ဖြစ်မည်၊ ကိုစွမ်းထက်နှင့် ကိစ္စကိုလည်း မကန့်ကွက်ပါဟု ဆိုခဲ့လျှင် ပိုးအနေနှင့် ကိုစွမ်းထက်ကို ငြင်းဖြစ်လိမ့်မည် မထင်ပါ။

ယခုတော့. . .

ပိုးအတွက် နင့်နင့်နဲနဲကြီး ခံစားနေရရှာသော ကိုကို့ကို ပိုး ဘယ်လိုလုပ်ပြီး ထားရက်ခဲ့ပါ့မလဲလေ။

အသက်ငယ်သေးသော ပိုးသည် ကိုကို့ကို ချစ်သည်။ သနားသည်။ ကိုကို့ကို မစွန့်လွှတ်နိုင်။ ကိုကို့ဆန္ဒကို ဖြည့်ဆည်းပေးချင်သည်ဆိုသော စိတ်တို့သည်သာ သူ့အာရုံမှာ ပြည့်ဝနေသည်။

မေမေကြီး၏ဆန္ဒ ဆိုသည်များကို ဘာမှမတွေးချင်၍ တွေးလည်းမတွေး၊ စဉ်းလည်း စဉ်းစားမနေတော့ပါ။

"ကိုကိုရယ်. . ."

"ကိုကို ခံစားနေရတာတွေကို ပိုး သိပါတယ်၊ နားလည်ပါတယ်"

"ပိုးရဲ့ တစ်ဘဝလုံးကို ပြန်ကြည့်မယ်ဆိုရင်လည်း ကိုကိုသည်သာ ပိုးရဲ့ ဖန်ဆင်းရှင်ပါ"

"ပိုးကို အချိန်ပြည့် မေတ္တာပေးဝေနေသူဟာလည်း ဒီလောကမှာ ကိုကိုတစ်ယောက်တည်းပါ"

ထာဝရ အားငယ်ခြင်း၊ ရွံ့ထိတ်ခြင်း၊ ဦးရွှေမောင်ဝင်ကို ကြောက်ရခြင်းဆိုသော စိတ်မချမ်းမြေ့မှုများဖြင့် ကြီးပြင်းလာခဲ့ရသော ပိုး၏ဘဝအတွင်းသို့ ကိုကို ရောက်ရှိလာသည့်နေ့မှစ၍

www.burmeseclassic.com

www.burmeseclassic.com



'ပျော်ရွှင်ကြည်နူးရခြင်း' ဆိုသော ရတနာကို ပိုင်ဆိုင်ခွင့် ရရှိခဲ့သော ပိုး။

အမိမဲ့သော ပိုးမှာ ဖခင်၏မေတ္တာကိုလည်း ခေတ္တမျှသာ ခံယူခွင့် ရရှိခဲ့ပြီး ဖခင်ကြီးကလည်း သူ့မျက်စိရှေ့မှာပင် သေဆုံးခဲ့ပြန်သည်။

ဤမြင်ကွင်းကို မကြာခဏ ပိုး မြင်နေပြီး ချောက်အိပ်မက်များ မက်ခဲ့ရသည်မှာလည်း မကြာခဏ။

ဤသို့သော ပိုး၏ စိတ်ပင်ပန်းခဲ့ရမှုများကို အကြင်နာများဖြင့် အစားထိုး လဲလှယ်ပေးခဲ့သူမှာလည်း ကိုကိုသာပါ။

ဒါကြောင့် ကိုကိုရယ် ပိုး ဆုံးဖြတ်လိုက်ပါပြီ။

"ပိုးလေ ကိုစွမ်းထက်နဲ့ စေ့စပ်ဖို့ကိစ္စ ငြင်းဆိုလိုက်တော့မယ်၊ ဖျက်သိမ်းလိုက်တော့မယ် သိလား"

"ပြီးတော့ ကိုကိုဟာ ပိုးရဲ့ အစ်ကိုအရင်း မဟုတ်ပါဘူး ဆိုတာကိုလည်း အားလုံးကို ပြောလိုက်တော့မယ်"

"နောက်ပြီးတော့လေ ကိုကိုဟာ ပိုးရဲ့ချစ်သူပါ ဆိုတာလည်း အားလုံးကို ကြေညာပစ်လိုက်မယ်"

"အဲဒီကြေညာချက်ကို ပထမဆုံး နားဆင်သင့်သူဟာ ကိုကို ကလွဲလို့ ဘယ်သူရှိဦးမှာလဲရှင်"

"ကိုကို ပိုးဆီ လာခဲ့တော့ကွယ်"

ကိုကို့ရင်ခွင်မှာကပ်ပြီး ပိုး တိုးတိုးလေး ပြောလိုက်တော့မယ်။

"ပိုးလေ ကိုကို ပိုးကို ချစ်နေသလိုမျိုး အချစ်တွေနဲ့ ထပ်တူညီစွာ သိပ်ချစ်တာပဲ ကိုကိုရယ်. . . လို့"

◆



ပိုး ကိုကို့ကို မျှော်နေချိန်မှာ မြတ်သူမောင်တို့ သားအဖ ဘာတွေအလုပ်ရှုပ်နေကြသလဲ မသိပါ။ ပျာယာခတ်နေကြသည်။

အိမ်ရှေ့ထွက်ကြည့်လိုက်. . .

ပြန်ဝင်လာပြီး ဖုန်းဆက်လိုက်. . .

ခြံထဲ ပြန်ဆင်းလိုက်. . .

ပြီးတော့ ခြံဝင်းတံခါး ပြန်ပိတ်လိုက်နှင့် အလုပ်တွေ ရှုပ်ယှက်ခတ်နေကြသည်။

"ကိုကိုကလည်း ခေါ်ခိုင်းတာတောင် မလာဘူး၊ ဘာတွေများ ဒီလောက်အလုပ်ရှုပ်နေရတာလဲ၊ ခါတိုင်း ပိုး ခေါ်ရင် ပြေးလာတဲ့ ကိုကိုပါ"

စောစောက ကိုစွမ်းထက် မလာခင် ကိုကို့ကို လာစေချင်သည်။

ယခုတော့ ဦးဦးတို့သားအဖကို အကဲခတ်ဖို့အတွက်ပါ ပိုပြီးလာစေချင်သည်။

"ဟော. . တား. . ကား. . ကား ထွက်လာပြီ ဖေဖေရေ"

မြတ်သူမောင်က တအားလှမ်းအော်လိုက်တော့ ဦးရွှေမောင်ဝင့်က အပေါ်ထပ်မှ ပြေးဆင်းလာသည်။ သူ့လက်မှာ မှန်ပြောင်းကြီးကိုင်လျက် အပေါ်မှာ ချထားခဲ့ဖို့ပင် သတိရဟန် မတူ။

သူတို့သားအဖ ဦးတည်ရာအရပ်သို့ ပိုး လှမ်းကြည့်လိုက်တော့. . .

ဇကွဲနံပါတ် မယ်ဇလီယာကားပြာတစ်စီး ကိုကိုတို့အိမ်ရှေ့မှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တားနောက်ခန်းမှာ ဒေါ်နွဲ့နွဲ့ဖိုး၊ တားရှေ့ခန်းမှာ မောင်းသူနှင့် ကိုကိုတို့ ထိုင်လျက်. . .

ဝိတ်ထားသောခြံ၏ သံတံခါးကြီး ရှိရာသို့ မရောက်မီ ဦးဦးတို့သားအဖ ကားဆီသို့ ပြေးလိုက်၍ မီသွားခဲ့သည်။

ကားထဲသို့ ငုံ့ကြည့်ပြီး ဦးရွှေမောင်ဝင့်တို့ ဘာပြောနေကြသည် မသိ။

ခဏအတွင်းမှာပင် ဦးရွှေမောင်ဝင့်၏ ဒေါသသံကျယ်ကြီးကို ပိုး အတိုင်းသား ကြားရတော့သည်။

"ဟေ့. . ပရိုက်ဗိတ်တက်(က်)စီဒရိုင်ဘာ၊ မင်းပါ ဒုက္ခမရောက်ချင်ရင် ပြန်မောင်းခဲ့စမ်း"

မြတ်သူမောင်ကလည်း. . .

"ရှေ့ဆက်မောင်းလို့လည်း ခင်ဗျား ထွက်သွားလို့မှ မရတာ၊ သံတံခါးသော့က တိုက်ထဲမှာဗျ"

ဖယ်မလီယာကားမောင်းသူသည် ချက်ချင်းဆုံးဖြတ်ချက်ကို ချလိုက်သလိုပင် ကားကို ဂငယ်ကွေ့ ကွေ့ကာ ပိုးတို့နေထိုင်ရာ နှစ်ထပ်တိုက်ကြီး၏ ပေါ်တီကိုအောက်သို့ ရောက်လာခဲ့တော့သည်။

ဦးရွှေမောင်ဝင့်တို့ သားအဖတလည်း ပြန်ပြေးလိုက်ကြခဲ့မှာ. . .

"ကိုကိုတ ဘယ်သွားမှာလဲ၊ ပိုးခေါ်တာ ဘာလို့မလာတာလဲ"

"မေမေ့ကိစ္စနဲ့ အပြင်ခဏပါ။ အခု ဦးဦးတို့က ဘာလို့ပြန်ခေါ်တာလဲဟင်"

"ပိုး ဘယ်သိမလဲ"



ကိုကို့မျက်နှာသည် ညှိုးလွန်းလှချေ၏။

"ပိုး. . . ပိုးရယ်၊ အန်တီနွဲ့တို့ သွားပါရစေ၊ သွားဖို့ ပြောပေးပါ။ သိပ်အရေးကြီးနေလို့ပါ။ သွား. . . သွားပါရစေ၊ သွားပါရစေ"

ဒေါ်နွဲ့နွဲ့ဖိုးသည် အိပ်မက်မက်နေရာမှ ကယောင်ကတမ်း အော်ပြောနေသူတစ်ယောက်လို သူ့စကားသံများပင် မပီမသ။

မေ့လဲသွားတော့မလို မျက်နှာတစ်ခုလုံးလည်း ဖြူရော်လို့။

ကိုကိုကတော့ ပိုးကို ဆွေးမြည့်စွာ ကြည့်နေရှာသည်။

ပိုး၏ နှလုံးသားမှာ ဆုံးဖြတ်ချက် ချထားပြီးပြီဖြစ်ကြောင်း ကိုကိုမှ မသိရှာသေးဘဲလေ။

ပိုးနဲ့ ကိုကိုတို့အတွက် အလွန်အမင်း အရေးကြီးနေချိန်မျိုးမှာမှ ဘာတွေဖြစ်နေကြတာလဲ။

ပိုးက စိတ်မရှည်နိုင်သလို ကားနားအံ့ရပ်နေဆဲမှာ ဦးရွှေမောင်ဝင့်တို့သားအဖ သေပြေးရှင်ပြေး ပြေးလာပြီး. . .

"မနွဲ့တို့သားအမိ ကားပေါ်က ဆင်းကြစမ်း"

"အို"

"ဟေ့. . . ဒရိုင်ဘာ၊ မင်းလည်း ထွက်စမ်း"

ဦးရွှေမောင်ဝင့်က အရက်ရှိန်၊ ဒေါသရှိန်များနှင့် မျက်နှာတစ်ခုလုံး နီမြန်းနေသည်။

ကိုပြည့်ဝန်းနှင့် အငှားကားဒရိုင်ဘာက ကားပေါ်က ဆင်းလိုက်ကြဆဲမှာ. . .

"အို. . . ဘာလို့ဆင်းကြတာလဲ၊ ဘာဆိုင်လို့လဲ"

"ကားထဲမှာ ရှာစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ခင်ဗျားလည်း ဆင်းလေ မနွဲ့"

"သွားစရာအရေးကြီးလွန်းလို့ပါ၊ ရွှေမောင်ဝင့်နော်၊ ငါ့ကို မတရားမလုပ်နဲ့၊ ဟဲ့. . . တက်ကြ. . . ပြန်တက်ကြလေ"

ဒေါ်နွဲ့နွဲ့စိုး အသံကုန်ဟစ်နေစဉ်မှာ ဦးရွှေမောင်ဝင့်က ကားထဲမှ သော့အိမ်၌ တပ်ထားဆဲ ကားသော့ကို ဆွဲထုတ်လိုက်ပြီး ကားနောက်ဘက်သို့ ကွေ့သွား၍ သော့ခတ်ဖွင့်လိုက်သည်။

နောက်ခန်း မှန်တံခါးပွင့်လာသည်နှင့် နောက်ခန်းထဲမှ သေတ္တာနှစ်လုံးကို သားအဖနှစ်ယောက်က ဆွဲချကြသည်။

"ဘာလုပ်ကြတာလဲဟင်"

"ဘာဆိုင်လို့ ငါ့သေတ္တာကို ကိုင်ကြတာလဲဟဲ့"

တံခါးနှစ်ပေါက်ကားမို့ နောက်ခန်းမှ ထွက်မရသော ဒေါ်နွဲ့နွဲ့စိုး တအားအော်နေချိန်မှာ ဦးရွှေမောင်ဝင့်တို့က ခရီးဆောင်သားရေပျော့ အိတ်နှစ်လုံးမှ ဇစ်များကို ဆွဲဖွင့်နေကြ၏။

ပိုးမှာ ဘာတွေဖြစ်၍ ဘာတွေလုပ်နေကြသည်ကို နား မလည်နိုင်စွာဖြင့် တအံ့တသြ ကြည့်နေစဉ်မှာပင်. . .

"ဟော. . . တွေ့ပြီ၊ ဒီမှာတွေ့ပြီ ဖေဖေ"

မြတ်သူမောင်က သူဖွင့်သော အိတ်တွင်းမှ ထွက်လာသည့် ကြေးသေတ္တာလေးကို မြှောက်ပြပြီး အော်လိုက်သည်။

"ပိုး"

ဦးရွှေမောင်ဝင့်က အသံအက်အက်ကြီးဖြင့် လှမ်းခေါ်လိုက် ပြီး. . .



"ဒါ. . . ပိုး ဟိုရေတွင်းပျက်ဘေးမှာ မြှုပ်ထားတဲ့ ရတနာ သေတ္တာ မဟုတ်လား"

"ရှင်. . . ဟုတ်. . . ဟုတ်ပါတယ်၊ ဦး. . . အဲ. . အဲဒါ. . ဘယ်. . . ဘယ်က တွေ့တာလဲဟင်"

"ဘယ်ကတွေ့ရမလဲ၊ သူတို့သားအမိ တူးယူပြီး အခုပဲ ထွက်ပြေးကြတော့မလို့လေ"

"ဟာ"

"လက်မတင်ကလေး မိတာ၊ အခု ရဲတွေ ခေါ်ထားပြီ"

ပိုးသည် မြှောက်ထားသော လက်ကလေးကိုပင် ပြန်မချဖြစ်။ ဝိုင်းစက်ပြူးကျယ်သော မျက်လုံးများဖြင့် ကိုကို့ကို လန့်ထိတ်လွန်းစွာ လှမ်းကြည့်လိုက်မိသည်။

ကိုပြည့်ဝန်းက ပိုးကို မကြည့်။ သူ့မိခင်ရှိရာသို့ တိုးသွား ပြီး. . .

"မေမေ လုပ်ရက်လှချည်လားဗျာ"

နှလုံးကွဲသံတိုးတိုးကို ပိုး အသေအချာ ကြားလိုက်ရပါသည်။

"သား. . . သားရယ်၊ မေမေ့ကို ကယ်ပါ သားရဲ့"

ဒေါ်နွဲ့နွဲ့စိုး မျက်နှာကို လက်ဝါးနှင့်ပိတ်ပြီးအော်၍ ငိုပါလေ တော့သည်။

ကိုကို၏ ကိုယ်ခန္ဓာမှ သွေးများကို တမုဟုတ်ချင်း ထုတ်သွန် ယူလိုက်သည်သို့ပင် ကိုကို့နှုတ်ခမ်းနှင့် မျက်နှာတစ်ခုလုံး ဖွေးဖွေးဖြူသွားပြီး ရတနာသေတ္တာလေး ရွေ့လျားရာသို့ မျက်ဝန်းအစိုင်းသား နှင့်သာ လိုက်ကြည့်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးမှာလည်း. . .

တကယ့်ထိပ်တန်း လျှို့ဝှက်ကိစ္စကြီးကို ဦးရွှေမောင်ဝင့်တို့၏ ရှေ့မှာ ဘွားခနဲ ပေါ်ထွက်လာသဖြင့် ပိုး၏ ရင်နုနုလေး ပွင့်ကွဲထွက်သွားပြီ ထင်သည်။

နှလုံးသားသည် လှိုက်လှိုက်ခုန်လာ၏။

ပိုး မလှုပ်ရဲ။

လှုပ်လိုက်လျှင် တွင်းနက်ကြီးထဲ လိမ့်ကျသွားတော့မလိုလို ပိုး ကြောက်လှပါပြီ။

တစ်ကိုယ်လုံးမှာလည်း ဇောချွေးများပျံလာပြီး ရေလောင်းထားသလို ချွေးတို့ဖြင့် နစ်သွား၏။

ငယ်စဉ်က ထာဝရ ခံစားခဲ့ရဖူးသော 'အားငယ်ခြင်း' စိတ်တို့သည် ပိုးထံသို့ အင်အားကြီးစွာ ပြန်လည်ဝင်ရောက်လာခဲ့ပြီး. . .

"ဟဲ့. . . ဟဲ့. . . ဘာဖြစ်ကြတာလဲ"

ဒေါ်လှထယ် တိုက်ထဲမှ ခပ်သုတ်သုတ်ထွက်လာပြီး မေးလိုက်တော့ ဦးရွှေမောင်ဝင့်က ကြေးသေတ္တာငယ်ကို မြှောက်ပြပြီး. .

"ဒီမှာလေ. . . မေမေ့ရဲ့ ရတနာသေတ္တာ"

"မြတ်စွာဘုရား"

ဒေါ်လှထယ်က ရင်ဘတ်နှိပ်ရှုရှိုက် မပြီးသေး။ ပိုးဘက်သို့ လှည့်ပြီး. .

"မိုက်လှချည်လားဟင် မိပိုး"

ဒေါ်လှထယ်၏ ဒေါသသံက အဟုန်ပြင်းစွာ ပေါက်ကွဲထွက်လာသည်။



"ဟုတ်တယ် မေမေ၊ ပိုး မိုက်တယ်၊ မေမေက ပိုးကို တိတ်တိတ်ပေး၊ ပိုးကို ဟိုကောင်က အယုံသွင်းပြီး သေတ္တာကို ခိုးယူ. . ."

"မဟုတ်ဘူး. . . မဟုတ်ဘူး"

ကိုကို၏ တအားအော်သံကို ကြားရချိန်မှာ ပိုးက သံတံခါးကို ဆုပ်ကိုင်ထားလိုက်ရသည်။ ပိုး၏အမြင်တို့ ဝေဝါးလာခဲ့ပြီး. . .

"ဟုတ်တယ်. . . ဒီကောင် သေတ္တာကို မြှုပ်တယ်၊ ပြန်ဖော်တယ်၊ အခု သူတို့သားအမိနှစ်ယောက် ဒါကိုခိုးပြီး လစ်ပြေးကြတော့မလို့"

ဘာစကားမှ ချက်ချင်းမပြောနိုင်အောင် ဆွံ့အသလို ဖြစ်သွားသော ဒေါ်လှထယ်ကိုလည်း သူ့ဆရာမက ဖေးမထားရသည်။

"သူ. . . သူတို့ ဒီလိုလုပ်ရအောင် ငါ ကောင်းကောင်းမွန်မွန် ထားရက်နဲ့"

ဒေါ်လှထယ်သည်လည်း သူ့စကားလုံးများ ဆက်မိအောင် မနည်းအားယူ၍. . .

"ငါ့မြေး. . . ငါ့မြေးကြီး ပြည့်ဝန်းကိုယ်တိုင်က ခိုးတာ မဟုတ်လား"

"မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး"

"သား. . . သားကြီးရဲ့"

ကိုပြည့်ဝန်းနှင့် ဒေါ်နွဲ့နွဲ့စိုးတို့၏အသံက တစ်ဆက်တည်းလို ဟိန်းသွားကြသည်။

"မေမေ"

ဒေါ်လှထယ်က ဦးရွှေမောင်ဝင့်ကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ရောက်လာမည်ဆိုသော ကိုစွမ်းထက်တလည်း ခြံတံခါးထိပ်မှာ သူ့ကားကို ရပ်လိုက်သည်။ သူ့နောက်မှာ အပြာရောင် လဲန(ဒ်)ရိုဗာ ရဲကားတစ်စီးပါ ပါလာ၏။ ခြံစောင့်ကို သော့ပေး၍ ခြံတံခါးကို ဖွင့်ခိုင်းလိုက်သည်။ ကားနှစ်စီးလုံး ဝင်လာပြီးချိန်မှာ တံခါးကို ချက်ချင်းပြန်ပိတ်လိုက်သည်။

"အားလုံးရှေ့မှာ ကျွန်တော် ပြောမယ်၊ ဒီကောင် ပြည့်ဝန်းဟာ ဝင့်ထယ်ဂေဟာရဲ့ မျိုးဆက်သွေး မဟုတ်ဘူး၊ မေမေ့မြေး မဟုတ်ဘူး"

"အမယ်လေး ဘုရား. . . ဘုရား"

"ဒီကောင်ဟာ ကိုကို့ရဲ့ မယားပါသား၊ မနွဲ့ရဲ့သား၊ ကျွန်တော်တို့နဲ့ ဘာမှမတော်ဘူး"

ကိုပြည့်ဝန်း ခေါင်းငိုက်စိုက် ချထားလိုက်ရရှာသည်။ သူ ဘာမှမပြောသာ။ ပြောစရာစကားလည်း မရှိပြီ။

"ဒါကြောင့် ပိုးကိုလည်းရအောင်၊ ဒီပစ္စည်းတွေလည်းပိုင်အောင် ကြံနေကြတာ၊ ကျွန်တော်ကိုယ်တိုင် အားလုံးစုံစမ်းပြီးပြီ မေမေ၊ ဟော. . . ရဲမှူး ကြွပါခင်ဗျာ"

ရဲအရာရှိကို ဦးရွှေမောင်ဝင့်က ဖိတ်ခေါ်ကြိုဆိုလိုက်ချိန်မှာ စွမ်းက ပိုး၏အနားသို့ ပြေးတပ်လာသည်။

ပိုးတစ်ကိုယ်လုံး ဇောချွေးတို့ဖြင့်နစ်လျက် အေးစက်ပျော့နွဲ့နေသည်။

"အခုလို ကျွန်တော့်သားက ဖုန်းဆက်လိုက်တာနဲ့ အဆင်သင့်စောင့်နေပြီး အမြန်ရောက်လာတာကို ကျေးဇူးအထူးတင်ပါ



တယ်ခင်ဗျာ၊ ဟောဒီရတနာသေတ္တာကို ခိုးထုတ်သွားကြမယ့် ဒီသားအမိကို လက်ပူးလက်ကြပ်မိပါပြီ၊ သူတို့ကို ဖမ်းပြီး တရားဥပဒေအရ အရေးယူပေးဖို့ပါပဲ ခင်ဗျာ"

"သူက ဒေါ်နွဲ့နွဲ့ဖိုး မဟုတ်လား၊ ဦးရွှေမောင်ဝင့်က ခင်ဗျားကို စုံထောက်နေတာ ကြာလှပြီ၊ ခုမှ ခိုးရာပါပစ္စည်းနဲ့အတူ ဖမ်းရမှာ"

ရဲအရာရှိသည် ဒေါ်နွဲ့နွဲ့ဖိုးကို ပြောနေရာမှ နောက်ဘက်သို့ လှည့်လိုက်ပြီး. . .

"ဟော့. . . ကိုပြည့်ဝန်း ဆိုတဲ့ ကောင်ကိုလည်း လက်ထိပ်ခတ်လိုက်တော့လေကွာ"

ဆတ်ဆတ်တုန်နေသော ပိုး၏နှလုံးသားသည် ရင်ထဲမှ ပွင့်ကျသွားပြီထင်၏။ ငယ်စဉ်က ဖြစ်ဖူးသည်ထက် အဆပေါင်းများစွာ ရင်ထဲက အောင့်လာသည်။

သည်ပြဿနာအားလုံးအတွက် အမိကအကျဆုံး ပုဂ္ဂိုလ်သည် ပိုးပဲ မဟုတ်လား။

မျက်တောင်သုံးလေးချက် ခတ်လိုက်ပြီးမှ အားယူ၍ ပိုးကိုကို့တို့ ကြည့်လိုက်သည်။ လက်နှစ်ဘက်ပူးယှက်၍ ရှေ့သို့ ထုတ်ပေးနေခိုက် ရဲသားက လက်ထိပ်ခတ်နေ၏။

ကိုကို့မျက်နှာသည် သေဆုံးနှင့်ပြီးသား လူတစ်ယောက်ကဲ့သို့ ဖွေးဆုတ်ဖြူရော်နေသည်။ ကိုကို့မျက်ဝန်း၌ မျက်ရည်တို့ ဝေနေ၏။ ဤမျက်ဝန်းဖြင့် တောင်းပန်နေခြင်းလား၊ ကြောက်ရွံ့နေခြင်းလား၊ အရှက်ကြီး ရှက်နေခြင်းလား၊ ဒါမှမဟုတ် အားလုံးထို့ပြင်တူ ခံစားနေရခြင်းများလား။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"လက်ထိပ်"

"ဒေါ်နွဲ့နွဲ့စိုး"

"ရတနာ့သေတ္တာ"

"မေမေကြီး ဒေါ်လှထယ်"

"အားလုံးကို သိသွားပြီဖြစ်သော ဦးဦးရွှေမောင်ဝင့်တို့ သားအဖ"

သူ့အချစ်ကို ငြင်းဆန်တော့မည်ဟု ဆုံးဖြတ်ထားပြီးသူ့စွမ်း. . .

ရဲအရာရှိ. . . ရဲသားများ. . . ရဲကား. . .

အားလုံးသော အားလုံးသည် ပိုး၏ဝန်းကျင်မှာ ဝိုင်းလှည့်အော်ဟစ်ကာ ပိုးကို အပြုံးကြီးစွာ လက်ညှိုးထိုးကုန်ကြပြီ။

"အို. . . ပိုး ကြောက်တယ်"

"ပိုး ကြောက်တယ်"

"အားလုံးကို ပိုး ကြောက်လိုက်တာရှင်"

အေးစက်နွမ်းညှိုးနေသော ပိုး၏ ခန္ဓာကိုယ်လေးမှာ ရပ်နေရာမှ တဖြည်းဖြည်းချင်း ညွတ်ခွေပုံလဲကျသွားခဲ့ရပါပြီ။

ပိုး ဘာမှမသိတော့။

ပိုး၏ဝန်းကျင်အားလုံး မှောင်အတိ။

◆ ◆ ◆

## အခန်း(၃၄)

"သားရယ်၊ မိဘကို ကျေးဇူးဆပ်တာ တခြားနည်းနဲ့လည်း ဆပ်လို့ရပါတယ်၊ သားရဲ့ဘဝနဲ့ မရင်းပါနဲ့"

ဦးသက်မော်သည် သူ၏ချစ်လှစွာသော သားကြီး မောင်ပြည့်ဝန်းကို မကြည့်ရက် မမြင်ရက်နိုင်အောင် ရှိနေရပြီ။

"ကိုယ့်ဘဝနဲ့ရင်းပြီး လုပ်ပေးတယ်ဆိုတာ မိဘဘက်ကသာ ဖြစ်သင့်ပါတယ်၊ ဖေဖေ ကျွမ်းကျင်နိုင်ပြီး ပြောဝံ့ပါတယ်၊ သားကြီးဘဝနဲ့ ဖေဖေ့ဘဝ အခုနေ လဲပေးလို့ရရင် လဲပါတယ်"

ကိုပြည့်ဝန်းထံမှ ဘာစကားတစ်ခွန်းမှ ထွက်မလာ။ ထွင်းဖောက်မြင်နိုင်စွမ်းမရှိသော အုတ်ထရံချပ်ကြီးကိုသာ သူ ငေးကြည့်နေသည်။

"မန္တလေးဟာ အင်မတန်မှ အလိုဆန္ဒကြီးမားတဲ့မိန်းမ၊ ဘာကိုပဲဖြစ်ဖြစ် တပ်မက်တယ်၊ အခုလည်း သူဌေးကြီးအိမ်မှာ အမွေဆိုင်ချွေးမအဖြစ် အေးအေးဆေးဆေး နေသင့်ပါပြီ"

ဦးသက်မော်၏ရင်ထဲ၌ စကားများက မဆုံးသေး။ အားလုံးကို တစ်ဝက်နှင့် ရပ်ပစ်လိုက်ရသည်။ သားကို သူ့အမေအကြောင်း မပြောရက်၊ ပြော၍မထွက်နိုင်။

www.burmeseclassic.com



သဘော်သား သူရိန်ထွန်းနှင့် သူ၏တတိယဘဝကို ထူထောင်ရန် ရည်ရွယ်ပြီးခဲ့ပြီ။

ဘယ်တော့သေမှန်းမသိသော အဘွားကြီးထံမှ အမွေရရန် သူ မျှော်မနေချင်တော့။

သူချောင်းကြည့်နေရာမှ ပြည့်နှင့် ပိုးတို့နှစ်ယောက် မြှုပ်နှံထားကြသော ပစ္စည်းကို သူ တိတ်တိတ်တူးဖော်ကြည့်ခဲ့သည်။ မယုံနိုင်အောင် များပြားသော စိန်ရွှေများကို တွေ့သည်နှင့် ဒါလောက်ဝဲယူ၍ ဤဝင့်ထယ်ဂေဟာမှ အပြီးတိုင် ထွက်ခွာသွားရန် သူ ဆုံးဖြတ်လိုက်သည်။

သို့သော်လည်း သားကြီးပြည့်က ဦးနှင့်အောင် သိသွားခဲ့သဖြင့် သူ့အစီအစဉ်ပျက်မလို ဖြစ်သွားခဲ့ရသေးသည်။

နောက်တော့မှ ချိန်းပြီးသား အငှားတားဖြင့် ခရီးကို သွားဖြစ်အောင် သွားရမည်။ သားကို ထားခဲ့၍မဖြစ်။ 'ပြည့်' ကျန်နေလျှင် ရတနာသေတ္တာ မရှိတော့ကြောင်း ပိုး သိသွားပြီး ချက်ချင်းပြဿနာတက်လာနိုင်သည်။

ဤအတွက် သူငှားထားသော ဖယ်မလီယာကားနှင့် မောင်ပြည့်ဝန်းကိုပါ အတင်းခေါ်ခဲ့ရာမှ ရတနာသေတ္တာ ခိုးယူသူ သားအမိအဖြစ် အဖမ်းခံခဲ့ရခြင်း ဖြစ်တော့သည်။

ဒေါ်နွဲ့နွဲ့စိုးလည်း ယခု အချုပ်ထဲမှာပင်။

သူ၏ တတိယဘဝကိုစ,ရန် ရည်ရွယ်ထားသော သူရိန်ထွန်းသည်လည်း ဤသတင်းကြားသည့်နေ့မှစ၍. . .

"မန္တလေးသွားတယ်၊ ဘယ်မှာတည်းမှန်းလဲ မသိဘူး၊ ဘယ်



တော့ပြန်လာမယ်မှန်းလဲ မသိဘူး"

ဆိုသောအဖြေနှင့် သူ့ကို လုံးဝစွန့်လွှတ်သွားခဲ့ပြီဖြစ်ကြောင်း ဒေါ်နွဲ့နွဲ့စိုး သိခွင့်ရခဲ့ပါပြီ။ ဤအကြောင်းများ အားလုံးကိုလည်း ဦးသက်မော် သိပြီးခဲ့ပြီ။

"သား"

"သားကြီး မောင်ပြည့်ဝန်း"

ဦးသက်မော်က သား၏လက်ကို ဆုပ်ကိုင်၍ ခေါ်သော်လည်း ကိုပြည့်ဝန်းက နံရံသို့သာ ကြည့်နေဆဲ။ ခံစားမှုများအားလုံး ကင်းမဲ့နေလေပြီလား။

ကိုပြည့်ဝန်းကို ကြည့်ရသည်မှာ အဆုံးစွန်အထိ ခံစားပြီး၍ ခံစားမှုများအားလုံး ကင်းမဲ့နေလေပြီလား။

"သားအတွက် အကောင်းဆုံးရွှေနေ ဖေဖေ ငှားထားတယ်၊ ဒီအချုပ်ရက် ရမန်တစ်ပတ်ပြီးရင်လည်း သား အာမခံရဖို့အတွက် ဖေဖေ လိုက်ထားပါတယ် သား"

ကိုပြည့်ဝန်းက ဖြည်းလေးစွာ ခေါင်းကို ခါရမ်းလျက်. . .

"ကျွန်တော့်အတွက် ဘာမှလုပ်မပေးပါနဲ့"

"ဟာ. . . မဟုတ်တာဘဲ၊ သားကလည်း"

"ကျွန်တော့်အတွက် ဘာမှမလိုအပ်တော့ပါဘူး ဖေဖေ"

"ဟင်"

"ကျွန်တော်ဟာ လောကကြီးမှာ ဆက်လက်နေဖို့အောင် မလိုအပ်တော့ဘူး"

"ဟာ. . . မဟုတ်တာ၊ သားငယ်ငယ်လေး ရှိသေးတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ အားလျှော့ရမှာလဲ၊ ပြီးတော့ ဒီအပြစ်က သားကျူးလွန်တာမှ မဟုတ်တာ"

"ပိုး ယုံတော့မှာ မဟုတ်ဘူး"

"ရှင်းပြရမှာပေါ့ သားရဲ့၊ ပိုးကိုလည်း ရှင်းပြရမယ်၊ တရား ဥပဒေကိုလည်း အမှန်အတိုင်း ပြောပြရမှာပဲ"

ကိုပြည့်ဝန်း အားလျှော့စွာ ခေါင်းခါ၍ပြသည်။

"ပိုး ယုံတော့မှာ မဟုတ်ဘူး"

သူ ဒါပဲထပ်ပြော၏။

"မနွဲ့ကိုလည်း ဝန်ခံခိုင်းရမှာပေါ့၊ ဥပဒေကလည်း သားမှာ အပြစ်မရှိဘူးလို့ ဆုံးဖြတ်ပေးရင် ပိုး ဘာမယုံစရာရှိလဲ"

"မဟုတ်သေးဘူး ဖေဖေ"

"ဘာကိုလဲ သား"

"ဒီကိစ္စက သူနဲ့ ကျွန်တော် နှစ်ယောက်တည်းသိတာ၊ ပြီး တော့ ကျွန်တော် စီးထွက်မယ့်ကားထဲမှာ ဒီသေတ္တာ ပါလာတဲ့ အတွက် ပိုး ယုံတော့မှာ မဟုတ်ဘူး"

"သားရယ်"

ဦးသက်မော်က အနုပညာသမားပီပီ နူးညံ့ညင်သာလွန်း သော အသံဖြင့်. . .

"ပိုး ယုံတော့မှာ မဟုတ်ဘူးဆိုတဲ့ စွဲလန်းမှုကြီးကို သားရင် ထဲက ဖယ်ထုတ်လိုက်ပါ၊ ပိုးကလည်း သားကို သိပ်ချစ်တော့ သား ခံစားနေရသလို သူလည်း ခံစားနေရရှာပါတယ် သား"

"ဟင်. . . ဒါ. . . ဒါကို ဖေဖေ ဘယ်လိုလုပ်သိသလဲ"



"ဖေဖေ ဝင့်ထယ်ဂေဟာကို ရောက်ခဲ့ပြီးပါပြီ သား"

"ဟာ"

ကိုပြည့်ဝန်း၏ ကိုယ်ခန္ဓာထဲသို့ ယခုမှပင် လှုပ်ရှားနိုင်စွမ်း အားများ ဖြည့်ထည့်ပေးလိုက်သလို သူ သွက်လက်စွာ လှုပ်ရှားလာ သည်။

"ပိုး. . . ပိုး. . . နဲ့ တွေ့ခဲ့သလားဟင် ဖေဖေ"

ဦးသက်မော်က ခေါင်းညိတ်ပြလိုက်တော့. . .

"အို. . . ဖေဖေ ပိုးနဲ့ တွေ့ခဲ့တယ် ဟုတ်လား၊ ပိုး. . . ပိုး နေကောင်းရဲ့လားဟင် ဖေဖေ၊ ဟိုနေ့က ပိုး မေ့လဲသွားတယ်၊ ပိုး မေ့လဲကျသွားတယ် ဖေဖေရဲ့"

"အင်း. . . ခုတော့ နေကောင်းသွားပါပြီ"

"တကယ်လား ဖေဖေ"

"တကယ်ပါ။ ပိုးပဲ ဖေဖေ့ကို ထိုင်စကားပြောပြီး ဧည့်ခံခဲ့ တာပဲ"

"ဟုတ်လား။ ပိုးက ဖေဖေ့ကို ဘာတွေပြောလိုက်သလဲဟင်၊ ဖေဖေဟာ ကျွန်တော့်ရဲ့ဖေဖေ ဆိုတာရော ပိုး သိလား"

"ပြောပြရတာပေါ့။ ပိုး‹ ပြေပြေလည်လည်ပါပဲ၊ ဒေါ်လှ ထယ်နဲ့ ဦးရွှေမောင်ဝင့်ကလည်း မဆိုးပါဘူး၊ အပြစ်တကယ်မလုပ်ဘဲ နဲ့တော့ အပြစ်မရစေချင်ပါဘူးတဲ့၊ ဦးသက်မော်ရဲ့သားကိစ္စကို လိုအပ် သလို ဆောင်ရွက်နိုင်ပါတယ်တဲ့"

ပိုး နေကောင်းပါသည်ဆိုသော စကားလေးတစ်ခွန်းအတွက် ကိုပြည့်ဝန်း၏ နှလုံးသားရင်ပြင်တစ်ခုလုံး အေးမြချမ်းမြေ့သွားလိုက် ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အချိန်သိပ်မရတော့ဘူး၊ ဖေဖေ ပြန်မယ် သား"

"မေမေ့ကိုရော တွေ့ပြီးပြီလား"

"သူ့အတွက်တော့ မလိုအပ်တော့ဘူး ထင်ပါတယ်ကွယ်၊ ဖေဖေ့သားအတွက်ပဲ ဖေဖေ အစွမ်းကုန် ဆောင်ရွက်ပါရစေတော့လေ"

ဖခင်ကြီး ဦးသက်မော် ပြန်လည်ထွက်ခွာသွားပြီးသည်အထိ ကိုပြည့်ဝန်း နောက်ထပ် ဘာစကားမှ မပြောဖြစ်လိုက်တော့ပါ။

"ဖခင်"

အသက်နှင့်နီးပါးအမျှ တွေ့ခွင့်မရခဲ့သော ဖခင်သည် ယခုလို ပြန်လည်ဆုံဆည်းခွင့်ရချိန်မှာ ဖခင်၏မေတ္တာရည် အပြည့်နှင့် ထိုက်ထိုက်တန်တန် ကူညီပေးနေရှာသော ဦးသက်မော်။

မိခင် ဒေါ်နွဲ့နွဲ့မိုးသည်မူ မောင်ပြည့်ဝန်း၏ ဘဝကို ဖန်တီးလာခဲ့သူပါ။

သူ့ဟာသူ အိမ်ထောင်ဆက်များခြင်း၊ အကျင့်စာရိတ္တ ဖောက်ပြန်ခြင်းများ ရှိခဲ့သော်လည်း ကိုပြည့်ဝန်းအပေါ်မှာဖြင့် ထာဝရ မိခင်ကောင်းတစ်ယောက်ပါပဲ။

"သားကြီးပြည့်အတွက်

"သားကြီးပြည့်ဖို့"

ဆိုသော ဖြည့်ဆည်းမှုများက လိုလေသေးမရှိ။ အဝတ်အစား၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် တစ်သက်လုံး ဦးဆောင်ကာ စီစဉ်ပေးခဲ့သူက မေမေ။

အမှန်တရားဘက်က သူ ရပ်တည်လိုက်သည်နှင့် အဖြစ်



အလုံးစုံသည် မိခင်ကြီးအပေါ်သို့ ပုံရှုံကျရောက်လေတော့မည်။

ရာဇဝတ်ပြစ်ဒဏ်များကို သူခံယူလိုက်ခြင်းဖြင့် မိခင်၏ ကျေးဇူးတရားကို တုံ့ပြန်ပေးရကောင်းမလား။

အချစ်ရဆုံး ပိုးက ယုံကြည်စွာ အပ်နှံထားသော ပစ္စည်းများကို သူခိုးပါသည်ဟု ဝန်ခံလိုက်ခြင်းအားဖြင့် အချစ်ဆုံး၏ အမုန်းဆုံး အဖြစ်ကို ခံယူရမလား။

သူ့ရင်နှင့် မဆန့်သော အချစ်၊ သူ့အသက်ထက်ပိုသော မြတ်နိုးမှု၊ ဘယ်သူ့နှင့်မှ မယှဉ်နိုင်သော အတုမဲ့အကြင်နာတရားများ၊

နှလုံးသား၏ ခံစားမှု အလှတရားများကို တစ်စစီ ဖွဲ့ခြွေရုံတေ. . .

မိမိဘဝ၏ သစ္စာ၊ သိက္ခာ၊ ရိုးသားမှု စသည်အပေါင်းကို ချောင်း၍ မိခင်ကြီး၏ ကျေးဇူးကို ဆပ်ရမလား။

အချစ်ဆုံးပိုးအတွက်ပဲ အဖြစ်မှန်ကို ဖွင့်ပြောသင့်ပါသလား။

"ပိုးရယ်. . . ကိုကို ဘာလုပ်ရမလဲ"

"မေမေရေ ကျွန်တော် ဘယ်လိုဆုံးဖြတ်ရမလဲဗျာ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၅)

"ဆေးရုံတင်လိုက်ရင် ကောင်းမယ်"

"ဒေါက်တာရယ် ဖြစ်နိုင်ရင်တော့ အိမ်မှာပဲ ကုပါရစေ အန်တီကလည်း မသွားနိုင် မလာနိုင်၊ သူ့ကိုလည်း ဘယ်သူမှ စောင့် ရှောက်နိုင်တဲ့သူ မရှိလို့ပါ"

"ဒါတော့ အန်တီတို့ သဘောပါပဲ"

"စိုးရိမ်စရာများ ရှိသလား"

"အင်း. . သိပ်တော့ပြောလို့မရဘူး၊ သူ့ရဲ့ နှလုံးရောဂါ လည်း ရင့်နေပြီ၊ ပြီးတော့ အခုအချိန်မှာ သူ သိပ်စိတ်ထိခိုက် တယ်၊ ငယ်ငယ်ကတည်းက အားငယ်စိတ်ကလည်း ရှိခဲ့ ဒီပရက်ရှင်(Depression)ဆိုတဲ့ စိတ်ကျရောဂါ ပါဝင်နေတယ်"

"အို"

"အဲဒီအားငယ်စိတ်၊ ဝမ်းနည်းစိတ်ကြောင့် သူ့ရဲ့ ပင်ကိုယ် နှလုံးရောဂါဟာလည်း ပိုဆိုးလာနိုင်ပါတယ်၊ အကောင်းဆုံးက လူနာကို သက်သက်သာသာ နားနေစေဖို့နဲ့ စိတ်ချမ်းသာအောင် ထားဖို့ပါပဲ"



ဆရာဝန်က နားကြပ်ကိုဖြုတ်ပြီး သူ့ဆေးအိတ်အတွင်းသို့ ထည့်နေသည်။ ဒေါ်လှထယ်သည် ဘာမှမပြောနိုင်တော့ဘဲ မြေးမ လေး 'ပိုး' ၏ အိပ်ခန်းသို့ ဖြည်းဖြည်းချင်း ပြန်ဝင်လာခဲ့သည်။

ဦးရွှေမောင်ဝင့်နှင့် မြတ်သူမောင်တို့က ခုတင်တစ်ဘက် တစ်ချက်စီမှာ ဂရုတစိုက် ရပ်၍စောင့်နေကြသည်။

ပိုး၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ အောက်ဆီဂျင် ရှိုက်သွင်းနိုင်ရန် နှာခေါင်းမှာ ပိုက်တပ်လျက်. . .

ပိုးက ငြိမ်သက်စွာ မှိန်းနေသော်လည်း ပိုး၏ရင်သည် မြင့် လာလိုက် နိမ့်ဆင်းသွားလိုက်ဖြင့် အသက်ကို ခဲယဉ်းပင်ပန်းစွာ ရှူ ရှိုက်နေရရှာသည်။

အခန်းတွင်းမှာ အလင်းရောင် ကောင်းစွာမရ။

အခန်းကလည်း ပိုး သုံးနှစ်သမီးလောက်မှစ၍ အပျိုဖြစ် သည်အထိ တစ်ယောက်တည်း နေခဲ့ရသော အောက်ထပ်စတိုခန်း သားမှ အခန်းကျဉ်းလေးထဲမှာ ဖြစ်သည်။

ကလေးငယ်တစ်ယောက်နှင့် ထိုက်တန်သော မေတ္တာနှင့် ကြင်နာယုယမှုများ ကင်းမဲ့စွာဖြင့် ဤအခန်းကျဉ်းလေးထဲမှာ နှစ် ပေါင်းများစွာ နေခဲ့ရချိန်မှစ၍ ရခဲ့သော နှလုံးရောဂါနှင့် စိတ်ကျ ရောဂါသည်. . .

ကိုကိုဆိုသော သူ့အချစ်ဆုံးအစ်ကိုနှင့် တွေ့လိုက်ရချိန်မှာ ညှိုးသိုးနေခဲ့သည်။ ညိုးနေသော ပန်းပွင့်လေး မေတ္တာရေစင်ထိမှ ပြန်လန်းလာသည်သို့ပါ။

ယခုတော့ သူ့နှလုံးသားနုလေးနှင့် မတန်မှုအောင် ကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော အဖြစ်ဆိုးများကြောင့် ပြင်းထန်သော နှလုံးရောဂါက ပြန်လည်ဝင်ရောက်လာခဲ့သည်။ ပြီးတော့. . .

ငယ်စဉ်ကတည်းက ရင်ဘတ်အောင့်ခဲ့ဖူးသော်လည်း ဘယ်သူကမှ ဂရုတစိုက် ကုသမပေးခဲ့ကြ၍ ပိုး၌ 'နှလုံးရောဂါ' ရှိနေမှန်း ဘယ်သူမှ မသိကြ၊ ပိုးကိုယ်တိုင်လည်း မသိရှိခဲ့။

"မြေးလေး အိပ်နေသလား"

"အိပ်ဆေးထိုးထားတယ်"

"အင်း"

"နှလုံးရောဂါကျတော့ အိပ်နိုင်မှ အနားရမယ်၊ ဒီရောဂါ နှစ်ခုမှ ယှဉ်တွဲဖြစ်ရတယ်လို့ တူမလေးရယ်"

ဦးရွှေမောင်ဝင့်တို့သည် လေတိုးတိုးလေးဖြင့် ပြောကြရင်း အိပ်နေရှာသော ပိုး၏မျက်နှာ ချောချောလှလှလေးကို စိုက်ကြည့်ပြီး ကရုဏာကြီးစွာသက်နေရှာသည်။

"မမပိုး သနားပါတယ်နော် ဖေဖေ"

"အင်း. . . ဟုတ်တယ် သားရယ်၊ ငယ်စိတ်နဲ့တုန်းက ဒီကလေးအပေါ် ဖဖေ အပြုံးကြီးခဲ့မိတယ်"

နောင်တ,စိတ်သည် ဦးရွှေမောင်ဝင့်၏ ရင်တွင်းသို့ အဟုန်ပြင်းစွာ ဝင်ရောက်လာခဲ့ပြီ။

ဒေါ်လှထယ်သည်လည်း ပိုး၏အိပ်ခန်းကျဉ်းလေးကို ကြည့်ပြီး ရင်နင့်သွားမိသည်။

ဒီကလေးကြောင့် သားငယ်တို့မိသားစု ဒီလိုဖြစ်ရတာဆိုသောစိတ်ဖြင့် အပြစ်မဲ့ မြေးမလေးအပေါ် မေတ္တာအပြည့်အဝ မထေးအပ်ခဲ့မိ။



ညှေ့သည်လာလျှင်လည်း ပိုးမှာ အခန်းတွင်း ဝင်နေလေရသည်။

ပိုး၏ဘဝက ကြာလေ ကျဉ်းမြောင်းလာလေ။ မေတ္တာစရလေ မေတ္တာငတ်မွတ်တောင့်တ,လေပင်။

ကိုပြည့်ဝန်း ရောက်လာချိန်မှစ၍ ပိုး၏ဘဝလေး စိုပြည်လာခဲ့သည်။

ယခုတော့ သူ့မျှော်လင့်ချက်များအားလုံး ဆုံးရှုံးကာ သူ၏ မူလနေရာဟောင်းလေးမှာ သူ့ဆန္ဒအရ ပြောင်းရွှေ့ပေးထားရခြင်း ဖြစ်သည်။

"ပိုးကို ဆရာဝန်က ဆေးရုံတင်စေချင်တယ်တဲ့"

"မေမေက ဘယ်လိုသဘောရသလဲ"

"ဪ. . . ဆေးရုံဆိုတာ လူနာအတွက် အကောင်းဆုံး နေရာပေါ့ သားရယ်၊ ဒါပေမဲ့ မေမေက ဘာမှမစွမ်းဆောင်နိုင်တော့ဘူးလေ"

"ကျွန်တော် တာဝန်ယူပါ့မယ် မေမေ"

"ကျွန်တော်လည်း ဆေးရုံမှာ မမပိုးကို သွားစောင့်ပေးပါ့မယ် မေမေကြီး"

"အေးလေ. . . ဒီလိုကူညီကြမယ်ဆိုရင်လည်း တင်ဖို့စီစဉ်ကြတာပေါ့၊ နတ်ဖြန်မှပဲ အထူးသူနာပြုတွေ ဘာတွေငှားပြီး တင်ရအောင်"

"ကောင်းပါတယ် မေမေ၊ ကျွန်တော် ပိုးရဲ့ဆွေမေတွေကို ပြန်ဆပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာပြောတယ် သား"

"ပိုးအပေါ်မှာ အမုန်းပွားခဲ့မိတဲ့အတွက် သူ့ကို ပြန်ပြီးပြုစု ပေးပါ့မယ်၊ ပြီးတော့ ကျွန်တော် ပြောစရာရှိတယ်"

"ပြောပါ သား"

"ပိုးဟာ ဒီဝင့်ထယ်ဝေဟာရဲ့ တစ်ဦးတည်းသော မျိုးဆက် သွေး မိန်းကလေး ဖြစ်ပါတယ် မေမေ၊ ဒါကြောင့် မေမေ့ရဲ့ အတွင်း ပစ္စည်းအားလုံး ပေးလိုက်ပါ၊ အမျှပြီးရင်လည်း သေတ္တာပြန်ရတော့မှာ ပဲလေ"

"အို. . . သားရယ်"

"အဲဒီကိစ္စကို ကျွန်တော့်သား 'သူသူ' ကိုလည်း ပြောပြီးပါပြီ၊ သူလည်း မကြာခင် နိုင်ငံခြားသွားတော့မှာပဲ"

ဒေါ်လှထယ်က ငြိမ်တွေနေသည်။

"တိုက်တွေ၊ ခြံမြေနဲ့ လုပ်ငန်းတွေသာ သူတို့မောင်နှမ တစ်ဝက်စီပေါ့"

"မျိုးဆက်သစ်က သူသူနဲ့ ပိုးပဲ ကျန်ရစ်တော့မယ်လေ၊ သားပဲ ကြိုက်သလို စီစဉ်ပါ၊ အင်း. . . သခါရ သခါရ၊ ဘာမှမမြဲဘူး၊ ဘာမှစီစဉ်မျှော်လင့်လို့မရတဲ့ အနတ္တလောကကြီးပါလား"

အဘက်ကကြီး ရောဂါကဖိစီးသဖြင့် သူ့ကိုယ်သူ သေမည် ဟုထင်ကာ လုပ်သင့်တာတွေလုပ်ပြီး ပိုးကို ပစ္စည်းတိတ်တိတ်ပေးခဲ့ ကာမှ. . .

လျို့ဝှက်မှုက ပေါ်လာ၊ သေမယ်ထင်ရတဲ့သူက ပြန်လည် ကျန်းမာလာပြီး လူ့ဘဝမှာ ဖြစ်တည်ကာစ လှပနုသစ်သော အရွယ်



လေး ပိုးမှာ နှလုံးရောဂါတဲ့၊ စိတ်ကျရောဂါတဲ့။

"ဩော်. . . ဒါကြောင့် သံသရာလည်ရမှာကို သူတော် ကောင်းများ ကြောက်ကြတာကို၊ နေရတဲ့ လူ့ဘဝသက်တမ်းတိုတို လေးအတွင်းမှာ လူတွေဟာ ဒုက္ခပေါင်းစုံနဲ့ ကြုံတတ်လှချည်လား"

"ဒါတောင် တရားမရနိုင်ကြဘဲ တစ်ဦးပေါ် တစ်ဦး အငြိုး တွေထားကြ၊ ကောက်ကျစ်ကြ၊ မုန်းတီးကြ၊ ဝန်တိုကြနဲ့ မကောင်းပါ ဘူးကွယ်"

"လူ့ဘဝမှာ ခဏလေး လာရောက်ဆုံဆည်းကြခိုက်မှာ အယုတ်စိတ်ထားတွေရှောင်ပြီး မေတ္တာထားနိုင်ကြပါစေ၊ မေတ္တာပွား နိုင်ကြပါစေ"

"ငါလည်း ပိုးဘဝကို မဖန်တီးလိုတော့ပါဘူး၊ သူကျန်းမာ သာမှပဲ မောင်စွမ်းထက်ကို မေတ္တာရှိရင်လည်း ယူပစေ၊ ဒါမှမဟုတ် မောင်ပြည့်ဝန်းကိုပဲ မခွဲနိုင်ပါဘူးဆိုရင်လည်း ငါ ပေးစားလိုက်ရုံပဲ"

"ငါ့ဘဝငါဟောင်း မဖန်တီးနိုင်တာ၊ ငါ့မြေးလေးဘဝလည်း သူ့တာအတိုင်းပဲ ရှိပါစေတော့၊ သူစိတ်ချမ်းသာမယ့်ဘဝကိုပဲ သူကြိုက် သလို ထူထောင်ပါစေတော့လေ"

လောကကို တရားရှုထောင့်မှ ကြည့်မြင်တော့လည်း အားလုံး ချောမွေ့သိမ်မွေ့လို့ပါလား။

"မေမေကြီး ဧည့်သည် ရောက်နေပါတယ်၊ ဦးသက်မော်တဲ့"

"ဩော်. . . ဒီလူ လာပြန်ပြီလား"

အိမ်ဖော်မလေး၏ အကြောင်းကြားချက်ကို ဦးရွှေမောင်ဝင့် ဘဲ့ပြန်ပြီးချိန်မှာ ဒေါ်လှထယ်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့တလိုပဲ တောင်းတောင်းမွန်မွန် ရှင်းပြလိုက်ပါ သား ရယ်၊ သူ ပိုးကို ဝင်ကြည့်ချင်လည်း ကြည့်ပါစေ"

ဦးရွှေမောင်ဝင့် ထွက်သွားပြီး မကြာခင်မှာပင် ကိုပြည့်ဝန်း ၏ ဖခင်ရင်း ဦးသက်မော် ပိုး၏အခန်းတွင်းသို့ လိုက်လာခဲ့သည်။

ပိုး၏အခြေအနေကို သူကိုယ်တိုင် မြင်တွေ့ခွင့်ရပြီးမှ စိတ် လျှော့ကာ အခန်းအပြင်သို့ ထွက်ခဲ့သည်။

"နက်ဖြန် သားကို စစ်တော့မှာမို့ပါ ဦးရွှေမောင်ဝင့်"

"ဩော်. . ."

"ပိုးက သူ့ကို ခွင့်လွှတ်ပါတယ်ဆိုတဲ့စာရရင် သူ့အဖြစ်မှန်ကို ပြောမယ်တဲ့၊ ပိုး ခွင့်မလွှတ်နိုင်ဘူး ဆိုရင်လည်း သူထောင်ထဲမှာ နေရတာက သူ့အတွက် ပိုတောင်းပါသတဲ့ဗျာ"

ဦးသက်မော် မျက်ရည်တွေ ဝဲလာသည်။ သူ့သားအတွက် သောကမီးသည် သူ့ရင်ကို ကျွမ်းမြည့်အောင် လောင်မြိုက်နေ ကြောင်း သူ့ရုပ်သွင်ကို မြင်ရုံနှင့် သိသာနေပါပြီ။

"အခြေအနေကတော့ ခင်ဗျား မြင်တဲ့အတိုင်းပဲ၊ ဆေး တောင်တင်ဖို့ စီစဉ်နေရတယ်"

"ကျွန်တော့်သားသာ သိရင်တော့ ရင်ကွဲတော့မှာပဲ၊ သူ ပိုးအတွက် သိပ်ခံစားနေရတယ်ဗျာ၊ မတတ်နိုင်တော့ဘူးလေ၊ အခု တစ်ခါလိုပဲ ပိုးနဲ့ တွေ့ခဲ့တယ်၊ ပိုး နေကောင်းပါတယ်ဆိုပြီး သား ညာပြောရတော့မှာပဲ"

တိုက်ဝအထိ ဦးသက်မော်ကို ဦးရွှေမောင်ဝင့် လိုက်ပို့လိုက် ပါသေးသည်။ 'ဖခင်' ဆိုသော ခံစားမှုရင်တို့ တူညီစွာဖြင့် ကိုယ်ချင်း စာတတ်ခဲ့ပါပြီ။



ဦးရွှေမောင်ဝင့်မှာ ပိုးအပေါ်၌ အပြီးဖွဲ့ခဲ့မိခြင်းနှင့် ဦးစိန် မောင်ဝင့် သူတာဝန်မကင်းစွာ သေဆုံးရခြင်းအတွက် နောင်တကြီး စွာရခဲ့ပါပြီ။ အရွယ်ကလည်း တည်ငြိမ်ရင့်ကျက်သော အရွယ်သို့ ရောက်ရှိခဲ့ပြီမို့ သူ့အပြစ် များစွာအတွက် ပိုးကို ပြုစုပေးခြင်းဖြင့် အစားထိုးနေပါပြီဟု ဦးရွှေမောင်ဝင့် ခံယူထားပါ၏။

ဦးသက်မော်သည်မူ နက်ဖြန်တရားခွင်မှာ ရင်ဆိုင်ရတော့ မည့် သူ့သားချစ်အတွက် သောကမီး တောက်လောင်စွာဖြင့် ဝင့်ထယ်ဂေဟာကြီးမှ ပြန်လည်ထွက်ခွာသွားရရှာလေပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၆)

'ပိုးထံမှ သားအတွက် စာယူခဲ့မည်' ဆိုသော ဖေဖေ ဦးသက်မော်သည် တရားရုံးအတွင်းမှာ ညှိုးငယ်စွာ ထိုင်နေသည်။

ပိုးက သူ့ထံ စာလေးတောင် မရေးတော့ပါဟု သိနေပါသော်လည်း တရားရုံးအတွင်းရောက် လူများကို ကိုပြည့်ဝန်း ဝဲလှည့်ကြည့်ရင်း အချစ်ဆုံးလေးကို ရှာဖွေနေမိသည်။

မလာဘူးဆိုတာ သိပါလျက်နှင့် မျှော်လင့်စွာ ရှာမိပါသေးသည်။

ပိုးကို တွေ့ရလျှင် သို့မဟုတ်. . .

ပိုးဆီက အဆက်အသွယ် ရခဲ့လျှင် သူ့ဘဝသည် မျှော်လင့်ချက်ဖြင့် ရပ်တည်နိုင်စွမ်း ရှိပါဦးမည်။

ယခုတော့ အချစ်ဆုံး၏ အယုံကြည်ဆုံးဘဝမှနေ၍ အယုံကြည်ကင်းမဲ့စရာ အမုန်းဆုံး လူအဖြစ်သို့ ရောက်ခဲ့ရလေပြီ။

တရားခံများ ရှိရာဘက်မှာလည်း မျက်ရည်စက်လက်ဖြင့် ကျေးဇူးရှင် မိခင်ကြီး။

"တရားခံ ပြည့်ဝန်း၊ အဘ ဦးသက်မော်"



ဟူသော ခေါ်သံလိုလို ကြားမိသည်။ ဝက်ခြံလေးအတွင်းသို့ ရောက်ရှိခဲ့ပြီ။ ဖေဖေ ငှားထားပေးသော လှုတ်တော်ရှေ့နေတလာရောက်အားပေးသည် ဆိုသည်များကို ယခုလက်ငင်း ဖြစ်ရပ်များ မဟုတ်သလိုလို။ ဝေးလံသော အတိတ်ဆီမှ ဖြစ်ခဲ့ဖူးသလိုလို ကိုပြည့်ဝန်း၏ အမြင်၊ အကြား၊ အထိအတွေ့များအားလုံး ဝေဝါးနေ၏။

"မေးနေပြီ၊ ဖြေတော့လေ"

ဆိုသော အကြားအသိ ဝင်လာပြီးချိန်မှာ မိခင် ဒေါ်နွဲ့နွဲ့စိုးသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"ကျွန်တော် အမှန်ကို ဖွင့်ပြောပါတော့မယ် ခင်ဗျာ"

အားလုံး၏ အာရုံတ ကိုပြည့်ဝန်းထံမှာ. . .

"အခု တရားရုံးမှာ ရှိနေတဲ့ ရတနာသေတ္တာကို ပိုင်ရှင်က ကျွန်တော့်ကို အပ်တာပါ။ ဒီကိစ္စ ဘယ်သူမှ မသိပါဘူး။ ကျွန်တော့် မေမေလည်း မသိပါဘူး"

"အဲဒီသေတ္တာကို ကျွန်တော် လိုချင်လို့ ခိုးယူခဲ့တာ မှန်ပါတယ်၊ ကျွန်တော့်မိခင်နဲ့ ဘာမှမဆိုင်ပါဘူး ခင်ဗျာ"

ကိုပြည့်ဝန်း၏ ဖြောင့်ချက်ကြောင့် ဦးသက်မော်သည် လှုပ်လှုပ်ရှားရှားဖြစ်ကာ ထရှိအော်ဟစ် ကန့်ကွက်လိမ့်မည်ဟု ထင်ခဲ့သော်လည်း တကယ်တမ်း လှုပ်ရှားလိုက်သူက ဒေါ်နွဲ့နွဲ့စိုး။

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ လုံးဝမဟုတ်ပါဘူးရှင်"

"ကျွန်မသားလေးမှာ ဘာအပြစ်မှ မရှိပါဘူး"

"ကျွန်မ ခိုးတာပါ"

"ကျွန်မ ခိုးခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ရာကို ကျွန်မ အစစ်ခံပါတော့မယ်"

"ကျွန်မသားကြီးပြည့်ကို လွှတ်လိုက်ကြပါ၊ လွှတ်လိုက်ကြပါရှင်"

"ဒီပစ္စည်း ကျွန်မ ခိုးတာပါ"

"ကျွန်မ ခိုးတာပါ"

"ကျွန်မ ခိုး. . . တာ. . . ပါ"

ဤသို့သော မိခင်တစ်ယောက်၏ အတုမဲ့မေတ္တာတရားကို ကိုပြည့်ဝန်း ခံယူနေရချိန်မှာ. . .

ဝင့်ထယ်ဂေဟာကြီးအတွင်း၌ အမိမဲ့ အဖမဲ့ဘဝဖြင့် နာမကျန်းစွာ ရှိနေရှာသော ပိုးမှာ. . .

◆

အိမ်ရှေ့၌ လူနာတင်ယာဉ် ကားဆိုက်ထားပြီး ဆရာဝန်ဆေးသွင်းနေသည်ကို သူနာပြုဆရာမက ကူညီ၍ ပြီးဆုံးသွားခဲ့ပြီ။

"ဘာ. . . ဘာလုပ်ကြမှာလဲ"

ပိုး၏လေသံ တိုးတိုးလေး။

"ပိုး. . . ပိုး ပိုပြီးနေကောင်းအောင် စွမ်းတို့ ဆေးရုံမှာ သွားကုကြမလို့လေ၊ ပိုးကို စွမ်း ပွေ့ထူမယ်နော်"

"ဟင်. . . ဟင့်အင်း"

ပိုးက ဖြည်းညင်းစွာ ခေါင်းရမ်းပြရှာသည်။

စွမ်းထက်သည် ပိုးကို မကြည့်ရက်သလို မကိုင်ရက် ဖေါ်ရက်ဖြင့် ဘာလုပ်ရမှန်းမသိအောင် ချောက်ချားနေရှာသည်။



"ဆေးရုံကို အမြန်ဆုံးခေါ်သွားမှာ ဖြစ်တော့မယ် ဦးရွှေမောင်ဝင့်"

မိသားစုဆရာဝန်က စိုးရိမ်တကြီးလေသံနှင့် ဦးရွှေမောင်ဝင့်၏နား,နားသို့ကပ်၍ ပြောလိုက်သည်။

"မ. . . သွားပါရစေနဲ့"

"မော. . . လွန်း. . . လို့"

"နေကြပါဦး"

"ပိုးထံမှ စကားလုံးလေးတစ်လုံး ထွက်လာဖို့ ပိုးမှာ ပန်းလျှလှချေသည်။

"ပိုးရယ်"

မျက်ရည်အဝေသားနှင့် စွမ်းထက် အနားမှာ ရှိနေပါလျက်ပိုးသည် လှိုက်ခုန်စွာ မောဟိုက်နေရင်းမှ. . .

"ကို. . . ကိုကို"

အားလုံးငြိမ်သွားကြသည်၊ ပိုး၏ဆန္ဒကို ဘယ်သူမှ ဖြည့်ဆည်းမပေးနိုင်ကြ။

"ကို. . . ကိုကို့ကို ခေါ်ပေး. . . ကြ. . . ပါ"

"မြေးလေးပိုး ဆေးရုံရောက်တော့ ခေါ်ပေးမယ်နော်"

"ဟင်. . . ဟင့်အင်း"

"ကိုကို့ကို တွေ့ပါရစေ"

"ကိုကို့ကို. . . ခေါ်. . . ခေါ်ပေး. . . ကြ. . . ပါ"

နောက်ဆုံးစကားသံများတာ မပီသတော့။

www.burmeseclassic.com

www.burmeseclassic.com



ပိုးမျက်နှာလေး တစ်ချက်ရှုံ့သွားပြီး ဝေဒနာကို အံကြိတ်ခံစားလိုက်ရကြောင်း ဆရာဝန်က မြင်သည်နှင့် နားကြပ်ဖြင့် ချက်ချင်းစမ်းပြီး. .

"မဖြစ်တော့ဘူး။ ဆေးရုံအမြန်ဆုံးပို့မှ၊ ကဲ. . . မောင်စွမ်းထက် ပွေ့ပါ။ မြန်မြန်လုပ်၊ ကားပေါ်တင်ရအောင်"

ဆရာဝန်က ရှေးကြီးသုတ်ပြာ ဖြစ်နေသော်လည်း စွမ်းသည် မောနေသော သူ့အချစ်ဆုံးလေးကို ဖြည်းညင်းသိမ်မွေ့စွာ ပွေ့ယူလိုက်သည်။

သူ့ရင်ထဲရောက်သည်အထိ ပိုး အသက်ရှူနေဆဲ။

စွမ်း ပွေ့ယူထားဆဲမှာ ပိုး၏မျက်နှာလေး သူ့ရင်ခွင်ဘက်သို့ လည်ကျလာသဖြင့်. . .

"ဟာ. . . ဆရာ. . . ဆရာ"

ဆရာဝန်က နားကြပ်နှင့် ထပ်စမ်းပြီးသည်နှင့် နှလုံးနိုးအောင် နှိုးသော်လည်း. . .

အရွယ်နှင့်မမျှအောင် ပြင်းပြစွာ ခံစားရရှာသော ပိုး၏နှလုံးသားလေးမှာ ငြိမ်သက်သွားခဲ့ပြီ။

အလုံးစုံသော ခံစားမှုအပေါင်းကို ပယ်စွန့်ကာ ပိုး၏ဒဏ်ရာရ နှလုံးသားလေးမှာ ဘယ်လိုနည်းနှင့်မှ ပြန်လည်လှုပ်ရှားနိုင်ခြင်း မရှိ ရှာတော့ပါတကား။

"ပိုး. . . ပိုးရယ်"

"စွမ်းရဲ့ ပိုးလေးရဲ့"

လှလွန်းသော ပိုး၏မျက်နှာလေးပေါ်သို့ စွမ်းထက်၏ မျက်ရည်စက်များ ကျဆင်းလာတော့သည်။



"စွမ်းရင်ခွင်ထဲကနေပြီး ပိုးရဲ့ ကိုကို့ကို နောက်ဆုံးတမ်းတသွားပေမယ့် စွမ်း ကျေနပ်ပါတယ် ချစ်ရယ်"

"ချစ် စိတ်ချမ်းသာမယ်ဆိုရင် စွမ်း စွန့်လွှတ်ရဲပါတယ်"

"စွမ်းထက်ရယ်၊ မင်း ကိုပြည့်ဝန်းပဲ ဖြစ်လိုက်ပါတော့၊ ပိုးတွေ့ချင်လွန်းရှာတဲ့ ကိုပြည့်ဝန်းပဲ ဖြစ်ပေးလိုက်ပါတော့ကွာ"

"ပိုးရယ်၊ ပိုးက မချစ်ပေမယ့် စွမ်း သိပ်ချစ်လိုက်ရတာကိုပဲ ကျေနပ်ပါပြီ"

"ပိုး သိပ်တွေ့ချင်ရှာတဲ့ ပိုးရဲ့ကိုကို့ကို ခေါ်မပေးနိုင်တဲ့ စွမ်းကို ပိုး ခွင့်လွှတ်နိုင်ပါ့မလားကွယ်"

"ပိုး ကိုကို့ကို ပိုး သိပ်ချစ်သလို ပိုးကို စွမ်း သိပ်ချစ်ပါတယ်"

"ပိုး. . . ပိုးရယ်"

"ပိုး လောကကြီးကို စွန့်ခွာသွားရတာ စောလွန်းလှပါတယ်ကွာ"

"စောလွန်းလှပါတယ် ပိုးရယ်"

"စောလွန်းလှပါတယ်"

"စောလွန်းလှပါတယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၇)

ဘတ်(စ်)ကားလမ်းမနှင့် ဝေးလှသော်လည်း လျှောက်ရသော ခြေလှမ်းများက သွက်လက်လွန်းလှချေသည်။

ဝင့်ထယ်ဂေဟာကြီးနားနီးလေ ကိုပြည့်ဝန်း၏ နှလုံးခုန်နှုန်းက တိုးမြင့်လာလေ။

"ဟာ. . . ခြံထဲမှာ ကားတွေ များလှချည်လား"

"အို. . . ပိုး. . . ပိုးနဲ့ စွမ်းထက်တို့ရဲ့ စေ့စပ်ပွဲများ လုပ်နေသလား"

ထိတ်သောရင်ဖြင့် ခပ်ရှုံ့ရှုံ့ ခြေလှမ်းများကို ဖြည်းဖြည်းချင်း လှမ်းနေရသည်။

နှလုံးသည်းပွတ်ထက်ပိုပြီး ချစ်မြတ်နိုးရသူ ပိုးသာ ရှိမနေဘူးဆိုပါလျှင် ကိုပြည့်ဝန်းအနေနှင့် ဤဝင့်ထယ်ဂေဟာကို လာစရာအကြောင်းမရှိ။ သူမျက်နှာကိုလည်း မပြချင်ပါ။

ယခုတော့ အချစ်ဆုံးအတွက်မို့ ဤဝင့်ထယ်ဂေဟာသည် ဟိမဝန္တာတောင်ထွတ်ပေါ်မှာ ရှိစေဦး၊ သမုဒ္ဒရာ၏ ဟိုမှာဘက်ခြမ်းမှာ ရှိစေဦး ကိုပြည့်ဝန်း ရောက်အောင်သွားမည်။ အချစ်ဆုံးကို တွေ့အောင် ကြိုးစားမည်။ ညီမချစ်လေးကို မတွေ့ရဘဲ မပြန်။



လူတွေက သူ့အလုပ်နှင့်သူ ရှုပ်နေကြပါလား၊ စေ့စပ်ပွဲဆိုလျှင်လည်း ဧည့်ခန်းကျယ်ကြီးအတွင်းမှာပဲ ဖြစ်မည်မို့ ခပ်သွက်သွက်လှမ်းပြီး ဧည့်ခန်းကို ကြည့်လိုက်တော့. . .

လူတစ်စု ထိုင်နေကြသည်။ သူတို့ရှေ့မှာ. . .

"ဟာ. . . ဘယ်သူလဲ"

"ဘယ်သူ သေတာလဲ"

အလွန်လှပစွာ ပန်းများနှင့် ခြံရံထားသော အလောင်းစင်မို့ ကိုပြည့်ဝန်း လန့်ထိတ်စွာ ပြေးကြည့်လိုက်တော့. . .

ပန်းတို့အလယ်မှာ ငြိမ်သက်နေသော ပိုး၏ အသက်မဲ့မျက်နှာ။

"အမယ်လေးဗျာ"

"ပိုး"

"ပိုး"

အသံကုန်ဟစ်အော်လိုက်ပြီး အုပ်ထားသော ဇာပဝါကို ဆွဲဖယ်ပစ်လိုက်သည်။

"ပိုး. . . ပိုး. . . ညီမလေး"

သူ ကြုံးအော်ပြီး ပိုး၏ အေးစက်နေသော မျက်နှာလှလှလေးကို ကြာမြင့်စွာ ကိုင်ဖက်ထားပြီးမှ. . .

"ကိုကို ပြန်လာပြီ ညီမလေးရယ်"

"ပိုး မသေရဘူး"

"ပိုး မသေရဘူး"

"ကိုကိုကို သူခိုးကြီး၊ လူယုတ်မာကြီးလို့ ထင်သွားပြီလား ပိုးရယ် ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကိုပြည့်ဝန်း၏အသံကြောင့် အားလုံးငြိမ်သက်သွားကြသည်။ အိမ်ရှိသူများကလည်း အကြောင်းစုံ သိကြပြီးမို့ မျက်ရည်မဆည်နိုင်ကြ။

"အို. . . အို. . . သူ ဘယ်သွားတာလဲ"

ကိုပြည့်ဝန်းသည် သူနေထိုင်ခဲ့ရာ လက်ယာဘက် တိုက်နောက်ဘက်သို့ ဖိနပ်မပါဘဲ အားကုန်ပြေးလာခဲ့ပြီး. . .

"ပိုး ဘယ်လိုဖြစ်တာလဲ"

"ညီမလေး ဘယ်လိုဖြစ်သွားရတာလဲဗျာ"

သူတို့နှစ်ဦး ထာဝရထိုင်နေကျ ဆိပ်ဖလူးပင်ကြီးအောက်မှာ သူ အားရပါးရ ရှိုက်ငိုမိပါပြီ။

ပြီးတော့ ရိုးတံနီနီနှင့် ဆိပ်ဖလူးပွင့်ကြွေများကို သူ တစ်ပွင့်ချင်း လိုက်ကောက်နေသည်။ လက်တစ်ခုပ်စာပြည့်တော့ သူ တိုက်ကြီးဘက်သို့ ပြန်ပြေးလာခဲ့ပြန်သည်။ ကိုပြည့်ဝန်း၏ ဦးနှောက်နှင့် နှလုံးသားတို့သည်လည်း ပုံမှန်မဟုတ်နိုင်တော့ဘဲ တစ်စချင်း လွင့်ကြွေလေပြီလား။

ပိုး၏အလောင်းနားရောက်တော့ သူ့ခြေလှမ်းများ နှေးတွေးလာ၏။

ဆိပ်ဖလူးပွင့်ကြွေများကို ပိုး၏ ငြိမ်သက်နေသော နှလုံးသားရှိရာ ရင်ပြင်ပေါ်သို့ သူ ဖြန့်ကြဲလိုက်ပြီး. . .

"ပိုး. . . ညီမလေးရဲ့"

ရှေကြည်ခမ်း၍ ပန်းလေးတွေ ညှိုးသလို ကိုကို့မေတ္တာမရလို့ ပိုးလေး ညှိုးခဲ့ပြီ။ ထာဝရညှိုးခဲ့ပြီ။



"ညှိုးပွင့်လေး ပိုးရယ်၊ ကိုကို ဘယ်လိုနည်းနဲ့မှ မြေမယူဘူး"

"တစ်သက်လုံး ရင်ကွဲနေမယ်"

"တစ်သက်လုံး ငိုနေမယ်"

"ကိုကို့အချစ်ဆုံး ညီမလေးရေ၊ ကိုကိုလေ. . . ကိုကို"

ဒူးထောက်ထိုင်ချလိုက်ပြီး ဆိပ်ဖလူးပွင့်ကြွေများပေါ်သို့ သူ မျက်နှာကို မှောက်ချပစ်လိုက်သည်။

ကိုပြည့်ဝန်း၏မျက်နှာသည် သူ့အချစ်ဆုံး၏ ငြိမ်သက်နေသော နှလုံးသားရှိရာ ရင်ခွင်ပေါ်မှ ပြန်၍မော့မလာနိုင်ရှာတော့ပါ။

◆ ◆ ◆

ပြီးပါပြီ။

◆

တက္ကသိုလ်ရွာ(ဝိဇ္ဇာ-သိပ္ပံ)

၁၉၈၈-ခုနှစ်၊ နိုဝင်ဘာလ၊ ၃ ရက်။

www.burmeseclassic.com